

ဦးဇော်
ရဖွာဝတီကမ်းခြေ
2008.GRAPHIC DESIGN : KYAW MINN MOUNG

"နို့တာဝန်အရေးသုံးပါး"

ပြည်ထောင်စုမပြိုကွဲရေး နို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး နို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး နို့အရေး

"ပြည်သူ့သဘောထား"

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးပြင်ဝါဒီများအား ဆန့်ကျင်ကြ၊
နိုင်ငံတော်တည်ငြိမ်းအေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
ပြည်တွင်းပြည်ပ အဖျက်သမားများ ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

"နိုင်ငံရေးဦးတည်ချက်(၄)ရပ်"

နိုင်ငံတော်တည်ငြိမ်ရေး၊ ရာရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
နိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး၊
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံဥပဒေသစ်နှင့်အညီ ခေတ်မီဒွိဖြိုးတိုးတက်သော
နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

"စီးပွားရေးဦးတက်ချက်(၄)ရပ်"

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း
ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
လွေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး
တိုးတက်အောင် တည်ဆောက်ရေး၊
နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဓနဝိုင်းမှုဝန်းအားသည်
နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

"လူမှုရေးဦးတည်ချက်(၄)ရပ်"

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
အမျိုးဂုဏ်၊ ဓာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ
အမျိုးသားရေးလက္ခဏာများ ပပျောက်ဖျက်ဆောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

ဖိုးကျော့

ရမ္ဘာဝတီကမ်းခြေ

ကျွန်ုပ်တို့သည် ဆေးလိပ်ခေါင်သော အတိတ်သမိုင်း စာမျက်နှာများ မှ ရုပ်ကြွင်းကောက်ပြစ်များကို တူးဆွနေကြသလို ကျွန်ုပ်တို့၏ လက်တစ်တစ်ထွင်ကိုသော ဘဝင်းမထင်ရသေးသည့် သမိုင်းဝင် စာမျက်နှာသစ်များကိုလည်း ဖွင့်ဆိုရေးသားရန် ဆောဝန်ထစ်ခဲ့ ဇနေ့နှင့် ဤ "ရမ္ဘာဝတီကမ်းခြေ" ဟူသော စာမျက်နှာသစ်ကို ဖွင့်လှစ် ရေးသားခြင်း ဖြစ်ပါသည်။

စာမူခွင့်ပြုချက်အမှတ်
၅၀၀၇၉၃၀၅၈၈
မျက်နှာဖုံးခွင့်ပြုအမှတ်
၅၀၁၀၇၉၀၈၀၈
ထုတ်ဝေခြင်း
ပထမအကြိမ်၊ နိုဝင်ဘာလ၊ ၂၀၀၈ ခုနှစ်
အုတ်ရေ ၅၀၀
ထုတ်ဝေသူ
အေးပိုးကောင်၊ မင်္ဂလာဒုံ၊ ရွှေနွံသာကျေးရွာ၊ ပုလဲမြို့မ
ဇလင်
ကိုဦး (ဖုံး) ၀၉-၅၀-၇၀၆၆၃
ပုံနှိပ်သူ
ဦးမျိုးမြင့် (ပွင့်သစ်ရောင်စုံပုံနှိပ်တိုက်)
အမှတ် ၁၀၉၊ ၄၉-လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖြန့်ချိရေး
ဝတီနွယ်စပေ (ဖုံး) ၀၉-၉၄-၇၀၃၀
စာအုပ်ချုပ်
ဝင်းပပ
စီစဉ်သူ
အေကြူကြူဝင်း (ရွှေအိမ်သူစပေ)
တန်ဖိုး
၁၁၀၀

"စာရေးဆရာ(ဖိုးကျော့)၏ ထုတ်ဝေပြီးသော စာအုပ်များ"

(၁) မြေဆီမဲမဲ သွေးရဲရဲ (ပ၊ ဒု)ကြိမ်
(၂) အောင်ပွဲသို့ ခရီးရာဝယ် အမျိုးသားစာပေဆုရစာအုပ်(ပ၊ဒု၊တ)ကြိမ်
(၃) လွန်လေပြီးသောအခါ (ပ၊ ဒု)ကြိမ်
(၄) ချစ်ခြင်းရစ်ချည်+ငြိုးမာန်လျှော့ဖြေ
(၅) ဝမ်းရေးထက်ပင် ခက်ပါသည် (ပ၊ ဒု)ကြိမ်
(၆) နန်းရပ်ထီးဖြူ လုယူမယ်မြင်သည်
(၇) အမှောင်လမ်းက သူတို့အပြန်
(၈) ဆင်လုပ်သား (ပ၊ ဒု)ကြိမ်
(၉) မျှော်ရသူတို့ ဗျာပါဝေ (ပ၊ ဒု)ကြိမ်
(၁၀) ပြန်မပြောချင်ဘူး
(၁၁) ဟူးကောင်းတောင်ကျား (ပ၊ ဒု)ကြိမ်
(၁၂) အလွမ်းကန္တာ တောကန္တာ (ပ၊ ဒု)ကြိမ်
(၁၃) ဆင်မိုးလုံးနှင့် နှောက်ဆုံးအဖြေ (ပ၊ ဒု)ကြိမ်
(၁၄) သမုဒယ ဤပင်လယ် (ပ၊ ဒု)ကြိမ်
(၁၅) ဆောင်းရက်ရှည်တဲ့ နွေဒေသ (ပ၊ ဒု)ကြိမ်
(၁၆) အင်တွဲပွဲလျှက် အရှာထွက် (စာပေဗိမာန်ဝတ္ထုရှည်ဆုရစာအုပ်)
(ပ၊ ဒု)ကြိမ်
(၁၇) သေရွာပြန်တို့၏ အဏ္ဏဝါခရီး (စာပေဗိမာန်ဝတ္ထုရှည်ဆုရစာအုပ်)
(ပ၊ ဒု)ကြိမ်
(၁၈) ကမ္မဇိဒ္ဓိ (စာပေဗိမာန်ဝတ္ထုရှည်ဆုရစာအုပ်)
(ပ၊ ဒု)ကြိမ်
(၁၉) မြန်မာ့မုဆိုး (စာပေဗိမာန်ဝတ္ထုရှည်ဆုရစာအုပ်)
(ပ၊ ဒု)ကြိမ်
(၂၀) ရာဇဌာကီ (စာပေဗိမာန်ဝတ္ထုရှည်ဆုရစာအုပ်)
(ပ၊ ဒု)ကြိမ်
(၂၁) ပင်လယ်ကျား၊ အဏ္ဏဝါမီးစုန်းများနှင့် အခြားဝတ္ထုတိုများ
(၂၂) ဆင်သချိုင်း ရှာပုံတော်နှင့် အခြားဝတ္ထုတိုများ
(၂၃) ဆင်သေကုန်းနှင့် အခြားဝတ္ထုတိုများ
(၂၄) မြန်မာပြည်မြောက်ဖျားမှ နဂါးမီးတောက်နှင့် ထူးဆန်းအံ့ဖွယ် မုဆိုး

(၂၅) လူဆိုးကြီးတစ်ယောက်၏ တိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ (သို့မဟုတ်) အတောင်မကျိုးမချင်း ပျံသန်းခဲ့သော ပျံလွှား
(၂၆) လမိုင်းတိုက်ကျား (ရှားပါးမုဆိုး ဝတ္ထုတိုများ)
(၂၇) လောဘမြစ်ပင်လယ်နှင့် ဂဇ္ဈရဋ္ဌေအိုးကြီး (ပ၊ ဒု)ကြွေမ်
(၂၈) ကောတုန္ဆရာဇ် (သို့မဟုတ်) ရေအောက်မြို့တော်
(၂၉) မီးလောင်မြေနှင့် အခြားဝတ္ထုတိုများ
(၃၀) လွှင့်မျောနေသော ဒြပ်စင်များနှင့် အခြားဝတ္ထုတိုများ
(၃၁) ကန္တာရမုဆိုးနှင့် ဂဇ္ဈရမြို့တော်
(၃၂) မိုးကောင်းကင်၏ အာချစ်အလွမ်းတွန့်နှင့် အခြားဝတ္ထုတိုများ
(၃၃) လူသားစားမိချောင်းနှင့် မုဆိုးတိုက်ပွဲ
(၃၄) ခပ်သိမ်းသော မြစ်တို့ကဲ့သို့ (ပ၊ ဒု)ကြွေမ်
(၃၅) ပုလဲနက် ဝက်ပါ
(၃၆) နတ်စောင့်များနှင့် သားရဲတို့ရွာ (ပ၊ ဒု)ကြွေမ်
(၃၇) မာယာမင်းသမီး
(၃၈) သံသရာဆုံးမည့်နေ့နှင့် အခြားဝတ္ထုများ
(၃၉) ကျွန်ုပ်ခွဲတို့လူ
(၄၀) ရေခဲပြင်ပေါ်က တောင်နဂါးကြီးနှင့် ရှားပါးမုဆိုးဝတ္ထုတိုများ
(၄၁) ဟိမဝန္တာတ လာသူ
(၄၂) အလွမ်းနှင့်သာ နေတော့မည်
(၄၃) ဧကရာဇ်တို့၏ တောတွင်းတိုက်ပွဲ
(၄၄) မဟာလီဒို
(၄၅) မမြင်သာသော ကြမ္မာရိုင်းနှင့် အခြားဝတ္ထုတိုများ
(၄၆) သံချပ်ဝတ်နယ်စားကြီး
(၄၇) ကျားနာမျက်ကန်းနှင့် အဏ္ဏဝါမုဆိုး (စာရေးဆရာ သန်းဆွေသစ်-နှင့်တွဲလျက်)
(၄၈) ဟူးကောင်းကျား
(၄၉) လက်မဲကြီးနှင့် ရွှေတိုကိုင်
(၅၀) မြေထုမြင့်မိုရ် (ပ၊ ဒု)ကြွေမ်
(၅၁) ကျားဘီလူးနှင့် တောကြီးဝက်ပါ
(၅၂) ဟူးကောင်းတောင်ကြား (ပ၊ ဒု)ကြွေမ်
(၅၃) ရမ္မာဝတီကမ်းခြေ ------- (ယခုထွက်သည့်စာအုပ်)

ကျွန်တော်တို့ရွာသည် မြန်မာနိုင်ငံ၏ အနောက်ဘက် အစွန်းဆုံး ဖြစ်သော ဘင်္ဂလားပင်လယ်ပြင်ကြီးနှင့် နီးသည်။ ထို့ကြောင့်လည်း ဒုတိယ ကမ္ဘာစစ်ကြီး အတွင်းက ဂျပန်တို့ဖြူမြို့နှင့်နီးသော ရမ္မာဝတီကမ်းခြေ တစ်လျှောက်မှ အဖြစ်အပျက်များကို ကြားရ၊ မြင်ရ၊ ကြုံတွေ့ရခြင်း ဖြစ်သည်။

လူလောကကြီးထဲ ဝင်ရောက်လာသော ကျွန်တော့်အတွက် ပထမဦး ဆုံး မှတ်မှတ်ထင်ထင် ဖြစ်ခဲ့ရသော နေ့မှာ အမေ အရှေ့ဘက်ရွာကိုသွားပြီး ငါးဝယ်ရာမှ ပြန်လာသော နေ့ကဖြစ်သည်။

အမေပြန်လာလျှင် ငါးဟင်းနှင့် ထမင်းစားရမည်ဟု ကျွန်တော် မျှော် လင့်ထားသည်။ သို့သော် အမေမပြန်လာသောအခါ ငါး ပါမလာ။ မျက်စိပျက် မျက်နှာပျက်နှင့် အမေက အဖေ့နားနားကပ်၍ တီးတိုးပြောသည်။

"အရှေ့ဘက်ရွာက ဦးဘောက်ဆူရွာအောက် ပင်လယ်နက်ထဲ ညကငါးမန်းသွားမျှားတာ သင်္ဘောကြီး တစ်စင်းနဲ့ တွေ့လို့ အုဖမ်းခံခဲ့ရတယ်တဲ့၊ သင်္ဘောပေါ်မှာ ကုလားဖြူ ကုလားမည်းတွေနဲ့ ရခိုင်ဗမာ တွေလဲပါတယ်။ သူတို့က ဂျပန်တွေအကြောင်း တစ်ညလုံး စစ်မေးကြတာ မိုးလင်းခါနီးမှ ပြန် လွှတ်လိုက်တယ်။ အဲဒါ ရှင့်အဖေကို တိုးတိုးတိတ်တိတ် ပြောပြလိုက်ပါ၊ တစ်ခြား ဘယ်လူမှ မသိပါစေနဲ့လို့ မှာလိုက်တယ်"

ထိုကာလ အဖေ၏အဖေ ကျွန်တော့်အဘိုးမှာ ရွာသူကြီးဖြစ်သည်။ ထို့ကြောင့်လည်း ရပ်ထုံးစံ ရွာထုံးစံအတိုင်း တစ်စုံတစ်ခု ထူးခြားမှုတွေ့ရလျှင် ရွာသူကြီးကို တိုင်ရသော အစဉ်အလာအတိုင်း မှာကြားလိုက်ပုံရသည်။

ဒုတိယ ကမ္ဘာစစ်ကြီး ဘယ်အချိန်၊ ဘယ်နေ့ကပင် စ,ဖြစ်နေသည်ကို ကျွန်တော်မသိ။ ကျွန်တော်တို့ မြန်မာနိုင်ငံသို့ ဂျပန်များ ဘယ်အချိန်၊ ဘယ်ကာလ၊ ဘယ်နေ့ကပင် ရောက်နေကြသည်ကိုလည်း ကျွန်တော်မသိ။ ကျွန်တော်သိတတ်စ မှတ်မိတတ်စ အရွယ်တွင် လူမျိုးခြားဖြစ်သော ဂျပန်စစ် သား၊ စစ်ဗိုလ်များကို ကျွန်တော်တို့ရွာ၌ တွေ့နေ မြင်နေရသည်။

ထိုအထဲတွင် လူကြီးတွေက "ဇပိ"ဟု ခေါ်ကြသော မျက်လုံးမှေးမှေး ဂျပန် တစ်ယောက်နှင့် "ဇော်ရှိဗိုလ်"ဟု ခေါ်ကြသော (ရုပ်သေးဇာတ်ထဲတွင် ဇော်ရုပ်နှင့်တူသူ) မုတ်ဆိတ်မွေး ပါသိုင်းမွေးထူလဲဗျစ်နှင့် ဂျပန်စစ်ဗိုလ်တစ်

ယောက်တို့ကို မျက်စိထဲ ယနေ့တိုင် မြင်ယောင်မိနေသေးသည်။ ထိုဂျပန်နှစ်ယောက်အား ကျွန်တော် မှတ်မိနေခြင်းမှာ အစ်ကိုနှစ်ယောက်နှင့် ကျွန်တော့်အား ကောက်ရိုးဖိနပ်များ ထိုးပေးတတ်ကြသဖြင့် ဖြစ်သည်။

သူတို့နှစ်ယောက်ထဲက တစ်ယောက်ယောက် ရွာထဲဝင်လာပြီးဆိုလျှင် ကျွန်တော်တို့ ညီအစ်ကိုတစ်တွေမှာ သူ့ထက်ငါဦးအောင် အိမ်နားက ကောက်ရိုးပုံထဲသို့ အမြန်ပြေးကြသည်။ ကောက်ရိုးအလုံးကြီးကြီး အပင်ရှည်ရှည်များကို ကောက်ရိုးပုံထဲက ရွေးနှုတ်ကြသည်။ ပြီး - သူထက်ငါဦးအောင် ပြေးလာကြပြီး ဂျပန်စစ်သားနှစ်ယောက်ကို ကောက်ရိုး ဖိနပ်ထိုးခိုင်း ကြသည်။ ကောက်ရိုးဖိနပ်ထိုးပေးတတ်သော ထိုဂျပန်နှစ်ယောက်ကို တစ်ရွာလုံးရှိ ကလေးများက သာမက ကလေးမိဘများကလည်း ခင်ကြသည်။

အချို့ကြိုက်သော ထိုဂျပန်နှစ်ယောက်ကို ကျွန်တော်တို့ ညီအစ်ကိုများက မိဘတွေမသိအောင် ကြံသကာတွေ ဝိုးပေးကြသည်။ ကျွန်တော်တို့ မိဘများမှာ ကြံခင်းများ ရှိသဖြင့် အိမ်တွင် နှစ်ချုပ်ကြံသကာများကို သိုလှောင်၍ ထားတတ်ကြသည်။ ထိုဂျပန်နှစ်ယောက်က ကျွန်တော်တို့ ညီအစ်ကိုများပေးသော ကြံသကာကို အစကမူ ချက်ချင်းမယူသော်ဘဲ ကျွန်တော်တို့ကို ပြုံးပြုံးကြီး စိုက်ကြည့်နေလျှင် "ဗိုလ်ဆန် ဆတော့၊ ဆတော့ ချိုတယ်ကား" ဟု လူကြီးတွေ ပြောသံကို သံယောင်လိုက်ကာ အတင်းထိုးထိုး ပေးကြသည်။ ဤသို့ စေတနာ ပို့နေကြသည်မှာ ကျွန်တော်တို့ လိုချင်သော ကောက်ရိုးဖိနပ် မြန်မြန်ထိုးပေးအောင် ဝိုင်းဖားကြခြင်း ဖြစ်သည်။

ဂျပန်များသည် ကြံသကာကို အလွန်ကြိုက်ကြပုံရသည်။

ကျွန်တော်တို့ ရွာရှိ ကျောင်းထိုင်ဆရာတော်ကြီးသည် ညနေ လေးနာရီနှင့် ငါးနာရီကြားအချိန်ခန့်တွင် ရေနွေးကြမ်းနှင့် ကြံသကာ ဘုဉ်းပေးလေ့ရှိသည်။ တစ်နေ့ ညနေ၌ ဆရာတော် ထိုသို့ ကြံသကာနှင့် ရေနွေးကြမ်းဖုန်းပေးနေစဉ် ကျောင်းရှေ့ဇရပ်၌ တပ်ချနေကြသော ဂျပန်များထဲမှ ဂျပန်စစ်သားငယ်တစ်ယောက်သည် ဖိနပ်မချွတ်ပဲ ကျောင်းပေါ် တက်လာသည်။ ဘုန်းတော်ကြီး၏ ရေနွမ်းကြမ်းလင်ပန်းထဲရှိ ပန်းကန်ထဲမှ ကြံသကာကို မြင်သွားရာ ဘုန်းကြီး အနားလာထိုင်၍ ဘုန်းတော်ကြီး၏ မျက်နှာကို ကြည့်လိုက်၊ ပန်းကန်ထဲက ကြံသကာကို လှမ်းကြည့်လိုက်၊ နှုတ်ခမ်းကို လျှာနှင့်သပ်လိုက် လုပ်ပြနေသည်။

ဤသည်ကို ဘုန်းတော်ကြီးက မသိယောင်ဆောင်ကာ တစ်ဘက်သို့ လှည့်သွား၏။ ထိုအခါ ဂျပန်စစ်သားငယ်မှာ မအောင့်နိုင်တော့သဖြင့် "ဗိုလ်ဆန်၊ ဆတော့ဆတော့ကား၊ ချိုတကား နည်းနည်းပေးပါ" ဟု ပါးစပ်ကအသံထွက် လာသည်။ လက်ဟန်အမူအယာနှင့် သူနေမကောင်းကြောင်း ကြ

သကာ စားချင်ကြောင်းပြောသည်။ ထိုအခါ ဘုန်းတော်ကြီးလည်း ပြုံးလာသည်။

"မင်း - ကြဲသကာ စားချင်လား"

ဘုန်းတော်ကြီး၏ အမေးကို သူက ခေါင်းညိတ်ပြသည်။ ထိုအခါ ဘုန်းတော်ကြီးက "မင်း ငါ့ကို ရှိခိုးရင် ပေးမယ်ကွာ" ဟုပြောပြီး ကျောင်းသားငယ်တစ်ယောက်ကို ထိခြင်းငါးပါးနှင့်အညီ ကြဲသကာ တစ်ဖဲ့ပေး၍ သရုပ်ပြ ရှိခိုးခိုင်းသည်။ ကြဲသကာ အလွန်အမင်း စားချင်နေပုံရသော ဂျပန်စစ်သားငယ်သည် ဘုန်းတော်ကြီးခိုင်း၍ ကျောင်းသားငယ်က သရုပ်ပြသလို လိုက်၍ ရှိခိုးလေလည်။

ဘုန်းတော်ကြီးကလည်း ကတိအတိုင်း ပန်းကန်ထဲမှ အကြီးဆုံးသော တစ်ဖဲ့ကို ဂျပန်စစ်သားငယ်အား ပေးလိုက်၏။ ကြဲသကာ ရသွားသော ဂျပန်သည် ဘုန်းကြီး ပုဆိန်ပေါက် အကြိမ်ကြိမ် ရှိခိုးကာ ကျောင်းပေါ်က ဆင်းသွားလေသည်။

နောက်တစ်နေ့ ဘုန်းတော်ကြီး ကြဲသကာနှင့် ရေနွေးကြမ်း ဘုဉ်းပေးခြံနှမ်မှာ ထိုဂျပန်ငယ်စစ်သား ရောက်လာပြန်သည်။ ဤနေ့၌မူ သူ့ကို မည်သူကမျှ သရုပ်ပြရန် မလိုတော့ဘဲ ဘုန်းကြီးကို ရိုရိုသေသေ ရှိခိုးသည်။ ဘုန်းတော်ကြီးက "ဖိနပ်ပါ ချွတ်ပြီး ရှိခိုးရတယ်ကွ" ဟု လက်ဟန်ခြေဟန်နှင့် ပြသောအခါ ချက်ချင်း ဖိနပ်ကိုပါ ချွတ်လိုက်သည်။ "ငါ့အကောင်တော့ အတော်ဟုတ်နေပြီ၊ ခြေအိတ်ပဲ ချွတ်ဖို့ကျန်တော့တယ်" ဟု ပြုံးပြုံးကြီး အမိန့်ရှိကာ ပန်းကန်ထဲမှ အကြီးဆုံး ကြဲသကာတစ်ဖဲ့ကို ပစ်ပေးလိုက်သည်။ ဘုန်းတော်ကြီး ပစ်ပေးလိုက်သော ကြဲသကာကို ထိုဂျပန်သည် ကြွေမ်းခင်းပြင်မကျမီ လေထဲ၌ပင် ဖမ်းယူဆုတ်ထားလိုက်သည်။ "အာဂအကောင်ပဲ"ဟု ဘုန်းတော်ကြီးက ခိုးကျူးသည်။ ဂျပန်က ပြုံးနေ၏။

ဘုန်းတော်ကြီး ရေနွေးကြမ်း သောက်ချိန်တွင် ကျောင်းပေါ်လာပြီး ဘုန်းကြီးအား ရှိခိုးလျှင် ကြဲသကာ စားရမှန်း သိထားသော ထိုဂျပန်စစ်သားငယ်သည် နောက်နေ့ နောက်နေ့တွေမှာလည်း ဖိနပ်ချွတ်ရှိခိုးကာ ကြဲသကာလာတောင်းစားတတ်နေသည်မှာ အချိန်မှန်ပင် ဖြစ်သည်။ ထို့ကြောင်း ထိုဂျပန်ကို ကျောင်းသားများက အချိန်မှန်မှန် လာတတ်သဖြင့် "နာရီကောင်"ဟု အမည်ပေး ထားကြသည်။

ထိုဂျပန်မှာ ကာလသားပေါက် အရွယ်သာသာ ရှိသဖြင့် ဘုန်းကြီးကလည်း သနားပုံရသည်။ မျက်နှာလည်း အလွန်ချိုသည်။ ဘုန်းတော်ကြီးနှင့် တကွ ဦးပဉ္စင်း၊ ကိုရင်၊ ကျောင်းသားအားလုံးကို အသွားအပြန်၌ လက်အုပ်ချီ၍ နှုတ်ဆက်တတ်သည်။ ဤသည်ကို ဦးပဉ္စင်းကြီး ဦးဥာဏဝန်က "ဟေ့ - ကောင်၊ မင်းကြဲသကာ၊ မျိုချင်တာနဲ့ လာပြန်ပလား၊ သွား - သွား ဘုန်းကြီးဆီ၊ ငါ့

စပ်ဖြဲဖြဲ လာလုပ်မနေနဲ့"ဟု ဆဲဆိုလွှတ်တတ်သည်။

သို့သော် သူကား စိတ်မဆိုး။ ရယ်ဖြဲဖြဲနှင့် ဘုန်းကြီးကို ရိုရိုသေသေ ရှိခိုးကာ ဘုန်းကြီးရှေ့တွင် ကြံသကာ မရမချင်း လာထိုင်နေတတ်သည်။ တစ်နေ့တွင် ဘုန်းကြီးက သူ့ကိုသနားသဖြင့် ကြံသကာနှင့် စားရန် ကျောင်းသားကြီး တစ်ယောက်ကို ကြက်သရေခန်းထဲက ကောက်ညှင်းကျဉ်တောက် တစ်ပိုင်း ယူခိုင်းပေးရာ ချက်ချင်းမစားသေးပဲ ကောက်ညှင်းကျည်တောက်ကို လှည့်ပတ် ကိုင်ကြည့်ပြီး "ဒီလိုဖြစ်အောင် အပြင်က စက္ကူဘယ်လိုပတ်လဲ၊ အစလဲရှာမရပါ လား၊ ဘယ်လို စားရလဲ" ဟု ကြံကြံဖန်ဖန် မေးလာသဖြင့် ကျောင်းသားတွေက ဝိုင်းဟားကာ "အပြင်က ပတ်ထားတဲ့ စက္ကူအခွံကိုပါ စားလိုက်"ဟု သရုပ်ပြကာ စားပြကြသည်။ ထိုအခါမှ သူကစားကြည့်ပြီး "ကောင်းတကား၊ ကောင်းတကား" ဟု ပြော၏။

သည်လိုနှင့် တစ်နေ့နေ့လည်တွင် ဂျပန်တွေ တပ်စွဲထားသော တောင်ပေါ်မှ အမြောက်ကြီး ပစ်သံများကို ကြားကြရသည်။ လူကြီးတစ်ချို့ ရွာပြင် ထွက်ကြည့်ရာ လေယာဉ်တစ်စင်းသည် ကောင်းကင်ပေါ်၌ မီးစွဲလောင်ပြီး ဘင်္ဂလားပင်လယ်အော်ထဲသို့ ထိုးဆင်းသွားသည်ကို မြင်လိုက်ကြရသည်။ ထိုနေ့ကစ၍ နာဂရီကောင် ဂျပန်လည်း ကြံသကာတောင်းရန် ဘုန်းကြီးရှေ့ ရောက်မလာတော့။ ဘုန်းကြီးကမူ ရေနွေးကြမ်းသောက်တိုင်း "ငါ့အကောင်လဲ ပေါ်မလာတော့ဘူး၊ တပ်ပြောင်းသွားပြီးထင်တယ်"ဟု သတိတရ မိန့်ဆိုတတ်သည်။

နောက်နှစ်ရက် သုံးရက်အကြာမှာ အစာငတ်ရေငတ်ဖြစ်ပြီး အသက် ကယ် ရာဘာ ဘုတ်တစ်စင်းနှင့် ပင်လယ်ကမ်းခြေနား မျောပါလာသော အင်္ဂလိပ်နှစ်ယောက်ကို ဂျပန်များက လှိုင်းလုံးကြီးတွေကြား ဆင်းဖမ်းလာကြကြောင်း သတင်းကြားရသည်။

ထိုအင်္ဂလိပ်နှစ်ယောက်မှာ ရေအလွန်ငတ်လာကြသဖြင့် ဂျပန်များဆီတွင် ရေတောင်းသည်။ သို့သော် ဂျပန်များက ရေလုံးဝမတိုက်ကြ။ လက်ပြန်ကြိုးတုတ်ကာ ပင်လယ်နားမှ ဆွဲခေါ်လာကြသည်။ ထိုသို့ဆွဲခေါ်လာကြရာ လမ်း၌ ရေအိုင်ငယ် တစ်ခုကိုမြင်သော အင်္ဂလိပ်တစ်ယောက်မှာ ထိုရေအိုင်မှ ရေကိုသောက်ချင်သဖြင့် ဘယ်လိုမှင် ရိုက်ပုတ်ဆွဲခေါ်ခေါ် မရဘဲ အတင်းပေး ကပ်နေ၍ ထိုရေအိုင်မှ ရေကို ဒူးတုတ်ငုံ့သောက်ခိုင်းပြီး ဂျပန်များက သူတို့ ကြိုးကြီးမာစတာရှိရာသို့ ခေါ်သွားကြကြောင်း မျက်မြင် ရွာသားတစ်ချို့က ပြောပြကြသည်။

× × × × ×

ကျွန်တော်တို့ ဒီဘများမှာ လယ်ယာသိမ်းပြီးသော ပြာသို၊ တပို့တွဲလများ သို့ရောက်လျှင် ကြဲသကာချက်လုပ်ရန် ရွာမှစားအိုး စားခွက်များနှင့်အတူ ကြဲတဲဝင်ကြသည်။ ရွာနှင့်ကြဲတဲမှာ တံတားတစ်ခုကို ဖြတ်ကျော်ရပြီး ခြေကျင်မိနှစ်နှစ်ဆယ်လောက် လျှောက်ရသည်။ ကြဲတဲရှိရာမှ မိမိရွာနှင့်ဝေးပြီး ရေနံတောင်ရွာနှင့်သာ ပိုနီးသည်။ ကြဲခင်းမှ ကြဲပင်များကို ခုတ်ဖြတ်ပြီး သစ်လုံးကြဲဆုံကို နွားနှင့်လှည်းကြိတ်ဒီး ကြဲရည်ညှစ်ရသည်။ ကြဲရည်ကို မြေအိုးမြင့်မြင့်နှင့် နှစ်ဆုံးဆင့်နှင့် ကောက်သင်းပေါင်းသလို ချက်လုပ်ရ၏။

ကျွန်တော်တို့ သိအစ်ကိုတွေ ကြဲတဲရောက်လာကြတော့ ဂျပန်ငစိနှင့် ဇော်ဂျီဗိုလ်တို့ကို ပို၍ သဘောရကြောင်း အစ်ကိုကြီးနှင့် ဦးလေးလူပျိုပေါက်တို့က မကြာခဏ ပြောကြသည်။ သူတို့ သတိရကြခြင်းမှာ ငစိနှင့် ဇော်ဂျီဗိုလ်တို့သည် မနှစ်က ကြဲတဲကို ကြဲသကာ လာတောင်းစားကြရင်း ကြဲဖတ်ခွံတွေကို ပါးပါးလွှာပြီး ခြေညှပ်ဖိနပ် ထိုးပေးဖူးသည်ကို သတိရ၍ဟု ဆိုသည်။

မနှစ်က ကျွန်တော့်အသက်မှာ ငယ်သေးသဖြင့် ငစိနှင့်ဇော်ဂျီဗိုလ်တို့ကို မမှတ်မိတတ်သေး။ ကျွန်တော်ကား ဤနှစ်မှ မှတ်မိသူဖြစ်သည်။ ထို့ကြောင့် ဤနှစ်မှ မှတ်မိ၍ ခင်မင်နေသော ငစိနှင့် ဇော်ဂျီဗိုလ်ကို ကောက်ရိုးဖိနပ်ထက် ကောင်းသည်ဆိုသော ကြံခွံဖိနပ်လိုချင်၍ ကျွန်တော် မျှော်နေမိသည်။

ထိုသို့ မျှော်နေခဲ့ တစ်နေ့မနက်၌ ဦးကြီးတို့ လယ်ကွင်းဘက်မှ ဂျပန်စစ်သားနှစ်ယောက် လှောက်လာကြသည်ကို မြင်သဖြင့် ကျွန်တော်က ဝမ်းသာအားရနှင့် "အဖေ ဟိုမှာ ဇော်ဂျီဗိုလ်နဲ့ ငစိတို့ထင်တယ်၊ လာနေကြပြီ"ဟု ပြောလိုက်၏။

ကျက်ခါနီး ကြဲသကာအိုးကို မွေပေးနေသော အဖေက "မဟုတ်ပါဘူး သား ဇော်ဂျီဗိုလ်နဲ့ ငစိတို့ တပ်ပြောင်းသွားကြတာ ကြာပြီ၊ အဖေနဲ့လမ်းမှာ တွေ့လို့တောင် နှုတ်ဆက်သွားကြသေးတယ်" ဟု ပြီးစလွယ်ပြောပြီး ကြဲသကာအိုးကို မတူး မချစ်သွားအောင် ယောက်မလုံးနှင့် မနားတမ်း မွေနေသည်။

ကြဲသကာမွှေသော ယောက်မလုံးမှာ ထမင်းမွှေ၊ ဟင်းမွှေယောက်မလို အပြားမဟုတ်ဘဲ လူကြီးခြေမခန့်ရှိ သစ်သားလုံးဖြစ်သည်။ အရှည်မှာ လူကြီး

သုံးတောင်ခန့် ရှည်ပြီး အသားပွ ထမင်းခြောက်သားခေါ် သစ်သားတစ်မျိုးကို သီးသန့် လုပ်ထားသော ကြံသကာမွှေ ယောက်မဖြစ်သည်။

ကြံသကာအိုးမှာ ကျက်ခါနီးဖြစ်သဖြင့် ဆင့်ထားသော အပေါ် အိုးကို ဖြုတ်ကာ ခံအိုးထဲရှိ ကြံသကာစေးစေးပျစ်ပျစ်ကို အားသွန်ခွန်စိုက် မွှေပေးနေရသည်။ ထိုအချိန်တွင် အမေက ကြံတဲမီးဖိုဆောင်တွင် ထမင်းချက်နေသည်။ အစ်ကိုနှစ်ယောက်က ဦးလေတို့ ကြံခုတ်နေကြသော ကြံခင်းထဲ ကြံလှိုင်းထမ်းရန် သွားနေကြသည်။ ထို့ကြောင့် ကြံတဲတွင် အမေအဖေနှင့် ကျွန်တော်တို့ သုံးယောက်သာ ရှိလေသည်။

ဦးကြီးတို့ လယ်ကွင်းဘက်မှ တက်လာကြသော မျက်နှာစိမ်းဂျပန်နှစ်ယောက်သည် အဖေ့အနားလာရပ်ကြပြီး "ဘီရမာ ဆတော့ပေး၊ ဆတော့ပေး"ဟု လက်ဟန်ခြေဟန်နှင့်လည်းပြပြီး ကြံသကာတောင်းကြ၏။ ဂျပန်များသည် ကြံသကာကို ဟင်းခတ်အဖြစ်လည်း ထည့်စားတတ်ကြကြောင်း လူကြီးများ ပြောဆိုကြသံကို ကြားဖူးထားသည်။ အမဲသား၊ ရွှေဖရုံသီး၊ ငါး၊ ဝက်သားစသည် မည်သည့်ဟင်းၦ မဆို သူတို့သည် ကြံသကာ ထည့်ချက်ကြသည်ဆို၏။

"မာစတာ ဆတော့ မကျက်သေးဘူးလား၊ ကျက်ရင်ပေးမယ်"

ကြံသကာအိုးကို ကမန်းကတန်း မွှေရင်း အဖေကပြန်ပြော၏။

သို့သော်မရ။ မျက်နှာစိမ်း ဂျပန်နှစ်ယောက်က တဲအတွင်းထဲလက်ညှိုးထိုးပြပြီး တောင်းနေကြ၏။ အဖေက "မနေ့က ချက်တဲ့ကြံသကာတွေ ရောင်းလိုက်လို့ မရှိတော့ဘူး။ ခုကျက်ရင် မာစတာတို့ကို ပေးမယ် ခဏစောင့်"ဟု ပြော၏။

ဘယ်လိုပြောပြောမရ။ သူတို့ကို ပေးရမှာစိုး၍ လိမ်ပြောနေသည် အထင်နှင့် "ခုပေး၊ ခုပေးကား"ဟု အတင်းတောင်းနေကြ၏။ အဖေက "ခု ဒါကျက်ရင် ပေးမယ်မာစတာ ခဏစောင့်"ဟု ပြောသော်လည်း မရသောအခါ အမေကပါ မီးဖိုဆောင်မှ ထွက်လာပြီး "ခုကျက်ရင် မာစတာတို့ကို ပေးမယ်၊ မနေ့က ကြံသကာလဲ ရောင်းလိုက်လို့ ကုန်ပြီ၊ မယုံရင် အထဲဝင်ကြည့်ပါ"ဟု လက်ဟန်ခြေဟန်နှင့်ပါ ပြောပြလိုက်တော့ ဂျပန်စစ်သား တစ်ယောက်က အထဲဝင်ပြီး ကြည့်သည်။

ကြံသကာထည့်သော တောင်းခွံကြီးကိုသာ တွေ့ပြီး ကြံသကာကို မတွေ့သောအခါ မျက်နှာမသာမယာနှင့် ပြန်ထွက်လာပြီး "ဂုက်ထားတာတွေ ထုတ်ပေး"ဟူသော သဘောနှင့် အဖေ့ကို အော်ငေါက်တွန်းထိုး၍ တောင်းနေပြန်၏။

ထိုအချိန်တွင် ကျက်ခါနီး ကြံသကာအိုးမှ ထွက်သော အပူငွေ့နှင့်

ထင်းမီးခိုးတို့က မျက်နှာကို အပူလာဟပ်နေသဖြင့် စိတ်တိုလာသော အဖေက "လူလိုပြောလို့ နားမလည်တဲ့အကောင်တွေ ယောကျွဆတော့ စားစား"ဟု ကြံသာအိုး မွှေတန် ယောက်မလုံးနှင့် ဂျပန်တစ်ယောက်ကို လှမ်းရိုက်လိုက်သည်။ အဖေလှမ်းရိုက်လိုက်သော ထမင်းခြောက်သား ကြံသကာ မွှေတိုးထုတ်မှာ အသည်လူကြီးသုံးကောင်၊ အလုံးခြေမခန့် လောက်ရှိရာ ထိလျှင် သက်သာမည် မဟုတ်ပေ။

"ရှင် - ရှင် ဘယ်လိုလုပ်လိုက်တာလဲ၊ ဒုက္ခပါဘဲတော့ ဟီး" ဟု အမေက အော်ငိုလိုက်သည်။

အဖေရိုက်လိုက်သော တုတ်ယောက်မသည် သိုင်းတတ်သော ဂျပန်ကိုမထိ။ အဖေလက်ကိုသာ လိမ်ချိုးခံထားလိုက်ရ၏။ ထိုဂျပန်နှစ်ယောက်သည် အဖေ့ကို ဆဲဆိုကာ ကြံတဲထဲမှ ဆွဲခေါ်သွားကြသည်။ ကြံတဲအပြင်ဘက်သို့ ရောက်သောအခါ စောစောက ကြံသကာဝှက်ထားသလားဟု အထဲဝင်ကြည့်သော ဂျပန်က ဘာစိတ်ကူးပေါက်သည် မသိ အခန်းထဲမှ ကြံသကာထည့်သော ခြင်းတောင်းအခွံ လုံးကြီးကို ဖြန်လာယူသွားသည်။

အမေ အော်ငိုလှမ်းခေါ်လိုက်သံကြောင့် ဦးလေးနှင့် အစ်ကိုတို့ ကြံခုတ် နေကြရာ ကြံခင်းထဲမှ ကြံတဲသို့ ပြေးလာကြသည်။ အမေက အဖြစ်အပျက်ကို ချက်ချင်းပြောပြလိုက်ပြီး အလယ်ထိပ် တောင်တွင်နေသော ရွှေသွားဗိုလ်ကိုတိုင်ရန် ဦးလေးကို အပြေးလွှတ်လိုက်သည်။ ဆွေမျိုးများကိုလည်း ဝင်ပြော ထားခဲ့ရန် မှာ၏။ နံမည်ကို မသိ၍ ရွှေသွားနှင့်မို့ ရွှေသွားဗိုလ်ဟု ခေါ်ကြသော ဂျပန်ဗိုလ်မှာ စိတ်ရင်းကောင်း၍ သူ့လူများ ရွာသူ၊ ရွာသွားတွေကို မတရားလုပ်တာသိလျှင် ချက်ချင်းအရေးယူ အပြစ်ပေးတတ်သူဟု ကောင်းသတင်း ကျော်ကြားမှုရှိသဖြင့် အမေက ဦးလေးကို အရေးတကြီး ပြေးတိုင်ခိုင်းလိုက်ခြင်း ဖြစ်သည်။

အမေက အော်ငိုပြီး ဂျပန်နောက်လိုက်သောအခါ အမေ့ကို ဂျပန်နှစ်ယောက်က ထွန်းပစ်အော်ငေါက်၍ ဟန့်တားထားခဲ့ကြသည်။ သို့သော် အမေကမူ အော်ဟစ်အကူအညီတောင်းကာ အဖေနှင့် ဂျပန်တို့နောက်ကို လိုက်သည်။ ပတ်ဝန်းကျင်ရှိ ကြံတဲများမှ လူများရောက်လာကြပြီး အမေ့ကို ဝိုင်းဆွဲထားကြသည်။ အဖေကမူ ဂျပန်တွေကို ဆဲဆိုရင်း လိုက်ပါသွားရသည်။ ကြံတဲနီးနားချင်းလူတွေမှာ ဂျပန်တွေ ဘယ်အထိ ခေါ်သွားသည်ကိုသာ ချောင်းမြောင်းပုန်းကြည့်ကာ မနီးမဝေးနောက်က လိုက်ပါနေကြရသည်။ အဖေဆဲသံ ဆိုသံများကမူ အဖေအား ဂျပန်တွေ ခေါ်သွားရာကို လမ်းညွှန်ပြနေသလို ဖြစ်နေသည်။

ဂျပန်စစ်သား နှစ်ယောက် ဆွဲခေါ်သွားသော အဖေ့ကို ငေးကြည့်ကာ ကျွန်တော်ငိုနေမိသည်။ အမေနှင့်အဖေဆိုလျှင် အဖေ့ကို ကျွန်တော်ပိုချစ်

သည်။ ထို့ကြောင့် ဂျပန်တွေကို မုန်းတီးသော စိတ်ပေါ်လာသည်။ ကောက်ရိုးဖိနပ်ဘိုးပေးတတ်၍ ကျွန်တော်တို့ချစ်သော ငစိန့်၄ ဇော်ဂျီဝိုလ်ကိုပင် တဒင်္ဂမေ့သွားသည်။

ကျွန်တော်တို့ ကြံတဲ့နှင့်ကပ်လျက် မြောက်ဘက်တွင် တောင်ဂမူလေးတစ်ခု ရှိသည်။ ထိုတောင်ဂမူပေါ်သို့ ကျွန်တော် ငိုပြီးတက်လာသည်။ ကျွန်တော်တို့ ညီအစ်ကိုသုံးယောက်သည် ကြံခင်းရှိရာ ကြံတဲကို ရောက်ကတည်းက ထိုတောင်ဂမူပေါ်သို့ မနက်တိုင်း တက်ကြည့်နေကြ ဖြစ်သည်။ ထိုတောင်ကမူပေါ်မှ မြောက်ဘက်မိုးကောင်းကင်ကို မျှော်ကြည့်လျှင် လေယာဉ်ပျံများကို မနက်တိုင်း နေ့လည်တိုင်းလိုလို နေ့စဉ်မြင်နေကြရသည်။ မြင့်လွန်း၍ လေယာဉ်ကိုယ်ထည်ကို လက်သန်းလုံးခန့်သာ မြင်ရသည်။ အသံကိုလည်း သဲ့သဲ့သာကြားရ၏။ လေယာဉ်ပျံများမှာ အစင်းပေါင်း သုံးဆယ်၊ လေးဆယ်၊ တစ်ဂနှ့တစ်လည်တွင် လေးငါးခြောက်ဆယ်ထိ များသည်။

နေရာင်ခြည်ထဲတွင် ကိုယ်ထည်တောင်ပံတို့ တလက်လက်တောက်ကာ ကျွန်တော်တို့ ကြံတဲနှင့် မနီးမဝေး မိုးကောင်းကင်ထက်မှ တောင်ဘက်သို့ သွားနေကြသည်။ ထိုလေယာဉ်များကို အစ်ကိုနှစ်ယောက်က တစ်စင်း၊ နှစ်စင်း၊ သုံးစင်း၊ လေးစင်းဟု ရေတွက်ကြည့်တတ်ကြသည်။ ရေတွက်ပြီးလျှင် ဤနေ့အများဆုံး လေယာဉ်အုပ်မှာ အစင်းဘယ်လောက်ဟု အဖေ့ကို ပြေးမြောကြသည်။ ထိုလေယာဉ်အုပ်ထဲတွင် ကိုယ်ခန္ဓာနှစ်ခုနှင့် လေယာဉ်တစ်စင်း တစ်လေကိုလည်း မြင်ရသည်။

ထိုလေယာဉ်များ ဘယ်ကလာ၍ ဘယ်ကိုသွားကြမှန်း မသိသဖြင့် အဖေ့ကို မေးကြည့်ကြရာ အဖေက ဂျပန်ပြည်ကို ပုံးသွားကြဲကြသော အင်္ဂလိပ်လေယာဉ်များ ဟုပြောသည်။ ယခင်က ဂျပန်ပြည်ကို ပုံးသွားကြဲကြသည်ဆိုသော အင်္ဂလိပ်လေယာဉ်များကို ဖိနပ်ထိုးပေးတတ်ကြသော ငစိ၊ ဇော်ဂျီဝိုလ်တို့ သံယောဇဉ်ကြောင့် မနှစ်မြို့ မလိုလားဖြစ်နေခဲ့ရသော်လည်း ဤနေ့မနက်တွင် အဖေ့ကို ဂျပန်နှစ်ယောက် ဖမ်းသွားကြသည်ကို ဝမ်းနည်းဒေါသဖြစ်ကာ ဂျပန်ပြည်ကို အင်္ဂလိပ်လေယာဉ်များ ပုံးများများကြဲချပြီး ဂျပန်တွေမြန်မြန် စစ်ရှုံးပါစေ၊ ဒါမှအဖေလည်း မြန်မြန်လွတ်လာမည်ဟု ကလေးတွေး တွေးမိလိုက်သည်။ ဤအတွေးများကြောင့်လည်း ကျွန်တော်သည် ဂျပန်ပြည်ကို ပုံးသွားကြဲကြသော အင်္ဂလိပ်လေယာဉ်များကို စောင့်မျှော်ကြည့်ရန် ဤမနက်ကြံတဲနားတောင်ကမူပေါ်သို့ တက်လာနေမိခြင်း ဖြစ်သည်။

ကျွန်တော်ငိုပြီး မြောက်ဘက်မိုးကောင်းကင်ပေါ် မျှော်ကြည့်နေသော်လည်း ခါတိုင်းနေ့များလို အင်္ဂလိပ်လေယာဉ် တစ်စင်းတစ်လေကိုပင် မိုးကောင်းကင် ပေါ်၌ မမြင်ရ။ အင်္ဂလိပ်တွေ စစ်ရှုံးသွားပြီးမို့ လေယာဉ်တွေ မလာကြ

တော့ဟု ထင်လိုက်သောအခါ အဖေ့အတွက် ပို၍ဝိုင်ချင်လာသည်။

မကြာခင်မှာပင် ရွာသားတစ်ချို့နှင့် ဦးလေးတို့ ကြံတဲပြေးလာပြီး အမေ့ကို ပြောပြကြသည်။

အဖေအား ဖမ်းသွားကြသော ဂျပန်နှစ်ယောက်သည် ကြံတဲအရှေ့ဘက် နွားစာကျက် တောင်ကမူပေါ် အရောက်တွင် အဖေ့ကို ဒူးနှစ်လုံးကြား ခေါင်းသွင်းပြီး ပုလုံးနေအောင် ကြိုးနှင့်ပတ်ရစ်တုတ်ချည်ကြသည်။ ပြီးကြသကာ ခြင်းတောင်းကြီးထဲ ထည့်ပိတ်၍ တောင်ခြင်းအဝကို ကြိုးခါးပတ်နှင့် ပိတ်ကာ အဖေ့ကို တောင်ကမူပေါ်မှ ကန်ချလိုက်ကြသည်။ နွားစားကျက်မြက်ခင်းကမူ လိမ့်စောင်းပေါ်မှ အဖေသည် ဆင်ခြေလျှောအတိုင်း လိမ့်လိမ့်လိမ့်လိမ့်နှင့် အောက်သို့ကျသွားသည်။ ကမူ နိမ့်လျှောအောက် ရောက်သွား၍ အဖေနှင့် ကြံသကာတောင်းကြီးတို့ ဆက်မလိမ့် နိုင်သောအခါ ဂျပန်နှစ်ယောက်သည် အဖေအား ထည့်ပိတ်ထားသော တောင်းခြင်းကြီးကို ကမူအောက်ဆင်းပြီး နှစ်ယောက်သား သွားထမ်းတင်ကြသည်။ ပြီး ကမူထိပ်တွင် ဘောလုံးကို ဘည်ကန်သလို အောက်သို့ ကန်ချလိုက်ကြပြန်၏။ တောင်းကြီးနှင့် အဖေတို့မှာ ဘလိမ့်လိမ့်နှင့် ကမူအောက် လိမ့်ကျသွားရပြန်သည်။

ဤသို့ ကမူထိပ်မှ ကန်ချလိုက်၊ ရပ်သွားလျှင် ပြန်ကောက်တင်ပြီး ဘပ်ကန်လိုက် လုပ်နေကြစဉ် အလည်တိမ်တောင်မှ ရွှေသွားဗိုလ်နှင့် သွားတိုင်သူ ဦးလေး၊ ရွာသားများ ရောက်လာကြသည်။ ထိုအခါ ရွှေသွားဗိုလ်က သူ့ကောင် နှစ်ကောင်ကို ပါးနားရိုက်ပြီး သူတပ်သားများကို အဖေအား စောစောက သူစစ်သား ဂျပန်နှစ်ယောက် ကြိုးတုပ်ကြသလို ဤတစ်ခါ ထိုဂျပန်စစ်သားနှစ်ယောက်ကို ကြိုးတုပ်ခိုင်းသည်။ ပြီး စောစောက အဖေတစ်ယောက်တည်းသာ ဝင်ပြီး လိမ့်ခဲ့ရသော ကြံသကာခြင်းထဲ ထိုဂျပန်နှစ်ယောက်ကို မချိမဆံ့ထိုးကြိတ်ကန်သွင်းထည့်ကာ တောင်ကမူထိပ်မှ အဖေ့ကို ကန်ချခိုင်းသည်။ မကန်ပါရစေနှင့်ဟု ပြောသော်လည်း မရ။ အတင်းကန်ခိုင်း၏။

အဖေကန်ချလိုက်၍ တောင်ကမူအောက်သို့ လိမ့်ဆင်းသွားကြသော ကြံသကာခြင်းတောင်းကြီးနှင့် ဂျပန်စစ်သားနှစ်ယောက်တို့ မြေညီအောက်ရောက်၍ ရပ်သွားလျှင် သူနှင့်ပါလာသော တပ်သားများကို တစ်လှည့်စီ ထမ်းတင်ခိုင်းပြီး ကမူထိပ်တွင်ချကာ ဘောလုံးတည်ကန်သလို အဖေ့ကို ကန်ခိုင်းပြန်သည်။ အဖေမှာ စောစောက သူ့ဂျပန်နှစ်ယောက် ကန်ထား၍ ခေါင်းမူးချွေးပြန်နေရာ တော်ပါပြီ၊ တန်ပါပြီ၊ မကန်ပါရစေနှင့်ဟုပင် ပြောမရသဖြင့် တစ်မနက်လုံး ဂျပန်နှစ်ယောက်ကို ကန်နေရသည်။

နောက်တော့ နေလည်း ထန်းတစ်ဖျား ရောက်လာရာ ထမင်းဆာလာပြီ တော်ပါပြီ၊ ကျေနပ်ပါပြီဟု ရွှေသွားဗိုလ်ကို အမျိုးမျိုးတောင်းပန်ပြီး ပြန်လာ

ရတြောင်း အဖေက ကြိုတဲ့သို့ သတင်းလာမေးသူ ရွာသားများနှင့် ဆွေမျိုးများကို ပြောပြရသည်။

ထိုနေ့ ထိုရက် ထိုမနက်မှစ၍ ကျွန်တော်တို့ ကြုံတဲကို ဘယ်ဂျပန်စစ်သားမှ ရောက်မလာကြတော့ပေ။

× × × × ×

အဖေနှင့် ဂျပန်စစ်သားတို့ သူတစ်ပြန် ကိုယ်တစ်ပြန် ဘောလုံးကန်ကြပြီး သုံးလေးရက်ခန့် အကြာတွင် ရွာနားနီးစပ်မှ အဖေ့မိတ်ဆွေ ဦးထွန်းအေးဆိုသူ ကြံတဲ့သို့ ကြံသကာဝယ်ရန် ရောက်လာသည်။ သတင်းစကား စပ်မိကြသဖြင့် အဖေက ဂျပန်စစ်သားနှစ်ယောက် ကြံသကာလာတောင်းကြသည်ဟု ဆိုစဖြစ်အပျက်ကို ဦးအေးထွန်းအား ပြောပြရာ ဦးအေးထွန်းကလည်း ဂျပန်များ အစားအသောက် သောင်းကျန်းကြသည်နှင့် ပတ်သက်ပြီး လောလောလတ်လတ် သူတို့ရွာတွင် ကြုံခဲ့ကြရသည့် အဖြစ်အပျက် တစ်ခုကို ပြောပြပြန်သည်။

တစ်နေ့၌ သူတို့ရွာက ဦးထွန်းလူတို့ မိသားစု ထမင်းစားနေကြစဉ် ဂျပန်တပ်ကြပ်တစ်ယောက် ရောက်လာသည်။ ဦးထွန်းလူတို့ မိသားစု ထမင်းဝိုင်းနားလာ၍ ပိန်းဥဟင်း တောင်းစားသည်။ ပိန်းဥဟင်းကို တမြုံ့မြုံ့စားကြည့်ပြီး "ဒီဥဘယ်ကရလဲ" ဟုမေး၏။ ဦးထွန်းလူက သူတို့အိမ်နားတွင် စိုက်ထားသော ပိန်းခင်းကို လက်ညှိုးထိုးပြပြီး "ဟိုအပင်ကရတာ" ဟု ဂျပန်တပ်ကြပ်ကို ပြောလိုက်သည်။ သည်လိုနှင့် ဂျပန်လည်း ပိန်းဥဟင်း တစ်ပန်းကန်စားပြီး ပြန်သွား၏။

ညနေရောက်သောအခါ ဂျပန်သုံးယောက်သည် ဦးထွန်းလူကို လာဖမ်း ကြသည်။ ဦးထွန်းလူတို့ မိသားစုနှင့် ရွာသူရွာသားတွေမှာ ဦးထွန်းလူကို ဂျပန်များ ဘာကြောင့်လာဖမ်းကြမှန်း မသိ။ ဦးထွန်းလူ ကာယက်ရှင် ကိုယ်တိုင်မှာ အကြောက်လွန်ပြီး စကားပြန်နှင့် မေးခိုင်းတော့မှ အဖြေပေါ်တော့သည်။

ဦးထွန်းလူတို့ မိသားစု ထမင်းဝိုင်းမှ ပိန်းဥဟင်း တောင်းစားသွားသော ဂျပန်သည် သူတို့တပ်ချထားရာ သခြိုင်းဇရပ်သို့ ရောက်သည်နှင့် တပြိုင်နက် ဇရပ်နား ကုန်းစောင်းပေါ်တွင် အလေ့ကျပေါက်နေသော ပိန်းရိုင်းတောမှ ပိန်းဥများကို သူ့တပ်သားများနှင့် တူးဖော်၍ ဟင်းချက်စားကြသည်။

ပိန်းဥစားပြီး ဆယ့်ငါးမိနစ်မကြာ ပထမဦးဆုံး ဂျပန်တစ်ယောက်သည် သူနာနှစ်ဘက်ကို လက်နှင့် တဖျတ်ဖျတ် ပုတ်ခတ်လျှက် လျှာကိုထုတ်ကာ ဆပ်ပြာနှင့် တိုက်လိုက်၊ လည်ချောင်းထဲကို လက်ညှိုးထိုး၍ ဇလုပ်ကျင်းလိုက် လုပ်နေသည်ကို နွားကျောင်းသား တစ်ချို့မြင်နေကြရသည်။

သို့သော် ထိုဂျပန် ဘာဖြစ်၍ ဘာလုပ်နေသည်ကို မသိကြသေး။ ထို ပထမ ဂျပန်နှင့် မချဉ်းမ နှောင်းမှာပင် နောက် ဂျပန်အားလုံးလည်း နားယား၊ လျှာယား၊ လည်ချောင်းယား ဖြစ်ကာ လျှာကိုထုတ်လိုက်၊ ဆပ်ပြာနှင့်တိုက်လိုက်၊ နားနှစ်ဘက်ကို လက်နှင့်ပုတ် ခတ်လိုက်၊ လည်ချောင်းကို နှိုက်လိုက်၊ ခုန်ဆွခုန်ဆွနှင့် ခေါင်းခါခါ လည်ခါခါ လုပ်လိုက်၊ မြေပြင်တွင် ခုန်ပေါက်လိုက်နှင့် ဆောက်တည်ရာမရ ဖြစ်ကုန်ကြ သည်။

ထိုအခါ ပထမဦးဆုံး ဦးထွန်းလူအိမ်က ပိန်းဥဟင်း တောင်းစားလာသော ဂျပန်ကို ဝိုင်းဝန်းဖမ်းချုပ်ကာ ပါးနားရိုက်ပြီး စစ်ဆေးကြသည်။ ထို့ဂျပန်၏ အစစ်ခံချက်အရ ဦးထွန်းလူ လိမ်ညာပြောလိုက်သည်ဟု ရွာထဲဝင်လာပြီး ဦးထွန်းလူကို လာဖမ်းကြသည်။ အမှန်က ဦးထွန်းလူတို့အိမ်၌ ချက်စားကြသော ပိန်းဥမှာ လူစိုက်ပျိုးထားသော ပိန်းယာဥဥ၊ ယခု ဂျပန်များ တူးဖေါ်ချက်စားကြသော ပိန်းဥများမှာ အလွန်ယားသဖြင့် မည်သူမျှ မစားကြသော ပိန်းရိုင်းဥ။ ဤသည်ကို ဂျပန်များကမသိ။ ဦးထွန်းလူသည် သူတို့ ဒုက္ခရောက်အောင် တမင်လိမ် ပြောလိုက်သည် အထင်နှင့် လာဖမ်းကြခြင်း ဖြစ်သည်။

ဤကိစ္စကတွက် ဦးထွန်းလူအား ပါးနားရိုက်ကာ သတ်မည်၊ ဖြတ်မည် လုပ်နေကြသော ဂျပန်များကို စကားပြန်နှင့် သူတို့ဦးလ်ကြီးကိုတိုင်ကာ မနည်းဖြေရှင်း ယူကြရကြောင်း ဦးထွန်းအေးက အဖေ့အား ပြောပြလေသည်။

× × × × ×

သည်လိုနှင့် ဂျပန်များ အစားပုတ်ကြသည့် ကိစ္စ တစ်ညတွင် ပေါ်လာပြန်သည်။

ကျွန်တော်တို့ ရွာအောက်တောင်ခြေရှိ နွားရုံတစ်ရုံမှ နွားမတစ်ကောင်ကို တစ်ညဉ့် ကျားဝင်ကိုက်သွားသည်။ ထိုအခါ ရွာသားကြီးတွေက ထိုကျား၏ စားကြွင်းစားကျန်တွေနှင့် ထိုကျားကို သုတ်ကိုင်းထောင်ကြသည်။ သုတ်ကိုင်းတွင် ကျားမိ၍ ရွာဝ ဝးများက မီးရှူး မီးတုတ်ကိုယ်စီ၊ ဓားလုံကိုယ်စီနှင့် ကိုင်းတွင်မိနေသော ကျားကို သွားသတ်ရန် လူစုကြသည်။ ထိုအချိန်တွင် ရွာဦးချုတ်ရုတ်သဲသဲ ဖြစ်ကြသံကြားသဖြင့် ဂျပန်သုံးယောက် ရွာထဲပြေး ရောက်လာကြသည်။

ရွာသားများက ပြောပြ၍ အကြောင်းစုံသိရသောအခါ သုတ်ကိုင်း၌ မိနေသောကျားအား ရွာသားများကို ဓားလုံနှင့် မထိုး၊ မခုတ်မသတ်ရ။ သူတို့လည်း သေနတ်နှင့်မပစ်။ ကျားကို လက်နှင့် အရှင်ဖမ်းပြမည်ဟု ပြောပြီး ကျားမိနေရာသို့ ရွာသားကြီးများနှင့် အတူလိုက်လာသည်။ ရွာသားများက ကိုက်လိမ့်မည်"ဟု အတန်တန်ပြောကြသော်လည်း လက်မခံ။ သုတ်ကိုင်း၌ လက်တစ်ဘက်သာမိ၍ ဒေါသကြီးနေသော ကျားကို ဂျပန်သုံးယောက်က လည်ပင်းညှစ် ဝိုင်းဖမ်းရန် ကြိုးစားကြသည်။ ကျားက ဂျပန်သုံးယောက်ကို ဒေါသတကြီး ကုတ်ဖဲ့ဆွဲခြစ် ကိုက်လိုက်ရာ ဘောင်းဘီတွေ အင်္ကျီတွေ စုတ်ပြတ်ပြီး သုံးယောက်လုံး အနာတရ ဖြစ်ကုန်ကြသည်။ ထိုအခါမှ သုတ်ကိုင်း၌ မိနေသော ကျားကို သေနတ်နှင့်ပစ်သတ်၍ ကျားသေကို ယူသွားကြသည်။

ဂျပန်များသည် ထိုကျားသေကို ညတွင်းချင်းပင် ချက်ပြုတ် စားပစ်လိုက်ကြသည်ဟု သိရသည်။ ထိုသို့ သိရခြင်းမှာလည်း မြန်မာဆေး ဆရာဖြစ်သော ဦးလေးတစ်ယောက်က ဆေးဖော်ရန် ကျားဗိုက်ထဲမှ ကျားချေး၊ ကျားလျှာ၊ ကျားသိုဝ်သွား တောင်းမည်ဟု ဂျပန်တွေရှိသော တောင်ပေါ်ကို လိုက်သွားသည်။ ဦးလေး ဂျပန်များဆီ ရောက်သွားချိန်မှာ ကျားအသားဆို၍ သူတို့ဗိုလ်ကြီး "တနက" (ကျွန်တော်တို့အရပ်သားတွေ အပြောင်အပျက်ခေါ် "သနပ်ခါး" ၊ နောက်ပိုင်းတွင် လူများကို အရမ်းနှိပ်စက်ခဲ့သူ) အတွက်

ဆားလူးထားသော ပေါင်တစ်ချောင်းသာ ကျန်တော့သည်။ ကျားတစ်ကောင်လုံး အသားကို သူတို့ ညတွင်းချင်း ချက်စားပစ်လိုက်ကြပြီးဟု သိခဲ့ရသည်။

ဂျပန်များဆီမှ ကျားရိုးပိုက်ပြီး ပြန်လာသော ဦးလေးက ဂျပန်များဆီတွင် သူလိုချင်သော ကျားခွေး၊ ကျားသိုင်၊ ကျားနှူတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတို့ကို တောင်းမရခဲ့ကြောင်းနှင့် ညကရသော ကျားသားရေကို အိတ်အမျိုးမျိုး ချုပ်လုပ်ပြီး နေလှမ်းထားကြတာ မြင်ခဲ့ရကြောင်း၊ အလွန်လက်ရာ မြောက်ကြောင်း ပြောပြသည်။

နေ့လယ်ဘက်တွင် ကျွန်တော့်အစ်ကို တစ်ဝမ်းကွဲတော်သူ ထွန်းသာဦးအား သူ့ဂျပန်လာခေါ် သွားကြောင်း သတင်းကြားရသည်။ သူ ဂျပန်ဟုပြောကြခြင်းမှာ ဆယ့်နှစ်နှစ် ဆယ့်သုံးနှစ်အရွယ် ထွန်းသာဦးကို ထိုဂျပန် က အလွန်ချစ်သည်။ သူသား သို့မဟုတ် သူညီအစ်ကိုတစ်ယောက်ယောက်နှင့် တူ၍ ဖြစ်မည်ဟုလည်း တစ်ချို့က ထင်ကြေးပေးကြသည်။ ထွန်းသာဦးမှာ အသား ဖြူဖြူဖွေးဖွေးဖွး မျက်လုံးမှေးမှေးနှင့် ဖြစ်သဖြင့် သူ့ကို ရွာကလူတွေကလည်း "ဂျပန်ကြီး"ဟု ခေါ်ကြသည်။

ထို့ကြောင့် ယခု ထွန်းသာဦးအား သူ့ဂျပန်ကြီး လာခေါ်သွားခြင်းမှာ ယခင်ကလည်း ဤသို့ပင် လာခေါ်ပြီး အစားအသောက်ကျွေးခြင်း၊ ဖိနပ်ထိုးပေးခြင်း လုပ်ပေးနေကျဖြစ်ရာ ဘာမှအထူးအဆန်းဟု သဘောမထားကြ။ သို့သော် ထွန်းသာဦး ဂျပန်များဆီက ပြန်လာပြီး မကြာခင်မှာပင် တစ်ကိုယ်လုံး ယားယံကာ အင်ပျဉ်ထလာသဖြင့် မိဘညီအစ်ကို မောင်နှမများက "ဂျပန်တွေဆီက နင်ဘာစားလာလဲ၊ နင့်ဂျပန်က နင့်ကို ဘာကျွေးလိုက်လဲ" ဟု ဝိုင်းမေးကြရာ ဘာသားမှန်းမသိ ဆားလူးကင်ထားသော အသားတစ်တုံးကို သူ့ဂျပန်က ကျွေးရာ အမဲသားထင်၍ စားလာကြောင်း ပြောပြသည်။ ထိုအခါမှ သူ့မိဘတွေမှာ ညကရသော ကျားသားကို သူ့ဂျပန်က ကျွေးလိုက်ကြောင်း သိကြရသည်။ ကျားသားမှာ သွေးမတည့်လျှင် အင်ပျဉ်ထတတ်ကြောင်း ဦးလေးဆေးဆရာက ပြောပြပြီး ဂျပန်ကြီး ထွန်းသာဦးကို ဆေးလူးပေးရလေသည်။

× × ×

ဂျပန်များသည် ကျားကို အရှင်ဖမ်းရန် ကြိုးစားခဲ့ကြသလို တစ်နေ့၌ မြွေတစ်ကောင်ကို အရှင်ဖမ်းပြီး တစ်ယောက်နှင့်တစ်ယောက် နောက်ပြောင်ကျီစယ်နေကြသည်ကို မြင်ကြရပြန်သည်။

ကျွန်တော်တို့ ယာတောင်ရွာမှာ တောင်ခြေရင်းတွင် တည်ထားသော ရွာဖြစ်သဖြင့် ပူအိုက်သော နွေလတွင် ရွာလမ်းမ သဲဖုန်ဖုန်ထဲ၌ မြွေဆိုးများကို တွေ့ရတတ်သည်။ တစ်နေ့၌ ဂျပန်စစ်သားတစ်ယောက်သည် မြွေဟောက် တစ်ကောင်နှင့် ရွာလမ်းတွင် ပက်ပင်းတိုးမိကြ၏။ မြွေဟောက်သည် လူကို မြင်သည်နှင့် ပါးပျဉ်ထောင်၍ ရန်ရှာပတက်ရပ်နေသည်။ ဤသည်ကို ဂျပန်စစ်သားက တုတ်နှင့် ဖိဖမ်းပြီး မြွေဟောက်၏ လည်ပင်းကို ညှစ်ကိုင်ယူလာသည်။ မြွေဟောက်က တရှိရှိရုန်ရှာ မြည်မှုတ်သံကို သဘောကျ၍ တပ်ထဲရောက်သော အခါ ဟိုလူနား၊ သည်လူနား ကပ်ပြပြီး နားထောင်ခိုင်းသည်။ သူက ထိုသို့လုပ်နေစဉ် နောက်ဂျပန်စစ်သားတစ်ယောက်က သူ့လက်ကို လှမ်းပုတ်လိုက်ရာ လည်ပင်းညှစ်ခံနေရသော မြွေဟောက်မှာ ဂျပန်လက်ထဲက လွတ်သွားပြီး အနားရှိ ဂျပန်တစ်ယောက်ကို ပေါက်လိုက်ကာ ချက်ထဲ ဝင်ပြေးသွားသည်။ ရုတ်တရက် ချက်ထဲဝင် ပြေးသွားသော မြွေဟောက်ကို ပြန်ဖမ်းရန် ဝိုင်းလိုက်ကြသည်။ သို့သော် ချက်ထူသဖြင့် မြွေကိုမမိလိုက် ကြတော့ပေ။

မြွေကိုမမိလိုက်သော ဂျပန်မှာ ယိုင်တိုင်ပဲတိုင်နှင့် ပါးစပ်မှ အမြွှာပ်တစ် စီစီကျကာ ဇရပ်ပေါ် လှမ်းအတက်၌ ဗိုင်းခနဲ ပစ်လဲကျသွားလေသည်။ ထိုအခါမှ တစ်ယောက်တစ်ပေါက် အော်ဟစ်ကြပြီး မြွေကိုက်ခံရ၍ သတိလစ်မတက် ဖြစ်နေသော ဂျပန်စစ်သားကို ထမ်းစင်လုပ်၍ ဆေးရုံရှိရာသို့ ခေါ်သွားကြသည်။ ထိုနေ့ထိုရက်ကပင် ဂျပန်များသည် မြွေကို ဖမ်းမကစားရဲကြတော့ပဲ တွေ့သော နေရာတိုင်းတွင် သဲချိုင်းမဆိုင်း ဓားမဆိုင်း ဝိုင်းဖမ်းသတ်ဖြတ်ကြတော့သည်။ ယခင်ကလို မထိမဲ့မြင့်လည်း မလုပ်ရဲကြတော့ပေ။

× × × × ×

ကျွန်တော်တို့ဆီ ရောက်လာကြသော ဂျပန်များသည် အပြောင်အ
နောက်လည်း အလွန် ဝါသနာထုံကြပုံရသည်။

သို့နှင့် တစ်နေ့မှာ ဂျပန်စစ်သားနှစ်ယောက်သည် ရွာထဲဝင်လာကြ
သည်။ သူတို့ရောက်လာချိန်မှာ နံနက် (၉)နာရီခန့်သာ ရှိသေး၏။ ထိုဂျပန်နှစ်
ယောက်သည် ရွာထဲရှိ မိန်းမ၊ ယောကျ်ား၊ ကလေးသူငယ်များပါမကျန် အားလုံး
ကို လိုက်ခေါ်သည်။

နို့ထိုးနေသူ၊ ခမောက်ရက်လုပ်နေသူ၊ ကြိုးကျစ်နေသူ မင်းယောကျ်ား
များမှာ ဂျပန်များနောက်က လိုက်လာကြရသလို ထမင်းချက်နေသူ၊ အဝတ်
လျှော်နေသူ၊ ရေဆာသွားရန်ပြင်နေသူ၊ ဆန်ဖွတ်မောင်းထောင်းရန် လုပ်နေသူ
မိန်းမသားများ အားလုံးမှာလည်း အလုပ်အကိုင်ကို ရပ်ပြီး ဂျပန်များ ခေါ်ရာ
နောက် အကုန်လိုက်ပါလာကြရသည်။

ဂျပန်စစ်သားနှစ်ယောက်သည် သူတို့ခေါ်လာသော ရွာသူရွာသား
ကလေးသူငယ်များ အားလုံးကို ဘကြီးကျော်လှတို့အိမ်ရှေ့ တလင်းပြင်တွင်
စုထားသည်။ သူတို့ကို ဂျပန်စစ်သားနှစ်ယောက်က ဘာအပြစ်နှင့် ခေါ်လာမှန်း
လည်း မသိကြ။ ထို့ကြောင့် လူတွေမှာ ကြောက်တစ်စ လန့်တစ်စနှင့်
တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ သွေးဆုတ် နေကြသည်။

ဓကြာပါချေ။ စုရုံးခေါ်ထားသော လူများကို ဂျပန်တစ်ယောက်က
ထိုင်ခိုင်းသည်။ ထိုင်ခိုင်းသော ထိုဂျပန်သည် လူတစ်ယောက်ချင်းကို လိုက်
ကြည့်ပြီး ဂျပန် စကားတစ်ခွန်း၊ ဗမာစကားတစ်ခွန်းနှင့် ဆဲဆိုကြိမ်းမောင်းကာ
ပြုပြုပြင်ပြင် ထိုင်ခိုင်းသည်။ သူထိုင်ခိုင်းသော ပုံစံမှာ ဘုန်းကြီးရဟန်းများ
ရှေ့ ထိုင်သလို ဒူးပုဆစ်ထုပ်၍ အကုန်သူကို ထိုင်ခိုင်းသည်။ ရွာသူရွာသား
ကလေးသူငယ်များမှာလည်း ကြောက်ကြောက်နှင့် အကုန်သူ ဒူးပုဆစ်တုပ်
ထိုင်ကာ တုတ်တုတ်မျှ မလှုပ်ရဲကြ။ ဒူးဆစ်တုပ်ကာ ထိုင်နေကြသော ရွာသူ
ရွာသားများကို ထိုဂျပန်က တစ်ယောက်ချင်းစီးကို လှည့်ဖတ်စစ်ဆေး ကြည့်
နေသည်။

ဒူးခေါင်းမထိသူ ပုဆစ်မတုပ်သူ ပေါင်ကားနေသူများကို တွေ့လျှင်
အော်ငေါက်၍ မြန်မြန်ပြုပြင် ထိုင်ခိုင်း၏။

ထိုဂျပန်က လူတွေကို ထိုသို့ ထိုင်ခိုင်းစစ်ဆေးနေချိန်တွင် နောက်ဂျပန် တစ်ယောက်သည် ဆန်ဖွပ်လက်ဆုံ့ တစ်လုံးကို လှိမ့်ယူလာကာ လူတွေရှေ့၌ ထောင်လိုက်၏။ ပြီး စောင်တစ်ထည်ကို စလွယ်သိုင်းပတ်ကာ ဆုံပေါ်တွင် တင်ပလ္လင်ခွေ တက်ထိုင်နေသည်။ မျက်လွှာချလိုက် လူတွေကို တစ်ယောက်စီ လိုက်ကြည့်လိုက်လည်း လုပ်နေ၏။

လူတွေမှာ ထိုဂျပန် ဘာပြောမည်နည်းဟု နားစွင့်ကြည့် နေကြရသည်။ သို့သော် ထိုဂျပန်ကား လူတွေကို ဘာမှမပြော။ နေရာချပေး၊ နေရာပြင်ထိုင်ခိုင်းနေသော ဂျပန်ကိုသာ ဂျပန်စကားနှင့် တစ်ခွန်းနှစ်ခွန်း လှမ်းပြောလိုက်ပြီး သူက ဆန်ဖွပ်လက်ထောင်းဆုံပေါ်တွင် တင်ပျဉ်ခွေထိုင်ကာ စကျံုကြွေနှေးအပြည့်နှင့် ငြိမ်သက်နေ၏။

ထိုဂျပန် ထိုသို့ စကျံုကြွေနှေးနှင့် ငြိမ်သက်စွာ ထိုင်နေစဉ် နေရာချပေးနေသူ ဂျပန်က လူတွေကို အားလုံး လက်အုပ်ချီခိုင်းကာ ပါးစပ်ကလည်း တတွတ်တွတ် ရွတ်ဆိုခိုင်းသည်။

မဆိုမရွတ်သော သူများကို ပါးစပ်ဟမဟ လိုက်ကြည့်ပြီး အော်ငေါက်မာန်မဲကာ အတင်းရွတ်ဆိုခိုင်းနေ၏။ ထိုအခါမှ ဂျပန်သည် သူတို့အား တရားနာ ခိုင်းခြင်းပါလား ဆိုသည်ကို လူတွေမှာ သဘောပေါက်သွား ကြသည်။

(နောက်မှ သိရသည်မှာ ကျွန်တော်တို့ရွာနှင့်နီးသော မင်းရွာတွင် ဘုန်းတော်ကြီးတစ်ပါး သီလပေးနေသည်ကို မြင်ခဲ့ကြုံခဲ့ရသော ထိုဂျပန်နှစ်ယောက်က သဘောအကျကြီး ကျလာပြီး ကျွန်တော်တို့ရွာသူ ရွာသားများအား တရားနာခိုင်းနေခြင်းသာ)

ပွဲကြီးကြပ်သူ ဂျပန်က လူတစ်ယောက်စီ၏ ပါးစပ်လှုပ် မလှုပ် နှုတ်ဟဆို မဆိုကို လိုက်ကြည့်နေရာ လူတွေမှာ ကြောက်ကြောက်နှင့် တစ်ချို့ကသာ ကာသဆိုသူဆို၊ တစ်ချို့က အစိန္တေယျရွတ်သူရွတ်နှင့် တစ်ရွာလုံး ကြွက်ကြွက် ညံနေလေသည်။

လူတိုင်းလူတိုင်း ဘုရားရှိခိုး၊ ဆရာကန်တော့၊ ငါးပါးသီလ၊ ရှစ်ပါးသီလ ရွတ်ဆိုနေကြသည်ကို ဆုံပေါ်တက်ထိုင်နေသော ဂျပန်ကလည်း တုံ့ပြန်သော အနေနှင့် ဂျပန်လို တတွတ်တွတ် ရွတ်ဆိုနေပြန်သည်။ နောက်တော့ ဘုရားရှိခိုး၊ ဘုရားကန်တော့၊ ငါးပါးသီလ၊ ရှစ်ပါးသီလတွေလည်း ရွတ်ဆိုပြီးသွားကြရာ လူတွေမှာ ဘာဆက်ဆိုရမှန်း မသိဘဲ နှုတ်ဆိတ်သွားကြ၏။ ထိုအခါ ပွဲကြီးကြပ်ပေးနေသူ ဂျပန်က အော်ငေါက်ကြိမ်းမောင်း၍ အတင်းရွတ်ဆို ခိုင်းလာပြန်၏။

ကြောက်ရွံ့တတ်သူများမှာ မိမိတို့ရရာ ပရိတ်ကြီး၊ နမက္ကာရ အတွင်း အောင်ခြင်း၊ အပြင်အောင်ခြင်း၊ ပရိတ်မွန်း၊ တရားတောင်းများကို ရွတ်ဆိုနေကြရသလို စိတ်ညစ်၊ စိတ်တိုလာသော ရွာသားအချို့ကမူ "သေချင်းဆိုး ကလနာ

ဂျပန်တွေ အင်္ဂလိပ်ဗုံးထိလို့ မြန်မြန်သေပါစေ၊ မွေ့မွေး မွေ့ဟောက်ကိုက်ပါစေ၊ အစားသောင်းကျန်းလို့ ကာလနာတိုက် ဝမ်းလျှောသေပါစေ"ဟု အမျိုးမျိုး ကျိန်တွယ်ဆဲဆို နေကြတော့သည်။ ထိုသို့ ကျိန်တွယ်ဆဲဆိုနေသူများကို ပွဲကြီးကြပ်ပေးနေသူ ဂျပန်ကမူ မြန်မာစကား နားရည်မဝသဖြင့် သဘောအကျကြီးကျကာ ပို၍ပင် အော်ဆဲ အော်ဆိုခိုင်းနေပြန်လေသည်။ ဆဲဆိုသည်ကို သဘောမပေါက်မှန်းသိသော အခါ ယောကျ်ားများသာမက မိန်းမများကပါ အတင့်ရဲ ဆိုဆဲလာကြသည်။ ဤသည်ကို ထို ဂျပန်နှစ်ယောက်ကလည်း သဘောအကျကြီးကျကာ တပြုံးပြုံးနှင့် ဖြစ်နေကြ၏။

ရွာသူရွာသားတွေ ထိုသို့ဆဲဆိုနေကြ၍ တစ်နာရီခန့်အကြာမှာ နောက်ထပ် ဂျပန်သုံးယောက် ဂျပန်ဆဲဆိုပွဲသို့ ရောက်လာကြပြန်သည်။ တစ်ယောက်သော ဂျပန်မှာ ဓားရှည်လွယ်ထားသဖြင့် ဗိုလ်ဖြစ်မှန်း သိသာသည်။ နောက်ရောက်သောကြသော ဂျပန်သုံးယောက်မှာ အုံ့ဩတကြီးနှင့် ပွဲခင်းနား လျှောက်လာကြ၏။ ထိုအခါ ပွဲကြီးကြပ်နေသူ ဂျပန်စစ်သားက ချက်ချင်း မျက်ကလူးဆန်ပြာ ဖြစ်သွားကာ ဓားလွယ်နှင့်ဗိုလ်ကို ဂျပန်လိုအော်၍ ဆလုရိုက်လိုက်သည်။ ထိုအခါမှ ဆန်ဖွပ်ဆုံပေါ်တွင် စကွဲကွဲနွေ့ခြောကာ တရားဟောနေသော ဂျပန်ကလည်း ကမန်းကတန်း ဆုံပေါ်က ခုန်ဆင်းလိုက်ပြီး သူတို့ကို စူးစူးစိုက်စိုက် ကြည့်နေသော ဂျပန်ဗိုလ်အား အော်၍ အလေးပြုလိုက်၏။

ဂျပန်များကို ဆဲဆိုနေကြသော လူတွေမှာလည်း မဆဲဆိုရဲကြတော့ပဲ ယခုမှ အသံတိတ်သွားကြသည်။ သို့သော် ကြောက်တတ်၍ ဩကာသ၊ အစိန္တေယျ၊ နမက္ကာရ၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ ရွတ်ဆိုနေကြသူ လူအချို့မှာကား ယခုထိ ဆိုကြရွတ်ကြတုန်း။

အမှန်က နောက်မှရောက်လာသော ဂျပန်ဗိုလ်သည် ကျွန်တော်တို့ ရွာသို့ မမျှော်လင့်ဘဲ ရုတ်တရက် ရောက်လာခြင်းသာ ဖြစ်မည်။ ထိုသို့ သူတို့ ဗိုလ်ကြီး ရောက်လာလိမ့်မည်ကို ရွာ၌တရားဟောနေကြသော ဂျပန်နှစ်ယောက်ကလည်း မျှော်လင့်ထားပုံမရ။ ထိုဂျပန်ဗိုလ်မှာ သွားယင်းလာယင်း ရွာထဲကဆူဆူညံညံ ဆဲကြဆိုကြသံတွေ ကြွက်ကြွက်ညံနေသဖြင့် ဝင်ကြည့်ခြင်းလည်း ဖြစ်နိုင်သည်။ ထို့ကြောင့် တရားဟောနေကြသော ဂျပန်နှစ်ယောက်မှာ ယခုမှ တုန်လှုပ်ချောက်ချားကာ 'မျက်နှာသွေးဆုတ် ဖြစ်သွားကြပုံ ရသည်။

သူ့ရှေ့ မလှုပ်မယှက် သတိဆွဲအလေးပြု မတ်တတ်ရပ်နေသော ဆုံပေါ်က ဂျပန်ကို စေ့စေ့ကြည့်ကာ ဂျပန်ဗိုလ်က ဂျပန်လို မေး၏။ ဂျပန်စစ်သား တရားဟောဆရာမှာ ကြောက်ရွံ့၍ အသံတွေပါ တုန်နေသည်။ ယခုမှ ဂျပန်စစ်ဗိုလ်ကလည်း သူ့လူတွေအလုပ်ကို သဘောပေါက်သွားပုံ ရ၏။

ဘယ်ပြန် ညာပြန်ရိုက်လိုက်သော ဂျပန်စစ်ဗိုလ်၏ ပါးရိုက်သံ တစ်ဖြောင်း ဖြောင်းနှင့်အတူ တရားဟော ပွဲကြပ်ဂျပန်နှစ်ယောက်မှာ လဲကျသွားလိုက်၊ ပြန်ရပ် သတိဆွဲပေးလိုက်နှင့် ဂျပန်ဗိုလ်ဆီတွင် အချက်ပေါင်းများစွာ ပါးရိုက်ခံနေကြရလေသည်။

ဂျပန်ဗိုလ်သည် သူ့ဂျပန်စစ်သားနှစ်ယောက်ကို စိတ်ရှိလက်ရှိ ပါးရိုက်ပြီးသောအခါ ရွာသူရွာသားများကို ပြန်လွှတ်လိုက်သည်။ ဤမျှနှင့် ပွဲက မပြီးသေး။ တရားဟော ဘုန်းကြီးလုပ်ခဲ့သော ဂျပန်ကို ဆုံပေါ်ပြန်တက် ခိုင်းပြီး စကျဲကွန်ဖြေချ၊ တင်ပျဉ်ခွေထိုင်ခိုင်းကာ ဂျပန်လို တစ်အားအော်ဆို ခိုင်းသည်။ ပွဲကြီးကြပ်သူ ဂျပန်စစ်သားကိုလည်း ဒူးပုဆစ်တုပ် ရှိခိုးထိုင်ခိုင်းပြီး နေပူကွင်းပြင်ထဲ၌ တစ်အားအော်ဆို ခိုင်းထားခဲ့ကာ သူနှင့်အတူပါလာကြ သော စစ်သားနှစ်ယောက်ကို ခေါ်၍ ရွာမှ ထွက်သွားကြလေသည်။

ဂျပန်စစ်ဗိုလ်နှင့် ဂျပန်စစ်သားများ ထွက်ခွာသွားကြပြီး ဖြစ်သော်လည်း တရားဟောနေရသူ ဆုံပေါ်က ဂျပန်နှင့် တရားနာနေရသူ မြေပြင်က ဂျပန်တို့မှာ နည်းနည်းမှ အနေအထိုင်အဆို အရွတ်မပျက်ဘဲ အော်ဟစ်နေကြ၏။ နေပူပြင်းလာ၍ ချွေးသီး ချွေးပေါက်ကျလာသော်လည်း လက်အုပ်ချီ မပျက်၊ ဒူးပုဆစ်တုပ် မပျက်ရဲကြ။

နံနက် ဆယ်နာရီကျော်လောက်ကပင် ထိုသို့ တရားဟော တရားနာ လုပ်နေကြရသော ဂျပန်နှစ်ယောက်မှာ မွန်းစောင်းကြီး နှစ်နာရီ သုံးနာရီ အချိန်သို့ ရောက်လာသော်လည်း အအော်အဆိုမပျက်၊ အနေအထိုင်မပျက် စေဘဲ ဒုက္ခခံနေကြရ၏။

ရွာသူရွာသားတွေမှာ ထိုဂျပန်နှစ်ယောက်ကိုကြည့်ကာ ပြုံးသူပြုံး၊ ရယ်သူရယ်၊ မဲ့သူမဲ့၊ ဆဲသူဆဲနှင့် ဝမ်းအသာကြီး သာနေကြ၏။ အချိန်ကြာလာသောအခါ ထင်းခွေရေခပ်သွားရင်း နေပူပြင်ထီးထီးထဲ တရားဟော တရားနာ လုပ်နေကြရသော ဂျပန်နှစ်ယောက်ကို မြင်သူတိုင်းက သရော်လှောင်ပြောင်ပြီး "သာဓု၊ သာဓု" ခေါ်သွားကြလေသည်။

တစ်ယောက်ယောက်က ထိုသို့ လှောင်ပြောင်၍ သာဓုအကျယ်ကြီး အော်ခေါ်လိုက်သံကို ကြားတိုင်း ရွာရှိ ကလေးများအားလုံးကလည်း လိုက်၍ သာဓုခေါ်နေကြလေရာ တစ်နေ့လုံးမှာ ရွာ၌ သာဓုခေါ်သံတွေ ညံစီနေလေသည်။

သည်လိုနှင့် ညနေ ငါးနာရီကျော်မှ ထိုတရားဟော တရားနာ ဂျပန်နှစ်ယောက်ကို ဂျပန်စစ်သားတစ်ယောက်က လာခေါ်သွားသည်။

အစ်ကိုနှစ်ယောက်မှာ ဘုန်းကြီးကျောင်း နေနေကြရာ ကျွန်တော့်မှာလည်း အစ်ကိုနှစ်ယောက်နှင့်အတူ ဘုန်းကြီးကျောင်းသို့ မကြာမကြာ လိုက်

သွားလေ့ရှိသည်။

"နာရီကောင်" ဂျပန်တို့ တပ်ပြောင်းသွားကြပြီး မကြာမီမှာ ကျောင်းရှေ့ဇရပ်သို့ နောက်ထပ် ဂျပန်စစ်တပ် တစ်တပ်ရောက်လာပြန်သည်။ ထိုဂျပန်များကား အလွန်ရိုင်းစိုင်းကြသည်။ ဝမ်းသွားချင်လျှင် ဘုန်းကြီးကုဋီ၌ လာ၍ ချေးပါကြ၏။ ဘုန်းကြီးက ကုဋီတံခါးကို သော့ခတ်ထားသောအခါ ဘုန်းကြီးကျိန်းနေမှန်းမသိ၊ ဆွမ်းဘုဉ်းပေးနေမှန်းမရှောင် ဘုန်းကြီးရှေ့လာ၍ "ဗိုလ်ဆန်၊ အီး. . . အီး. . . ဟီး. . . "ဟု ကိုယ်ကို တွန့်လိမ်၊ ဖင်ကိုလက်နှင့် ပိတ်ပြကာ မအောင့်နိုင်တော့ဘူး၊ ခုချက်ချင်း ထွက်ကြတော့မည့်ပုံ သရုပ်ပြပြီး ကုဋီသော့လာတောင်းကြသည်။ နောက်တော့ မထူးသဖြင့် ဂျပန်များ ချေးပါရန် ဘုန်းကြီးကုဋီကို ဖွင့်ပေးထားလိုက်ရသည်။

တစ်နေ့တွင် မည်သို့ဖြစ်ကြသည်မသိ။ ဇရပ်ပေါ်ရှိ ဂျပန်များ ဆူဆူညံညံဖြစ်ကာ တစ်ဦးနှင့်တစ်ဦး ပါးရိုက်၍ ဇရပ်ပေါ်၌ ပွတ်လောရိုက်နေကြသည်။ နောက်မှ အဖြစ်အပျက်ကို အစအဆုံး မြင်လိုက်ရသော ကျောင်းသားကြီး တစ်ယောက်က ပြောပြ၏။

အဖြစ်အပျက်မှာ ထမင်းချက်တာဝန်ကျ ဂျပန်အဖွဲ့က ပထမဦးဆုံး ဂျပန် အကြပ်တစ်ဦးဆီတွင် ပါးရိုက်ခံရသည်။ ထိုဂျပန်တပ်ကြပ်မှာ အနောက်ဘက် ပင်လယ်နား တောင်၌နေသော ဂျပန်ဗိုလ်ထံ နံနက်တိုင်း သတင်းသွား ပို့ရသူ ဖြစ်သည်။ သူသတင်းသွားပို့ပြီး၍ ပြန်လာချိန်မှာ အလွန်နောက်ကျနေသဖြင့် ကျန် ဂျပန်တစ်ကျိတ်ကျော်ခန့်သည် ထမင်းစားပြီး၍ ဇရပ်ပေါ်တွင် နှပ်နေကြ လေပြီ။ နောက်ကျမှ ရောက်လာသော ထိုအကြပ်ဂျပန်သည် ဇရပ်အောက်ရှိ မိုးငြဒယ်အိုးကြီးထဲမှ ထမင်းကို အလျှင်ခူးသည်။ ထို့နောက် နေ့ညမပြတ် မီးထိုးပြီး ရသမျှ ဌက်ပျောပင်၊ ရွှေဖရုံသီး၊ ခရမ်းသီး၊ ဘူးသီး၊ အမဲသား၊ ကြံသကာတို့နှင့် ရောနှောချက်ထားသော ဟင်းအိုးကြီးနား သွားပြီး ခူးခပ် စားသည်။

သူမှာ နောက်ကျ၍ အကျန်ကိုစားရသူဖြစ်ရာ ဟင်းထဲက ဘာကို ကိုက်မိသည်မသိ ဝါးနေသော ထမင်းလုပ်ကို ဆက်မဝါးပဲ ပါးစပ်ကိုစွေထားကာ ဟင်းအိုးကို သွားကြည့်သည်။ ဟင်းအိုးထဲတွင် သလဲများကို တွေ့ရရာ ဒေါသတကြီး ဇော်ခေါ်၍ ထမင်းချက်သုံးယောက်ကို ဟင်းအိုးထဲ ငုံ့ကြည့်ခိုင်းသည်။ ပြီးတော့မှ သုံးယောက်စလုံးကို တန်းစီထားပြီး တဖြောင်းဖြောင်း ပါးရိုက်တော့သည်။

ပါးရိုက်ခံရသော ထမင်းချက်ဟင်းချက် ဂျပန်သုံးယောက်က ဘာပြောသည်မသိ။ အိပ်နေသူများပါ ဝရုန်းသုန်းကား ပြေးဆင်းလာကြပြီး ဒယ်အိုးနားတွင် တန်းစီရပ်လိုက်ကြသည်။ ထိုအခါ ပါးရိုက်ခံထားရသော ထမင်းချက်

ကျပန်သုံးယောက်ထဲမှ ခေါင်းဆောင်ဟု ထင်ရသူက ဟင်းခူးယောက်မကြီးကို ကိုင်၍ တပ်ကြပ်ကျပန်ကို သရုပ်ဖော်ပြောပြသည်။

ဟင်းခူးယောက်မရှည်ကြီး၏ လက်ကိုင်အဆုံးမှာ မည်သူ မည်သည့် အခါ လာခပ်ခပ် လွယ်ကူစေရန် တစ်ဘက်ကို ချွန်ပြီး မြေကြီး၌ ထိုးစိုက်ထားရာ ဟင်းခပ်ရန် မြေကြီးမှ ဆွဲအနှုတ်တွင် မြေစိုက်ဘက်ကို စင်ကြယ်စွာ မပွတ်ပါက အိုးထဲသဲမှုန်မျှား ကျတတ်သည်။ ရှေ့ကစားသွားကြသူများ ဤသို့ ပစ်စလက်ခေါ် လုပ်သွားကြသဖြင့် ဟင်းအိုးထဲ သလဲတွေကျကြောင်း ထမင်းချက်အဖွဲ့ ခေါင်းဆောင်က ရှင်းပြစွပ်စွဲရာ ရှေ့ကထမင်း စားသွားကြသူ အားလုံးကို တပ်ကြပ်ကျပန်က ဆဲအိုအော်ငေါက်၍ ပါးရိုက်တော့သည်။ ပြီး သူ့ဆက်ဝါး လက်စ ပါးစပ်ထဲက ထမင်းဖပ်နှင့်ထွေးကာ စိတ်ဆိုး မာန်ဆိုးနှင့် ဇရပ်ပေါ် လှမ်းတက်သွားလေသည်။

ဇော်ဂျီဗိုလ်၊ ငစိ၊ နာရီကောင်တို့နှင့်စာလျှင် ယခု ကျွန်တော်တို့ မြင်နေကြရသော ကျပန်များမှာ ကြမ်းကြုတ်ရက်စက်ကြသည်။ အချင်းချင်းလည်း မည်သာမတာဆက်ဆံကြသည်။ အရပ်ပြစ်မှု တစ်စုံတစ်ရာ ဖြစ်လျှင်လည်း မည်သာမတာ အပြစ်ပေးတိတ်ကြသည်။

ကျပန်ခေတ်တွင် အဝတ်အထည်ရှားသဖြင့် မိသားစုများသော ကျွန်တော်တို့အိမ်မှာ အမေရက်လုပ်ထားသော ဝါချည်စောင်ကြမ်းများကို အကျိုဝတ်ကြရသည်။ တစ်နေ့တွင် ကျွန်တော်တို့ရွာသား တစ်ဦးအား အဝတ်ခိုးသည်ဟူသော စွပ်စွဲချက်နှင့် ကျပန်များက ဖမ်းမိ စစ်ဆေးကြသည်။ ရိုက်ပုတ်နှိပ်စက်ကြသည့်အပြင် နားထဲကို ရေနွေးပူပင် လောင်းထည့်သည်ဟု ကြားရသည်။

နောက်တစ်ယောက်မှာမူ မိန်းမပျိုတစ်ဦးအား ကျူးကျူးလွန်လွန် ဆက်ဆံပြီးမှ လက်ထပ်ရန် ငြင်းနေသဖြင့် အဘိုးသူကြီး အိမ်နားရှိ ကွမ်းသီးပင်တွင် ချည်တုတ်၍ ရိုက်နှက်ကြသည်။ ပြီးတော့ မယူမနေရ ထိုမိန်းကလေးအိမ်သို့ ဆွဲခေါ်သွားပြီး အတင်းပေးစားကြသည်။ ထိုသို့ ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံ ကြသဖြင့်လည်း ရွာတွင် သူခိုး၊ သူဓက်ရန်ကင်းသည်ဟု လူကြီး တစ်ချို့ ပြောဆိုနေကြသံကိုလည်း ကြားရသည်။

တစ်နေ့တွင် မင်းပြင်ရွာမှ ဆယ့်တစ်နှစ် ဆယ့်နှစ်နှစ်အရွယ် အောင်လူနှင့် ကျောင်းသားငယ် သုံးလေးယောက်ကို ကျပန်ဖမ်းထားကြောင်း သတင်းရောက်လာသည်။ သူတို့အား ကျပန်ဖမ်းသွားသော ပြစ်မှုမှာ တယ်လီဖုန်းကြိုးကို ဖြတ်ယူပြီး ငါးမျှားချိတ်လုပ်ကြသည်က စသည်။ အမှန်က တောထဲရှိ တယ်လီဖုန်းကြိုးပြတ်ခြင်းမှာ ချဉ်သိုက်မလွတ်သဖြင့် ချဉ်ကိုက်၍ ဖြတ်ခြင်းသာဆိုသည်ကို စကားပြန်နှင့် ရွာသူကြီးက ပြောပြသော်လည်း ကျပန်တို့တလက်မခံကြ။ ဖြတ်ခိုးသူ လူကြီးတွေပါရမည်။ အင်္ဂလိပ် သူလျှိတွေက ကလေး

တွေကို ငွေပေး၍ တမင်ဖြတ်ခိုင်းတာ ဖြစ်ရမည်ဟု စွပ်စွဲကာ အောင်လူ အပါအဝင် မင်းပြင်ရွာသား သုံးလေးယောက်ကိုလည်း ဖမ်း၍စစ်သည်။

တစ်ပတ်ခန့် အမျိုးမျိုးနှိပ်စက် စစ်ဆေးကြသော်လည်း ဘာမှအဖြေမပေါ်တော့မှ ပြန်လွှတ်လိုက်ကြသည်။

× × × × ×

သည်လိုနှင့် တစ်နေ့သည် သန်းခေါင်ယံတွင် လောင်း(လေ့)ကျိုးကျောက်ဘက်ဆီမှ သေနတ်သံများကို ကြားကြရသည်။ ယခင်က ညနက်သန်းခေါင်တစ်ခါမှ သေနက်သံများကို မကြားကြရဖူးသော ရွာသူရွာသားတွေမှာ အကုန်လုံး ထိတ်ထိတ်ပြာပြာ ဖြစ်ကုန်ကြသည်။ မည်သို့ဖြစ်သည်ကို မည်သူမျှ မသိကြသေး။ မနက်မိုးလင်းမှ ဂျပန်များနှင့် ရွာစဉ်ကင်းလှည့်ရသော ရွာသားအချို့က ပြန်ပြော၍ သိကြရသည်။

ညသန်းခေါင်ယံအချိန်တွင် ဂျပန်စစ်သားသုံးယောက်နှင့်အတူ သူတို့ပင်လယ်ကမ်းခြေအတိုင်း ရွာနှစ်ရွာကြားကို ကင်းလှည့်ကြသည်။ လမိုက်ညဉ့်ပင်လယ်ကမ်းခြေအတိုင်း လျှောက်လာကြရာ လောင်းကျိုးကျောက်နားအရောက်မှာ သဲသောင်ပြင်ပေါ်မှ မီးတစ်ပွင့်ကို လှမ်းမြင်ရသည်။ ညည ပင်လယ် ကမ်းခြေတွင် မည်သူမျှ မီးမထွန်းရ၊ မီးရှူးမီးအိမ်တို့နှင့် ငါးမရှာရဟု ဂျပန်များက အမိန့်ထုတ်ထားရာ ယခု သဲသောင်ပြင်ပေါ်တွင် မီးမြင်ရသော အခါ ကင်းလှည့် ဂျပန် သုံးယောက်သည် အော်ဟစ်ပြီး မီးမြင်ရာ သဲသောင်ပြင်ဘက်သို့ ပြေးလိုက် သွားကြသည်။

ထိုစဉ် သေနတ်သံတစ်ချက်ကို ကြားလိုက်ရ၏။ ရွာသားသုံးယောက်က ကြောက်၍ နောက်သို့ပြန်ပြေးလာကြသည်။ ထိုအချိန်တွင် နောက်ထပ် သေနတ်သံတွေကို ကြားရပြန်သည်။

ပင်လယ်နား တောင်ပေါ်တွင် ရှိနေကြသော ဂျပန်တစ်တပ်သည် သေနတ်သံကြားရာ ပင်လယ်နားသို့ ချက်ချင်း ပြေးဆင်းလိုက်လာကြသည်။ ရွာဘက်သို့ ပြေးလာကြသော ရွာသားသုံးယောက်နှင့် ဂျပန်စစ်တပ်တို့ ရှေ့ဆိုင်ဆုံမိကြရာ ထိုရွာသားသုံးယောက်ကို ဂျပန်များက ပြန်ခေါ်သွားသည်။ အခင်းဖြစ်ပွားရာကို ပြခိုင်းကြသည်။ ထိုစဉ် စောစောက ရွာသားများနှင့်အတူ ကင်းလှည့်သမားထဲမှ ပြန်ပြေးလာသော ဂျပန်စစ်သားတစ်ယောက်နှင့် တပ်ထဲမှ ပြေးလိုက်လာကြသော ဂျပန်စစ်သားများ လမ်းခုလတ် သဲသောင်ပြင်တွင် ဆုံမိကြပြန်သည်။ သူတို့အချင်းချင်း အော်ဟစ်ပြောဆိုလိုက်ကြသံတွေမှာ ဆူညံသွားသည်။ သို့သော် မည်သည့်အကြောင်း ခြင်းရာမှန်း ရွာသားတွေက မသိကြရသေး။

အရပ်သားသုံးယောက်နှင့် ပြန်ပြေးလာသော ဂျပန်ကင်းသမားတစ်တစ်ယောက်၊ တပ်မှ လိုက်လာကြသော ဂျပန်စစ်သားများအားလုံး အခင်းဖြစ်ပွားရာသို့ ပြေးလိုက်လာကြသည်။ အမှောင်ထဲက သဲသောင်ပေါ် တွင် စောစောက မီးမြင့်၍ ရှေ့ကပြေးသွားသော ဂျပန်ကင်းသမားတစ်ယောက် အလောင်းကို တွေ့ရသည်။ ဂျပန်စစ်ဗိုလ်က လက်နှိပ်မာတ်မီးနှင့် ထိုးကြည့်စဉ် ပြေးလာသော ဂျပန်ကင်းစစ်သားက "ထာ-ထာကူယာမ"ဟု အော်လိုက်သည်။

"နှန့်နှန့်ချို၊ နှန့်နှန့်ချို"ဟု အော်ခေါ်ကာ သူတို့အားလုံး ထာကူယာမ အလောင်းနားတဝိုက် သဲသောင်ပြင်ပေါ် အော်ခေါ်လိုက်ရှာကြသည်။ သဲသောင် တစ်နေရာတွင် လူကြီးခါးလောက်နက်သော သဲကျင်းကြီးတစ်ခု၊ သဲကျင်းထဲတွင် စီးကရက်တစ်ဘူး၊ သစ်သားမီးခြစ်တစ်ဘူး၊ ထိုအနား ဝန်းကျင်တွင် တစ်ယောက်နှင့်တစ်ယောက် ရှုန်းရင်းဆန်ခတ် သတ်ပုတ်လုံးထွေး သွားကြသော ခြေရာများ၊ ရှုန်းကန်ရာများကို တွေ့ရသည်။

ထိုနေရာမှ တဆင့် ခြေရာခံလိုက်ကြည့်ကြရာ ကျောက်ဆောင်ကျောက်ကမ်းပါးနားရှိ ရေစပ်နားသို့ တစ်စုံတစ်ယောက်အား ဒရောသောပါးဆွဲခေါ်သွားရာ၊ ဒီရေကျချိန်ဖြစ်သဖြင့် သဲသောင်ကျောက်ဆောင်နားမှ ရာဘာဘုတ်ငယ်တစ်စင်းကို ရေစပ်နားသို့ တွန်းချသွားရာ စွပ်ကြောင်းနှင့် ဖိနပ်ရာများကို တွေ့ကြရသည်။ ထိုအခါမှ ဘင်္ဂလားပင်လယ်အော်ထဲရှိ ရေငုတ်သင်္ဘောမှ အင်္ဂလိပ်သူလျှိုများသည် ကင်းစစ်၊ ကင်းလှည့်လာသော ဂျပန်သုံးယောက်ထဲမှ တစ်ယောက်ကို လက်ရဖမ်းယူသွားကြောင်း သိကြရသည်။ နန့်နန့်ချိုမည်သော ဂျပန်က အင်္ဂလိပ်တို့ဆီ ပါသွားပြီး တာကူယာမက သေကျန်ခဲ့သည်။ ကင်းသမားသုံးယောက်တွင် တစ်ယောက်သာ လွတ်ကျန်ခဲ့သည်။

ထိုသတင်းကို လူကြီးတွေက ပြောဆိုနေကြသံ ကြားရသောအခါ ကျွန်တော်တို့ ညီအစ်ကို သုံးယောက်မှာ စိတ်မကောင်း ဖြစ်မိကြသည်။ ငစိနှင့်ဇော်ဂျီဗိုလ်တို့ နံမည်ကိုလည်း မသိကြသဖြင့် ညက အင်္ဂလိပ်တွေလာဖမ်း သွားသော နန့်နန့်ချိုဆိုသော ဂျပန်မှာ ကျွန်တော်တို့ကို ဖိနပ်ထိုးပေးဖူးသော စစ်များဖြစ်လေသလား၊ သေကျန်ခဲ့သည်ဆိုသော ထာကူယာမမှာ ဇော်ဂျီဗိုလ်များဖြစ်ရော့လားဟု စိတ်မကောင်း ဖြစ်နေကြသည်။

ထိုနေ့၊ ထိုရက်၊ ထိုညကစ၍ ဂျပန်များသည် ဘင်္ဂလားပင်လယ် ကမ်းခြေတစ်လျှောက်ရှိ ရွာများကို ဥပဒေပညတ်ချက်တွေ အမျိုးမျိုးထုတ်တော့သည်။

အဖေနှင့်တကွ ရွာရှိ ယောကျ်ားသားများသည် ညနေတိုင်း ဘင်္ဂလားအော်ကြီး၏ ပင်လယ်ကမ်းခြေနား ဆင်းကြရသည်။ ဒီရေရောက်သော ရေစပ်နားရှိ သဲသောင်ပြင်မှာ လူခြေရာမထင်အောင် နောက်ပြန်တံမြက်စည်းလှည်းကြရ သည်။ ဤသည်မှာလည်း ကျွန်တော်တို့ တစ်ရွာတည်းမဟုတ်၊

ဘင်္ဂလားပင် လယ်နားရှိ ရွာတိုင်းက လူတိုင်း တစ်အိမ်တစ်ယောက် ထွက်၍ ခိမိရွာအောက်ကို လက်လံအတိုင်းအတာနှင့် ဂျပန်စစ်သားများ သတ်မှတ်ပေးထားသလို တံမြက် စည်းလှည်းကျင်းကြရသည်။

မနက်မိုးလင်းလျှင် ဂျပန်ကင်း ရောက်လာ၏။ ဂျပန်စစ်သားများနှင့် အတူ မိမိရွာအောက် သဲသောင်ပေါ် တွင် ညက လူခြေရာ တွေ့မတွေ့ ပင်လယ်ကမ်းခြေတစ်လျှောက် လိုက်စစ်ကြည့်ကြရသည်။ အစကမူ ဂျပန်များ ဘာကြောင့် ထိုသို့ပြုလုပ်ခိုင်းသည်ကို သဘောမပေါက်ကြ။ နောက်မှ သိကြရသည်မှာ ဘင်္ဂလားပင်လယ်အော်ထဲရှိ ရေငုပ်သင်္ဘောမှ အင်္ဂလိပ်သူလျှိုများနှင့် ရွာသားသူလျှိုများ အဆက်အသွယ် လုပ်မလုပ်ကို ထောက်လှမ်းမှန်း သိကြရသည်။

ထို့နောက်မှာ လူနှစ်ယောက် ထမ်းရသော ရောမ ပုံးကြီးများကို ဘင်္ဂလား ပင်လယ်အော် ကမ်းခြေတစ်လျှောက်နှင့် ကျောက်ဖြူရမ်းမြဲသွား ကားလမ်း တစ်လျှောက်တွင် ဂျပန်များ ခိုင်းသလို မြှုပ်ကြရသည်။ ညခြောက်နာရီ ကျော်လျှင် မည်သူမျှ ပင်လယ်ကမ်းခြေနား မသွားရ။ သူတို့လည်း သိပ်မသွားရဲကြတော့။ ရွာသူရွာသားတွေမှာ ငါးရှာ ဖားရှာလည်း လုံးဝမထွက်ကြရ။ သာနေနာရေးရှိ၍ တစ်ရွာနှင့်တစ်ရွာ ကူးသန်းသွားလာမှု လုပ်လိုလျှင် ဂျပန်စစ်သားကို အကြောင်းကြားရသည်။ သို့သော် ပင်လယ်နား သဲသောင်ပြင်အတိုင်း လျှောက်မသွားရ။ လယ်ကွင်းများရှိ တောင်ခြေရင်းကသာ ကွေ့ပတ်သွားကြရသည်။

ပင်လယ်ကမ်းခြေနား သဲသောင်ပေါ် တစ်လျှောက်တွင် သုံးလေးလံစီ ခြားပြီး ခြံတိုင်တွေ စိုက်ထူကြရသည်။ ထိုခြံတိုင် တစ်တိုင်နှင့် တစ်တိုင်ကို လိပ်တက် နွယ်ပင်များ ဖြတ်ပြီး ကြိုးဆက်သွယ်တန်း ကြရသည်။ ထိုကြိုးတန်းပေါ် တွင် အုန်းသီး၊ အိုးပုတ်ပမာနရှိ ခြင်းတောင်းလုံးတွေကို ရက်လုပ်ပြီး တွဲဆွဲထားကြရသည်။ "ဒီကောင်တွေ ဘာသောက်ရူးထပြီး ဒါတွေလုပ်ခိုင်းကြလဲ မသိဘူး" ဟု ပင်လယ်နားမှ ပြန်လာသော အဖေက ညည်းသည်။

နောက်မှ သိကြရသည်မှာ လိပ်တက်နွယ်များကို ဝါယာကြိုးအဖြစ် သုံးကောင်း၊ ခြင်းတောင်းလုံးတွေကို ဝါယာကြိုးနှင့် ဆက်သွယ်ထားသောကြောင့်လား အဖြစ်လည်းကောင်း၊ ဤသည်တို့ကို ကင်းထောက်လေယာဉ်များ တောင်းကင်မှ ဓါတ်ပုံလာရိုက်လျှင် အထင်အရှားမြင်ရအောင် လုပ်ထားကြခြင်း ဟုဆိုသည်။

ဂျပန်စစ်သား တာကူယာမ သေပြီး နှစ်နှစ်ခွဲကို အင်္ဂလိပ်များ ဖမ်းဆီးခံကြခြင်း အကြောင်းရင်းကို အင်္ဂလိပ်ပြန်လာပြီး မင်းပြင်ရွာ ရောက်တော့မှ သိကြရသည်။

ထိုဖြစ်စဉ်၏ အစုံအလင်မှာ . . .

× × ×

မင်းပြင်ရွာသား ဦးစောဦး၏ဇနီး ဒေါ်မေသူ နာမကျန်းဖြစ်ပြီး အိပ်ရာထဲလဲနေသည်မှာ တစ်လကျော်ပြီ။ အစာအဟာရလည်း လုံးဝမဝင်။ မြန်မာသမားတော်ကြီးများနှင့် ကုသသော်လည်း မသက်သာ။ သမားတော်ကြီးများက မည်သည့်အစားအစာကို ကျွေးကျွေး "မစားချင်"ဟုချည်း ငြင်းပယ်နေ၏။ ထို့ကြောင့် ဦးစောဦးက "မင်းနေကောင်းတုန်းက စားခဲ့တဲ့၊ ခံတွင်းတွေ့တဲ့ အစားအစာတစ်ခုခုကို စဉ်းစားကြည့်စမ်း၊ ဘာစားချင်လဲပြော"ဟု ခဏခဏ ချော့မော့မေးနေရသည်။

သူခင်ပွန်းက မေးလွန်းမက မေးနေ၍လားမသိ။ တစ်နေ့တွင် ဇနီးသည်က ဦးစောဦးအား "ငါးကင်ဟင်း စားကြည့်ရကောင်းမလား၊ ငါးကင်ဟင်းနဲ့ဆို ခံတွင်းများ လိုက်မလား"ဟု ပြော၏။ (ငါးကင်ဟင်းမှာ ငါးကျပ်တိုက်ဖြစ်သည်)

အမှန်က ယခုလို ကာလမျိုးသာမဟုတ်လျှင် ငါးကျပ်တိုက်ဟင်းမှာ ဘာမှ ခဲယဉ်းသည့် ကိစ္စကြီးမဟုတ်။ ပင်လယ်နားသွားပြီး နာရီဝက်ခန့် ကွန်ပစ်လိုက်လျှင် ငါးဆိုသည်မှာ နာရီဝက်တစ်နာရီအတွင်း ပိဿာလိုက်ရနိုင်သည်။ သို့သော် ယခုမူ ဂျပန်များက မြစ်နားချောင်းနား မည်သူမျှ မဆင်းရဟု အမိန့်ထုတ်ထား သဖြင့် ငါးဟင်းဆိုသည်မှာ ကြက်သား၊ ဝက်သား၊ အမဲသားများထက်ပင် ရှားပါးနေသည်။ သူမိန်းမမှာလည်း ငယ်စဉ်ကပင် ကြက်သား၊ ဝက်သား၊ အမဲ သားများကို စားရန် မဆိုထားနှင့် အနံ့ပင်ခံ၍ ရသူမဟုတ်။ သည်တော့ သူမိန်းမ နာတာရှည်စားချင်သော ငါးကျပ်တိုက်ဟင်း ချက်ကျွေးနိုင်ရန် ဦးစောဦးမှာ ကြံဖန်ရတော့သည်။

ပယ်လယ်နားကို မည်သူမှ မဆင်းရဟု ဂျပန်များက အမိန့်ထုတ်ထား သဖြင့် နေ့ခင်းဘက်တွင်တော့ ပင်လယ်နားသွားပြီး ကွန်ပစ်၍မဖြစ်။ ဂျပန်တွေ မသိအောင် ညသွားပြီး ကွန်ပစ်လျှင်တော့ ငါးဟင်းတစ်နပ်စာကို အချိန်တိုအတွင်းမှာ ရနိုင်သည်။ ဂျပန်များ ပင်လယ်ကမ်းခြေနားကို ကင်းလှည့်တတ်သော အချိန်နာရီကိုလည်း ဂျပန်များနှင့် ကင်းလှည့်ရန် တစ်ပတ်နှစ်ခါ သုံးခါ လိုက်နေကျ ဖြစ်သဖြင့် ဦးစောဦး တိတိကျကျ သိနေသည်။

ယခင်က သူကွန်သွားပစ်တတ်သော လောင်(လှေ)ကျိုးကျောက်နားကို ဂျပန်တွေ ဘယ်အချိန် ဘယ်အချိန် ရောက်တတ်ကြသည်ကိုလည်း သူအတတ်သိသည်။ မိမိတွင် နာရီမရှိသော်လည်း ဂျပန်များရှိနေကြသော

ကင်းတောင်မှ ကင်းပြောင်းကင်းလဲ နာရီသံချောင်းခေါက်သံကို မှန်းပြီး လောင်းကျိုးကျောက်နားတွင် ကွန်သွားပစ်လျှင် မုချငါးရနိုင်သည်ကိုလည်း ဦးစောဦး ချက်ချင်းတွေးမိလိုက်သည်။

ကွန်သွားပစ်ရသည်မှာ ကဏန်း၊ ပုဇွန်များရှာဘလို မီးရူးမီးခွက်ထွန်းသွားရန်လည်းမလို။ ဂျပန်များသည် အဓိက ညညဆိုလျှင် ပင်လယ်ကမ်းခြေ၌ မီးကိုသာ အရေးတကြီး ဂရုထားကြည့်တတ်ကြသည်။ ယခုလို လမိုက်ညဉ့် ရွာက တိတ်တဆိတ် ဆင်းသွားပြီး လောင်းကျိုးကျောက်နား၌ ကွန်သွားပစ်လျှင် ဘယ်ဂျပန်မှ သိမည်မဟုတ်။ ထို့ကြောင့် ဦးစောဦးသည် သူသားလူပျိုပေါက် အရွယ် မောင်ကျော်စံအား "ငါ့သား မင်းအမေ ရောဂါအခြေအနေကိုတော့ ငါ့သားလဲ သိပြီးသားမို့ အစားအစာဝင်ရင် မင်းအမေပြန်ကောင်းလာမှာဘဲ၊ ဘာရောဂါမှ အထူးအထွေမရှိဘူး ပြောတယ်။ အဲ ဒီတော့ သူစားချင်ပါတယ်ဆိုတဲ့ ငါးကင်ဟင်း ချက်ကျွေးနိုင်အောင် အဖေနဲ့သားက ပင်လယ်နားသွားပြီး ကွန်သွားပစ်ရအောင်"ဟု ပြောလိုက်သည်။

ထိုအခါ သူသား မောင်ကျော်စံက "ဖြစ်ပါ့မလားအဖေ၊ ညညဆို ဘယ်လူမှ ပင်လယ်နားကို မဆင်းရဘူးလို့ ဂျပန်တွေက အမိန့်ထုတ်ထားတယ် မဟုတ်လား။ ကျွန်တော်တို့ကို ပင်လယ်နားမှာတွေ့ရင် ဂျပန်တွေသတ်မှာ အဖေ မတွေးမိဘူးလား" ဟု ပြန်ပြော၏။

"ဟာ - သိပ်တွေးမိတာပေါ့သားရာ. . . ၊ လောင်းကျိုးကျောက်နားမှာ ဂျပန်နဲ့တွေ့မှာကို မင်းဘာမှ မပူနဲ့၊ အဖေက ဂျပန်တွေနဲ့ ကင်းလှည့်နေကျဆိုတော့ လောင်းကျိုးကျောက်နားကို ဂျပန်တွေ ဘယ်အချိန်မှ ရောက်တတ်တယ်ဆိုတာ အဖေသိပြီးသားပါ။ အဲဒါကြောင့်လဲ သားကို အဖေရဲရဲဝံ့ဝံ့ခေါ်ရဲတာပေါ့။ မင်း အမေကလဲ တစ်ခြားဘာဟင်းမှ မစားချင်ဘူး ငါးကင်ဟင်းပဲ စားကြည့်ချင်လိုက်တာ ဆိုတော့ ရောဂါပျောက်ပျောက် မပျောက်ပျောက် မင်း အမေရဲ့ဆန္ဒကို သားနဲ့ အဖေတို့က ဖြည့်ဆည်းပေးရဖို့ တာဝန်ရှိပါတယ်သားရယ်၊ မင်းအမေစားချင်တာ မစားရဘဲ သေသွားရင် ပြိတ္တာမကြီးဖြစ်သွားမှာပဲ အဖေတော့ တွေးပူနေမိတယ်ကွယ်"

မောင်ကျော်စံမှာ မိဘစကားကို မြေဝယ်မကျ နားထောင်တတ်သော သားလိမ္မာလေး တစ်ယောက်ဖြစ်ရာ သူ့အဖေစကားကို ကြားလိုက်ရသောအခါ တစ်ချက်နှစ်ချက် ရှိုက်လိုက်ပြီး အဖေနှင့် အမေ၏ဆန္ဒကို ဖြည့်ဆည်းပေးရန် သူ့အဖေနောက်ကပူ (ငါးထည့်သောပလိုင်း)ထမ်း၍ လောင်းကျိုးကျောက်နားဆီ လိုက်လာလေသည်။

ဦးစောဦးနှင့် မောင်ကျော်စံတို့ သားအဖ လောင်းကျိုးကျောက်နား ရောက်လာချိန်တွင် ဂျပန်များရှိရာ ကင်းတောင်မှ ကင်းပြန်အချက်ပေး သေနတ်

သံချောင်းခေါက်သံကို ကြားလိုက်ရသည်။ ဂျပန်များသည် နှစ်နာရီတစ်ကြိမ် ကျ ပင်လယ်နားဆင်းပြီး ကင်းလှည့်တတ်ကြရာ ၁၂နာရီဆိုလျှင် ပင်လယ်နား ကင်းလှည့်ရန် ဆင်းလာကြတော့မည်။ ပင်လယ်နား ဂျပန်များ ကင်းလှည့်မဆင်းမီ (၁၂)နာရီမထိုးမီ ငါးဟင်းတစ်ခွက်စာကို အရရွာကြရမည်။ မဆိုကောင်း ဆိုကောင်း ဂျပန်များသာ ဖမ်းမိသွားပါက အသတ်ခံရမည်မှာ မုချပင် ဖြစ်သည်။

ထို့ကြောင့် ဦးစောဦးတို့ သားအဖမှာ အချိန်ကို အသက်နဲ့လဲကာ လောင်းကျိုးကျောက်နားတွင် ကွန်ပစ်နေကြသည်။ ပင်လယ်နားကို မည်သူမျှ ကွန်ပစ်ငါးရှာ မထွက်ရဲ့ မသွားရဲကြသဖြင့် ဒီရေအကျ၌ ငါးကလည်း ကွန်တစ်ချက်မှာပင် လူကြီးလက်မောင်းလောက်ရှိ နစ်ကောင်ပါလာသည်။ ဦးကျော်စံတို့ သားအဖမှာ အားရဝမ်းသာနှင့် ကွန်ငြင်းကို ထိုင်ဖြုတ်ပြီး ပူ(ပလိုင်း)ထဲထည့်နေကြစဉ် ဘယ်ကျောက်ကြိုကျောက်ကြားက ထွက်လာသည်မသိရသော လူရွယ်ကြီးသုံးယောက်သည် သူတို့သားဖ နှစ်ယောက်ကို ဖိုခုံလောက်ဆိုင် ဝိုင်းထားလိုက်ကြသည်။

"မထနဲ့...လုံးဝမလှုပ်ပါနဲ့"

လေသံထွက်ရှဲ့ ရခိုင်စကားနှင့် တစ်ယောက်က ပြော၏။

သေပြီ၊ အသတ်ခံရပြီ၊ ဂျပန်များ သူတို့သားအဖကို မိသွားကြပြီ အထင်နှင့် ဦးစောဦးတို့ သားအဖမှာ အကြောက်လွန်ကာ ချက်ချင်း သစ်ငုတ်တစ်ငုတ်လို ဖြစ်သွားကြသည်။

"ခင်ဗျားတို့ ဘယ်ရွာကလဲ"

"ကျွန် . . . ကျွန်တော်တို့ မင်းပြင်ရွာကပါ၊ အိမ်က အမေကြီးနာတာ ရှည် ဖြစ်နေလို့ ငါး . . ငါး. . . "

"တိုးတိုးပြော၊ မကြောက်ပါနဲ့"

သူကအကြောက်လွန်၍ အာစေနေစဉ် သူ့သားနှင့် ပြောနေကြသူများကို ဦးစောဦး ယခုမှ မော့ကြည့်မိသည်။ အမှောင်ထဲ၌ မြင်နေရသော လူကြီးနှစ်ယောက်၏ အရပ်မှာ မိုးထိုးနေသည်ဟုပင် ကယောင်ချောက်ခြား မြင်မိသွားသည်။ ပင်လယ်သူရဲကြီးများ သူတို့သားအဖဆီ ငါးကို လုစားရန် လူယောင်ဆောင်လာကြခြင်း မျှားလား။

"ဘာမှ မကြောက်ကြပါနဲ့၊ ခင်ဗျားတို့ကို နှိပ်စက်နေတဲ့ ဂျပန်တွေ အကြောင်း သိချင်လို့ မေးတာပါနော်"

တစ်ယောက်က ဦးစောဦးတို့ သားအဖနှစ်ယောက်ကြား ဝင်ထိုင်ပြီး အသံ ဝဲဝဲကြီးနှင့်ပြော၏။ ဂျပန်တွေ မဟုတ်မှန်းသိ၍ ဦးစောဦးတို့ သားအဖ မှာလည်း နည်းနည်းအကြောက်ပြေသွားကြသည်။

"ဒီနားမှာ ဂျပန်တွေ ခုရှိသလား"

သူက တီးတိုးမေးသဖြင့် လှိုင်းဆူသံကြားထဲ မနည်းနားစိုက်ထောင်၍ ပြောရ၏။

"ရှိပါတယ်"

"ဘယ်မှာလဲ"

"ဟို - ဟိုက တောင်ပေါ်မှာ"

"အများကြီးလား"

"ရာမပြည့်ပါဘူး"

"သူတို့ ဘာလုပ်နေကြလဲ"

"ဒီ ဟို - ဟိုရှေ့က သဲသောင်ကို ဆယ့်နှစ်နာရီထိုးရင် ကင်းလှည့်ဖို့ တောင်ပေါ်က ဆင်းလာကြလိမ့်မယ်"

သုံးယောက်စလုံး အမှောင်ထဲတွင် သူတို့လက်က နာရီကို ငဲ့ကြည့်ကြသည်။

"အိုကေ၊ ခင်ဗျားသိပ်တော်တယ်၊ ခင်ဗျားနာမည် ဘယ်လိုခေါ်လဲ"

"စော . . စောဦးပါ"

"ဦးစောဦး"

"ခင် . . ခင်ဗျား ဟုတ်ကဲ့"

"သူနံမည်ကကော"

"မောင်ကျော်စံပါ"

"ဘယ်ရွာက . . အင်း . . ."

"မင်းပြင်ရွာကပါ"

"ဂျပန်တွေ ကင်းလှည့်လာရင် ဘယ်နှစ်ယောက်လာတတ်လဲ"

"နှစ်ယောက်သုံးယောက် အများဆုံးပါ။ ရွာကလူတွေလဲ ပါရသေးတယ်"

"အိုကေ၊ အိုကေ ရွာသားတွေ ဘာလို့ ပါရလဲ"

"မ . . မသိပါ"

မောင်ကျော်စံ ပခုံးကိုဖက်ထားသူက မတ်တတ်ရပ်ပြီး ဟိုဟိုသည်သည် ကြည့်နေကြသူ နှစ်ယောက်ကို သူတို့စကားနှင့် တီးတိုးပြောလိုက်သည်။ ဘာပြောမှန်း ဦးစောဦးတို့ သားအဖမသိ။ ရပ်နေသူ နှစ်ယောက်က အမှောင်ထဲတွင် ဟိုကြည့်သည်ကြည့်နှင့်သာ ရှိနေကြသေးသည်။

"ကျေးဇူးအထူးတင်တယ်၊ ခင်ဗျားတို့ရွာနဲ့ ဒီနေရာ နီးလား"

"နီးနီးလေးပါ"

ထိုအချိန်တွင် ရပ်နေသူတစ်ယောက်က လှမ်းပြောသည်။

"သိုင်းကျူး၊ သိုင်းကျူး၊ ရော့ - ခင်ဗျားတို့ ဒီငွေကိုယူသွားကြ၊ ကျုပ်တို့ကို တွေ့ခဲ့တယ်ဆိုတာ ဂျပန်တွေကို လုံးဝမပြောနဲ့၊ ဒီနေရာကိုလဲ ခင်ဗျားတို့နောက်ကို ဘယ်တော့မှ မလာနဲ့၊ ခင်ဗျားတို့ရုပ်ကို ကျုပ်တို့ ဓါတ်ပုံရိုက်ထားပြီ ခင်ဗျား ဂျပန်တွေကိုပြောရင် ကျုပ်တို့သိတဲ့စက်ပါတယ်၊ ခင်ဗျားတို့ ဂျပန်ကိုပြောရင် ခင်ဗျားတို့ ဓာတ်ပုံကို ဂျပန်တွေဆီ ကျုပ်တို့ ပို့လိုက်မယ်၊ ခင်ဗျားတို့ကို ဂျပန်က သတ်ပစ်လိမ့်မယ်၊ ရွာသားတွေကိုလဲ ဘယ်သူမှ မပြောရဘူး၊ ကျုပ်ပြောတာ သဘောပေါက်လား"

"ပေါက် - ပေါက်ပါတယ် သခင်"

"ကဲ - မြန်မြန်ရွာကို ပြန်ပြေးကြတော့၊ ကျုပ်ပြောတာတော့ မမေ့နဲ့"

"မမေ့ - မမေ့ပါဘူးသခင်"

ငါးနှစ်ကောင်နှင့် ငွေသားဒင်္ဂါးထုပ်ကိုပို့က်ကာ ဦးစောဦးတို့ သားအဖ ပုန်းလျှို့ ကွယ်လျှိုးနှင့် ရွာကိုတက်ပြေးလာကြသည်။ သူတို့ပေးလိုက်သော ငွေသား ဒင်္ဂါး ပြားများကို သားဖနှစ်ယောက် ကြောက်ကြောက်နှင့် ဝှက်ထားကြ၏။ အထုပ်ကိုပင် ဖြေမကြည့်ဝံ့ကြ။ သူတို့သားအဖ မည်မျှကြောက်ကြသည်မှာ ဇနီးနှင့် အမေကိုပင် မပြောရဲခဲ့ကြ။ သူတို့ကို အင်္ဂလိပ်သူလျှိုများက ငွေသားဒင်္ဂါး ခုနှစ်ပြားစီ ပေးလိုက်သည်ကိုလည်း နောက်မှ သိရသည်။

(မင်းပြင်ရွာသား မောင်ကျော်စံမှာ ယခုထိ အသက်ထင်ရှားရှိပြီး ချောင်းဝရွာတွင် အိမ်ထောင်ကျလျက် ရှိသည်)

ဦးစောဦးတို့သားအဖ မင်းပြင်ရွာ မိမိတို့အိမ် ပြန်ရောက်ကြပြီး နာရီဝက်ကျော်ကျော်ခန့်အကြာတွင် လောင်းကျိုးကျောက်နားရှိရာ ပင်လယ်နားမှ သေနတ်သံများကို ကြားကြရသည်။ ထိုအခါ သူတို့ သားအဖမှာ ပို၍ပင် ကြောက်လွှား ကြလေသည်။

× × × × ×

တစ်နေ့တွင် ရွာသူကြီးဖြစ်သော ဦးလှချမ်းဦးဆီသို့ သတင်းတစ်ခု တိုးတိုးတိတ်တိတ် ရောက်လာသည်။

စည်ခြုံရွာမှ ငါးရှာသွားသူ ရွာသားတစ်ယောက် ညက ပျောက်သွားသည်။ သူ ငါးရှာသွားသော နေရာမှာ ရွာအောက်ရှိ ရေလွှမ်းသောင်တွင် ဖြစ်သည်။ ထိုသောင်ပြင်မှာ ဒီရေတက်လျှင် ရေထဲနှစ်သွားတတ်သဖြင့် ငါးရှာသူများမှာ ဒီရေမတက်မီကပင် သောင်ပြင်တွင် စင်ထိုး၍ နေကြရသည်။ ဒီရေတက်လာမှ ထိုစင်ပေါ်က ငါးပါမပါကို ကြည့်ကာ ကွန်ပစ်ဖမ်းယူရသည်။ ထိုသို့ ငါးရှာရန် ရေထဲရှိ စင်ပေါ်မှ ဒီရေကြီးလာချိန်ကို စောင့်ကြည့်နေစဉ် ပျောက်သွားခြင်းဖြစ်သည်။

ထိုငါးရှာသွားသူ ပျောက်သွားခြင်းမှာ ရေနစ်သေလေသလား၊ သို့မဟုတ် ဂျပန်များ ဖမ်းသွားလေသလားနှင့် မိဘဆွေမျိုးများမှာ တစ်ရက်နှစ်ရက် ကြိတ်ရှာနေကြရသည်။ ဂျပန်များက ညဆိုလျှင် မြစ်နား ချောင်းနား မသွားရ၊ ပုဇွန်ရှာ ငါးရှာရာ၌ မီးအိမ်မီးရှူး အသုံးမပြုရ။ မြစ်နားချောင်းနားတွင် အင်္ဂလိပ်သူလျှိုများက တံငါသည်အယောင်ဆောင်ပြီး အင်္ဂလိပ် ရေငုပ်သဘော်များကို မီးနှင့်အချက်ပြသည်ဟု ယုံကြည်ထင်မှတ်ထားကြရာ မိဘဆွေမျိုးများမှာ ပျောက်သွားသူကို ထင်ထင်ပေါ်ပေါ်ပင် မစုံစမ်း မရှာရဲကြဘဲ သုံးလေး ရက်ကြာသောအခါ သေသူအဖြစ်သာ သတ်မှတ်လိုက်ကြပြီး ဆွမ်းသွတ် တရားနာကိုပင် တိုးတိုးတိတ်တိတ် လုပ်ပစ်လိုက်ကြရသည်။

(အမှန်က ဂျပန်များ ကြိုတင်တွက်ဆထားသလို ထိုသူအား အင်္ဂလိပ် ရေငုပ်သဘော်မှ လာဖမ်းသွားခြင်းဖြစ်သည်။ ထိုသူဆီမှ ကျောက်ဖြူမြို့ ဝန်းကျင်ရှိ ဂျပန်သတင်းများကို အင်္ဂလိပ်များက စုဆောင်းရယူခြင်း ဖြစ်သည်။ ထိုသူသည် အင်္ဂလိပ် ပြန်တက်လာသောအခါ အင်္ဂလိပ်စစ်တပ်နှင့် အတူ ပြန်ပါလာလေသည်။)

စည်ခြုံရွာသား တံငါသည် ပျောက်သွားပြီး နှစ်လပင်မကြာ ဂေါ်ဒူရွာမှ အဘိုးကြီး ဦးဘသာကို ဂျပန်များ ဖမ်းထားကြောင်း သတင်းကြားရ ပြန်သည်။ ထိုအဘိုးအိုမှာ ဂေါ်ဒူရွာကြားနှင့် ချောင်းဝရွာကြားရှိ သူ၏လယ်ထဲတွင် အမြဲနေသူဖြစ်သည်။ သူ့လယ်တဲမှာ ဘင်္ဂလားပင်လယ်အော်နှင့် တပ်လျှက်ဖြစ်သ

ဖြင့် ဂဏန်းသွား ထွန်းသည်။

တစ်ညလုံး တောင်ပေါ်မှ ပင်လယ်ပြင်ဘက်ကို အမြဲစောင့်ကြည့်နေကြသော ဂျပန်များသည် မီးမြင်သည်နှင့် တောင်ပေါ်က တိတ်တဆိတ် ဆင်းလာပြီး အဘိုးကြီးကို ဝိုင်းဖမ်းကြသည်။ ကံဆိုးသည်မှာ အဘိုးကြီး၏ ခါးပိုက်ထောင်ထဲ၌ အင်္ဂလိပ်ငွေသား ဒင်္ဂါးတစ်ပြားကို တွေ့သွားကြရာ အင်္ဂလိပ်သူလျှို ပင်လယ်ထဲရှိ အင်္ဂလိပ်သင်္ဘောများကို မီးနှင့် အချက်ပြ သတင်းပို့နေသူ အဖြစ် သတ်မှတ်ကာ ဖမ်းသွားကြခြင်း ဖြစ်သည်။

မည်သို့မည်ပုံ စစ်ဆေးပြီး မည်သည့်အရပ်သို့ ခေါ်သွားကာ မည်သည့်နေရာ၌ မည်သို့မည်ပုံ အပြစ်ပေးလိုက်ကြသည်ကိုမူ ယနေ့အထိ မည်သူမျှ မသိခဲ့ကြပေ။ ထိုအဘိုးကြီးမှာ ဂျပန်များ ဖမ်းသွားသော နေ့ကပင် လုံးဝအစ ပျောက်သွားလေသည်။

ပတ်ဝန်းကျင်ရှိ ရွာသူရွာသားများက တပ်အပ်သေချာ ပြောနိုင်ကြသည်မှာ ထိုအဘိုးကြီးသည် အင်္ဂလိပ်သူလျှိုမဟုတ်သည်မှာတော့ အမှန်ပင်။ စာမတတ် ပေမတတ်နှင့် နံနံအစ အလွန်ရိုးသော အဘိုးကြီးပင်။ သူခါးပုံစဉ် အမြဲလိပ်ထားသော် အင်္ဂလိပ်ငွေသား ဒင်္ဂါးတစ်ပြားမှာ သူဘယ်သွားသွား ယူသွားတတ်ပြီး ဘယ်နေရာသေသေ မသာစရိတ် ကူတို့ခအဖြစ် သတ်မှတ်ထားသော ဒင်္ဂါးပြားသာ ဖြစ်သည်။ ယခုအခါ သူယုံကြည်သလိုပင် ထို့ဒင်္ဂါးတစ်ပြားသည် သူ့အတွက် ကူတို့ခ ဖြစ်သွားလေသည်။

ဂျပန်များသည် လောင်းကျိုးကျောက်နား၌ "ထာကူယာမ" သေကျန်ခဲ့ပြီး "နန့်နန့်ခို"ကို အင်္ဂလိပ်များ ဖမ်သွားကြသော နေ့ကပင် ပင်လယ်ကမ်းခြေတစ်လျှောက်ရှိ လူတွေကို လုံးဝမယုံကြည်ကြတော့။ တစ်ရွာနှင့်တစ်ရွာ သာရေးနာရေးရှိ၍ သူတို့သတ်မှတ်ပေးထားကြသည့် အတိုင်း ပင်လယ်ကမ်းခြေနားက မသွားကြဘဲ လယ်ကွင်းတောင်ခြေနားက သွားကြရင်း ကာလသားများ သီချင်းဆို၊ ပလွေမှုတ်သွားသည်ကိုပင် အင်္ဂလိပ်သူလျှိုများကို အသံပေးသည်ဟု ယူဆကာ ခွင့်မပြုကြတော့။ ဘယ်ရွာကို ဘယ်လို သာရေးနာရေးနှင့် သွား သွား တိတ်တိတ်ဆိတ်ဆိတ်သာ သွားလာ နေကြရတော့သည်။

အဆိုးဆုံးမှာ ကျွန်တော်တို့ ကလေးငယ်များ ဝဋ်ဥန်လက်သည်း သစ်ရွက်နှင့် မိုးပေါ်စွန့်လွှတ် ကစားကြသည်ကိုပင် အင်္ဂလိပ် လေယာဉ်ပျံတွေဆီ ဆက်သွယ် စကားပြောသည်။ ပင်လယ်ထဲက အင်္ဂလိပ်သင်္ဘောတွေကို အချက်ပြသည်ဟု ယူဆကာ စွန့်လွှတ်ကစားကြသည်ကိုပင် ဟန့်တားလေသည်။

ဤသည်ကို ထောက်ရှုခြင်းအားဖြင့် ခါးပိုက်ထောင်ထဲ၌ အင်္ဂလိပ်ငွေသား ဒင်္ဂါးတစ်ပြားတွေ့သော ဂေါဒူရွာသား အဘိုးကြီးအား အင်္ဂလိပ်သူလျှို

အဖြစ် သက်ပစ်လိုက်ကြသည်မှာ ထင်ရှားသွားလေသည်။

× × × × ×

တစ်နေ့တွင် ကောင်းကင်မှ လေယာဉ်ပျံလာသံကို ကြားရသည်။ မကြာခင် တောင်ပေါ်မှ ဂျပန် အမြောက်ကြီးများ ပစ်ခတ်သံကို ကြားရသည်။ ထိုနောက် မီးပေါ်မှ စာရွက်တွေ ပလူပျံကျလာသည်။

ဤသည်ကို ဂျန်ကျောင်းတက်နေကြသော ကလေးများက ဂျပန်လေယာဉ်က ဌေးစက္ကူတွေ ကြဲချမည်ဟု သူတို့ကို ဂျပန်ကျောင်းဆရာက ပြောလိုက်သည် ဆိုသဖြင့် အလုအယက် ရွာသူရွာသားတွေပါ လိုက်ကောက်ကြသည်။ လက်ထဲရောက်မှ ကြော်ငြာစာရွက်တွေမှန်း သိကြရ၏။ ထိုစာရွက်ပါ စာကို ဝိုင်းဖတ်ကြသည်။ စာရွက်တွေ ကြဲချသွားသူမှာ "လေနတ်သား" ဟု အမည်ခံထားသည်။

လေနတ်သား ကြဲချထားခဲ့သော စာကို လူကြီးများက အသံထွက်ဖတ်ကြသည်။

"တောညိုညို မခိုလေနှင့်
ရေကြောင်း လေလောင်း၊ မသွားလေနှင့်
လူပုထီးတည်း မြန်မာပြည်မှာ သေကိန်းဆိုက်နေပြီ
မကြာမီ သိရှိလိမ့်မည်။
ဂျပန်မိစ္ဆာ ဖွတ်သတ္တဝါ
အမြန်နှင်ထုတ်၊ ဒင့်မျိုးယုတ်
ထိုမှမြန်ပြည်သာယာမည်။
ဘေးရန်ခပ်သိမ်း ကင်းငြိမ်းလိမ့်မည်။

အကျွန်ုပ်တို့သည် အေးချမ်းသာယာစွာ လုပ်ကိုင်စားသောက် နေကြသော ရွာသူရွာသားများကို ဝုံးမကြေစက်သေနတ်နှင့် မပစ်ပါ။ ဂျပန်မိစ္ဆာများ ကိုသာပစ်မည်။ ထို့ကြောင့် ရွာသူရွာသားများသည် မိမိရွာ၌သာ နေကြပါ။ တောထဲတောင်ထဲ မသွားကြပါနှင့်၊ လေ့လောင်းသမွာန်များနှင့် ပင်လယ်မြစ်ချောင်းများကို မကူးမဖြတ်ကြပါနှင့်၊ ပင်လယ်မြစ်ချောင်းများကို လေ့လောင်းသမွာန်များနှင့် ယခုအခါ ဂျပန်များ ဖြတ်ကူးဆုတ်ခွာ နေကြသည်။ ထိုမိစ္ဆာဂျပန်များကို အကျွန်ုပ်တို့ ဝုံးကြမည်။ စက်သေနတ်နှင့်လည်း ပစ်မည်"

လေနတ်သား၏စာကို ဖတ်၍ မပြီးမီမှာပင် ဂျပန်များ ခွေးတစီစီနှင့် ရွာထဲဝင်လာကြပြီး စာများကို လိုက်သိမ်းသည်။ ထိုစာအား ဝှက်ထားသူ ဖတ်သူများကို ပစ်သတ်မည်ဟု ခြိမ်းခြောက်ကာ တစ်ရွာက်မကျန် သိမ်းဆည်းယူသွားကြသည်။

သို့သော် လေနတ်သား မိုးပေါ်က ကြဲချပစ်ခဲ့သော စာရွက်တွေမှာ ရွာပြင်၊ ရွာတွင်း၊ တောတောင်၊ သမုဒ္ဒရာအနှံ့ ကျသွားလေရာ ဂျပန်များက မည်မျှ လိုက်သိမ်းလိုက်သိမ်း ဟိုကကောက်ရ၊ သည်ကကောက်ရနှင့် ရွာသူရွာသားတွေမှာ ရသမျှစာတွေကို အထပ်ထပ် အခါခါ ဖတ်ပြီးမှ ဂျပန်များဆီသွားပေး သွားအပ်ကြသည်။

ဂျပန်များကလည်း ထိုသို့ လေနတ်သားစာတွေကို လာပေးသူ၊ လာအပ်သူ များအား "ကောင်းတယ်ကား၊ ကောင်းတယ်ကား" ပြောကာ ဂျပန်ငွေစက္ကူ တစ်ဆယ်တန်တစ်ရွက်၊ လေနတ်သားစာရွက်တစ်ရွက်နှင့် လဲလှယ်ကြရပြန်ရာ ကလေးသူငယ်များကအစ လေနတ်သားစာ ရှာကောက်နေကြသည်။

ဂျပန်ကျောင်းတက်နေကြသော ကလေးများက လေနတ်သား စာတစ်ရွက်ရတိုင်း ဂျပန်စာနှင့် "အိခို၊ နို၊ ဂု၊ ရု၊ ဆန်၊ ဂို" အော်ကာ အပျော်ကြီးပျော်နေကြသည်။

လူကြီးတွေကမူ အင်္ဂလိပ်လေယာဉ်ပျံတွေ ပုံးလာကြဲတော့မည်၊ စက်သေနတ်နှင့် လာပစ်တော့မည်ဟူသော ဗီးရိမ်သောကစိတ်များနှင့် ပုံးခိုကျင်းတွေ နေ့ချင်းညချင်း တူးနေကြရသည်။ ဂျပန်များကလည်း သူတို့အတွက် ပုံးခိုကျင်းတွေ တူးရန် ရွာထဲဝင်ပြီး လူခေါ်ကြသည်။

တောင်တွေမှာ လမ်းဖေါက်၊ ပင်လယ်ကမ်းခြေတစ်လျှောက်မှာ ခြံတိုင်တွေအထပ်ထပ်စိုက် လိပ်တက်နွယ်တွေ အထပ်ထပ်သွယ်တန်း၊ တောင်ကြီးတောင်ငယ်တွေ ရက်လုပ်ခြံတ်ဆွဲ ထားပေးကြပြီး ဖြစ်သော်လည်း ယခုတစ်ခါ ပုံးကျင်းတူးရန်ကိုပါ လာခေါ်နေကြသောအခါ ဂျပန်တွေကို ရွာသားကြီးတွေမှာ အကြီးအကျယ် မကျေမနပ်နှင့် ဆဲဆိုငြိုငြင်နေကြသည်။

ဂျပန်များမှာ တောင်ပေါ်၌သာ အနေများကြသဖြင့် အင်္ဂလိပ်လေယာဉ်များ ပုံးလာကြဲ၊ စက်သေနတ်လာပစ်လျှင် တောင်တွေကိုသာ အလျင်ပစ်လိမ့်မည်ဟု နိမိတ်ဖတ်သူများက ဖတ်ကြသည်။ ထိုအချိန်တွင် ဂျပန်များသည် ရွာပြင်၌ တွေ့သမျှ နွားများကို ဖမ်းဆွဲသွားပြီး တောင်ပေါ်မောင်းတင်ကာ သတ်ဖြတ်၍ ရိက္ခာစုဆောင်းနေကြသည်။

ဂျပန်ကျောင်းတက်နေကြရသော ကလေးများကမူ မကြာခင် ဂျပန်ပြည်မှ ဂျပန်လေယာဉ်ပျံကြီးတွေနှင့် ကြီးကြီးမာစတာ၊ ယခု ကျွန်တော်တို့ရွာ၌ ရှိနေကြသော ဂျပန်များထက် အလုံးရော၊ အရပ်ပါ ကြီးမြင့်သည့် ဂျပန်ကြီးများ

ရောက်လာကြတော့မည်ဟု ကျောင်းဆရာဂျပန်များက သူတို့ကို ပြောလိုက်ကြ ကြောင်း မိဘဘိုးဘွားနှင့် ရွာသူရွာသားများကို အားရပါးရ ပြောပြနေကြသည်။

× × × × ×

လေယာဉ်ပေါ်မှ လေနတ်သားက စာလာချသွားပြီး နှစ်ရက်သုံးရက် အကြာမှာပင် လေယာဉ်ကြီးနှစ်စီး နိမ့်နိမ့်လေး ပျံဝဲရောက်လာပြီး ကျွန်တော် တို့ ရပ်ငြိတစ်ကျွန်းလုံးကို စက်သေနတ်နှင့် ပစ်တော့သည်။ (ထိုလေယာဉ်နှစ် စီးမှာ ဗမာပြည်၌ ကျွဲညီနောင်ဟု နာမည်ကြီးခဲ့သော လေယာဉ်နှစ်စင်းပင် ဖြစ်သည်)

ထို့ကြောင့် လူတွေမှာ လေယာဉ်လာသံကြားသည်နှင့် ဝုံးခိုကျင်းထဲ ဝင်ပြေးပုန်း ခိုကြရသည်။ တောင်ပေါ်ရှိ ဂျပန်အမြောက်ကြီးများတလည်း ထို လေယာဉ်နှစ်စင်းကို တဒိန်းဒိန်း လှမ်းပစ်ကြသည်။ ဝုံးခိုကျင်းထဲ ဝင်ပုန်းနေကြ ရသော လူတွေမှာ လေယာဉ်ပျံသံ၊ စက်သေနတ်ပစ်သံ၊ အမြောက်ပစ်သံ စဲတော့မှ ပုန်းခိုကျင်းထဲက ထွက်ဝုံ့ကြတော့သည်။

တစ်နေ့နေ့လ၏တွင် ဂျပန်များနှင့်အတူ ပင်လယ်နား၌ ငါးပိုက်ဆွဲ နေကြသော လူအုပ်ကို လေယာဉ်ပေါ်က စက်သေနတ်နှင့်ပစ်ရာ ကျွန်တော်တို့ ရွာက စောထွန်းဆိုသူ ကာလသား လူပျိုပေါက်တစ်ယောက် စက်သေနတ်မှန်၍ ပွဲချင်းပြီး သေဆုံးသွားသည်။ လေယာဉ်ပြန်သွားပြီးမှ စောထွန်း၏ ပြန့်ကြဲနေ သော အသားစများကို တစ်ဖဲ့စီ၊ တစ်စစီ လိုက်ကောက်၍ သင်္ဂြိဟ်ကြရသည်။ ဂျပန်များကမူ လေယာဉ်လာသံကြားသည်နှင့် မြေပြင်တွင် ပြားပြားဝပ်ခံနေကြ သဖြင့် တစ်ယောက်မှ အထိအခိုက်မရှိဘဲ လွတ်သွားကြ၏။

အင်္ဂလိပ်လေယာဉ်ပျံများ စက်သေနတ်လာပစ်၍ ကျွန်တော်တို့ရွာမှ စောထွန်း သေသွားသလို ရပ်ငြိတစ်ကျွန်းလုံးရှိ အခြားအခြားသော ရွာများမှ အရပ်သူ အရပ်သားများလည်း သေကြေခဲ့ကြသည်။ ကျွန်တော်တို့ရွာနှင့် နီးသော ဝက်မြောင်ရွာမှ အမျိုးသမီးတစ်ယောက်မှာမူ ပေါင်ကို ဖေါက်မှန်သွား သဖြင့် လနှင့်ချီ၍ ဆေးကုခဲ့ရသည်။ တစ်နေ့တစ်လည်တွင် တောင်ပေါ်ရှိ ဝါးတောထဲ စက်သေနတ်ပစ်ချလိုက်သံမှာ ဝါးပင်များကို ကျည်ထိ၍ သောသော ညံ သွားသည်။ စက်သေနတ် ပစ်တတ်သော ထိုလေယာဉ်ပျံနှစ်စင်း မလာသော နေ့တွင် စက်သေနတ်ကျည်ခွံများကို ဝါးတောထဲတွင် သွားရှာကောက်ယူ၍ ရသည်။

သည်လိုနှင့် ကျွဲညီနောင် လေယာဉ်နှစ်စင်းက တစ်ရက်ခြား၊ နှစ်ရက် ခြား စက်သေနတ်နှင့် လာပစ်နေရာ အရပ်သူ၊ အရပ်သားများအပေါ် ဂျပန်

များ၏ စည်းကြပ်စောင့်ကြည့်မှုများ လျော့ရိလျော့ရဲ ဖြစ်လာသည်။ တစ်ခါတစ်လေ ဂျပန်တစ်ယောက်ယောက် ရွာထဲဝင်ရန် လာသည်ကို မြင်လျှင် တစ်စုံတစ်ယောက်က လေယာဉ်သံကြားသည်ဟု ထမင်အော်ပြောလိုက်သည်နှင့် ထို ဂျပန်သည် တစ်ချိုးထဲ တောင်ခြေသို့ လစ်ပြေးတော့သည်။

ဂျပန်များ စည်းကြပ်ထားသဖြင့် ပင်လယ်ကမ်းခြေနား ငါးဖမ်း၊ ငါးရှာ မထွက်ဝံ့ဘဲ နေခဲ့ကြရသော တံငါသည်များမှာ ယခုအခါ ဂျပန်များကလည်း ကွဲညီနောင်ကို ကြောက်ပြီး အရပ်သူအရပ်သားများကို ယခင်ကလောက် ဂရုမစိုက်အားကြရာ တံငါသည်များမှာ အတွင်းကြောင်းကျသော မြစ်ပေါက်၊ ချောင်း ကြီးများထဲ ဆင်း၍ ငါးရှာကြ၏။

တစ်နေ့၌ အတွင်းကြောင်း မြစ်ပေါက်တွင် ငါးရှာရန် သွားကြသော ကုလားပါတောင်ရွာမှ တံငါသည်နှစ်ယောက် ပျောက်သွားသည်။ မိဘဆွေမျိုးညီအစ်ကို မောင်နှမများက လှေနစ်သေလေသလား၊ ဂျပန်များ ဖမ်းသွားလေသလားနှင့် တစ်ရွာဝင် တစ်ရွာထွက် စုံစမ်းလိုက်ရှာကြသည်။ သို့သော် ထိုတံငါသည် နှစ်ယောက်ကို အစအနပင် ရှာမတွေ့ကြ။ မည်သည့်သတင်းမှ မကြားရဘဲ ပျောက်သွားကြသည်။

အမှန်က ထိုတံငါသည်နှစ်ယောက်ကို အင်္ဂလိပ်သူလျှို့များက ဖမ်းသွား ကြခြင်းဖြစ်သည်။ ကုလားပါတောင်ရွာက အင်္ဂလိပ်သူလျှို့များ ဖမ်းသွားသော ထိုတံငါသည်နှစ်ယောက်သည် အင်္ဂလိပ် ပြန်တက်လာပြီး တစ်နှစ်ခန့်ကြာမှ မိမိရွာသို့ ပြန်ရောက်လာကြသည်။

သူတို့ပြန် ပြောပြကြသည်မှာ သူတို့နှစ်ယောက် လှေငယ်တစ်စင်းနှင့် ငါးရှာနေကြစဉ် ဘယ်ကဘယ်လို ရောက်လာကြမှန်းမသိသော မော်တော်ဘုတ်တစ်စီးနှင့် လူသုံးယောက် သူတို့အနားကို ရောက်လာပြီး သူတို့ကို ဖမ်းခေါ်သွားကြသည်။ ညကြီးမင်းကြီး သူတို့နှစ်ယောက်ကို ပင်လယ်ထဲရှိ သင်္ဘောကြီးတစ်စီးနှင့် တင်ခေါ်သွားကာ ကုလားပြည်တစ်နေရာ၌ ကောင်းကောင်းမွန်မွန် ထားသည်။ ထို့နောက် လေယာဉ်ပေါ် ခေါ်တင်လာပြီး ရမ်းဗြဲကျွန်းပေါ်ရှိ ဂျပန်များနေရာကို ပြခိုင်းသည်။

လေယာဉ်ပျံတစ်ခါမှ မစီးဖူးကြသော တံငါသည်နှစ်ယောက်မှာ လေယာဉ်မူးတောက်ပြီး အလှေ့အနောက် တောင်မြောက်ပင် မသိဖြစ်နေကြရာ အင်္ဂလိပ် ကုလား၊ ရခိုင်စကားပြန်များက "ဒီနေရာ - ဒီနေရာတွေမှာ ဂျပန်တွေရှိတယ်မဟုတ်လား" ဟု လေယာဉ်ပေါ်က လက်ညှိုးထိုး မေးရာ နေရာတိုင်းကို ချည်း ခေါင်းညိတ်ပြကြရာ သူတို့ခေါင်းညိတ်ပြကြသော နေရာများကို မှတ်သားပြီး လေယာဉ်ပေါ်က ဗုံးကြဲ၊ စက်သေနတ်နှင့် ပစ်ကြသည်။ ထို့ကြောင့်လည်း အချို့နေရာများမှာ ဂျပန်တစ်ယောက်မှ ရှိသော နေရာမဟုတ်ဘဲ

လယ်တဲ၊ ယာတဲ၊ တောင်ယာခင်း၊ တောင်ယာတဲများ ဖြစ်ပြီး အရပ်သူ အရပ်သားများ သေကြေ ကုန်ကြသည်။

စက်သေနတ်လာပစ်တတ်သော လေယာဉ်သံ မကြားရသည့် တစ်နေ့ နေ့လယ်၌ ကျွန်တော်တို့ အိမ်နားမှ ဒေါ်အေးယဉ်ဖြူကို ရွာတောင်ပိုင်းသား ဦးလှသာ အရေးတကြီး ပြေးလာပြောသည်။

"အေးယဉ်၊ နင့်သမီး အေးနုကော"

"မောင်ထွန်းတို့ အိမ်အောက်မှာ ဆန်ဖွပ်နေတယ် ဘာလုပ်မလို့လဲ"

"တောင်ဘက်ပိုင်းကို ဂျပန်တွေဝင်နေကြတယ်၊ အေးနုကော၊ အေးနုကောလို့ လိုက်မေးနေကြသံကြားနေရတယ်။ အေးနုကို သူတို့ ဘာလုပ်ကြမလို့လဲ မသိဘူး၊ အဲဒါကြောင့် ငါလာပြေးပြောတာ"

ဦးလှသာ၏ စကားကို ကြားလိုက်ရသောအခါ ဒေါ်အေးယဉ်ဖြူ၏ မျက်နှာမှာ ချက်ချင်း သွေးဆုတ်သွားသည်။

"ဒုက္ခပါပဲတော်၊ အရေးထဲ သူ့အဖေကလဲ ခုမှ ဝါးခုတ်ထွက်သွားတာ ကျွန်မ ဘယ်လို လုပ်ရမလဲ ဦးလှသာ ပြောပါဦး"

"နင့်သမီးက ဒစ်စွာစွာဆိုတော့ ဂျပန်တွေကို ဘာများ ပြောမှား ဆိုမှား လုပ်ထားခဲ့လဲမှ မသိတာ၊ ခေါ်ခေါ် မြန်မြန်ခေါ်၊ ဂျပန်တွေ မိသွားရင် ဒုက္ခ ရောက်ကုန်လိမ့်မယ်၊ လောလောဆယ် ကိုထွန်းသာတို့အိမ်မှာ ပုန်းခိုင်းထားလိုက်၊ ဂျပန်တွေ ရောက်လာလို့မေးရင် သူ့အဖေနဲ့ ဝါးခုတ် လိုက်သွားတယ်ပြော"

ဦးလေး ဦးထွန်းသာမှာ အဘိုးဆုံးပြီးကတည်းက ရွာသူကြီး ရာထူးကို ရထားသူဖြစ်ရာ အရေးအကြောင်းဆိုလျှင် ပြောတတ်၊ ဆိုတတ်၊ ပြောရဲ၊ ဆိုရဲသူ ဖြစ်သဖြင့် ဦးလှသာက ဦးလေးရွာသူကြီး အိမ်မှာ မမအေးနုကို ပုန်းခိုင်းထားလိုက်ဟု ပြော၏။

ထို့ကြောင့် ဒေါ်လေးအေးယဉ်ဖြူက သူ့သမီး အေးနုကို ဦးလေးအိမ်တွင် ပုန်းနေရန် ပြေးပြောလိုက်သည်။

"အေးနုကို မေးကြည့်တော့ သူပြောမှား ဆိုမှားရှိရအောင် ဒီနေ့ ရေခပ်တောင်တစ်ခေါက် မရောက်သေးဘူး၊ ဘယ်ဂျပန်နဲ့လဲ သူမတွေ့ပါဘူး ပြောတာပဲ ဦးလှသာရေ"

"အေး လား - အဲဒါတော့ ငါလဲဘယ်သိမလဲ၊ ခုတို့တောင်ပိုင်းကို ဂျပန်တွေ ဝင်လာပြီး အေးနုကို မေးနေကြသံကြားခဲ့လို့ ငါလာပြောတာ"

မမအေးနုကို ဦးလေးအိမ်ပုန်းခိုင်းလိုက်ပြီး ဦးလှသာနှင့် ဒေါ်လေးအေးယဉ်ဖြူတို့ တီးတိုးပြောဆိုနေကြစဉ် ဂျပန်စစ်သား သုံးယောက်သည် ဦးလေး ရွာသူကြီးအိမ်ရှေ့ လာရပ်ကြသည်။

အကုန်သူတို့မှာ မျက်စိပျက် မျက်နှာပျက် ဖြစ်ကုန်ကြ၏။

အိမ်ရှေ့တွင် မတ်တက်ရပ်နေကြသော လူအုပ်ထဲမှ ဦးလေးကို မြင်သည်နှင့်

"သူကြီး အေးနု သုံးကောင်ပေးပါ"

ဂျပန်စစ်သား သုံးယောက်ထဲမှ အကြီးအကဲဟု ထင်ရသော ဂျပန်စစ်သား တစ်ယောက်က အေးနုသုံးကောင် တောင်းသည်။

ထိုအခါမှ ဦးလေးအပါအဝင် လူတွေအားလုံးမှာ သဘောပေါက်ပြီး ပြုံးရယ်နိုင်ကြတော့သည်။

"အေးနု" ဆိုသည်မှာ ဂျပန်အသံထွက် "ခွေး" ဖြစ်သည်။

အမှန်က ယံခုရောက်လာကြသော ဂျပန်သုံးယောက်သည် ရွာတောင်ပိုင်း ဦးလှသာတို့ဘက်၌ ခွေးတွေကို သူတို့ဖာသာသူတို့ လိုက်ဖမ်းခဲ့ကြသေးသည်။ သူတို့လိုက်ဖမ်း မရ၍ ယခု သူကြီးဆီ ခွေးသုံးကောင် လာတောင်းကြခြင်း ဖြစ်သည်။

သူတို့ ခွေးသုံးကောင် လာတောင်းကြသည်ကို မည်သူမျှ မည်သို့ လုပ်ရန်ဟု မသိကြ။ လူတွေ၏ အထင်မှာ အင်္ဂလိပ်လေယာဉ်နှစ်စင်းက နှစ်ရက် တစ်ခါ သုံးရက်တစ်ခါ စက်သေနတ်နှင့် လာလာပစ်နေရာ ရွာနားကို လည်း ယခင်ကလို မလာရဲကြသော ဂျပန်များသည် ရိက္ခာပြတ်မှာစိုး၍ ခွေးများကို ရိက္ခာအဖြစ် လာဖမ်းတောင်းကြခြင်းလား။ သို့မဟုတ် ညရေးညတာ အသံပလဲကြားနိုင်ရန် ခွေးများကို သူတို့တောင်ပေါ်၌ ကင်းစောင့်ထားရန်များလားဟု အမျိုးမျိုး တွေးတောပြောဆိုနေကြသည်။

ဦးလေး သူကြီးကမူ ဂျပန်များ တောင်းသော "အေးနု" ခွေးသုံး ကောင်ကို ရအောင်ရှာပေးရန် ဂျပန်များနှင့် လိုက်သွားရသည်။

ဦးလေးပြန်လာသောအခါ လူယာဉ်ပါးသော ခွေးသုံးကောင်ကို ရှာပေးလိုက်ပြီးဖြစ်ကြောင်း ပြောပြသည်။ ဂျပန်များကို ခွေးပေးလိုက်ရသော ခွေးရှင်များမှာ ကျွန်တော်တို့ ယာတောင်ရွာမြောက်ပိုင်းမှ ဒေါ်စံညီမ၏ ခွေးတစ်ကောင်၊ ချောင်းဖျားရွာမှ ဦးငပြူး၏ ခွေးတစ်ကောင်၊ အရှေ့ဘက်ပိုင်းမှ ဒေါ်ပုမ၏ ခွေးတစ်ကောင်တို့ ဖြစ်ကြသည်။

ခွေးသုံးကောင် ရသွားကြသော ဂျပန်များသည် ဦးလူအောင်အိမ် အောက်မှ စပါးထည့်သော ပုတ်ခွံကြီးတစ်လုံးကိုလည်း ဝင်ယူပြီး ချောင်းကြီးဝဘက် ထွက်သွားကြကြောင်း ဦးလူအောင်က ဦးလေးကို သတင်းစကား လာပြောသည်။

မကြာမီမှာပင် ချောင်းကြီးဝဘက်မှ ဗုံးကြီးတစ်လုံး ပေါက်ကွဲသံကို ကြားကြရသည်။ အင်္ဂလိပ်သင်္ဘောတွေ ကမ်းခြေဘက် ကပ်လာသဖြင့် ဂျပန်

ခေါ်မြွေပဲငုံးများ ပေါက်ကွဲပြီး အထင်နှင့် တစ်ရွာလုံးမှာ ချက်ချင်း ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြသည်။

သို့သော် ချောင်းကြီးဝဘက်မှ ငုံးပေါက်ကွဲသံကြားပြီး မကြာမီမှာပင် စောစောက ဂျပန်များ ဖမ်းခေါ်သွားကြသော ခွေးသုံးကောင်မှာ ပေါင်ကျိုး၊ လက်ကျိုး၊ အမြီးပြတ်နှင့် အထိတ်တလန့်အော်ကာ ရွာထဲဝင် ပြေးလာကြသည်။ ဘွန်တော်တို့ ယာတောင်ရွာမှ ကြီးကြီးဒေါ်စည်မ၏ ခွေးငနီမှာ ကျောကုန်း တစ်ခြမ်း အရေခွံ လန်ကျကာ တဂိန်ဂိန် အော်ပြီး သူ့သခင်အိမ်အောက် သွေးရူး သွေးတန်းနှင့် ဝင်ပြေးလာလေသည်။ ချောင်းဖျားရွာမှ ဦးငပြူး၏ ခွေးမှာ အမြီးပြတ် ကျန်ခဲ့ပြီး အရှေ့ဘက်ရွာမှ ဒေါ်ပုမ၏ ခွေးမှာ ပေါင်တစ်ဘက်ကျိုး လာသည်။ ဤသည်ကို စိတ်မချမ်းမြေ့ဖွယ်ရာ ခွေးရှင်များက လာပြောကြ၏။

နောက်မှ သိကြရသည်မှာ ဂျပန်များသည် အင်္ဂလိပ်များကို ခွေးအမှတ်နှင့် ပုတ်ကြီးထဲထည့်ကာ ဗုံးဖေါက်ခွဲ၍ ယဘြာလုပ်ကြည့်ကြသည် ဆို၏။ ယခု သူတို့ ပုတ်ကြီးထဲထည့်ပြီး ဗုံးဖေါက်ခွဲလိုက်သော်လည်း ခွေးတွေမှာ တစ်ကောင်မှ မသေသဖြင့် သူတို့ စစ်ရှုံးတော့မည်ဟု ရင်းနှီးသော ရွာသားတစ် ဦးကို ဂျပန်တစ်ယောက်က ပြောကြောင်း သိရသည်။

ထိုနေ့ ထိုရက်ပင် ဂျပန်များသည် စိတ်ဓာတ်ကျကာ ရွာထဲ ရပ်ထဲကို လည်း အတောင်းအရမ်း မကြာမကြာ မလာကြတော့ဘဲ ခြေလှမ်းကြဲ သွားကြ သည်။ ဂေါ်ဒူရွာတွင် အိမ်ထောင်ကျနေသော ကျွန်တော့်ဦးလေး တစ်ယောက် က ပြောပြသည်မှာ တစ်နေ့က ဂျပန်စစ်သား တစ်ယောက်သည် အိပ်ရာက ထလာပြီး ပင်လယ်ကမ်းခြေနား ဆင်းသွားသည်။ သဲသောင်ပြင်တွင် ငူငူငိုင်ငိုင် ခဏထိုင်နေပြီး အိတ်ထဲက ဓါတ်ပုံကို ကြည့်လိုက်၊ ပင်လယ်ပြင်ကို ငေးကြည့် လိုက်နှင့် ငိုနေသည်ဟု ဖြောဇ်၏။ သူတို့ စစ်ရှုံးတော့မည်ကို ခွေးယဘြာအရ ယုံကြည်ပြီး သူ့မိသားစုကို လွမ်းဆွတ်ကာ ငိုသည်ဟု ယူဆရသည်။

သို့သော် ပင်လယ်ကမ်းခြေနား တစ်လျှောက်တွင် သူတို့ မြှုပ် ထောင် ထားကြသော ဗုံးကြီးများကိုမူ ပို၍ ဂရုတစိုက် လုပ်လာကြသည်။ ထိုဗုံးများရှိ ရာသို့ ကျွဲနွားများကို လုံးဝမသွားစေရ။ တောင်ပေါ်က မှန်ပြောင်းနှင့် အမြဲစောင့် ကြည့် နေကြသည်ဟု သိရသည်။

သည်လိုနှင့် တစ်နေ့နေ့လည်တွင် ကျွန်တော့် အဘိုးလေး ဦးငလောင် ၏ နွားတစ်ကောင်က အစာစားမြက်ဆွဲယင်း ဗုံးကြီးတစ်လုံးနား ရောက်သွားရာ စောင့်ကြည့်နေသော ဂျပန်က နွားကို မထိန်းကျောင်းရကောင်းလားဟု အဘိုးလေးကို ဆွဲခေါ်သွားပြီး ဗုံးကြီးပေါ် ထွန်းချပစ် ပေါက်သည်။ အဘိုးလေး မှာ ဂျပန်ထက်ပင် စိတ်ဆတ်သူဖြစ်ရာ "မင်းသေရဲရင် ငါလဲသေရဲတယ်ကွ လာ" ဟု ပြောပြီး ဂျပန်ကို အတင်း ဝင်လုံး ဆွဲခေါ်ကာ သူ့အား စောစောက

ဂျပန်တွန်းချ ပစ်ပေါက်သည့်နည်းတူ ဂျပန်ကို သူက တွန်းချပစ်ပေါက်ရာ အဘိုးလေးနှင့် ဂျပန် တို့မှာ သူတစ်ပြန် ကိုယ်တစ်ပြန် လုံးထွေးပစ်ပေါက်နေကြသည်ကို အဖေ၊ နွားကျောင်းသားများက ဝိုင်းဝန်း ဖျန်ဖြေလိုက်ကြရသည်။

အမှန်က ထိုဝုံးမျိုးမှာ နွားတက်နင်း၊ လူတက်နင်း၍ ပေါက်ကွဲတတ်သည့် ဗုံးမျိုးမဟုတ်၊ စနက်တံကို မီးရှို့ဖေါက်မှ ပေါက်ကွဲသော ဗုံးဖြစ်သည်။ ဤသည်ကို သိထားသော ဂျပန်က ကြောက်အောင် အဘိုးလေးကို တမင်ခြောက်ခြင်းသာ။ အဘိုးလေးမှာ သူနွားတစ်ကောင်ကို ဂျပန်တွေ သတ်စားခံထားရသဖြင့် ဂျပန်တွေကို စိတ်နာနေရာ ဂျပန်ကိုပါ သေဖေါ်ညှိပြီး ဗုံးကြိုးပေါ်တွန်းပေါက်ချခြင်းသာ။

× × × × ×

တစ်နေ့ည နေတွင် ယခင်က ဂျပန်ကျောင်းတက်ဖူးထား ကြသော တောင်ဘက်ရွာမှ ကလေးသုံးယောက်သည် ရွာအောက် သဲသောင်ပြင်၌ ဗိုးကစားနေကြရာ ဂျပန်ကြိုးနှစ်ယောက် ရောက်လာပြီး ထိုကလေးများကို ပင်လယ်ပြင်နှင့် ဆက်နေသော ချောင်းပေါက်တစ်ခုသို့ ခေါ်သွားသည်။ ချောင်းနားသို့ ရောက်သောအခါ ခနိတောထဲတွင် ဝှက်ထားသော စက်တပ်မော်တော်ဘုတ်တစ်စီးနှင့် ပင်လယ်ထဲ တင်ခေါ်သွားသည်။ ပင်လယ်ထဲရှိ သင်္ဘောကြီးပေါ် ရောက်သောအခါ ကလေးများကို ချောကလက်၊ ဘီစကစ်နှင့် မုန့်မျိုးစုံကျွေးပြီး "နီပွန်တွေ ဘယ်မှာရှိလဲ"ဟု ဂျပန်စကားနှင့် မေးကြသည်။

ဂျပန်ကျောင်းနေထားပြီး ဂျပန်ကျောင်းဆရာတွေက မကြာခင် ဂျပန်ပြည်ကြီးမှ ကြီးကြီးမာစတာတွေ လေယာဉ်ကြီးတွေ၊ သင်္ဘောကြီးတွေနှင့် ရောက်လာကြတော့မည်ဟု သူတို့ကို ပြောထားလေရာ ယခုသူတို့အား ခေါ်လာကြသူတွေ၊ သင်္ဘောကြီးပေါ်၌ တွေ့ရသူတွေမှာ အသားနီစပ်စပ်၊ နှာခေါင်းကြီးရဲရဲနှင့် အရပ်ကြီးတွေကလည်း အမြင့်ကြီးတွေဖြစ်ကြရာ ဤလူတွေမှာ ဂျပန်ပြည်ကြီးက လာကြသော သူတို့ကျောင်ဆရာတွေ ပြောထားသည့် မာစတာကြီး၊ နီပွန်ကြီးတွေဟု ထင်သဖြင့် သူတို့က "နီပွန်တွေ ဘယ်မှာရှိလဲ" ဟု မေးကြသောအခါ ကလေးတွေက ဂျပန်စကားနှင့် "နီပွန်တွေ ယာမာရှိတယ်" ဟု တောင်တွေကို လက်ညှိုးထိုးပြ၍ ပြောဆိုကြသည်။

ကလေးတွေ လက်ညှိုးထိုးပြသော တောင်များကို သင်္ဘောပေါ်ရှိ နီပွန်ကြီးတွေက မှန်ပြောင်းနှင့် ကြည့်ကြသည်။ ပြီးတော့ သူတို့အချင်းချင်း ဂျပန်လို ပင် ပြောဆိုကြသည်။

သည်လိုနှင့် ကလေးများကို သူတို့သိလိုရာ မေးပြီးသောအခါ အဝတ်

အိတ်ထုတ် တစ်ယောက်တစ်ထုပ်စီကို ပေးပြီး ပင်လယ်ကမ်းခြေက ချိုင့်တစ်ချိုင့်ထဲ ပြန်ပို့ထားခဲ့ကြသည်။

ထိုကလေးသုံးယောက် သင်္ဘောကြီးပေါ် ရောက်နေချိန်တွင် မိဘများမှာ ထမင်းစားခေါ်မရ၍ ရွာမှာ ဒေါင်းတောက်အောင် လိုက်ရှာ နေကြချိန်ဖြစ်သည်။ တစ်ရွာလုံး အော်ခေါ် ရှာမတွေ့သဖြင့် မိဘများ ပူပန်နေကြချိန်မှာပင် ထိုကလေးသုံးယောက်သည် အဝတ်အိတ်ကိုယ်စီကို ပခုံးပေါ် ထမ်းပြီး ရွာထဲ ဝင်လာကြသည်။

"ကာလနာ၊ မသာလေးတွေ၊ ငါတို့မှာ ရှာလိုက်ရတာ၊ နင်တို့တွေ ဘယ် သရဲခြောင်းသွားသေနေကြလဲဟင်၊ ဒီ နင်တို့ ကိုယ်ပေါ်က ဟာတွေကော ဘာအထုပ်တွေလဲ ပြကြစမ်း" ဟု ကလေးသုံးယောက်ကို မိဘမောင်ဘွား ဆွေမျိုးများက ဝိုင်းဆွဲ မေးမြန်းကြရာ ကလေးများက "မာစတာကြီးတွေ လာခေါ်လို့ သင်္ဘောကြီးပေါ် လိုက်သွားကြတာ၊ ခု ဂျပန်ပြည်ကြီးက နီပွန်ကြီးတွေ သင်္ဘောကြီးတွေနဲ့ ပင်လယ်ထဲ ရောက်လာကြပြီး၊ ဒီမှာတွေ့လား ကျွန်တော်တို့ကို မာစတာ နီပွန်ကြီးတွေက ပေးလိုက်တာ" ဟု မိဘတွေရှေ့ အုတ်ပစ်ချပြီး ကြွားနေကြ၏။

မိဘတွေက သူတို့အဝတ်အိတ်ထုပ် တွေကို ဖွင့်ကြည့်ကြသော အခါ မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားကြသည်။

အဝတ်အိတ်ထဲတွင် အကောင်းစား ပိုက်အုပ်တစ်အုပ်အပြင် စက်လုပ်မုန့်မျိုးစုံ၊ စည်သွတ်ဘူးတွေကလည်း သုံးလေးလုံး၊ ချောကလက်၊ ဒိန်ခဲဘူးများကို မမြင်ဖူးကြသော ပင်လယ်ကမ်းခြေသားတွေမှာ ဘာလုပ်လို့ ဘာကိုင် ရမှန်းမသိ ဖြစ်သွားကြသည်။

ဤပစ္စည်းတွေမှာ နီပွန်ကြီးတွေ သင်္ဘောပေါ်က သူတို့ကလေးများကို ပေးလိုက်ကြသည်ဆိုခြင်းမှာ အံ့သြစရာ။ သူတို့တစ်ယက် ဂျပန်တွေဆီမှာ ဤပစ္စည်းတွေကို မမြင်ဖူးကြ။ ထို့ကြောင့် ကလေးတွေကို အထပ်ထပ်အခါခါ စစ်းမေကြရာ ကလေးတွေကလည်း သူတို့ကြုံတွေ့ခဲ့ရသည်များကို မိဘများအား တစ်လုံးမချန် ပြန်ပြောပြကြသည်။

နောက်တော့ မည်သို့ဖြစ်စေ အဝတ်အထည် အလွန်ရှားပါး နေသော ကာလ၌ သူတို့ကလေးတွေ ပိုက်တစ်အုပ်စီ ရလာကြသည်မှာ ပြောမပြနိုင် လောက်အောင် ကောင်းသော ဆုလာဘ်ကြီးပင်။ ချောကလက် ဒိန်ခဲဘူးများကိုတော့ ဖေါက်ရုံသာ ဖောက်ကြည့် နမ်းကြည့်ကြပြီး "အနံ့ဆိုးလိုက်တာ ဘာတွေမှန်းလဲ မသိဘူး" ဟု ပြောပြီး ဘူးခွံကိုသာ ယူကာ အထဲတပစ္စည်းတွေကို လွှင့်ပစ်လိုက်ကြသည်။ လောလောဆယ် သူတို့ ဝမ်းအသာ ဆုံးမှာ ပိုက်အုပ်သာ ဖြစ်သည်။

နီပွန်ကြီးတွေဆီမှာ ကလေးများ ပစ္စည်းရလာကြပြီး မကြာခင် ပင်လယ်ထဲမှ တက်လာသော လေယာဉ်ပျံတစ်စင်း၏ အသံကို ကြားကြရသည်။ ထိုလေယာဉ်သည် ဂျပန်များရှိသော တောင်ပေါ်ကို အမြင့်ကြီးက နှစ်ပတ်သုံးပတ်ခဲကာ ပင်လယ်ထဲ ပြန်ဆင်းသွား၏။

ထိုလေယာဉ် ပြန်ဆင်းသွားပြီး သုံးနာရီ လောက်အကြာမှာ ဂျပန်ရှိနေသော တောင်ကို ပင်လယ်ထဲရှိ သင်္ဘောကြီးများပေါ်မှ အမြောက်ကြီးတွေနှင့် စတင်ပစ်ခတ်တော့သည်။ ထိုအခါမှ ကလေးများအား တိတ်တဆိတ် လာခေါ်သွားကြသူ တွေမှာ နီပွန်ကြီးတွေ မဟုတ်ပဲ အင်္ဂလိပ်ကြီးများဖြစ်ကြောင်း သိကြရသည်။ သင်္ဘော ကြီးများပေါ်တွင် အဆက်မပြတ် အမြောက်ကြီးများနှင့် ပင်လယ်ကမ်းခြေ တစ်လျှောက်ရှိ တောင်များကို ပစ်ခတ်နေသောအခါ လူတွေမှာ အားလုံး ငုံးခိုကျင်း တွေထဲ ဝင်ပြေး ပုန်းကြရသည်။

ပင်လယ်ထဲရှိ သင်္ဘောကြီးများပေါ်မှ အမြောက်ကြီးတွေနှင့် တောင်တွေကို လှမ်းပစ်နေသည်မှာ တစ်နာရီမဟုတ်၊ နှစ်နာရီမဟုတ်၊ တစ်ညဉ့်လုံး ပစ်ခတ်နေသည်။ တောင်တစ်ချို့မှာ မီးဟုန်းဟုန်း တောက်လောက်နေသည်။ မင်းပြင်ရွာရှိ ဘုန်းတော်ကြီးကျောင်းနှင့် ယခုစာသင်ကျောင်း(အလက) နေရာ၊ ဦးဘအောင်တို့အိမ်နားကို အမြောက်ကျည်ဆန်များ ကျသည်။ မောင်ကြာခွမ်းဆိုသူ တစ်ယောက် အမြောက်ကျည်ဆန် ထိမှန်၍ သေဆုံးသွားသည်။ ထိုနေ့ ညကပင် ပတ်ခတ်နေသော အမြောက်ကြီး ပစ်သံများသည် မနက်ခြောက်နာရီ အချိန်ကျမှ ရပ်သွားလေသည်။

အမြောက်ကြီး ပစ်ခတ်သံများ ရပ်သွားချိန်တွင် လူကြီးတစ်ချို့က တောင်ပေါ် တက်ပြီး သစ်ပင်များပေါ်မှ ပင်လယ်ထဲ လှမ်းကြည့်ကြသည်။ ရေရိုးမိုးတစ်ကုတ်လောက်တွင် သင်္ဘောကြီးများကို ပင်လယ်ထဲ၌ တန်းစီ၍ မြင်နေကြရသည်။ တောင်ဘက်တွင် မာန်အောင်ကျွန်းအထိ။ မြောက်ဘက်တွင် ကျောက်ဖြူမြို့အောက်မှ စစ်တွေအထိ များလွန်း၍ ရေတွက်၍ပင် မရနိုင်ဟု တောင်ပေါ် သွားကြည့်ကြသူများက ရွာမှာ ပြန်ပြောပြကြသည်။

ဂျပန်ကျောင်းတက်ထား၍ ယခုထိ ဂျပန်ဆရာများ စကားကို အသဲစွဲယုံကြည်နေကြသော အစ်ကိုဝမ်းကွဲ ကျောင်းသားကြီးများကမူ အင်္ဂလိပ် သင်္ဘောကြီးတွေ မည်မျှ များများလာလာ ဂျပန်တွေက ရေမြုပ်ငုံးတွေ ထောင်ထားသဖြင့် အင်္ဂလိပ် သင်္ဘောကြီးတွေက ကမ်းနားကပ်မလာရဲကြ။ ကမ်းနားကပ်လာလျှင်လည်း ရေမြုပ်ငုံးတွေ ပေါက်ကွဲပြီး အင်္ဂလိပ် သင်္ဘောကြီးတွေ အားလုံး နှစ်မြုပ်သွားကြလိမ့်မည်ဟု ပြောနေကြသည်။

နောက်တစ်နေ့ မနက် ဝေလီဝေလင်းအချိန်တွင် ဘင်္ဂလာပင်လယ်

အော်ဘက်မှ ဆူညံလာသော အသံများကို ကြားကြရသည်။ လူတွေ အားလုံး ထိတ်လန့် တုန်လှုပ်ကုန်ကြသည်။ မကြောက်တတ်သူ ယာတောင်ရွာသား ဦးဘကျော်က ပင်လယ်ထဲ ကြည့်ရန် တောင်ပေါ်သို့ ပြေးတက်သွားသည်။ အသံတွေ တဖြည်းဖြည်း ကျယ်လာတော့မှ လေယာဉ်ပျံသံမှန်း သိကြရသည်။ လေယာဉ်တွေ မည်မျှများသည်ကိုတော့ မသိကြသေး။ လေယာဉ်သံကြောင့် မြေပြင်တစ်ခုလုံးပင် တုံဟည်းလာသည်။

မကြာမီမှာပင် ဦးဘကျော် တောင်ပေါ်က လှမ်းအော်ပြောတော့၏၊

"ပင်လယ်ထဲက လေယာဉ်ပျံတွေ အုပ်လိုက်ပျံတက်လာကြတယ်၊ ဘုံးကျင်းထဲ မြန်မြန်ဝင်နေကြ၊ ဗုံးချလိမ့်မယ်၊ လေယာဉ်တွေကို ကျုပ် ရေကြည့်နေတယ်၊ သုံးဆယ်ကျော်မယ်၊ ဘုံးကျင်းထဲ မြန်မြန်ဝင်နေကြ၊ ဘုံးကျင်းထဲ မြန်မြန်ဝင်နေကြ"

တောင်ပေါ်က ဦးဘကျော် အော်ပြောလိုက်သံကြောင့် တစ်ရွာလုံး ပွတ်လောရိုက်သွားသည်။ ကလေးသူငယ်များကို လက်ဆွဲကာ မိန်းမများနှင့် အဘိုးအို အမေအို့တို့က ဘုရားတ,ကာ ဗုံးခိုကျင်းထဲ ချက်ချင်းဝင်ပြေးကြရသည်။ ဦးဘကျော် အော်ပြောလိုက်သည်မှာလည်း အမှန်ပင် ဖြစ်လေသည်။

ဆယ်မိနစ်ပင်မကြာ ဂျပန်တောင်ပေါ်က အမြောက်ကြီး ပစ်သံတွေကို ကြားရပြီး ပင်လယ်ထဲမှ တက်လာသော လေယာဉ်ပျံများသည် တောတွေ တောင်တွေမှန်သမျှ ဗုံးမိုးရွာချ တော့သည်။ ထိုလေယာဉ် ပျံအုပ် ဗုံးလာကြချပြီး ပင်လယ်ဘက်ကို ခေါင်းလှည့်သွားသည်နှင့် တစ်ပြိုင်နက် နောက်ထပ် လေယာဉ်တစ်အုပ် ပျံတက်လာကြပြီး ဗုံးကြဲပြန်သည်။ ထို ဒုတိယအုပ် လေယာဉ်ပျံများ ဗုံးကြဲချပြီး ပင်လယ်ဘက်ကို ခေါင်းလှည့်သွားသည်နှင့် တစ်ပြိုင်နက် နောက်ထပ် တတိယ တစ်အုပ် လေယာဉ်များက ဘင်္ဂလားအော် ပင်လယ်ကြီးထဲမှ ပျံတက်လာပြီး ဗုံးကြဲချကြပြန်သည်။ သည်လိုနှင့် တစ်အုပ်ပြီး တစ်အုပ် တက်လာလိုက် ဗုံးကြဲပြီး ပြန်ဆင်းသွားလိုက် နောက်တစ်အုပ် တက်လာ၍ ဗုံးကြဲလိုက်နှင့် ကျွန်တော်တို့ ရမ်းဒြတစ်ကျွန်းလုံးရှိ တောတောင်များကို မနက်ခြောက်နာရီမှသည် နေ့လည် (၁၂)နာရီထိ ဗုံးမိုး ရွာချ သွားကြလေသည်။

ထိုနေ့မှာ ၁၃၀၆ခု၊ တပို့တွဲလဆန်း (၉)ရက် တနင်္ဂနွေနေ့ (၂၁၊၁၊၄၅) ခုနှစ်ဖြစ်သည်။ ဤသည်ကစ၍ ကျွန်တော်တို့ မြန်မာနိုင်ငံ အနောက်ဘက် အစွန်းဆုံးရှိ ရမ်းဝတီ ကမ်းခြေကို မဟာမိတ်တပ်များ စတင်လက်လာတော့သည်။

× × × × ×

လေယာဉ်ပျံသံများကို မကြားကြရတော့သဖြင့် ဗုံးခိုကျင်းထဲမှ ရွာသူရွာသားများ ဒေါ်လျှိုအလျှို ထွက်လာကြသလို ကျွန်တော်တို့ မိသားစုလည်း ဗုံးခိုကျင်းထဲမှ ထွက်လာကြသည်။

အချိန်မှာ နေမွန်းစောင်းကြီး ရောက်နေပြီး ဖြစ်သော်လည်း မနက်စာကိုမူ ယခုထိ မစားကြရသေး။ ထို့ကြောင့် အမေအဖေတို့က ကမန်းကတန်း ထမင်း ချက်ကြသည်။ ထမင်းကျက်သည်နှင့် မနက်စာကို ညနေသုံးနာရီလောက်မှာ ဗုံးကျင်းဝ၌ပင် စားကြရ၏။

ကျွန်တော်တို့ မိသားစု ဗုံးခိုကျင်းဝ၌ ထမင်းစားပြီးကြ၍ တစ်နာရီခန့် အကြာမှာပင် ရွာအောင်ပိုင်းမှ အဘွားလေး ငိုပြီး ရောက်လာသည်။ အဖေနှင့် ဦးလေးကို ငိုပြီး ပြောပြသည်။

"စံသွင်ဖြူ ဗုံးထိလို့ မနက်ကပင် သေသွားပြီးတဲ့ ထွန်းသာရဲ့ ကျော်ဇော်လှနဲ့ ငကျော်ဇောလဲ ဒဏ်ရာအပြင်းအထန် ရကြတယ် ကြားတယ်။ ငါ့ညီမကို ငါသွားကြည့်ချင်တယ်၊ နင်တို့ ငါ့ကို လိုက်မပို့နိုင်ကြ ဘူးလား"

"ဟာ - ဒေါ်လေးကလဲ ဒီလောက် တစ်နေ့လုံး တစ်ညလုံး အင်္ဂလိပ်တွေက ဗုံးမိုးရွာချနေတဲ့ ကြားထဲ ကုလားပါရွာကို သွားရင် ချောင်းဖျား မရောက်မီ ကျွန်တော်တို့ ဒေါ်လေးတို့လဲ ဗုံးထိသေတော့မှာ ပေါ့ဗျ၊ ဒါကို ဒေါ်လေး မစဉ်းစား မိဘူးလားဗျာ"

သူအလွန်ချစ်သော ကုလားပါရွာမှ အဘွားလေး စံသွင်ဖြူ သေသွားပြီဆိုသဖြင့် အဖေကလည်း ငိုသံပါကြီးနှင့် ပြော၏။

အဘွားလေးအား အဖေက ပြောသည်မှာ အပြစ်မဆိုသာ။ ကုလားပါရွာဆိုသည်မှာ ကျွန်တော်တို့ရွာနှင့် ခြေကျင်တစ်နာရီ နီးပါး ခရီးရှိသည်။ ဤကာလမျိုးတွင် အဘယ်သူသည် မိမိ,မိသားစုကို ပစ်ထွားရ၍ နာရေးသတင်း သွားမေးရဲ မည်နည်း။

"ဒီအတိုင်းသာဆို ကုလားပါတစ်ရွာလုံးတော့ ညက်ညက်ကြေကုန်ပြီး ထင်တယ် ဒေါ်လေး"

ကုလားပါရွာတွင် ဆွေမျိုးတွေ အများဆုံး ရှိနေကြသဖြင့် ဦးလေး သူကြီးကလည်း စိုးရိမ်ကြီးစွာ ဆိုသည်။

"စံ - စံသွင်ဖြူတို့ သေတာက ရွာထဲမှာ မဟုတ်ဘူးတဲ့၊ သံတူရွင်းချိုင့်မှာ ပြောတယ်။ ရွာတွေကို အင်္ဂလိပ်က ဗုံးမချပါဘူး၊ သူတို့ လေနတ်သားစာထဲ ပါသလို ဂျပန်တွေ ခိုအောင်းနေတယ် ထင်တဲ့ တော တောင်တွေကို ချတာတဲ့"

"ဒီလောက် ဗုံးတွေကြဲ၊ စက်သေနတ်တွေ ပစ်နေတဲ့ထဲ ဒေါ်လေးတို့က သံတူရွင်းချိုင့် တောထဲမှာ ဘာသွားလုပ် ကြလဲဗျာ"

"နင်လဲ သိသားပဲ၊ နင့်ဒေါ်လေးက သူ့လယ်သူ့ယာကို သိပ်မက်တာ၊ ခုမနက် လေယာဉ်တွေ ဗုံးလာမချမီကလေးမှ သံတူရွင်းချိုင့်ကို ဆေးရွက်ကြီး ခူးဖို့ သားမိသုံးယောက် ထွက်သွားကြတာတဲ့"

"ဟင် . . ."

"တို့ အပတ်ကပဲ သူ့လယ်ထွက် ငှက်ပျော်သီးနှစ်ဖီး အစ်မစားဖို့ ဆိုပြီး လာပို့သွား သေးတယ်၊ စံသွင်ဖြူရေ ဟင်း . . . ဟီး . . . နင် သေတော့မှာ မို့ နင့်အစ်မကြီး စားရအောင် နင်တကူးတက လာပို့သွားရတာလား ဟဲ့၊ ငါ ဘယ်လို ဖြေနိုင်တော့မလဲ ငါညီမရဲ့ ဟီး . . . ဟီး . . ."

အဘွားလေးက ပြောငိုနေသောအခါ ကျွန်တော့်အဘွားမှာလည်း မျက်ရည် မဆည်နိုင်။ သူတို့ ညီအစ်မ လေးယောက်ရှိကြရာတွင် ယခုတော့ တစ်ယောက် သေသွားလေပြီ။ ဒဏ်ရာ ပြင်းသည်ဆိုသော တူနှစ်ယောက်မှာလည်း ယခုအခါ မည်သို့ ရှိကြလိမ့်မည်မသိ။ တောထဲတောင်ထဲတွင် မည်မျှ အတိဒုက္ခရောက်ကြနေရလိမ့်မည် မသိ။

အမှန်မှာ ကုလားပါရွာက အဘွားလေးတစ်ယောက်သာ သေသည် မဟုတ်။ ဘာညာချိုင့်ခေါ်သော လယ်တောတွင်လည်း အောင်ဇံဦး၊ ပန်းလှ၊ ရွှေလူ စသည့် အရပ်သားသုံးလေးယောက် အင်္ဂလိပ် ဗုံးထိ၍ ထိုနေ့၌ သေကြေသေးသည်။ ဒူယောင်း ဆိုသူမှာမူ ဗုံးချရာမှ သီသီကလေး လွတ်လာခဲ့သူ ဖြစ်သည်။ အဘွားလေးတို့ သေသည့်သတင်းကို သူကပင် ပြေးလာ ပြောခြင်း ဖြစ်သည်။

အဘွားလေးမှာ မနီခိုင်ကြီးလောက် ရှိသော အတွဲလိုက်ဗုံးက တည့်တည့် ကျသဖြင့် အသားတွေကိုပင် ရှာမရဟု ပြောကြသည်။ ဒဏ်ရာ ပြင်းထန်သော ဦးလေးကျော်ဇော်လှနှင့် ကျော်ကျော်တို့မှာ ကျောက်ဖြူမြို့ဘက် က တက်လာသော အင်္ဂလိပ် စစ်တပ်နှင့် တွေ့၍ လူနာတင် လေယာဉ်က ပင်လယ်ထဲရှိ သင်္ဘောကြီးပေါ်သို့ ပို့လိုက်သည်။ ထိုမှတဆင့် အိန္ဒိယပြည် ကာလကတ္တား ဆေးရုံသို့ ပို့သည်။

ဒဏ်ရာပျောက်သောအခါ စစ်ပြေးဒုက္ခည်များ ရှိရာ ဒင်နာဂုံမူသို့ အပို့ခံရပြန်သည်။ အင်နာဂုံပူတွင် နေကြစဉ် ညီအစ်ကိုနှစ်ယောက်တွင် ညီ ဖြစ်သူက အနာစိမ်းပေါက်၍ ဗုံးဆိပ်သင့်ကာ သေကျန်ခဲ့သည်။ အစ်ကို

ဖြစ်သူမှာ စစ်ကြီးပြီးမှ မိမိရွာသို့ ပြန်ရောက်လာ၏။ ဤအဖြစ်အပျက်ကို ရွာရှိလူတွေမှာ သူပြန်ရောက်လာ၍ ပြောပြမှ သိကြရသည်။ အစကမူ သူအမေနည်းတူ သူတို့ညီအစ်ကို နှစ်ယောက်အား ရွာရှိလူများနှင့် ဆွေမျိုးများက သေသူအဖြစ် သတ်မှတ်ကာ ဆွမ်းကျွေးအမျှ ဝေပင် လုပ်ပြီးသွားကြပြီ။

ကုလားပါရွာသား၊ ရွာသူများ ထိုသို့ သေကြပျက်စီး ကြသလို ရမ်းဗြဲတစ်ကျွန်းလုံး၌ သေသူသေ၊ ဒဏ်ရာရသူရ သေသည်ရှင်သည် မသိရဘဲ ပျောက်သွားသူများလည်း အများအပြားပင် ရှိခဲ့ကြလေသည်။

ထိုသို့ အရပ်သူ အရပ်သားများ သေကြေပျောက်ဆုံးသွား ကြသလို ကျောက်ဖြူမြို့မှ တက်လာသော အင်္ဂလိပ်၊ ကုလား၊ နီဂရိုး၊ အာဖရိကတိုက်သားများမှာလည်း ကားလမ်းမရှိ ဂျပန်မြေမြှုပ်ဗုံးများ ပေါက်၍၊ ဂျပန်စစ်တပ်က တိုက်ခိုက်ပစ်သတ်၍ အမြောက်အများ သေကြသည်။ ဂျပန် မြေမြှုပ်ဗုံးကြီးများထိ၍ တင့်ကား၊ သံချပ်ကာကား၊ စစ်ကား အများအပြားမှာ ပိုးလိုးပက်လက် ဖြစ်ကုန်ကြကြောင်း သတင်းစကားများကိုလည်း နာရီနှင့်အမျှ ကြားနေကြရသည်။

အင်္ဂလိပ်စစ်တပ်သည် ရမ်းဗြဲကျွန်းမြောက်ဘက် အဆုံးကျသော ဗိုလ်ကြီးချီဇ်ခေါ် ပင်လယ်ကမ်းခြေနားမှ စတက်ပြီး ကျောက်ဖြူ၊ ရမ်းဗြဲ ကားလမ်းမအတိုင်း ကျွန်တော်တို့ ရွာဘက်သို့ စစ်ကြောင်းကြီး တစ်ကြောင်းထိုးဖောက်လာသည်။ ရမ္မာဝတီ ပင်လယ်ကမ်းခြေ တစ်လျှောက်ကိုလည်း သင်္ဘောကြီးများပေါ်မှ နေရာအနှံ့ ချီတက်လျှက် ရှိကြသည်။

× × × × ×

ကျောက်ဖြူရမ်းဗြဲ ကားလမ်းမအတိုင်း ရမ်းဗြဲမြို့ဘက်သို့ ချီတက်လာကြသော အင်္ဂလိပ် ကုလားနက် ကုလားမည်း၊ ကုလားညိုများကို ဂျပန်များက ခံတိုက်လျှက်ရှိကြရာ နေ့ရောညပါ သေနတ်သံ၊ ဗုံးသံတွေမှာ ပတ်ဝန်းကျင် တစ်ခုလုံး ဆူညံနေသည်။

ကားလမ်းမ,ရှိ မင်းပြင်ရွာ မြောက်ဘက်သို့ ဦးဆုံး ရောက်လာကြသော အင်္ဂလိပ်ကုလား စစ်တပ်နှင့် ပထမဦးဆုံး ပက်ပင်းတိုးမိကြသူမှာ မင်းပြင်ရွာသား ဦးငဖြူဖြစ်သည်။

သူသည် ဂျပန်စကားပြန်များ ဂျပန်များနှင့် အကျွမ်းတဝင် နေသူဖြစ်သည်။ အားအားယားယား ရှိတိုင်း ဂျပန်များ နောက်လိုက်နေရာ ယနေ့လည်း ဂျပန်ကင်းတောင်မှ သူပြန်လာသည်။ ဂျပန်တစ်ယောက်က ကျောက်ဖြူမြို့ ပတ်ဝန်းကျင်တွင် တိုက်ပွဲများ အပြင်းအထန် ဖြစ်နေကြပြီး

သူတို့ အခြေအနေ မကောင်းမှန်းသိ၍ ဦးငဖြူ၏ လုံခြုံရေးကို ယူထားလိုက်ပြီး သူဘောင်းဘီကို ဦးငဖြူအား ဝတ်ပေးလိုက်သည်။

ဦးငဖြူက ဂျပန်ဘောင်းဘီကို ဝတ်ပြီး ဓားမတစ်လက်ကို ပခုံးပေါ် ထမ်းကာ ရွာသို့ ပြန်လာရာ လမ်းတွင် ကုလားမည်းတပ်နှင့် ပက်ပင်းတိုး မိပြီး အဖမ်းခံလိုက်ရသည်။ ကုလားမည်းများက သူ့ကို ဂျပန်ဟုထင်သဖြင့် လှံစွပ် သေနတ်တွေနှင့် ဝိုင်းခိုန်ကာ ဖမ်းဆီးလိုက်ကြသည်။

သူက မိမိသည် ဂျပန်မဟုတ်ကြောင်း၊ ရခိုင်ဖြစ်ကြောင်းကို သူတို့ တပ်နှင့် ပါလာသော စကားပြန်ကုလားအား ပြောပြသော်လည်း လက်မခံကြ။ သို့ကြောင့် ကြံရာမရဖြစ်ကာ ဘောင်းဘီကို ပေါင်ရင်းအထိ လိပ်တင်ပြီး ထိုးကွင်း မင်ကြောင်ကို ပြရသည်။ ထိုအခါမှ သူသည် ရခိုင်တစ်ယောက် ဖြစ်ကြောင်း ယုံကြည်သွားကြသည်။

"ခု ဘယ်ကလာလဲ"ဟု မေးသောအခါ ဂျပန်ကင်းတောင်မှ လာကြောင်း အမှန်အတိုင်း ဖွင့်ပြောလိုက်သည်။ ထိုအခါ သူ့အား ဂျပန်ကင်း ဘောင်ကို ပြခိုင်းပြီး ကုလားမည်း တပ်တစ်တပ်သည် ဂျပန်များရှိရာ ကင်း ဘောင်ဘတ်တက်သွားကြသည်။ ကျန်သောတပ်က ဦးငဖြူအား ဂျပန်တွေ သောင်ထားသော ကားလမ်းမ,က ဲ့းများကို လိုက်ပြခိုင်းသည်။ ဦးငဖြူကလည်း မြေမြှုပ်ဲ့းများကို လိုက်ပြသည့်အပြင် ဂျပန်ကင်းတောင်နှင့် ဆက်သွယ်ထား သော ဲ့းဆွဲကြိုးများကိုပင် လိုက်လံပြသပြီး အင်္ဂလိပ် စစ်ဗိုလ် ကုလားမည်းများ နှင့်အတူ ဖြတ်တောက်ပစ်ကြသည်။

ထို့ကြောင့်လည်း မင်းပြင်ရွာ ပတ်ဝန်းကျင်တွင် ဂျပန်နှင့် အင်္ဂလိပ်တို့ တိုက်ပွဲအကြီးအကျယ် မဖြစ်ခဲ့ကြ။ ကားလမ်းဟောင်းအတိုင်း ကျောက်ဖြူမြို့ ဘက်မှ ရမ်းဗြဲမြို့ဘက်သို့ ချီတက်လာကြသော အင်္ဂလိပ် စစ်တပ်ကို ဂျပန်များ သည် တောင်ပေါ်က လှမ်းမြင်နေရသဖြင့် သူတို့ထောင်ထားသော ဲ့းနားရောက် သောအခါ ကြိုးဖြတ်ထားသဖြင့် ဂျပန်ဲ့းတွေမှာ တစ်လုံးမှ မပေါက်ကွဲတော့ ပေ။ ထိုအခါ ဂျပန်များသည် အင်္ဂလိပ်စစ်တပ်ကို ရင်မဆိုင်နိုင် ကြတော့ဘဲ အတွင်းကြောင်း ရွာများဘက် ဆုတ်ပြေးသွားကြရသည်။

× × × × ×

ကျွန်တော်တို့ရွာမှ အင်္ဂလိပ်စစ်တပ်နှင့် ကုလားမည်းများ ဆီတွင် ထမဦးဆုံး ဖမ်းခေါ်ခံရသူမှာ ဝေဒေါင်း ဖြစ်သည်။ ထိုစဉ်က သူ့အရွယ်မှာ လူပျိုပေါက်သာ ရှိသေးသည်။ ထို့နောက်မှာ ဖိုးစိန်၊ ကြာထွန်းဦး၊ သာထွန်းတို့ ဖြစ်ကြသည်။ ထိုလူပျိုပေါက် သုံးလေးယောက်ကို အင်္ဂလိပ်စစ်တပ်က ဝါယာ

လက်နှင့် စက်ပစ္စည်းများကို ထမ်းခိုင်းရန် ခေါ်သွားကြခြင်း ဖြစ်သည်။

အင်္ဂလိပ်စစ်တပ်ဟု ဆိုသော်လည်း အင်္ဂလိပ်ကမူ တစ်ဦးတစ်ယောက် လောက်သာပါ၏။ ကျန်စစ်သားများမှာ ဗမာပြည်၌ နေဖူးကြသော အိန္ဒိယကုလား များနှင့် နီဂရိုး အာဖရိတိုက်သား ကုလားမည်းများချည်း ဖြစ်ကြသည်။

ဝေဒေါင်း၊ ဖိုးစိန်တို့အား အင်္ဂလိပ်စစ်တပ်က ဖမ်းခေါ်သွားကြခြင်းမှာ ရွာထဲဝင်လာပြီး ဖမ်းခေါ်သွားကြခြင်း မဟုတ်။ သူတို့ လူပျိုပေါက်တစ်စုသည် ကားလမ်းမဘက် သွားကြည့်ကြသဖြင့် ကုလားမည်းနှင့် ပက်ပင်းတိုးကာ ဖမ်းခေါ်ခံရခြင်း ဖြစ်သည်။ ထိုအချိန်က အင်္ဂလိပ်စစ်တပ်များသည် ဘင်္ဂလားအော် ပင်လယ်ထဲရှိ သဘော်ကြီးများပေါ်မှ ပင်လယ်ကမ်းခြေနားရှိ ရွာများဆီ တက်မလာကြသေး။ ယခု မင်းပြင်ရွာကို ရောက်လာသော စစ်တပ်မှာ ကျောက်ဖြူမြို့မှ ကားလမ်းအတိုင်း ရမ်းဗြဲမြို့ဘက်သို့ ဦးဆုံးတက်လာကြသော တပ်ဖြစ်သည်။

ကုလားမည်းများသည် ဖိုးစိန်တို့အဖွဲ့အား မင်းပြင်ရွာကစ၍ ကားလမ်းအတိုင်း တောင်ဘက်သို့ ခေါ်လာကြသည်။ မည်သည့်ရွာက ခေါ်လာကြမှန်း မသိသော ရခိုင်သုံးလေးယောက်လည်း ပါသည်။ ကားလမ်းအတိုင်း ချီတက်နေကြသော ကုလားမည်းများနောက်ကို သူတို့က ဝါယာလက်စက်ပစ္စည်းများ ထမ်းပြီး လိုက်ပါနေကြရာ ကျောက်ပြောက်ရွာ မရောက်မီ တောင်ပေါ်က ဂျပန်များ လှမ်းပစ်ကြသည်။ ကားလမ်းမထဲရှိ မြေမြှုပ်ပုံးများ တပုံးပုံး ပေါက်ကွဲသံများကိုလည်း ချက်ချင်းကြားလာရသည်။

ရှေ့မှ ဝါယာလက်ကိုင်၍ အလံလွှင့်သွားနေသော ဂျစ်ကားတစ်စီးသည် ပုံးခနဲ ပေါက်ကွဲသံနှင့်အတူ ဖုန်လုံးတွေကြားထဲ မိုးပေါ် မြောက်တက်သွားသည်။ ဂျစ်ကားအမိုးနှင့် အဝတ်စတစ်ချို့ ကားလမ်းဘေးရှိ သစ်ပင်ပေါ် သွားတင်နေသည်။

ဂျပန်များ စတင်ပစ်ခတ်ကြကတည်းက ကုလားမည်းများ အားလုံးသည် မြေတွင် ပြားပြားဝတ်ကာ ဂျပန် သေနတ်သံကြားရာဘက် လှမ်းပစ် နေကြသည်။ ဖိုးစိန်တို့ အားလုံးကိုလည်း နီးစပ်ရာ ကုလားမည်းများက သူတို့နည်းတူ မြေပြင်တွင် ပြားပြားဝပ် ခိုင်းထားသည်။ ဖိုးစိန်တို့ ထမ်းလာကြရသော ဝါယာလက်နားသို့ အင်္ဂလိပ်ကုလား ကပြားတစ်ယောက် မိကျောင်းတွားတွားလာပြီး အရေးတကြီး စကားပြောနေသည်။

ထိုအချိန်တွင် မည်သည့်နေရာက ပစ်လိုက်မှန်းမသိသော အမြောက်ကြီး ကျည်ဆန်များသည် ကားလမ်းအရှေ့ဘက်ရှိ တောင်များပေါ် တပုံးပုံး လာကျပေါက်ကွဲနေသည်။ ပေါက်ကွဲသံတွေမှာ ဆူညံပြီး နားတွေ ပ

အုံလာကြသည်။ သည်ကြားထဲ ကုလားမည်း အော်သံတို့ကမူ သူတို့နှင့် ကပ်လျက်ဖြစ်သဖြင့် ပို၍ ဆူညံနေသည်။

ဂျပန်နှင့် အင်္ဂလိပ်တို့ တိုက်ပွဲကြားထဲ ရောက်နေကြသော ဖိုးစိန်တို့အဖွဲ့မှာ အကြောက်လွန်ကာ တစ်ကိုယ်လုံး တုန်ခိုက်နေကြသည်။ သူတို့ကပြေးကြရန်လုပ်သော အခါ ကုလားမည်းများက အော်ငေါက်ပြီး သူတို့ကိုယ်ပေါ် အတင်းတက်ခွ ဖိထားကြသည်။ ထိုအထဲ ဘယ်ရွာကမှန်းမသိသော လူကြီးတစ်ယောက်က သူ့ကိုယ်ပေါ် တက်ခွ ဖိထားသော ကုလားမည်းကို ဆွဲဖယ်ထုတ်ပြေးသွားရာ ခြေလှမ်းတစ်ဆယ်ပင် မရောက်လိုက်ရ "အား" ဟူသော အော်လိုက်သံနှင့်အတူ ကားလမ်းဘေး ခုံစုတွင် မှောက်လျက် လဲကျသွားသည်။ ဖိုးစိန်တို့မှာ ရဲရဲပင်မကြည့်ရဲကြသဖြင့် မျက်နှာကို မြေပြင်တွင် အပ်ကာ ကုလားမည်းများအပေါ်က တက်ဖိထားသည့်အတိုင်း ပြားပြားမှောက် ငြိမ်ခံနေကြရသည်။

တစ်နာရီလောက် ကြာသောအခါ သေနတ်သံ၊ ပေါက်ကွဲသံများကို ဆူညံစွာ မကြားရတော့ဘဲ ကြိုးကြိုးကြားကြားသာ ကြားနေရပြီး မကြာမီ ပတ်ဝန်းကျင် တစ်ခုလုံးငြိမ်ကျသွားသည်။ ထိုအခါမှ ဖိုးစိန်တို့ကလည်း မြေပြင်နှင့် မျက်နှာကို ခွာရဲကြတော့သည်။ ပတ်ဝန်းကျင် တစ်ခုလုံးမှာ ဖုန်တွေ၊ သစ်ကိုင်းသစ်ပင်ကျိုးတွေ၊ ကားပျက်တွေ၊ ကုလားမည်းစစ်သား အသေကောင်တွေနှင့် ရှုပ်ယှက်ခတ်နေသည်။

စောစောကမှ ထပြေးသွားသော လူကြီးတစ်ယောက်၏ အသေကောင်ကို မျက်ဝါးထင်ထင် မြင်ခဲ့ကြရသော ဖိုးစိန်တို့အဖွဲ့မှာ မိမိရွာကိုလည်း ပြန်မပြေးရဲကြတော့ပဲ ကုလားမည်းများ ခေါ်ရာသို့သာ လိုက်ပါလာကြ ရလေသည်။

ကျောက်ပြောက်ရွာနား အရောက်မှာ ခဏနားကြသည်။ တစ်ယောက်ကို စက်လုပ်မှန့်နှစ်ထုပ် ဆေးနှစ်လုံးပေးကာ ရေကိုမူ အာစွပ်ရုံသာ သောက်ကြရသည်။ ကုလားမည်းများ အားလုံးလည်း တစ်ယောက်က မည်သည့် သဘောဟု တော့မသိ သာထွန်းအား သူ့ရေဘူးကို လှုပ်ပြသည်။ ရေများများသောက်လျှင် ရေကုန်သွားမှာ စိုးရိမ်ရသည်ဟု နားလည်ရ၏။

သည်လိုနှင့် ကုလားမည်းများ ခေါ်ရာနောက်ကို ကားလမ်းမအတိုင်း လိုက်ပါနေကြရရာ ငအုပ်ရွာနား အရောက်မှာ ခဏနားကြပြန်သည်။ ထိုနေရာမှာလည်း စက်လုပ်မှန့်နှစ်ထုပ်၊ ဆေးနှစ်လုံးနှင့် ရေကို အာစွပ်ရုံသာ တိုက်ကြသည်။ ငအုပ်ရွာမှ တစ်ခါ တောင်ဘက်သို့ ကားလမ်းမတိုင်း ခရီးတက်လာကြရာ ညနေပိုင်းမှာ ကျောက်ကလေးရွာကို ရောက်လာကြသည်။

သူတို့ရှေ့က တက်သွားကြသော စစ်သားများလား၊ သို့မဟုတ်

ကျောက်ကလေရွာမှာ ဘဂ်လားအော် ပင်လယ်နှင့် နီးသဖြင့် ပင်လယ်ထဲရှိ သင်္ဘောကြီးများပေါ်က တက်လာကြသော စစ်သားများလားမသိ၊ အင်္ဂလိပ် တစ်ယောက်တလေနှင့် ကုလားမည်းများ အနန္တမှာ ထိုရွာရှိ လူထက်ပင် များများ မြောက်မြောက် ရောက်နေကြသည်ကို တွေ့ရသည်။

ညနေစာ စားချိန်ရောက်နေကြပြီး ဖြစ်ရာ ဖိုးစိန်တို့နှင့် အတူလာကြ ရသော ကုလားမည်းများ ညနေစာ စားကြသည်။ ထိုအချိန်က ဖိုးစိန်တို့မှာ အိမ်ခြေ သုံးလေးဆယ်ရှိသော ပင်လယ်ကမ်းခြေနေ ဇနပုဒ်သားများ ဖြစ်ကြရာ ဘီစကစ်ဆိုသည်ကိုလည်း မမြင်ဖူး၊ အသားဘူး၊ ငါးသေတ္တာ၊ ချောကလက် ဆိုသည်မှာကား ဝေလာဝေးပင်။

ထို့ကြောင့် ကုလားမည်းများ မြိန်ရေယှက်ရေ စားနေကြသော အစား အစာများကို ဆာလာသော်လည်း တစ်လုပ်နှစ်လုပ်သာ စားနိုင်ကြပြီး ပျို့တက် လာကာ မျိုမကျ ဖြစ်နေကြသည်။ ကုလားမည်းတွေ လာပေးသော အစားအစာ တွေမှာ သူတို့ကိုယ်ပေါ်က နံသော အနံ့ဆိုးကဲ့သို့ ချဉ်တူးတူး အောက်သိုးသိုး အနံ့ဆိုးချည်း နှာခေါင်းထဲ နံနေသဖြင့် သာထွန်းဦး တစ်ယောက်ကလွဲပြီး မည်သူမှ မစားနိုင်ကြ။

ထို့ကြောင့် သူတို့ကို နေရာချထားပေးသော အုန်းတောနားမှ အိမ် တစ်အိမ်ကိုသွားပြီး ဖိုးစိန်က ထမင်းကြမ်းလေးများ ကျန်လျှင် တစ်ခဲလောက် ပေးပါဟု သွားတောင်းသည်။ အိမ်ရှင်မိန်းမက "နင်တို့ဘယ်ကလဲ" ဟု မေးရာ "ချောင်းဝရွာက"ဟု ပြန်ပြောပြီး သူတို့ကို ကုလားမည်းတွေက ဖမ်းခေါ်လာ ကြကြောင်း၊ ဝါယာလက်နှင့် စစ်ပစ္စည်းများကို ထမ်းခိုင်းကြောင်း၊ လမ်းတွင် လည်း ဂျပန်နှင့် တိုက်ပွဲဖြစ်ကာ သေသူများ သေကျန်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုလ် ကုလားစစ်တပ်နှင့် ရှေ့ဆက်လိုက်သွားရလျှင် သူတို့လည်း တစ်နေ့နေ့ တစ်နေရာရာတွင် သေကြရလိမ့်မည် ဖြစ်ကြောင်း ငိုသံပါကြီးနှင့် ပြောပြသော အခါ အိမ်ရှင် မိန်းမကြီးက သနားသွားပုံရသည်။

"ဟဲ့ - ချောင်းဝကဆို တေ့ နင်ဘယ်သူ့သားတုန်း၊ ငါ့ညီ တစ်ယောက်လဲ ချောင်းဝမှာ ထွန်းညိုဦးနဲ့ အိမ်ထောင်ကျပြီး ရှိတယ်"

"ဟာ - အဒေါ် ထွန်းညိုဦးက ကျွန်တော့်အစ်ကို ဝမ်းကွဲပါ။ နေကြတာ လဲ ယာတောင်ပိုင်းမှာ အိမ်နီးနားချင်းပါ။ ကျွန်တော့်အဖေ နံမည်က ဦးဖိုးရွှေပါ။ အဒေါ် သိမှာပါ"

ဖိုးစိန်က မိမိရွာကို ပြန်ပြေး၍ မရသည့်တိုင်အောင် ကျောက်ကလေ ရွာ၌ ပုန်းကျန်နေခဲ့လျှင် ရလိုရငြားဟူသော အားကိုးတကြီးနှင့် သူ့ကိုကယ်ရ ပြောဇာ။ ထိုအခါ အိမ်ရှင်မကြီးက-

"အင်္ဂလိပ်အိမ်မှာ ထမင်းချက်လုပ်ဖူးတဲ့ မိန်းမတစ်ယောက် ငါတို့ရွ

ခဲ့ရှိတယ်၊ ဂျပန်တွေ မြို့ကို ဗုံးလာချလို့ အင်္ဂလိပ်စကားရော၊ ကုလားစကား ကိုပါ အကုန်ပြောတတ်တော့ ခု အင်္ဂလိပ်တွေဆီမှာ သိပ်အနေပါနေတယ်၊ အင်္ဂလိပ်ကုလားတွေကလဲ ရွာသူရွာသားတွေနဲ့ ဆက်ဆံရေးအားလုံး သူဆီကမှ ဘဆင့် ဆက်သွယ်နေကြတာ၊ သူ့ကို ငါပြောကြည့်မယ်၊ နင်က နေမကောင်းဘူး ဖြားနေတယ်ပြောနော် ကလေး"

"ဟုတ်ကဲ့ပါ၊ ကျေးဇူးတင်လိုက်တာ အဒေါ်ရယ်၊ အဒေါ့် ကျေးဇူး ကျွန်တော် တစ်သက်မမေ့ပါဘူးခင်ဗျား၊ အဲဒီအဒေါ်ကြီးကို မြန်မြန်သာ ပြောပေးပါဗျာ၊ ခု ကုလားတွေ စားတာသဲ့ ကျွန်တော်ဘယ်လိုမှ မျိုမကျလို့ ထမင်းတောင် မစားရသေး ပါဘူးခင်ဗျား၊ ရှိကြီးခိုးပါရဲ့ အဒေါ်ရယ် ဖြစ်အောင်ပြောပေးစမ်းပါဗျာ"

"အေးလေကွယ်၊ နင့်က ငါ့အမျိုးပဲ၊ အဒေါ် အတတ်နိုင်ဆုံး ညီမြို့ဝင်းကို ပြောကြည့်ပါ့မယ်၊ အော် - ဒါနဲ့ နင်တို့ ချောင်းဝက ဘယ်နှစ်ယောက်လဲ နင်တစ်ယောက်ထဲ ပဲလား"

"ကျွန်တော်တစ်ယောက်ထဲ မဟုတ်ပါဘူး အဒေါ်၊ ကြာထွန်းဦးနဲ့ သာထွန်းတို့လဲ ပါပါသေးတယ်၊ နောက် ဘယ်ရွာကမှန်း မသိတဲ့ လူကြီးသုံးယောက်လဲ ပါသေးတယ်"

ဖိုးစိန်စကားအဆုံးမှာ အိမ်ရှင် အမျိုးသမီးက ရွာတောင်ဘက်ပိုင်းထွက်သွားသည်။

မကြာမီမှာပင် အိမ်ရှင်အဒေါ်ကြီးနှင့် အင်္ဂလိပ်စကား၊ ကုလားစကား ပြောတတ်သည်ဆိုသော ဒေါ်ညီမြို့ဝင်းနှင့် အင်္ဂလိပ် စစ်ဗိုလ်တစ်ယောက် ဖိုးစိန်တို့အဖွဲ့ကို လာကြည့်ကြသည်။

ဒေါ်ညီမြို့ဝင်းက အင်္ဂလိပ်ကို ဘာပြောသည်မသိ၊ ဖိုးစိန်တို့အဖွဲ့ကို လက်ညှိုးထိုးပြပြီး ပြောရာ အင်္ဂလိပ် စစ်ဗိုလ်က ကုလားစစ်သား သုံးယောက်ကို ခေါ်မေး၏။

ကုလားမည်းတစ်ယောက် အင်္ဂလိပ်ဗိုလ်ကို ပြောနေစဉ် ဒေါ်ညီမြို့ဝင်းကလည်း အင်္ဂလိပ်စကားနှင့် ဝင်ပြောသည်။ အင်္ဂလိပ်စစ်ဗိုလ်က ကုလားမည်းတွေကို တစ်ခွန်းနှစ်ခွန်းသာ ပြောပြီး ပြန်သွားသည်။ အင်္ဂလိပ်နောက်ကို ဒေါ်ညီမြို့ဝင်းက ခြေလှမ်း တစ်ဆယ်ကိုးလှမ်းခန့် လိုက်ပြောပြီး ဖိုးစိန်တို့အဖွဲ့နှင့် ကုလားမည်းသုံးယောက်ဆီ ပြန်လာသည်။

ရောက်ရောက်ချင်း ဒေါ်ညီမြို့ဝင်းသည် ကုလားမည်း သုံးယောက်မျက်နှာကို စေ့စေ့ကြည့်ကာ ကုလားစကားနှင့် ပေါက်ပေါက်ဖောက်ဖောက်တောင်းသည်။ ကုလားမည်း သုံးယောက်ထဲတွင် အကြီးဆုံးဟု ထင်ရသော ကုလားမည်းက ဒေါ်ညီမြို့ဝင်း အော်ငေါက်ပြောဆိုနေသည်ကို မျက်နှာသေလေးနှင့် "ယက်ဆား

မျစ်၊ ယက်ဆားမျစ်(မစွစ်စ်)" ဟု ခေါင်းညိတ်နေပြီး ဖိုးစိန်တို့ အဖွဲ့ကို အင်္ဂလိပ်ငွေစက္ကူတစ်ယောက် ငါးကျပ်စီနှင့် မုန့်ထုတ်နှစ်ထုပ်၊ ဆေး လုံးနှစ်လုံးစီ ပေးပြီး ပြန်သွားသည်။

ထိုအခါမှ ဒေါ်ညိမြိုင်ဦးက ဖိုးစိန်တို့အဖွဲ့ကို ပြန်ပြောပြ၏။

"အရီးက နင့်တို့ကို ကုလားတွေ ဖမ်းခေါ်လာတာ၊ ဒီကလေးတွေက စစ်အတွေ့အကြုံလဲ ဘာမှရှိတာမဟုတ်၊ အဲဒါကြောင့် တိုက်ပွဲမှာလဲ တစ်ယောက် သေကျန်ခဲ့ပြီး ဟိုကလေးတစ်ယောက်ဆို ဖျားနေတယ် ပြောစာယ်ဆိုတော့ အင်္ဂလိပ်စစ်ဗိုလ်က သူမသိလို့ပါ နင်တို့ကို တောင်းပန်ပါတယ်ပြောပေးပါတဲ့ ပြီးတော့ နင်တို့ကို အထမ်းခ နေ့တွက်နဲ့ ဘောက်ဆူးတွေလဲ ပေးလိုက်ပါလို့ သူက ဟိုခွေးကုလားတွေကိုပါ မာန်မဲသွားတယ်၊ ကုလားဆာဂျင်က အင်္ဂလိပ်ဗိုလ်ကို သူတို့က ပိုက်ဆံပေးရင် လိုက်မယ်ပြောလို့ ခေါ်လာတာပါလို့ လိမ်ပြောလို့ ငါက ဝင်ပြောရသေးတယ်၊ ပိုက်ဆံပေးရင် လိုက်မယ်ပြောတိုင်း နင့်တို့ ခေါ်လာရအောင် ဒီကလေးတွေရဲ့ မိဘအုပ်ထိန်းသူတွေကို ပြောခဲ့လား၊ ဒီကလေးတွေ အရွယ်ရောက်ပြီးကြသူတွေလား ဆိုတော့မှ ကုလားမည်း နီဂရိုးက ငြိမ်သွားတာမဟဲ့၊ နင်တို့အစား အထမ်းသမားတွေလိုရင် ဒီရွာက လူကြီးတွေ လိုက်ချင်တဲ့လူတွေဘဲ ခေါ်သွားကြဖို့ ကုလားမည်းတွေကို ငါပြောလိုက်ပြီး၊ နင်တို့ ဘာမှ မပူကြနဲ့တော့ မနက်ကျရင် ကိုယ့်ရွာကို ပြန်သွားကြ၊ အော် --- ငါလဲ ဟိုကုလားမည်းတွေကို ပြောနေရတာနဲ့ မေ့လို့ဟဲ့၊ နင်တို့ပြန်တော့ နောက်ထပ် တက်လာတဲ့ စစ်တပ်နဲ့ တွေ့ရင် ပြန်ဖမ်းခေါ်လာကြမှာ စိုးရသေးတယ်၊ အာဖရိက နီဂရိုးတွေက လူစကားနား လည်ကြတာမဟုတ်ဘူး၊ အတော်ကြာရင် အင်္ဂလိပ်စစ်ဗိုလ်ဆီက လက်မှတ်ယူလာပေးမယ်၊ နင်တို့ ရခိုင်တွေ အားလုံး ဘယ်နှစ်ယောက်လဲ"

"အားလုံး ခု ခြောက်ယောက်ဘဲ ကျန်တော့တယ် ကြီးကြီး၊ လမ်းမှာ တစ်ယောက် သေကျန်ခဲ့တာကိုး"

"အေး၊ အေး၊ မနက်မှ ကိုယ့်ရွာကို ပြန်ကြတော့၊ လက်မှတ်ပါတယ်ဆို ပေမယ့် နီဂရိုးစစ်တပ်တွေကိုတော့ နင်တို့ရှောင်သွားကြ၊ ကားလမ်းမက မသွားကြနဲ့ပေါ့ဟာ. . . တောလမ်းက ကြည့်သွားကြပေါ့"

"ဟုတ်ကဲ့ပါကြီးကြီး၊ စိတ်ချပါ၊ ကြီးကြီးကို ကျွန်တော်တို့ ကန်တော့ပါတယ်၊ ကြီးကြီးကျေးဇူးလဲ ကျွန်တော်တို့ တစ်သက်မမေ့ ပါဘူးခင်ဗျား"

နောက်မှ သိရသည်မှာ ဒေါ်ညိမြိုင်ဦးတို့တွင် ညီအစ်မ သုံးယောက် ရှိသည်။ သုံးယောက်စလုံးတွင် ယခင်က အင်္ဂလိပ်အိမ်တွင် နှစ်ရှည်လများ အိမ်ဖော်လုပ်ဖူးကြသဖြင့် အင်္ဂလိပ်စကား၊ ကုလားစကားများကို ရည်ရည်မွန်မွန် ပြောဆိုနိုင်ကြသည်။ ခေတ်ပျက်၍ အင်္ဂလိပ်မိသားစု အိန္ဒိယသို့

ပြေးကြသော အခါ သူတို့လည်း မိမိရွာသို့ ပြန်လာနေကြသည်။

ကျောက်ကလေရွာမှ ဒေါ်ညိုမြိုင်ဦး၏ ကယ်တင်လိုက်မှုကြောင့် ဖိုးစိန်တို့အဖွဲ့သည် မသေမပျောက်ဘဲ မိမိရွာ၊ မိမိအိမ်သို့ ပြန်ရောက်လာကြလေသည်။

(ဦးဖိုးစိန်မှာ ယခုထိ အသက်ထင်ရှား ရှိနေသေးသည်)

× × × × ×

ကျောက်ဖြူရမ်းပြဲ ကားလမ်းမရှိ မင်းပြင်ရွာသား ဦးအောင်သာလှသည် တစ်နေ့မနက်၌ တောစပ်ရှိ သူလယ်ထဲတွင် ထမင်းချက်နေသည်။ ထို အချိန်တွင် ဂျပန်စစ်သား တစ်ယောက် သူတဲထဲ ပုန်းလျှိုကွယ်လျှိုနှင့် ဝင်လာ၏။

ထိုဂျပန်မှာ ဘောင်းဘီအကျီတွေ စုတ်ပြတ်ပေရေကာ သေနတ်ပင် ပါမလာတော့။ သူခါးတွင် လက်ပစ်ဗုံးတစ်လုံးနှင့် ကျောတွင် စစ်သုံး ကျောပိုး အိတ်တစ်လုံးသာ ပါသည်။ ပေါင်နှင့် ကျောကုန်းတွင်လည်း ဒဏ်ရာတစ်ချက် နှစ်ချက် ရလာသည်ကို မြင်နေရသည်။ ဦးအောင်သာလှကို ထိုဂျပန်စစ်သားက သံသယ တစ်စုံတစ်ခုနှင့် စိုက်ကြည့်နေသည်။

ကျောက်ဖြူရမ်းပြဲသွား ကားလမ်းမနှင့် ရွာပတ်ဝန်းကျင်၏ အခြေအနေမှာ အင်္ဂလိပ် ကုလားစစ်သားများနှင့် ပြည့်နှက်နေသည်။ မဟာမိတ် တို့၏ အမှတ် ၅၂ တပ်မဖြစ်ကြောင်း သံစပင်များတွင် စာတမ်းများ ရေးကပ်ထားကြသည်။ ရွာ၏ အခြေအနေမှာ ငြိမ်ငြိမ်သက်သက်ရှိနေသဖြင့် မနက်ကလယ်တဲထဲ လာနေရာ ယခု ဂျပန်တစ်ယောက် ရောက်လာသောအခါ ဦးအောင်သာလှမှာ အံ့သြတကြီး ဖြစ်သွားလေသည်။

ထို့ကြောင့် ဦးအောင်သာလှသည် ဂျပန်စစ်သားကို ကြောက်နေသဖြင့် "မတ်ချိ ထာပေရ" ဟု လောကဝတ်ပြုလိုက်သည်။

အဓိပ္ပါယ်မှာ "ထမင်းစားခဲ့ပြီးပလား" ဖြစ်၏။

ဂျပန်က "ထာပေရ အာရီမာဆင့်" မစားခဲ့ရသေးဘူးဟု ပြန်ဖြေ၏။

ထိုအခါ "ငါ့ ထမင်းချက်နေတယ်၊ ကျက်ရင် ငါ့ဆီက စားသွား" ဟု ပြောလိုက်၏။

ဂျပန်စစ်သားက ကျေးဇူးတင်ကြောင်း ပြောပြီး သူမှာပါလာသော ဘီစကစ်မုန့်နှစ်ထုပ်ကို ဦးအောင်သာလှအား ပေးသည်။ ဦးအောင်သာလှတမယူ။

"မင်းလမ်းမှာ စားဖို့ယူသွား၊ ရွာနားကို လုံးဝမသွားလေနဲ့၊ ခု တို့ရွာမှာ အင်္ဂလိပ်စစ်တပ်တွေ အများကြီး အများကြီး ရောက်နေကြပြီ၊ မင်းကို ဖမ်းလိမ့်

မယ်၊ မင်း ငါပြောတာ သဘောပေါက်လား"

ဒဏ်ရာရလာသော ဂျပန်စစ်သားက ဦးအောင်သာလှ မျက်နှာကို ညှိုးညှိုးငယ်ငယ်နှင့် စိုက်ကြည့်ပြီး သဘောပေါက်ကြောင်း ခေါင်းညိတ်နေသည်။

"မင်း ခု ဘက်ကလာတာလဲ"

"ဟိုဘက်က"ဟူသော သဘောနှင့် ကျောက်ဖြူမြို့ဘက်သို့ လက်ညှိုးထိုးပြသည်။

ဤမျှဆိုလျှင် ဦးအောင်သာလှ သိလိုက်ပြီ။ ပျားတဲရွာကြားနှင့် ကပ်သပြေရွာကြားတွင် အင်္ဂလိပ်စစ်တပ်နှင့် တိုက်ပွဲဖြစ်ကြရာမှ ပြေးလာသော ဂျပန်ပင် ဖြစ်မည်။

ဂျပန်စစ်သားက ဘာစိတ်ကူးပေါက်သွားသည် မသိ။ ဦးအောင်သာလှကို ခေါင်းညိတ် အရှိအသေပြုပြီး တဲထဲမှ ပြန်ထွက်မည်အလုပ်တွင် ဦးအောင်သာလှက "မင်း ထမင်းစားသွားဦး" ဟု ပြောသည်ကို "မစားတော့ဘူး"ဟု ပြန်ပြောပြီး ထွက်ခွာသွားသည်။

ညနေစောင်း၍ ဦးအောင်သာလှ လယ်တဲမှ ပြန်လာရာ ပြင်လျားရွာ ခေါ် နေရာနားအရောက်၌ ဆူဆူညံညံ လူများအော်ဟစ် နေကြသံကို ကြားလိုက်ရသည်။ အိမ်ရောက်၍ မကြာမီမှာပင် ထွန်းစံဦး၊ ငမှန်အောင်၊ ငအောင်ချေ တို့သုံးယောက် ဂျပန်စစ်သားတစ်ယောက်ကို တွေ့၍ ဖမ်းလာကြကြောင်း ဘုန်းကြီးကျောင်း၌ တပ်ချထားသော အင်္ဂလိပ်စစ်ဗိုလ်ဆီ ထိုဂျပန်အား ခေါ် သွားကြကြောင်း သတင်းရသည်။

ဦးအောင်သာလှသည် အကျိုးအကြောင်း သိလို၍ ရေမချိုး၊ ညနေစာပင် မစားခဲ့ပဲ အပြေးလိုက်သွားသည်။

"ငါ . . . မသားဂျပန်၊ မင်းကို အင်္ဂလိပ်ဗိုလ်ကြီးဆီပို့မယ်၊ အာဖရိကပွလီတွေက မင်းကို အရေခွံခွါကြပြီး သာမှတ်"

လမ်းတစ်ဝက်၌ပင် ထွန်းစံဦးတို့ ဆဲဆိုဖမ်းခေါ် လာကြသော ဂျပန်စစ်သားကို တွေ့ရသည်။

ဦးအောင်သာလှကို မြင်သောအခါ ဂျပန်က မျက်နှာမဲ့ပြင်း အဓိပ္ပါယ်မှာ ဦးအောင်သာလှ လက်ထောက်ချလိုက်၍ သူအဖမ်းခံ ရသည်ဟု ဂျပန်က ထင်နေပုံရသည်။

မနက်ကပင် သူအား သံသယရှိသွားခဲ့သော ဂျပန်သည် သူက ထမင်းစားပြီးမှ ပြန်ပါဟု ပြောသည်ကို ထမင်းစား မလိုလိုနှင့် ထိုင်စောင့်နေပြီး ရုတ်တရက် ထပြန်သွားသည်မှာ သူထမင်းစားနေစဉ် ဦးအောင်သာလှသည် တစ်နည်းနည်းနှင့် အင်္ဂလိပ်တပ်ကို အကြောင်းကြားလိမ့်မည်ဟု ထင်က

ထပြန်သွားခြင်း ဖြစ်ပေမည်ဆိုသည်ကို ဦးအောင်သာလှ ယခုမှ သဘောပေါက်ရသည်။

ဂျပန်က သူ့အား ဤသို့ အထင်အမြင် လွဲမှားသွားသည်ကို ဦးအောင်သာလှမှာ စိတ်မကောင်း ဖြစ်သွားမိသည်။

ထိုစဉ် ငအောင်ချောက-

"ကိုအောင်သာလှ၊ ခွေးမသားဂျပန်ကို ကျွန်တော်တို့ တွေ့လို့ ဝိုင်းဖမ်းကြတော့ ကျွန်တော်တို့ကို သိုင်းကွက်နဲ့ ခံချတယ်ဗျ၊ တော်တော်နဲ့ ဖမ်းမရလို့ တစ်နာရီလောက်တောင် ကြာသွားတာ၊ ကျွန်တော် ဝင်လုံးတော့ ခုံခံနေသေးလို့ ကျွန်တော့်နှာခေါင်းတောင် နည်းနည်းနာသွားတယ်၊ ခွေးမသား၊ မင်းတော့လားကွာ . . ."

ဦးအောင်သာလှ ရှေ့၌ပင် ငအောင်ချောက ဂျပန်စစ်သားကို ပါးရိုက်ရန် ရွယ်လိုက်စဉ် ဦးအောင်သာလှက-

"ဟာ - ဟော့၊ မလုပ်ပါနဲ့ကွာ၊ သူ့ခမြာ ဒဏ်ရာကြီးနဲ့၊ ငုံ့အထင်တော့ ပျားတဲ့၊ ကပ်သပြေရွာကြား တိုက်ပွဲက ပြေးလာတာ ထင်တယ်၊ သနားပါတယ်ကွာ မလုပ်ပါနဲ့"

ဦးအောင်သာလှက ကမန်းကတမ်း ဟန့်လိုက်မှ ငအောင်ချေလည်း လက်ရွံ့သွားသည်။

သည်လိုနှင့် ထိုဂျပန်စစ်သားအား မင်းပြင်ဘုန်းတော်ကြီးကျောင်းရှိ အင်္ဂလိပ်စစ်ဗိုလ်ဆီ သွားအပ်ကြရာ အင်္ဂလိပ်စစ်ဗိုလ်မှာ ဘာအရေးတကြီး ကိစ္စ ပေါ်နေသည်မသိ နီဂရိုး တပ်ကြပ်တစ်ယောက်ကို ဟိန်းဟောက် မာန်မဲနေရာက-

"ခင်ဗျားတို့ သူ့ကို ဘယ်က ဖမ်းလာကြလဲ"

တစ်လုံးချင်း ပမာစကားနှင့်မေး၏။

"ပြင်လျားရွာသူကပါ သခင်ဗိုလ်ကြီး၊ သူ့ကို ကျွန်တော်မျိုးတို့ မနည်းလိုက်ဖမ်းကြရပါတယ်၊ သူက သိုင်းတတ်တယ်၊ သိုင်းကွက်နဲ့ ကျွန်တော်မျိုး မျက်နှာကို လှမ်းထိုးလို့ ကျွန်တော်မျိုး မျက်နှာတောင် နည်းနည်း နာသွားပါတယ်"

"ကောင်းတယ်၊ ခင်ဗျားတို့ကို ဘယ်လူက ဖမ်းခိုင်းလဲ"

ထွန်းစံဦး၊ ငမှန်အောင်၊ ငအောင်ချေတို့မှာ မည်သို့ ပြန်ပြောရမှန်း မသိဘဲ အင်္ဂလိပ်ကြီးကို တအံ့တသြ ငေးကြည့်ကာ ငူငူငိုင်ငိုင်ကြီး ဖြစ်သွားကြသည်။

အမှန်က သူတို့သုံးယောက်သည် ဤဂျပန်စစ်သားကို ဖမ်းပြီး အင်္ဂလိပ် စစ်ဗိုလ်ဆီပို့လျှင် ဆုလာဘ်တွေ အမြောက်အများ ပေးလိမ့်မည်၊

နံမည်ကောင်းလက်မှတ် ပေးလိမ့်မည်။ ဤအင်္ဂလိပ်စစ်ဗိုလ်ကြီးသည် သူတို့မင်းပြင်ရွာ စခရောက်ကတည်းကပင် ရွာသူကြီးမှတဆင့် ဦးစောဦးနှင့် မောင်ကျော်စံတို့ သားအဖကို အရေးတကြီး မေးမြန်းရှာဖွေ ခေါ်ယူကာ ငွေသား ဒင်္ဂါး၊ ငွေစက္ကူ။ ပိတ်အုပ်၊ ဆပ်ပြာ၊ ငါးသေတ္တာ၊ အမဲဘူး၊ အသားဘူးတွေ တထောကြီးပေးခဲ့ရာ ဘာ့ကြောင့်ပေးသည်ကို မသိကြသေးသော လူတွေမှာ အံ့သြမဆုံး ဖြစ်ကုန်ကြသည်။

နောက်မှ လောင်း(လှေ)ကျိုးကျောက်နားတွင် ကွန်သွားဦးပစ်ကြရင်း အင်္ဂလိပ်သူလျှိုတွေနှင့် တွေ့ကာ ဂျပန်တွေရှိရာနှင့် ဂျပန်ကင်းကို လက်ထောက်ချ သတင်းပေးခဲ့ကြသဖြင့် ယခုလို အင်္ဂလိပ်စစ်ဗိုလ်ကြီးက မင်းပြင်ရွာကို ရောက်ရောက်ချင်း သူကြီးကို ခေါ်ခိုင်းကာ ပေးခြင်းဖြစ်ကြောင်း သိကြရသည်။

အမှန်ကတော့ ထိုအင်္ဂလိပ် စစ်ဗိုလ်သာမဟုတ်၊ နောက်ပိုင်းတွင် ထိုအင်္ဂလိပ်စစ်ဗိုလ်က ရမ်းဗြဲမြို့ဘက် ပြောင်းသွားရရာ နောက်နောက် မင်းပြင်ရွာကို ရောက်လာကြသော အင်္ဂလိပ်စစ်ဗိုလ်တိုင်းက ဦးစောဦးနှင့် မောင်ကျော်စံတို့ကိုသာ ဦးဆုံးမေးမြန်းပြီး ပစ္စည်းများနှင့် ငွေပေးသွားကြသည်မှာ အစဉ်အလာ လိုပင် ဖြစ်နေလေသည်။

ဤသည်ကို အားကျ၍ ယခုလည်း ငအောင်ချောတို့မှာ ဂျပန်စစ်သားတစ်ယောက်ကို ဖမ်းဖို့လျှင် အင်္ဂလိပ်ကြီးဆီတွင် ဆုလာဘ်တွေ အများကြီးရတော့မည် အထင်နှင့် သွားပို့ကြရာ ဆုလာဘ်တွေ မရသည့်အပြင် လက်တွေ့တွင် အင်္ဂလိပ်ကြီးဆီ၌ အအော်အဟောက်ပင် ခံနေကြရလေသည်။

အာပြောရမှန်း မသိပဲ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အင်္ဂလိပ်စစ်ဗိုလ်ရှေ့၌ မလှုပ်မယှက် မတ်တပ်ရပ်နေကြစဉ် အင်္ဂလိပ်စစ်ဗိုလ်က ထပ်မေးလာပြန်သည်။

"ဟင် - ပြောလေ၊ ပြောကြပါ၊ ခင်ဗျားတို့ကို ဘယ်လူက ဂျပန်ဖမ်းခိုင်းလဲ၊ ပြောပါ"

"ကျွန် . . ကျွန်တော်မျိုးတို့က သခင် ဗိုလ်. . ဗိုလ်ကြီးကို ကူ. . ကူညီချင်လို့ . . .

"တော် - တော်ပြီ၊ အင်္ဂလိပ်နဲ့ ဂျပန်စစ်ဖြစ်တာ ခင်ဗျားတို့နဲ့ ဘာဆိုင်လဲ၊ ခင်ဗျားတို့က အနေသာကြီးပဲ၊ ခင်ဗျားတို့ဟာ ဂျပန်ဆီမှာ ကျုပ်တို့ စစ်ဖွဲ့ရင်လဲ ဒီလိုပဲ ကျုပ်တို့ကို ဂျပန်တွေဆီ ဖမ်းပို့ကြမယ့်လူ တွေပါလား၊ သွား - သွားဂက်ဒေါက်"

မျက်နှာလို မျက်နှာရနှင့် ဂျပန်စစ်သားတစ်ယောက်ကို အင်္ဂလိပ်စစ်ဗိုလ်ဆီ ဖမ်းသွားပို့ကြသော ထွန်းစံဦးတို့ သုံးယောက်မှာ ငိုမလို ရယ်မလိုနှင့်

ဘာဆုလာဘ်မှ မရခဲ့ကြဘဲ အင်္ဂလိပ်စစ်ဗိုလ်ကို တစ်လမ်းလုံး ကျိန်ဆဲကာ အံမဲပြန် လာကြရလေသည်။

ဤသည်မှာ ကျောက်ဖြူရမ်းပြဿား ကားလမ်းမတစ်လျှောက်တွင် ဖြစ်ပွက်နေသော မဟာမိတ်တပ်မကြီး တစ်တပ်၏ စစ်ကြောင်းတစ်ကြောင်း အခြေအနေသာ ဖြစ်သည်။

ထိုအချိန်တွင် မြန်မာနိုင်ငံ၏ အနောက်ဘက် အစွန်းဆုံးကျသော ရမ္ဘာဝတီကမ်းခြေ ဘင်္ဂလားအော် ပင်လယ်ကြီး တစ်လျှောက်တွင်မူ . . .

× × × × ×

ရခိုင်ကမ်းရိုးတန်း တစ်လျှောက်ရှိ ဘင်္ဂလားအော် ပင်လယ်ကြီးထဲမှ လေယာဉ်ပျံများ တစ်အုပ်ပြီး တစ်အုပ် ပျံတက်လာကြပြီး ရမ်းပြတစ်ကွန်းလုံးကို ခြောက်နာရီတိတိ ဗုံးမိုးရွာချသွားကြပြီး နောက်ပိုင်းမှာ လေယာဉ်လာသံများကို မကြားကြရတော့သဖြင့် အရပ်သားအချို့ တောင်ပေါ်ကို တက်ကြည့်ကြရာ မရေမတွက်နိုင်သော သင်္ဘောကြီးများသည် ရမ္ဘာဝတီကမ်းခြေ တစ်လျှောက် စီတန်းရောက်နေကြသည်ကို မြင်ကြရသည်။

ထိုသင်္ဘောကြီးများမှ သင်္ဘောငယ်များ၊ ထိုသင်္ဘောငယ်များမှ တဆင့် ဦးချွန်းပဲ့ကား မော်တော်ဘုတ်များသည် ကမ်းခြေနားထိ ဆိပ်ရောက်လာကြသည်။ ထို ဦးချွန်းပဲ့တား မော်တော်ဘုတ်များထဲတွင် အင်္ဂလိပ်စစ်ဗိုလ်များနှင့် ကုလားမည်းများမှာ ပိုးပဝွက်အုပ်များပမာ ခေါင်းဏီတပ်ခို၍ သဲသောင်ပေါ် ရွှေ့ တက်လာကြသည်။

သင်္ဘောကြီးများပေါ်မှ ရေပေါ်ပေါ်နေသော ဗောဃာဖေါင်ကြီးများကို အဆင့်ဆင့်ချပေးထားရာ ထိုဗောဃာများပေါ် တက်နင်း၍ သဲချပ်ကာကားများ၊ တင့်ကားများ၊ မော်တော်ကားများမှာလည်း ကမ်းခြေဆီသို့ စီတန်းတက်လာနေကြသည်။

ကမ်းစပ်သဲသောင်ပြင်ပေါ် ကုလားမည်းများက သဲပေါက်ပြားတွေ အထပ်ထပ်ချ၍ ခင်းပေးထားကြရာ ထိုသဲပေါက်ပြားများကို နင်း၍ သဲချပ်ကာကားများ၊ တင့်ကားများ၊ မော်တော်ယာဉ်များ၊ မြေတူးမြေကော်စက်များ၊ လမ်းလုပ်စက်များသည် ကုန်းပေါ်သို့ တစ်စီးပြီးတစ်စီး တက်လာနေကြသံကို ဆူညံစွာ ကြားလာရသည်။

မကြာမီ နာရီပိုင်းအတွင်းမှာပင် ရမ္ဘာဝတီကမ်းခြေ တစ်လျှောက်ရှိ ရွာများကြားနှင့် ပင်လယ်ကြီးကြားရှိ သဲခုံ၊ သောင်တန်း၊ လယ်တွင်း၊ လယ်တွက်များထဲတွင် သဲချပ်ကာကား၊ တင့်ကား၊ မော်တော်ကား၊ မြေတူးကား

မြေညီတား၊ လမ်းလုပ်ကားများ၊ အင်္ဂလိပ်၊ ကုလားမည်း စစ်သားများနှင့် ပြည့်နက်သွားသည်။ သို့သော် သင်္ဘောကြီးများပေါ်မှ အဆင့်ဆင့် ချပေးနေကြသော ပစ္စည်းမျိုးစုံတို့မှာမူ ကမ်းခြေသို့ ပို့၍ သယ်ချ၍ မပြီးနိုင်ကြသေး။ နောက်ထပ် ပို့တုန်းပို့ဆဲပင် ရှိနေသေး၏။

တစ်ချို့သော ကုလားမည်း ရာခိုအုပ်သည် သဲသောင်ပေါ်တွင် ဂေါ်ပြားနှင့် မြေညှိကာ သံပေါက်ပြားများကို ဆက်ခင်းနေကြသလို အခြား ကုလားမည်း ရာခိုထောင်ချီ အုပ်ကလည်း တင်ကူး အဝတ်တဲများကို ထိုးဆင်နေကြသည်။ သဲကွဲ၍ နစ်မြုပ်နေကြသော သံချပ်ကာကား တင့်ကားများသည် စက်ကုန်မောင်းကာ တဟည်းဟည်းမြည်ပြီး ကမ်းသို့တက်ရန် ကြိုးစားနေကြသည်။

ထို့ကြောင့် ရွာကြားနှင့် ပင်လယ်ကမ်းခြေကြားတွင် စက်သံ၊ လူသံ၊ အော်သံဟစ်သံတို့နှင့် ဆူညံနေသည်။ ကုလားမည်းများ ရာခိုထောင်ချီတို့သည် သဲသောင်ပေါ်တွင် သံပြားပေါက်များကို ဆက်ခင်းကာ အရေးပေါ် ဆင်းသက်နိုင်သော လူနာသယ် လေယာဉ်ကွင်းများကိုလည်း အရေးတကြီး အဆော့တလျှင် လုပ်ကိုင်နေကြသည်။ သူတို့ကို မြင်ရသည်မှာ ပျား၊ ပရွက်ကောင်များပမာ ဖြစ်နေသည်။

ထိုအခြေအနေတွင် တောင်ပေါ်မှ ဂျပန်များကလည်း အမြောက်ကြီးများနှင့် လှမ်းပစ်ခြင်း၊ ရေမြှုပ်ဗုံး၊ မြေမြှုပ်ဗုံးများကို ဖေါက်ခွဲတိုက်ခိုက်ခြင်းဖြင့် ခုခံကာကွယ်နေကြသည်။ တစ်ပြိုင်တည်းမှာပင် ကမ်းခြေရောက်နေသော စစ်သားများနှင့် သင်္ဘောကြီးများပေါ်မှ ပစ်သံ ခတ်သံတို့မှာ ပင်လယ်ကမ်းခြေတစ်လျှောက် သောသောညံ လာပြန်သည်။

ထိုသို့ တိုက်ပွဲများ ပင်လယ်ဘက်၌ အပြင်းအထန် ဖြစ်နေကြချိန်တွင် တောင်ကြီးတစ်လုံး၏ အကာအကွယ်ကို ရထားသော ကျွန်တော်တို့ရွာရှိ အရပ်သူ အရပ်သားများမှာ ထမင်းတစ်နပ် နှစ်နပ်ငတ်နေကြရာ ပစ်သံခတ်သံတွေကြားထဲ၌ပင် ထမင်းကို ငုံးခိုကျင်းဝ၌ ဖြစ်သလို ချက်စားနေကြရသည်။

ကျွန်တော် မှတ်မှတ်ရရ ရှိမိလိုက်သည်မှာ ငုံးခိုကျင်းဝ၌ ကျွန်တော်တို့ မိသားစု မနက်စာ ညစာမှန်း တိတိကျကျ မရှိတော့သော ထမင်းတစ်နပ်ကို စားနေကြစဉ် ဂျပန်စစ်သား သုံးယောက်သည် စုတ်စုတ်ပြတ်ပြတ်နှင့် ရွာမြောက်ဘက်ပိုင်းမှ သေရေးရှင်ရေး ပြေးလာကြပြီး ရေကပြင်ရှိ ရေအိုးမှ ရေခပ်သောက် သွားကြသည်။ ကျွန်တော်တို့ မိသားစု ထမင်းစား နေကြသည်ကို မြင်သော်လည်း မည်သို့မျှ မပြောမဆိုဘဲ သုတ်သီးသုတ်ပြာ ရွာတောင်ပိုင်းဘက်သို့ မပြေးရုံတမည် ထွက်သွားကြသည်။

ထို့ဂျပန်များ ထွက်သွားကြပြီး မကြာမီ အမြောက်သံ၊ ဗုံးကွဲသံ

သေနတ်သံများ စဲသွားပြီး မိုးချုပ်သွားသည်။ သို့သော် နာရီမခြားမီပင် အမြောက်ကြီးပစ်သံ၊ ဗုံးပေါက်ကွဲသံ၊ သေနတ်သံများကို နားကွဲမတတ် နေရာ အနှံ့အပြားမှ ပြန်လည်ကြားလာရ ပြန်သည်။

ထိုအခါ ကျွန်တော်တို့ ရွာသူရွာသားများမှာလည်း ဗုံးခိုကျင်းထဲ ဝင်ပြေးကြရသလို ကျွန်တော်တို့ မိသားစုမှာလည်း အိမ်အနောက်ဘက်ရှိ တောင်ခြေရင်းက ဗုံးခိုကျင်းထဲ ကမန်းကတန်း ဝင်ပြေးကြရပြန်သည်။ အမြောက်သံ၊ ဗုံးသံ၊ သေနတ်သံတို့မှာ နေ့စဉ်လိုလို ကြားနေရသဖြင့် ကြောက်စိတ်လည်း များစွာဖြစ်မနေကြတော့ရာ ကျွန်တော်သည် ဗုံးခိုကျင်းထဲ၌ပင် အိပ်ပျော်သွားလေသည်။

မနက်မိုးလင်း၍ ကြားရသော သတင်းများမှာမူ နားထောင်မကုန် လောက်အောင် များပြားနေသည်။

ညတိုက်ပွဲများ၌ ဂျပန်များသည် ပင်လယ်ကမ်းခြေတွင် တပ်လာချ ထားသော ကုလားမည်းတပ်ထဲကို ဓားနှင့်ဝင်ခုတ်ကြသည်။ တစ်ကိုယ်တော် စွန့်စားပြီး ကုလားမည်း တပ်များထဲ ဂျပန်များက ဓားနှင့်ဝင်ခုတ်ကြသဖြင့် ကုလားမည်းတွေမှာ ကြောက်လန့်သွေးပျက်ကာ သူတို့သင်္ဘောကြီးရှိရာ တမ်းခြေသို့ ပြန်ဆင်းပြေးကြသည်။

ဤသည်ကို အင်္ဂလိပ်စစ်ဗိုလ်များက ဝါးလုံးရှည်နှင့် သိမ်းကျုံးရိုက်နှက်ပြီး ဂျပန်များကို လှဲစွပ်နှင့် ထိုးခိုင်းကြသည်။ အနီးကပ် စုတင်းဂမ်းတွေနှင့် ပစ်ကြသည်။ ဂျပန်များက သူတို့ကိုယ်ပေါ် ပါလာသော ဗုံးများကို ဖေါက်ခွဲပြီး အသေခံတိုက်ခိုက်ကြသည်။ တစ်မနှတစ်နေ့ ကုလားမည်းများ ရာချီထောင်ချီ သေကုန်ကြသည်ဟူသော သတင်းကို မနက်လင်းတိုင်း ကြားနေရသည်။

ဒဏ်ရာရသော စစ်သည် လူနာများကို တစ်ရက်နှစ်ရက်နှင့် အပြီးလုပ်ထားကြသော လူနာတင် လေယာဉ်ကွင်းမှ လေယာဉ်နှင့် တင်ပို့နေကြသည်။ ထို့ကြောင့် ဗုံးကြဲ၊ စက်သေနတ်ပစ်ရန် လာသော လေယာဉ်သံနှင့် မတူသည့် လူနာတင် လေယာဉ်များ အဆင်းအတက်လုပ် နေကြသံကို နေ့ည မဟူ ကြားနေရသည်။ ထိုလေယာဉ်များမှာ နီမဲ့နီမဲ့ကသာ ပျံကြသဖြင့် မောင်းနေကြသော အင်္ဂလိပ် လေသူရဲများကို ရွာကထွက်ကြည့်သူ အချို့မြင်ကြရသည်။

ဘင်္ဂလား ပင်လယ်အော်ထဲရှိ သင်္ဘောကြီးများမှ တက်လာကြသော အင်္ဂလိပ် မဟာမိတ်တပ်များသည် ပင်လယ်ကမ်းခြေ တစ်လျှောက်တွင် ပို့များလာသည်။ သူတို့သည် ကျောက်ဖြူရမ်းငြ ကားလမ်းကို စစ်ကြောင်း အဓိကထား၍ ကျောက်ဖြူမြို့ဘက်မှ ရမ်းဗြဲမြို့ဘက်သို့ ဦးတည်ချီတက်နေကြသည်။

ရမ်းဗြဲမြို့ဘက်သို့ ချီတက်နေကြသော တပ်ထဲမှ ရှေ့ပြေး အင်္ဂလိပ်စစ်ကားများသည် ဂျပန်မြေမြှုပ်ဗုံးထိ၍ တံတားအောက်ချောက်ထဲ ထိုးကျသွားသော ကားတွေမှာလည်း မနည်းဟု လမ်းပြလိုက်သွား ရသူအချို့က ပြန်ပြောလာပြီး ပြောပြကြသည်။

ထိုလမ်းပြအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခံရသူတွေမှာ နောက်တစ်ရွာရောက်ပြီး လူစားရမှ ပြန်လာကြရသူများဖြစ်ရာ ထိုသူများသည် အင်္ဂလိပ်နှင့် ဂျပန်တို့၏ အနီးကပ်တိုက်ပွဲများကို မျက်ဝါးထင်ထင် ဒိုင်ခဲ့ကြရသူများ ဖြစ်လေသည်။ ထို့ကြောင့် တစ်ရွာရွာမှ လမ်းပြလိုက်သွားရသူ တစ်ယောက်ယောက် ပြန်ပြေးလာပြီး ပြန်ရောက်လာပြီးဆိုလျှင် ထိုသူအနားတွင် တစ်ရွာလုံးရှိ လူတွေ ဝိုင်းအုံနေတတ်ကြသည်။

ရမ်းဗြဲမြို့ဘက် လိုက်သွားရပြီး ပြန်လာသော ဦးညိုလှအောင်၏ ပြောပြချက်မှာ ကြားရသူများအဖို့ သွေးပျက်စရာ ကောင်းလှသည်။

ကျောက်ဖြူမြို့ ကားလမ်းမအထိုင်း ရမ်းဗြဲမြို့ဘက်သို့ ချီတက်သွားကြသော အင်္ဂလိပ်စစ်တပ်များကို ဆူပလေးတောင်နား အရောက်တွင် ဆူပလေးတောင်ရှိ ဂျပန်စစ်တပ်က စတင်ပစ်ခတ်၍ တိုက်ခိုက်သည်။ ဂျပန်များ စတင်ပစ်ခတ် လိုက်သံနှင့်အတူ ကားလမ်းမရှိ ဂျပန်တို့၏ မြေမြှုပ်ဗုံးများကလည်း တစ်လုံးပြီးတစ်လုံး ပေါက်ကွဲလာကြရာ အင်္ဂလိပ်စစ်တပ်မှ ကားများလူများမှာ မိုးပေါ် မြောက်တက်ကုန်ကြသည်။ ဂျစ်ကား တစ်စီးဆိုလျှင် သစ်ပင်ပေါ်၌ပင် သွားတင်နေလေသည်။ ထို့ကြောင့် အင်္ဂလိပ်စစ်တပ်က ရှေ့သို့ လုံးဝမတက်နိုင်ဘဲ ဆူးပလေးတောင်နား၌ပင် ဂျပန်တို့နှင့် အသေအကြေ တိုက်ခိုက်နေကြရ၏။

တစ်နေ့လုံး ထိုသို့တိုက်ခိုက် နေကြရာ ညနေမိုးချုပ်စမှာ ဂျပန်များက မီးခိုးဗုံးများ ပစ်ပေါက်ပြီး ကားလမ်းဘေး ချုံထဲမှ အင်္ဂလိပ်စစ်တပ်ထဲ ညာသံပေးကာ ပြေးဝင်လာကြသည်။ မီးခိုးဗုံးများမှ ထွက်သော အခိုးအငွေ့တွေကြောင့် ပတ်ဝန်းကျင် တစ်ခုလုံး မဲမှောင်သွားစဉ် ဂျပန်များက အင်္ဂလိပ်စစ်တပ်ထဲ ဓားနှင့်ဝင်ခုတ်ကြသည်။

ခြပရွက်အုံပမာ များပြားလှသော ကုလားမည်းတွေမှာ ကြောက်လန့်တကြားနှင့် ပထမတော့ ဖရိုဖရဲ အော်ဟစ်ထွက်ပြေးကြသည်။ ဂျပန်ဓားထိ၍ ခေါင်းပြတ် ကိုယ်ပြတ် ခြေပြတ် လက်ပြတ်ဖြစ်သွားကြသော ကုလားမည်းများ၏ အော်ဟစ်ညည်းညူ နေကြသံများမှာ ကမ္ဘာပျက်နေသလား ထင်နေရသည်။ ကားလမ်းဘေးရှိ ချုံကြိုချုံကြားထဲမှ ဓားဝင်၍ တစ်သုတ်ပြီး တစ်သုတ် ပြေးထွက်လာကြသော ဂျပန်များသည် မည်းမည်းမြင်ရာ ဓားနှင့် အကုန်လိုက်ပိုင်းနေကြသည်။

ဂျပန်များ ထိုသို့တိုက်ခိုက်နေကြသည်မှာ တစ်ညလုံးဖြစ်သည်။ ထိုည သန်းခေါင်ကျော်အချိန်တွင် လေယာဉ်နှစ်စင်း ပျံရောက်လာပြီး ဆူးပလေး တောင် ပတ်ဝန်းကျင်ကို မီးကျည်မီးပန်းများ ပစ်ချသွားသည်။ ထိုမီးကျည်မီး ပန်းများမှာ အလင်းအားကြီးသဖြင့် အော်ဟစ်ပြေးလွှား နေကြသော ကုလားမည်း များ၊ ဆူးပလေးတောင်ဘက်ကို ဝိုင်းဝန်းပစ်ခတ် နေကြသော ကပ္ပလီများ၊ အင် လိပ်များ၊ ဂျပန်ဓားထိ၍ ဗိုက်ပေါက်အူထွက်ကာ သွေးရူးသွေးတန်း လျှောက် ပြေး နေကြသော နီဂရိုးများနှင့် တစ်အားဇွေရမ်း ခုင်္ဂသတ်နေသော ဂျပန် တစ်ယောက်တစ်လေကိုပင် အလင်းရောင်ထဲ အတိုင်းသား မြင်နေရ၏။

ဂျပန်ဓားထိ၍ ဗိုက်ပေါက်အူထွက်ကာ သွေးရူးသွေးတန်းနှင့် အော်ဟစ်ပြေးလာသော ကပ္ပလီတစ်ယောက်က သူ့ကိုယ်ပေါ် မှောက်လာလဲ သောအခါ ဦးညိုလှအောင်မှာ အကြောက်လွန်ကာ ကားလမ်းဘေး ချုံထဲဝင်ပြေး လာမိသည်။ နီဂရိုးများနှင့် ကပ္ပလီများ အင်္ဂလိပ်များကမူ ချုံထဲ မည်သူမျှ ပြေးမဝင်ရဲကြ။ ကားလမ်းမပေါ်၌သာ စုပြုံခုခံနေကြသည်။

ဦးညိုလှအောင်က ချုံတောအတိုင်း မိမိရွာဘက်သို့ မှန်းဆ၍ ပြေးခဲ့ လာရာ ခြေလှမ်းလေးငါးဆယ် မပြည့်မီမှာပင် ဆူးပလေးတောင် ပတ်ဝန်းကျင် ကို လေယာဉ်တစ်အုပ် ပျံရောက်လာပြီး ပုံးကြဲချသံ တအုန်းအုန်းကို ကြားခဲ့ရ သည်။ ထိုအချိန်က စ၍ ဆူးပလေးတောင်ကို လေယာဉ်များ တစ်အုပ်ပြီးတစ် အုပ် လာ၍ ပုံးကြဲချနေသည်။

ထို့နောက်မှာ ညကဂျပန်များ ဓားနှင့်ဝင်ခုတ်သွားကြ၍ သေကြေနေ ကြသော ကုလားမည်း၊ နီဂရိုး၊ ကပ္ပလီများထဏ် အဆရာအရာမက များပြားလှ သော ကုလားမည်း၊ နီဂရိုး၊ ကပ္ပလီများသည် ဆူးပလေးတောင်နားကို တစ်တပ် ပြီးတစ်တပ် ရောက်လာကြသည်။ ထိုအချိန်ထိ လေယာဉ်များကလည်း ဆူးပ လေးတောင် ကြောတစ်လျှောက်ကို ပုံးမိုးရွာချ နေကြတုန်းပင်။

× × × × ×

တစ်ရက်နှစ်ရက် တိုက်ပွဲဖြစ်ကြပြီးသောအခါ ဂျပန်စစ်သားများသည် ရွာပတ်ဝန်းကျင်၌ များများစားစား မရှိကြတော့ဘဲ အားလုံး တောင်ဘက်နယ်သို့ ဆုတ်ခွာသွားကြသည်။

ထို့ကြောင့် နောက်ထပ် တိုက်ပွဲများကို ကျွန်တော်တို့ ရွာပတ်ဝန်းကျင်၌ ပြင်းပြင်းထန်ထန် နီးနီးနားနား မကြားရတော့ပေ။ ဂျပန်များ တောင်ဘက်သို့ ဆုတ်ပြေးကြခြင်းမှာ ရမ်းဗြဲမြို့ဘက်မှ သံဇိုင်းမြစ်ကို ဖြတ်ကူးကာ တောင်ကုတ် တောင်ကြားလမ်းအတိုင်း ဗမာပြည်သို့ ပြေးကြရန် ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့ ရွာပတ်ဝန်းကျင်နှင့် စာလျှင် မဟာမိတ် တပ်များနှင့် ဂျပန်များ အသွေးအကြေ တိုက်ခိုက်ခဲ့ကြသည်မှာ တောတောင်ထူထပ်သော ရမ်းဗြဲမြို့ဘက်၌သာ များခဲ့လေသည်။

ရွာနားဝန်းကျင်တွင် အင်္ဂလိပ်နှင့် ဂျပန်တပ်တို့ တိုက်ပွဲများ ဖြစ်နေကြသံ မကြားရသောအခါ ကျွန်တော်တို့ ကလေးငယ်များမှာ ဟိုအိမ်နား၊ သည်အိမ်နား သွားလာခွင့်ရကြသည်။ ထို့ကြောင့် ကျွန်တော် ရွာတောင်ဘက် ပိုင်းထွက်လာရာ လွန်ခဲ့သော သုံးလေးရက်က အင်္ဂလိပ်လေယာဉ်ပျံများ ဗုံးကြဲချသွား၍ သေဆုံးသွားသော အဘွားလေး၏ အစ်မမှာ သူ့အိမ်ဘေး၌ ယခုထိ ထိုင်ငိုနေသည်ကို တွေ့ရသည်။

ကျွန်တော်တို့ရွာ ပတ်ဝန်းကျင်တွင် တိုက်ပွဲများ မဖြစ်တော့ဘဲ အေးအေးချမ်းချမ်း ရှိနေကြသော်လည်း တောင်ဘက်ပိုင်း၌ အင်္ဂလိပ်နှင့် ဂျပန်တို့ အသေအကြေ တိုက်ခိုက်နေကြတုန်းဖြစ်ရာ တောင်ဘက်နယ်မှ စစ်သည်လူနာများကို လေယာဉ်ကွင်းရှိရာ ပသန်းပြင်၊ အိမ်ကြီးပါး၊ လောင်ကျီးချိုင်နှင့် ပင်လယ်ကမ်းခြေရှိ လေယာဉ်ကွင်းများသို့ လာပို့နေကြသဖြင့် လူနာတင်လေယာဉ်ငယ်တွေမှာ ဆင်းလိုက်၊ တက်လိုက်နှင့် အခေါက်ခေါက် အခါခါ လူနာသယ်တင် နေကြသည်။

ထိုအချိန်ထိ ဘင်္ဂလားပင်လယ်အော်ထဲရှိ သင်္ဘောကြီးများမှ စစ်သား အင်္ဂလိပ်ကုလားမည်းများနှင့် သံချပ်ကာ၊ မော်တော်ကားများ၊ စားနပ်ရိက္ခာများကို အဆက်မပြတ် ပို့ပေးနေတုန်းပင်ရှိရာ နဂရိုး၊ ကပ္ပလီ၊ အာဖရိကကုလားမည်း စစ်သားများမှာ ရွှင်ဖျင်တဲ၊ တင်းဂူးတဲများ မဆံ့တော့သဖြင့်

နောက်ထပ် တဲသစ်များထိုးလုပ်ရန် ရွာနားထိ ဝါးခုတ် ရောက်လာကြသည်။

ပင်လယ်ကမ်းခြေနားတွင် တပ်ချထားသော ကုလားမည်းများတန့်စဉ် လိုလို ရွာထဲကို ဝင်လာပြီး တဲထိုးရန် ဝါးလာခုတ်နေကြသော အခါ ရွာသူရွာသားတွေမှာ ကြောလျှင် ခနိပျစ်၊ အုန်းတန်သတ်ရန်ပင် ဝါးမကျန်ဖြစ်သွားမှာ စိုးရိမ်လာကြသည်။ ကုလားမည်းများ ဝါးခုတ်ကြသည်မှာလည်း အကြီးအသေး အနုအရင့် မရွေး အကုန်ခုတ်ယူနေကြသဖြင့် ဝါးပြန်း သွားမှာကိုပင် စိုးရိမ်စရာ ဖြစ်လာကြသည်။

ထို့ကြောင့် တစ်နေ့တွင်ပင် အဖေက ဦးလေးကို ပြော၏။ သည်အတိုင်းဆိုလျှင် ခါးမောက်၊ တောင်း၊ ဖျာ၊ ပက္ကလာရက်ရန်ပင် ဝါးကျန်တော့မည် မဟုတ်၊ လူစကား နားမလည်သော အာဖရိက ကုလားမည်းများကို ဟန့်တားရ်လည်း မရ။ ထို့ကြောင့် ပင်လယ်ကမ်းခြေနားရှိ အင်္ဂလိပ်စစ်ဗိုလ်ကို သွားတိုင်ကြမည် ဆိုသောအခါ ဦးလေးက သည်အတိုင်းသွား တိုင်၍ မဖြစ်သေး။ အင်္ဂလိပ်စစ်ဗိုလ်တွေ ကြိုက်သော ကြက်ဥစိမ်းတွေ ယူသွားပြီးတိုင်မှ ဖြစ်မည်ဟု ရွာတွင် ကြက်ဥစိမ်းတွေ လိုက်ရှာကြသည်။

ထိုအခါ ရွာလယ်ရှိ အဖေ၊ ဦးလေးတို့၏ အစ်မကြီးဖြစ်သူက အကြံတစ်ခုပေးပြန်သည်။

အဖေနှင့် ဦးလေးတို့အား ကြီးကြီးပေးသော အကြံမှာ အဘိုးသည် ဂျပန်ခေတ်၌သာ မဟုတ်၊ အင်္ဂလိပ်ခေတ်ကလည်း သူကြီးဖြစ်ခဲ့သည်။ အဘိုး၏ အဖေ၊ အဘိုး၏ အဖိတို့မှာလည်း အင်္ဂလိပ်လက်မှတ် ရသူကြီးများချည်း ဖြစ်ခဲ့ကြသည်။ အဘိုးခေတ်၌ အဘိုးသည် လေးဆက်မြောက် အင်္ဂလိပ်လက်မှတ်ရသူကြီးဖြစ်သည်။ ထိုသူကြီး လက်မှတ်ကို ကြီးကြီးသည် ဂျပန်ခေတ်၌ သိုသိုသိပ်သိပ် သိမ်းဆည်းဂုက်ထားခဲ့ရာ ယခုကြီးကြီးဆီမှာ ထို သူကြီးခန့်စာလက်မှတ်ရှိသည်။ ငါ့မောင်တို့ အင်္ဂလိပ်ဆီ သွားကြမည်ဆိုလျှင် ထိုလက်မှတ်ကို ယူသွားပြီး ပြကြဟု ပြောလေရာ အဖေနှင့် ဦးလေးတို့မှာလည်း ဝမ်းသာအားရ ဖြစ်ပြီး ကြက်ဥစိမ်းနှင့် သူကြီးလက်မှတ်ကို ယူကာ ပင်လယ်ကမ်းခြေနားရှိ အင်္ဂလိပ်စစ်ဗိုလ်ကို အကျိုးအကြောင်း သွားတိုင်ကြသည်။

သူကြီးလက်မှတ်ကို ပြသောအခါ အင်္ဂလိပ်စစ်ဗိုလ်ငယ်ကလည်း ဝမ်းသာအားရ ဖက်လဲတင်လုပ်ပြီး ထိုအင်္ဂလိပ်စစ်ဗိုလ်လေး၏ အဖေသည် ဗမာပြည်၌ မြို့ပိုင် လုပ်သွားဖူးကြောင်း ပြောပြပြီး အိမ်နားရွာနား၌ ကုလားမည်းများ ဝါးလာခုတ်လျှင် ဤစာကိုပြပြီး ဟန့်တားကြပါဟု စာတစ်ရွက် ရေးပေးလာကြားလိုက်သည့် အပြင် ဂျပန်ခေတ်တွင် အဝတ်အထည် ရှားပါးမှန်း သိသဖြင့် စစ်စွယ်တာတစ်ယောက် တစ်ထည်နှင့် စစ်မျက်နှာသုတ်ပဝါ တစ်ထည်စီ ကိုလည်း ပေးလိုက်သည်။ ထို့နောက် ဘာအကြောင်းရှိရှိ သူ့ဆီကို လာအ

ကြောင်းကြားရန်လည်း မှာလိုက်သေးသည်။

*သည်လိုနှင့် ကျွန်တော်တို့ရွာထဲဝင်၍ ဝါးလာခုတ်ကြသော ကုလား*မည်းများကို အင်္ဂလိပ် စစ်ဗိုလ်စာပြပြီး ဟန့်တားကြသည်။ ထိုအခါ ကုလားမည်းများက အိမ်နားရှိ ဝါးများကို မခုတ်ကြသော်လည်း ရွာပြင် ဝါးတောမှ ဝါးများကိုမူ တစ်လုံးမကျန် ခုတ်ယူသွားကြပြန်သည်။ သဘော်ကြီးပေါ်မှ နေ့စဉ် ရက်ဆက် တင်ပို့ပေးနေသော ကုလားမည်း စစ်သားများမှာလည်း တစ်နေ့ တစ်ခြား များချည်းလာရာ ရွာပြင်မှ ဝါးတွေ ကုန်သွားသောအခါ ရွာထဲဝင် လာကြပြန်သည်။

အဖေနှင့် ဦးလေးတို့ကလည်း ထိတ်ခနဲဆို အင်္ဂလိပ်စစ်ဗိုလ်ဆီ ပြေးကြသည်။ သို့သော် နောက်ပိုင်းမှာ အင်္ဂလိပ် စစ်ဗိုလ်တွေကလည်း တစ်ယောက်ပြီးတစ်ယောက် ပြောင်းသွားကြရာ အင်္ဂလိပ်စစ်ဗိုလ်ငယ်က ရေးပေးထားခဲ့သော စာမှာ များစွာ ခရီမရောက်တော့ပဲ မိမိအိမ်သုံးလိုသော ဝါးများကို လုံလုံလောက်လောက် ခုတ်ယူထားကြရန် အင်္ဂလိပ်စစ်ဗိုလ် တစ်ယောက်က မှာလိုက်ကြောင်း ပြော၍ တစ်ရွာလုံးရှိ လူတွေမှာ မိမိအသုံးလိုသော ဝါးများကို ကုလားမည်းများနှင့် အပြိုင် ခုတ်ထားကြရလေသည်။

× × × × ×

တစ်နေ့တွင် ရေကန်ကို ရေတ်သွားကြသော အမျိုးသမီးသုံးယောက် ရွာထဲပြန်ပြေး လာကြသည်။ ကန်ဘောင်ထက်ရှိ ဗောဓိပင်အောက်၌ ထိုင်နေကြသော ကပွလီသုံးကောင်က သူတို့ကို မဖွယ်မရာ လုပ်ပြပြီး လက်ယက်ခေါ်ကြသည်ဟု ပြော၏။ ထိုနေ့က စ၍ ရွာပြင်ရှိ ရေကန်သို့ အမျိုးသမီးများ ရေခပ်မသွားရဲကြတော့ပေ။

ပင်လယ်နားရှိ စစ်တပ်မှ တုလားမည်းများသည် ရွာနားရှိ ရေကန်တွင် နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ ရေလာချိုးကြသည်ကိုလည်း တွေ့လာရသည်။ အမျိုးသမီးများက ရေကန်ကို ရေသွားမခပ်ရဲကြသဖြင့် အမျိုးသားများကချည်း ရေသွားခပ်ရကြရရာ တုလားမည်းများက "မိန်းမရှာပေး၊ ဒါတွေပေးမယ်"ဟု အင်္ဂလိပ်ငွေစက္ကူ၊ အဝတ်အထည်များကို ခြေဟန်လက်ဟန်တွေနှင့်ပါ ကိုင်ပြကြသည်ဟု ဆို၏။

တုလားမည်းများ ကန်ဘောင်တွင် ကိုယ်တုံးလုံးချွတ်ပြီး ဆပ်ပြာတိုက်၊ သွားတိုက်၊ အဝတ်လျှော် လုပ်နေကြသည်ကို ရေခပ်သွားသူတိုင်း တွေ့နေရသည်။ ရွာက ရေခပ်ရန် လာသူတိုင်းအားလည်း "မိန်းမ၊ မိန်းမ"ဟု မေးနေကြကြောင်း သိရသည်။ မိန်းမကိစ္စနှင့် ပတ်သက်၍ ရွာသူရွာသားများ တွေကြုံခဲ့ကြရသော ဂျပန်ခေတ်နှင့်စာလျှင် အင်္ဂလိပ်ခေတ်မှ မိန်းမသားများအတွက် လုံခြုံမှု နည်းပါးနေသည်။

တောင်စဉ်ဘက်တွင် အမျိုးသမီးတစ်ယောက် တုလားမည်းများ ဆီတွင် မုဒိမ်းကျင့်ခံရကြောင်း သတင်းကြားလာရသည်။ ထို့ကြောင့် ကျွန်တော်တို့ဆီ၌ ထိုအချိန်က အမျိုးသမီးများသည် ထင်းခွေ၊ ရေခပ်၊ ဟင်းရွက်ခူးပင် ရွာပြင်ကို မထွက်ဝံ့ကြ။ ဂျပန်ခေတ်ကမူ ဘယ်သွားသွား၊ ဘယ်လာလာ ကျွန်တော်တို့ဆီမှာ မိန်းမသူမများအတွက် ဘာပြဿနာမှ မရှိ။ ဂျပန်ခေတ်၌ သူခိုးခါးပြဆိုသည်မှာလည်း လုံးဝမရှိ၊ ကျွန်တော်တို့ရွာက လူတစ်ယောက်တို့ သူခိုးမသင်္ကာမှုနှင့် "ဒေါရပေါ၊ ဒေါရပေါ"ဟု အော်ငေါက်ကာ အဘိုးသူကြီး အိမ်ရှေ့မှာ ရိုက်နှက်စစ်ဆေးကြ သည်ကို ပြန်လည်သတိရ နေကြသည်။ ထို့ကြောင့် မိန်းမသူ အချို့က တုလားမည်းတွေကို ကျိန်ဆဲကာ ဂျပန်ခေတ်ကို သတိရ နေကြသည်။

ဂျပန်များသည် လိင်ကိစ္စနှင့် ပတ်သက်၍ ကျွန်တော်တို့ရွာ၌ ပြဿနာ မရှိခဲ့။ တောင်ဘက်နယ်စပ်၌မူ ဂျပန်ဗိုလ်တစ်ယောက်က အရပ်သူတစ်ဦး နှင့် ချစ်ကြိုက်ကြ၍ ရခိုင်မိုးရာအတိုင်း မင်္ဂလာဆောင်ပွဲ ကျင်းပကြသည်ကိုတော့ လူကြီးတွေက အကျယ်တဝင့် ပြောဆိုနေကြသည်ကို ကြားခဲ့ရသည်။

ယခု ကုလားမည်းများမှာမူ မိန်းမမြင်တိုင်း ပျိုအို့မသီ ငမ်းငမ်းတက် ဖြစ်နေကြရာ ဤကိစ္စကို ပင်လယ်နားရှိ အင်္ဂလိပ်စစ်ဗိုလ်ကို သွားတိုင်ကြရ ပြန်သည်။ ထိုအခါမှ ကုလားမည်းများသည် ရွာနားရှိ ရေကန်ကို မလာရဲ ကြတော့ဘဲ သူတို့စရောက် ကတည်းက တူးဖေါ်ထားကြသော တုံကင်တပ် လက်ငင်ရေတွင်းများကို အသုံးပြုနေကြတော့သည်။

နောက်ပိုင်းတွင် ရွာထဲဝင်လာသော ကုလားမည်းများကို အသေပိုင်း ရိုက် သတ်ပစ်သော်လည်း အရေးမယူဟု အင်္ဂလိပ်စစ်ဗိုလ်က မှာလိုက်သည် ဆိုသောအခါ ရွာက အားကောင်းမောင်းသန် မင်းယောကျ်ားတွေမှာ ကုလား မည်းများ ရွာနားလာသည်နှင့် ဝိုင်းလိုက် ထွက်ရိုက်ကြသည်။ ထိုအခါမှ ကုလား မည်းများကလည်း ရွာနားကို မိန်းမရှာ လာမသီရဲကြတော့။

ကုလားမည်း များဆီတွင် ကြက်ဥစိမ်းကို သွားပြုပြီး အဝတ်အထည် နှင့် လဲလှယ်ရဖူး ထားကြသော ရွာသားအချို့ကမူ ကုလားမည်းများရှိရာ ပုဇ်လယ် ကမ်းခြေနား ဆင်းပြီး ကြက်ဥ၊ ကြက်ကောင်များနှင့် အဝတ်အထည် များ သွားလဲယူနေ ကြပြန်သည်။ ထိုသူများသည် ကုလားမည်းများဆီက အဝတ် အထည်များကို "မိန်းမခေါ် လာပေးမည်" ဟု လိမ်ညာကာ ယူလာကြကြောင်း လည်း နောက်ပိုင်းတွင် သတင်းကြားလာရသည်။

× × × × ×

သည်လိုနှင့် တစ်နေ့ညနေတွင် အင်္ဂလိပ်စစ်တပ်မှ ဗမာစကား ပြော တတ်သူ အိန္ဒိယသား ကုလားတပ်ကြပ် နှစ်ယောက်နှင့် တပ်ထိန်းတစ်ယောက် တို့ ဦးလေးနှင့် အဖေ့နာမည်ကို မေးကာ အိမ်သို့ ရောက်လာကြသည်။

သူတို့ ပင်လယ်နားတွင် ဤနေ့ညဥ့် ရုပ်ရှင်ပြမည်။ ပြဇာတ်ကမည်။ ရွာမှ မည်သူမဆို ရုပ်ရှင်ပြဇာတ် လာကြည့်နိုင်ကြကြောင်း၊ ကလေးသူငယ် မိန်းမများပါ လာကြည့်၍ ရကြောင်း အင်္ဂလိပ်စစ်ဗိုလ်က ရွာကို ဆော်သြခိုင်း လိုက်ကြောင်း၊ ပြီးတော့ မိန်းမဝတ်ထမီ၊ အင်္ကျီသုံးလေးစုံလည်း ငှားပေးပါရန် မှာလိုက်ကြောင်း ကုလားညို အိန္ဒိယ တပ်ထိန်းကပြောသည်။

ဂျပန်ခေတ်တွင် အဝတ်အထည်များ အလွန်ရှားပါးခဲ့ရာ အင်္ဂလိပ် စစ်တပ်ကို မည်သူကမျှ ထမီအင်္ကျီ မငှားချင်ကြ။ ထို့ကြောင့် အမေနှင့် ဒေါ်ကြီး

ဒေါ်လေးအစ်မ ဝမ်းကွဲတို့၏ ထမီအင်္ကျီ သုံးစုံကို အဖေတို့က ရွာပေးလိုက်ကြသည်။ "ဘာလုပ်မလို့လဲ" ဟု ဦးလေးက မေးသည်ကို "ညကျလာခဲ့ပါ သိရလိမ့်မယ်" ဟု တပ်ကြပ်တစ်ယောက်က ရယ်ပြီးပြောသည်။ နောက်တစ်ယောက်က "ခင်ဗျားတို့ အင်္ကျီထမီတွေကို နောက်နှစ်ရက်ကြာရင် လာပေးမှာပါ။ မပူပါနဲ့" ဟု ပြောသွားပြန်သည်။

အင်္ဂလိပ်စစ်ဗိုလ်က ဆော်သြခိုင်းသည် ဆိုသဖြင့် တစ်ယောက်မှ မသွားကြလျှင် ရွာလူကြီးများကို အရေးယူလိမ့်မည်ဟု အဖေနှင့် ဦးလေးတို့ ကြောက် ကြသည်။ ထို့ကြောင့် ညနေထမင်းစားပြီးသော အခါ အဖေဦးလေးနှင့် ရွာလူကြီး လေးငါးယောက် အင်္ဂလိပ်စစ်တပ်ရှိရာ ပင်လယ်ကမ်းခြေနားသွားကြရသည်။ အဖေတို့ ပြန်လာ၍ ပြောပြကြသည်မှာ အင်္ဂလိပ်စစ်တပ်က ဂျပန်တွေကို တိုက်ပွဲတိုင်း အနိုင်ရနေကြောင်း သတင်းရုပ်ရှင်ကားများကို ပြသည်။ ရွာက ငှားသွားသော အင်္ကျီထမီများကို ကုလားတွေက မင်းသမီးလို ဝတ်ပြီး ပြဇာတ်က ပြကြသည်ဟုဆို၏။

ဤသည်မှာ တစ်ညမဟုတ်၊ နှစ်ညမဟုတ် ရုပ်ရှင်ပြဇာတ် ကပြနေကြရာ နောက်ညတွေမှာလည်း ရွာသားကြီးများ အတော်များများ သွားကြည့်ကြသည်။ တစ်နေ့ထက်တစ်နေ့ ပင်လယ်နား စစ်တပ်ထဲ ရုပ်ရှင်ပြဇာတ် သွားကြည့်ကြသူတွေ များလာ၏။ ကုလားမည်း၊ ကုလားညိုများ ပြဇာတ်ကို နားမလည်၍ မကြည့်ကြသော်လည်း စစ်သတင်း ရုပ်ရှင်ကားများကိုမူ လူကြီးများနှင့် ရွာကာလသားများက နေ့စဉ်လိုလို သွားကြည့်နေကြသည်။ ရွာက ရုပ်ရှင်လာကြည့်သူများကို စက်လုပ်မှုန့်တွေနှင့် လက်ဖက်ရည်ပါ တိုက်သည်ဆိုသောအခါ ရုပ်ရှင်ကြည့် ပြဇာတ်ကြည့် သွားသူတွေမှာ ဝိုများလာသည်။ သို့သော် ကုလားမည်းများ ရန်ကိုကြောက်၍ မိန်းမသူမများကမူ မည်သူမျှ သွားမကြည့်ရဲကြ။ အင်္ဂလိပ် ကုလားများက မိန်းမများနှင့် ကလေးများကိုပါ ခေါ်လာရန် မှာကြသော်လည်း မိန်းမသူမများကမူ ကုလားမည်းများကို ကြောက်ရသဖြင့် လက်ဆွဲခေါ်သော်လည်း မလိုက်ကြ၊ ရုပ်ရှင်ပြဇာတ် သွားကြည့်ပြီး ပြန်လာကြသူများ၏ ပြောစကားကိုသာ ဝိုင်းဖွဲ့ နားထောင်ကြသည်။

ကျွန်တော်တို့ ရွာနီးချုပ်စပ် တစ်ဝိုက်၌ အင်္ဂလိပ်ဂျပန်တို့ တိုက်ခိုက်ကြသံကို မကြားရသော်လည်း ရမ်းဗြဲဘက်၌မူ အပြင်းအထန် တိုက်ခိုက်ကြဆဲပင် ရှိနေသေးသည်။ ထို့ကြောင့်လည်း အင်္ဂလိပ်လေယာဉ်များသည် ကျွန်တော်တို့ နယ်တစ်လျှောက်ကို လေထီးနှင့် ရိက္ခာပစ္စည်းများ လာချပေးလျက်ရှိသည်။

အင်္ဂလိပ်လေယာဉ်များ လာချပေးသော ရိက္ခာလေထီးများမှာ အင်္ဂလိပ်စစ်တပ် ရှိရာများကို တည့်တည့်မတ်မတ် လာကျသော လေထီးများ

ရှိသလို တောတောင်တွေထဲ လေနှင့်လွင့်ပါသွားပြီး လေတဲယာတဲနား သွားကျသော လေထီးများလည်း ရှိလေသည်။ ထို့ကြောင့် ယခင်က အင်္ဂလိပ်လေယာဉ်များ လာသံကြားလျှင် ဗုံးခွလေမလား၊ စက်သေနတ်နှင့်များ ပစ်လေမလား ဟူသော စိုးရိမ်စိတ်နှင့် ဗုံးကျင်းထဲ ဝင်ပြေးပုန်းကြရသော လူများမှာ ယခုအခါ လေယာဉ်လာသံ ကြားသည်နှင့် ဘယ်နေရာကို ရိက္ခာလေထီးများ ကျလာလေမည်နည်းဟူသော စိတ်လောဘနှင့်သာ လေယာဉ်သံကြားတိုင်း သူ့ထက်ငါ ဦးထွက် ကြည့်နေတတ်ကြလေသည်။

ဂျပန်အကြွင်းအကျန်များကို ကြောက်ကြသော အင်္ဂလိပ်နှင့် ကုလားမည်းများသည် သူတို့ အင်္ဂလိပ်လေယာဉ်မှ ရိက္ခာလေထီး လွင့်ချထားခဲ့ သည်ကို မြင်သော်လည်း တောထဲတောင်ထဲ သွား၍ လေထီး သွားမကောက်ရဲကြ။ ထို အခါ အဝတ်အထည် ရှားပါးနေသော ရွာသူရွာသားတွေမှာ လေးယောက်တစ်ဖွဲ့၊ ငါးယောက်တစ်ဖွဲ့ လေထီးလိုက်ကြရသည်။ လေယာဉ်လာသံ ကြားသည်နှင့် ဘယ်နေရာမှာ လေထီးချလေမည်နည်း ဆိုသည်ကိုသာ စိတ်စောနေကြသည်။

လေထီးတစ်လုံးရလျှင် အပ်ချည်လုံး၊ ချုပ်အပ်ကအစ စစ်အင်္ကျီ၊ စစ်ဘောင်းဘီ၊ စစ်စောင်၊ ခြေအိတ်၊ မျက်နှာသုတ်ပုဝါ၊ သကြား၊ နို့ဆီ၊ နို့ဆီဖောက်တံ၊ ငါးသေတ္တာ၊ သိုးသား၊ အမဲသားအစို အခြောက်၊ မီးခြစ်ဘူး၊ ဒိန်ခဲဘူး ထောပတ်ဘူး၊ ဘီစကစ်၊ စက်လုပ်မုန့်မျိုးစုံအပြင် မစားတတ်၊ မသုံးတတ်သော ဆေးလုံး၊ ဆေးပြားများပါ မကျန် ပစ္စည်းမျိုးစုံကို ရကြသည်။

အထူးသဖြင့် လေထီးပိတ်နှင့် လေထီးချည်ကြိုးတို့မှာ ကျွန်တော်တို့ ရွာသူရွာသားများအတွက် တန်ဖိုးအရှိဆုံး ပစ္စည်းများပင် ဖြစ်သည်။ လေထီးကြိုးကို တစ်ပင်ချင်း ဖြေဖြုတ်၍ မိန်းမသူများ ရက်ကန်း ရက်လုပ်ကြရာ ကျွန်တော်တို့မှာ လွတ်လပ်ရေး ရပြီးသည်အထိ လေထီးပိုး အင်္ကျီများကို ဝတ်ခဲ့ကြရသည်။ လေယာဉ်ပေါ်မှ ချလိုက်သည့် လေထီးများမှာလည်း တောအနှံ့ တောင်အနှံ့ပင်။

ထို့ကြောင့် ယောကျ်ားသားများမှာ လေယာဉ်လာသံ ကြားသည်နှင့် လေထီးသွားလိုက်ကြရန် လူစုမိပြီးသား ဖြစ်နေကြသည်။ လေထီးရလာသူများ အိမ်နားတွင် ထောပတ်၊ ဒိန်ခဲ၊ သိုးသား၊ အမဲသား၊ ငါးသေတ္တာဗူးများကို ဖောက်ပြီး အထဲမှ အသားများကို ကော်ထုတ် လွှင့်ပစ်ထားကြရာ ညှီစော်ပင်နံနေသည်။ ကျွန်တော်တို့ ရွာသူရွာသားများမှာ ဘူးခွံကိုသာယူပြီး ဘူးထဲပါသော အသားငါး မုန့်ထောပတ်များကို အာလုံးလွှင့်ပစ်ကြသည်။ ရောင်စုံ ဆေးလုံးများလှသဖြင့် ကျွန်တော်တို့ ကလေးများ ကောက်ကစားကြသည် ကိုပင် လူကြီးတွေက အော်ငေါက်၍ အတင်းလွှင့်ပစ် ခိုင်းကြသည်။ မည်သည့်ဆေးဝါးများမှန်း

မသိကြသဖြင့် စားမိလျှင် အဆိပ်အတောက်ဖြစ်မှာ စိုးရိမ်ကြသည်။

ဤသည်မှာလည်း လေထီးမှရသော ဝမ်းနှတ်ဆေး၊ ချောကလက်ပြား ကို လူကြီးတစ်ယောက် စက်လုပ်မှုန့်အထင်နှင့် "မွေးတယ်၊ ခါးသက်သက်နဲ့ စားကောင်းတယ်" ဆိုပြီး တစ်ဘူးနှစ်ဘူး ဖေါက်စားရာ ဝမ်းဒလဟော သွားသည် က ပြဿနာစသည်။ ဝမ်းနှတ်ဆေး၊ ချောကလက်ဘူးပြား လေးများမှာ သေတ္တာ ငယ်လေးများပမာ လှကလည်း လှသဖြင့် ယခင်က ဘူးခွံယူထားသူများပါ ကြောက်ပြီး လွှင့်ပစ်နေကြသည်။

ထိုသို့ ဖြစ်ရသည်မှာလည်း လူကြီးတစ်ယောက်က "အင်္ဂလိပ်တွေ တောထဲတောင်ထဲ လေထီးချပေးနေတာ ငတ်ပြတ်နေတဲ့ ဂျပန်တွေ ကောက်စားရင် အကုန်သေကုန်အောင် အဆိပ်ခတ်ချပေးတာ၊ အဲဒါကြောင့် မင်းတို့မမြင်ဘဲ ဘယ်အင်္ဂလိပ် ဘယ်ကုလားမည်းတစ်ကောင် လေထီးသွား ကောက်ယူတာ မြင်ကြဘူးလဲ၊ အဝတ်အထည်တွေမှာကောင် အဆိပ်ပါချင် ပါမှာ" ဟု ထိုလူကြီးက ပြောလိုက်ရာ လေထီးသွားလိုက်ကြ သူတွေမှာလည်း နောက်တော့ လက်တွန့်ခြေတွန့် ဖြစ်ကုန်ကြပြန်သည်။

သို့သော် ခွေးသာသာ။ လေယာဉ်လာသံ ကြားသည်နှင့် လေထီးရဖူး သူများမှာ လည်ပင်းညောင်ရေအိုး ဖြစ်နေကြသည်။

အမှန်မှာ အင်္ဂလိပ်က အဆိပ်ခတ်ပြီး လေထီးချပေးခြင်းမဟုတ်။ ကျွန်တော်တို့ ဘင်္ဂလားကမ်းခြေမှာ လေပြင်းသဖြင့် လေယာဉ်ပေါ်မှ ချပေးသော လေထီးများမှာ လိုရာမရောက်ဘဲ လေနှင့်လွင့်ပါကာ တောထဲတောင်ထဲ သွားကြ ခြင်းသာ ဆိုသည်ကို နောက်မှသိကြရသည်။

တောထဲတောင်ထဲ လေထီးနှင့် သူတို့အတွက် ရိက္ခာချပေးထားခဲ့ သည်ကို မြင်သော်လည်း အင်္ဂလိပ် ကုလားမည်းတွေက သွားမကောက်ကြ သည်မှာ ဂျပန်အကြောင်းအကျန်များရန်ကို ကြောက်ကြသည့် အပြင် သူတို့အတွက် သင်္ဘောကြီးနှင့် နေ့စဉ်တင်ပို့ ပေးနေသော ရိက္ခာ ပစ္စည်းများကို ပင် စားမကုန် ဖြစ်နေကြရာ တောထဲတောင်ထဲ သွား၍ ပင်ပန်းခံ မကောက် ကြခြင်းသာ။

အင်္ဂလိပ်နှင့် ကုလားမည်းများအတွက် ရိက္ခာစည်ဘူး အစိုအခြောက် များအပြင် ဘဲဥ၊ ခရမ်းချဉ်သီး၊ စွန်ပလွန်ယို အခြောက်များကိုပင် အိန္ဒိယမှ သင်္ဘောကြီးတွေနှင့် ပို့ပေးနေရာ ရိက္ခာအတွက်ကိုမူ အင်္ဂလိပ်နှင့် ကုလားများ ဘာလည်း စိတ်ကူးထဲပင် ထည့်ကြမည်မဟုတ်။ ထို့ကြောင့်လည်း ကျွန်တော်တို့ ဆီက လေထီးရထားဖူးကြ သူများမှာ အင်္ဂလိပ် ကုလားမည်းများက လေထီး သွားမကောက်ကြလေ သဘောကျကြလေပင်။

× × × × ×

မြန်မာနိုင်ငံ၏ အနောက်ဘက် အစွန်ဆုံးကြသော ကျွန်တော်တို့ ရမ္မာဝတီ ကမ်းခြေတစ်လျှောက်တွင် ထိုစစ်ကြီး ကာလအတွင်းက လျှပ်စစ်မီး တထိန်ထိန်နှင့် ကားသံ၊ လူသံ၊ လေယာဉ်သံ၊ သင်္ဘောဥဩသံတို့နှင့် တကယ့် မြို့ကြီးပြကြီးပမာ ဖြစ်နေခဲ့သည်။

ထို့ကြောင့်လည်း ရွာရှိလူတွေမှာ ညနေ ထမင်းစားပြီးသည်နှင့် ပင်လယ်ကမ်းခြေဘက် ရုပ်ရှင်ကြည့်ရန် ဆင်းကြတော့သည်။ အင်္ဂလိပ် ကုလားမည်းများ တပ်ချနေသည်မှာ နှစ်ပတ်သုံးပတ်ခန့် ရှိနေပြီးဖြစ်ရာ သွားရင်းလာရင်း မျက်နှာတန်းမိ၍ ကုလားများနှင့် အသိအကျွမ်းတို့ပင် တစ်ချို့ ဖြစ်နေကြသည်။ အထူးသဖြင့်မှာ ဗမာစကားတတ်သော အိန္ဒိယ ကုလားများလည်း ကုလားမည်း အာဖရိက ကပ္ပလီများထဲ ပါနေလေရာ ထိုကုလားများနှင့် ကြက်ဥ၊ ကြက်အရှင်၊ အဝတ်အထည် လဲရင်းက သိကျွမ်းနေကြသည်လည်းရှိသည်။ အာဖရိက ကပ္ပလီ နီဂရိုးများမှာ မကြာခဏ တပ်ပြောင်း သွားကြရသော်လည်း ဗမာစကားတတ်သော အိန္ဒိယကုလားများမှာ ကျန်ကျန်နေခဲ့ရသဖြင့် ပို၍ အဆင်ပြေနေကြသည်။

ထိုသူများကား ရွာအောက်ဘက် ပင်လယ်နားရှိ ကုလားစစ်တပ်ထဲကို ရုပ်ရှင်ကြည့်၊ ပစ္စည်းလဲ ရဲရဲဝံ့ဝံ့ပင် သွားနေကြသည်။ ညဆိုလျှင် ဆယ်နာရီ ဆယ့်တစ်နာရီလောက်မှ ရွာကို ပြန်လာတတ်ကြ၏။

သည်လိုနှင့် တစ်ညနေတွင် မလာစဖူး နီဂရိုးစစ်သားနှစ်ယောက် ရဲရဲဝံ့ဝံ့ပင် ရွာထဲဝင်လာကြပြီး "ထင်းချောင်း၊ ထင်းချောင်း" ဟု တွေ့သည့် လူတိုင်းကို မေးနေလေရာ ရွာကလူတွေမှာ "ခွေးကုလားတွေ ဝါးဖြုန်းပြီးလို့ ခု ထင်းလာတောင်းနေကြ ပြန်ပြီဗျို့"ဟု ပြောကာ အိမ်နားတွင် ပုံထားသော ထင်းပုံကို လက်ညှိုး ထိုးပြကြရသည်။

သေနတ်မပါသော နီဂရိုးနှစ်ကောင်က ထင်းပုံနားသွားပြီး လှည့်ပတ် ရှာဖွေကြည့်ကြကာ "ထင်းချောင်း၊ ထင်းချောင်း" ဟု ထပ်ပြောနေကြပြန်ရာ "အဲဒါ ထင်းချောင်းတွေဘဲလေကွာ၊ မင်းတို့လိုချင်ရင် နည်းနည်းပါးပါးတော့ ယူသွားကြ"ဟု ရွာကလူတွေက ပြောကြရာ နီဂရိုးနှစ်ကောင်က ခေါင်းခါပြီး "ထင်းချောင်း၊ ထင်းချောင်း မီးမပေး မိမပေး"ဟု ပြောနေကြပြန်၏။

"အော်. . . ဒီကောင်တွေ မီးပါတဲ့ ထင်းစတောင်နေတယ် ထင်တယ် ဗျ ဆေးလိပ်မီး တို့ချင်လို့လားမှ မသိတာဟု" ပြောပြီး တစ်ယောက်က မီးဖို ဆောင်ထဲမှ မီးပါသောထင်းစ တစ်စကို နီဂရိုးအား ပေးရာ နီဂရိုးက ခေါင်း ခါ ပြသည်။ မီးစကိုမယူ "မီးမပေး၊ မီးမပေး" ဟု ပြောပြီး ဘောင်းဘီအိတ် ထဲက ငွေစက္ကူများကို ထုတ်ပြသည်။

ထိုအခါ ရွာသားတွေက သူတို့ဘာသာနှင့် မိန်းမက "ထင်းချောင်း" ဟု အသံထွက်သည် ထင်ထားခဲ့ကြရာမှ "ခွေးကုလားတွေ သိပ်လူပါးဝ တယ်ဟေ့၊ လက်စသတ်တော့ မိန်းမလာတောင်း ကြတာတဲ့၊ ဝိုင်းရိုက်ကြဟေ့၊ ဝိုင်းရိုက်ကြ၊ ဘာမှ မကြောက်ကြနဲ့ အင်္ဂလိပ်စစ်ဗိုလ်တွေက မှာထားတယ် နီဂရိုးတွေ ကပွလီတွေ ရွာထဲဝင်လာရင် အသေသာ ဝိုင်းရိုက်ပစ် လိုက်ကြ၊ အပြစ်မဖြစ်ဘူးတဲ့"ဟု တစ်ယောက်က အော်ပြောလိုက်ရာ ရွာသားကြီးတွေမှာ သေနတ်လည်းမပါသော နီဂရိုးနှစ်ယောက်ကို ဝိုင်းလိုက် ဝိုင်းရိုက်ကြသည်။

ထိုအခါမှ နီဂရိုးနှစ်ယောက်လည်း ရွာထဲမှ ထွက်ပြေးသွားကြသည်။

နောက်မှ သိကြရသည်မှာ ကုလားစစ်တပ်ထဲ ကြက်၊ ကြက်ဥတို့နှင့် အဝတ်အထည် သွားလဲနေကြဖြစ်သော တင်သောင်း ဆိုသူသည် မိန်းမရှာ ပေးမည်ဟု ပြောပြီး နီဂရိုးစစ်သား များဆီမှ ငွေနှင့်အထည်တွေ လိမ်ယူလာ ကြောင်း သိကြသည်။

× × × × ×

ကျွန်တော်တို့ ရမ္မာဝတီ အနောက်ဘက် ကမ်းခြေတွင် ထိုအခြေအနေရှိနေစဉ် "မင်းကြောင်း" ဟု ခေါ်သော သံဒိုင်းမြစ်ကမ်းခြေ တစ်လျှောက်၌မူ ဂျပန်များက ရွာရှိ လေ့များအားလုံးကို သိမ်းယူကာ ရိုးမတောင်ခြေရှိ ရွာများဘက်သို့ ကူးပြေးနေကြသည်။

ဂျပန်တို့၏ အခြေအနေမှာ ရမ်းပြကျွန်း၌ အဆိုးဝါးဆုံး အချိန်ကာလသို့ ရောက်နေသည်။ သူတို့တပ်ဆုတ်ရာတွင် စနစ်တကျ မဖြစ်တော့ဘဲ ရရာလေ့များနှင့် ဆုတ်ပြေးနေကြရသည်။ လေ့မရသော ဂျပန်များမှာ ဝါးလုံးများကို ဖေါင်ဖွဲ့၍ တစ်ဘက်ကမ်းသို့ ဖရိုဖရဲ ကူးပြေးနေကြ ရသည်။

ထို့ကြောင့် ယခင်က စစ်သေနတ်နှင့် လာလာပစ်နေသော ကျွဲညီနောင် လေယာဉ်နှစ်စင်းမှာ ယခုအခါ ကျွန်တော်တို့ အနောက်ဘက်ကမ်းခြေသို့ လုံး၀ ရောက်မလာကြတော့ဘဲ သံဒိုင်းမြစ်တစ်လျှောက်ကို ရောက်သွားကာ မြင်သမျှလေ့၊ မြင်သမျှ ဖေါင်များကို နေ့စဉ်နေ့တိုင်း စက်သေနတ်နှင့် လာပစ်နေလေသည်။

လေ့ပေါ် ဖေါင်ပေါ်ရှိ ဂျပန်များမှာ စက်သေနတ်ဒဏ်ကြောင့် အတုံးအရုံး သေကြေနေကြသလို ဖေါက်ပျက်လေ့ပျက်၍ ရေနစ်သေကုန်ကြသော ဂျပန်များမှာလည်း အမြောက်အများပင်။ ထို့ကြောင့် မင်းကြောင်းကမ်းခြေ တစ်လျှောက်၌ ဂျပန်အလောင်းများ၊ ခြေကျိုးလက်ပြတ် ဒဏ်ရာအနာတရနှင့် ဒီရေအတက်အကျတွင် မျောပါလာကြသော ဂျပန်များကိုလည်း တွေ့နေကြရသည်။

ထိုဂျပန်များထဲမှ ဂျပန်တစ်ယောက်သည် တစ်နေ့၌ ဦးလှမျိုးဖြူ၏ တာတမံ(ကာရီ) နားရှိ လယ်စောင့်တဲသို့ ရောက်လာသည်။ အချိန်မှာ ညနေမှောင်ရီဖျိုးဖျ ဖြစ်သဖြင့် မြင်စကမူ လတာပေါ့ မိကျောင်းတစ်ကောင်း ထွားတက်လာသလားပင် ထင်မိလိုက်သည်။ ထို့ကြောင့် အတန်ကြာ စူးစိုက်ကြည့်မိလိုက်မှ လူတစ်ယောက်မှန် သိရ၏။ သို့သော် တစ်ကိုယ်လုံး ရွံ့ညွန့်တွေပေလာသဖြင့် ဂျပန်စစ်သားမှန်း မသိသေး။

ခြေထောက်တစ်ဘက်ကို ဒဏ္ဍာတိုက်ဆွဲကာ ရွံ့နွံလဟာပြင် ပေါ်ကို ဖြတ်ပြီး သူ့တဲနားကို မိကျောင်းထွား ထွားတက်လာနေသော ဂျပန်ကို မြင်သော

အခါ ဦးချမ်းလှဖြူမှာ ထိတ်လန့်သွားသည်။ ဂျပန်၏ တစ်ကိုယ်လုံးမှာလည်း စုတ်ပြတ်ပေရေကာ လတာပေါ်မှ ရွှံနွံတွေ ပေကျံလာသဖြင့် လူခုပ်ပင် မပေါက်တော့ပေ။

လတာပြင်ပေါ် ထွားတက်လာသော ဂျပန်သည် သောင်ပြင်အစ ဘာရိုးပေါ်ရှိ တဲအောက်သို့ ရောက်လာသောအခါ ခေါင်းတစ်ချက် ထောင်ကြည့်သည်။ တဲရှေ့တွင် မတ်တတ်ရပ်ကြည့်နေသော ဦးလှချမ်းဖြူကို မြင်သောအခါ "ကူပါ။ ကူပါ"ဟု အော်ပြောပြီး လက်မြှောက်ပြသည်။ ထိုအခါ တဲအောက်ဘာရိုး ခြေရင်းတွင် အလျားမှောက်ရာမှ ကုန်းထနေသော ဂျပန်ကို ဦးလှချမ်းဖြူက ဆွဲတင်လိုက်သည်။

တဲရှေ့အရောက်တွင် ဂျပန်က သတိတစ်ချက် လစ်သွား၏။ ဦးလှချမ်းဖြူက သေပြီးဟု ထင်လိုက်သည်။ ထို့ကြောင့် ဒီရေကျနေသော သောင်ပြင်တွင် ချက်ချင်း ကျင်းတူးမြှုပ်ပစ်ရန် တဲထဲဝင်ပြီး ပေါက်တူးသွားယူသည်။ ဦးလှချမ်းဖြူ တဲထဲမှ ပေါက်တူးဆွဲ၍ ထွက်လာစဉ် တဲရှေ့တွင် နှစ်ဆယ့်လေးနာရီမပြတ် ထင်းတုံးကြီးတွေနှင့် မီးဖိုထားသော မီးဖိုဘေးတွင် ဂျပန်က ငုတ်ဘုတ်ထထိုင်နေသည်။

ဦးလှချမ်းဖြူမှာ သေသူဂျပန်က ဖုတ်ဝင်ပြီး ထထိုင်နေသည် အထင်ဖြင့် ခေါင်းနပန်းကြီးသွားသည်။ အမှန်က သူသည် ကြောက်တတ်သူတော့ မဟုတ်။ တစ်သက်လုံး သူ့လယ်တဲတွင် တစ်ယောက်တည်း အမြဲလာနေသူဖြစ်သည်။ သို့သော်လည်း ဂျပန်ဖုတ်ကောင် နားကိုတော့ သူမကပ်ရဲ။ ရွာကို ပြေးရ လွှင် ကောင်းလေမည်လားဟု တွေးလိုက်စဉ် မီးဖိုနားတွင် ငုတ်ထိုင်နေသော ဂျပန်ဖုတ်ကောင်က ဖျတ်ခနဲ လှည့်ကြည့်လိုက်ရာ ဤတစ်ခါလည်း မကြောက်တတ်ပါဘူးဆိုသော ဦးလှချမ်းဖြူမှာ တစ်ကိုယ်လုံး ကြက်သီး ဖြန်းဖြန်းထကာ ကျောချမ်းသွားပြန်၏။

ဖုတ်ကောင်မှာ မိမိလူမျိုးမဟုတ်၊ ဂျပန်ဖုတ်ကောင်း ဖြစ်သည်။ ရွာကို ပြေးရန်မှာလည်း ခြေကျင် နာရီဝက်ခရီးရှိရာ မည်သို့လုပ်ရမည်နည်း။ သူထွက်ပြေးလျှင် ဂျပန်ဖုတ်ကောင်က လိုက်လာပြီး ရွာကို မရောက်မီ သူ့ကို ကုပ်ချိုးသတ်တော့မည်။ ဤတစ်ခါလောက် ကြောက်သော ကြောက်ခြင်းမျိုးကို ဦးလှချမ်းဖြူတစ်သက် တစ်ခါမှ မကြုံဖူးပေ။

"ဘိရမာ ကျွပ်ကိုကယ်ပါ။ ဒုက္ခအများကြီး အများကြီး ရောက်တယ်"

မီးဖိုဘေးတွင် တုန်တုန်ခိုက်ခိုက်နှင့် ငုတ်တုတ်လာထိုင်နေသော ဂျပန်က သူ့ကို "ကယ်ပါ"ဟု ဆိုလိုက်သဖြင့် ဦးလှချမ်းဖြူမှာ အနည်းငယ် အကြောက် ပြေသွားသည်။ သို့သော် ဂျပန်အနားကိုကား မကပ်ရဲသေး။

"မင်း - မင်း ဘယ် ကလာလဲ"

"ဟိုဘက်က"

မင်းကြောင်းမြစ်ကို လက်ညှိုးထိုးပြပြီး ပီပီသသပင် ပြောသည်။

"ဘယ်လိုဖြစ်လာတာလဲ"

"အနာရလာတယ်"

ဂျပန်က ရခိုင်စကားနှင့် ပြန်ပြော၏။

ရုတ်တရက်မူ ဦးလှချမ်းဖြူက ဘာဆက်မေးရမှန်း မသိဘဲ ကြောင်နေစဉ် ဂျပန်က ဦးလှချမ်းဖြူ၏ တာရိုးအောက်ရှိ ခနိတောကို လက်ညှိုးထိုးပြပြီး ဆက်ပြော၏။

"အနာရလာတယ်၊ ထမင်းမစားရတာ သုံးရက်ရှိပြီ၊ ဟိုအပင်က အသီးတွေကို စားခဲ့ရတယ်"

ဂျပန်သံပဲပြီး တိုးညှင်းသည်ကလွဲလျှင် သူပြောသော ရခိုင်စကားမှာ နားရှင်းသည်။ ထို့ကြောင့် ယခုမှ ဦးလှချမ်းဖြူမှာ အကြောက်ပြေသွားသည်။

"မင်းအနာ ဘယ်ကရလာလဲ"

"မြစ် မြစ်ထဲက"

ဤမျှဆိုလျှင်တော့ ဦးလှချမ်းဖြူ သဘောပေါက်လိုက်ပြီ။

ဤဂျပန်မှာ မင်းကြောင်းမြစ်ကို ဖြတ်ကူးနေစဉ် ကျွဲညီနောင်ဆီ၌ စက် သေနတ်ပစ်ခံရပြီး ဖေါင်ပျက်၊ လှေပျက်၍ ရောက်လာသော ဂျပန်ပင်။

သုံးရက်လုံးလုံး လဟာပြင်ပေါ်ရှိ ပြူတော၊ ပြာတော၊ လမူတော၊ ကပိုင် ခနိတောတွေကိုဖြတ်ကာ ခနိသီးစားပြီး သူတဲ့နားထိ အရောက်လာခဲ့ရသော ဂျပန်ကို ဦးလှချမ်းဖြူက သနားသွားသည်။ ထို့ကြောင့် ကရုဏာသက်ကာ ဂျပန်စကားနှင့် "မင်း ထမင်းစားမလား" ဟု မေးလိုက်၏။

ဂျပန်က "စားမယ်၊ ကျေးဇူးအများကြီး အများကြီး တင်ပါတယ်" ဟု ပြောကာ သူ့ပေါင်မှ ဒဏ်ရာပတ်တီးကို ငုံ့ဖြေခွာနေသည်။

စောစောက သနားသွား၍သာ "ထမင်းစားမလား" ဟု မေးမိလိုက်သော်လည်း အမှန်က ထမင်းကြမ်းမှာ သူစားပြီး၍ ကြက်ဥလုံးခန့်သာ ကျန်တော့သည်။ ထို့ကြောင့် "အေးစားရမယ် ခဏနေ၊ ငါချက်လိုက်မယ်" ဟု ပြောသော အခါ ဂျပန်က "ရှိတာပဲ ပေးပါ။ ကျေးဇူးတင်ပါတယ်၊ မချက်နဲ့" ဟု ပြော၏။

"ဟာ - မချက်ပဲ ဘယ်စားရမလဲကွ၊ ငါချက်ကျွေးပါ့မယ်၊ မကြာပါဘူး၊ မင်း ပန်းလာတယ် နားနေဦး၊ မင်းကို ငါ . . ."

ဦးလှချမ်းဖြူ၏ စကားမှာ တစ်ပိုင်းတစ်စနှင့် ရပ်သွားသည်။

အကြောင်းမှာ သူ့ပေါင်က ပတ်တီးကို ဂျပန်က ဖြေခွာလိုက်ချိန် ပိုးလောက်ကောင်တွေမှာ မြင်မကောင်းရှုမကောင်း ရွံစရွံစနှင့် အပြင်သို့

ထွက်ကျ လာကြသည်။ ဤသည်ကို ဂျပန်ကလည်း လန့်ဖျပ်ပါးစပ်ဖြင့်ပြီး ဂျပန်လို လန့်အော်ကာ ငိုင်ကျသွားသည်။ ပြီးမှ "ဆေး၊ ဆေး၊ ဆေး ပေးပါ" ဟု ပြော၏။

သူမျက်နှာကို အားကိုးတကြီးနှင့် မော့ကြည့် ဆေးတောင်းနေသော ဂျပန်ကို ဦးလှချမ်းဖြူက-

"ဘာဆေးမှတော့ ငါ့မှာမရှိဘူး၊ ဒါပေမယ့် မင်းခဏနေ၊ ငါလုပ်ပေးမယ်၊ လောက်ကောင်တွေကို မီးထဲ မထည့်ပါနဲ့ကွ၊ ညှော်တော့ အနာပိုယဉ်းလိမ့်မယ်" ဟုပြောကာ သူကျွဲနွားများ ခွါနာလျှာနာကျ၍ လောက်တွယ်လျှင် ကုသပေးရသော ဆေးနည်းကို သတိရကာ သူဆေးတံမှ ဆေးချေး၊ ကြပ်ခိုးစင်မှ ကြပ်ခိုးတို့ကို မီးခွက်ထဲက ရေနံနှင့်ဖျော်ကာ ဂျပန်ပေါင်မှ ဒဏ်ရာထဲ လောင်းထည့်ပေးလိုက်၏။

စပ်လွန်းသဖြင့် ဂျပန်မှာ ဖျပ်ဖျပ်လူး အော်ညည်းနေသည်။

"ဟေ့ကောင်၊ မအော်နဲ့၊ မအော်နဲ့၊ အတော်ကြာ ကောင်းသွားမှာ မင်းအော်သံကြားလို့ အင်္ဂလိပ်ကုလားမည်းတွေ လိုက်လာရင် ငါပါဒုက္ခရောက်လိမ့်မယ်၊ ယောကျ်ားစစ်သားဘဲကွ၊ အောင့်ခံစမ်းပါ"

သူဆေးတန်ခိုးကြောင့် တွန့်တွန့်လူးနေသော ဂျပန်ကို ဦးလှချမ်းဖြူက ခြိမ်းခြောက် ပြောရသည်။

အမှန်မှာ အင်္ဂလိပ်ကုလားမည်းများသည် သူတဲ့နားဌ မရှိကြ။ သူတို့ ရွာမှာ ရမ်းဗြဲကျွန်း၏ အစွန်အဖျား ခြောင်ကျသဖြင့် ဘယ်ကုလားမည်း အင်္ဂလိပ်များလည်း မရောက်တတ်ကြ။

ဂျပန်ပေါင်မှ ဒဏ်ရာမှာ ရေစိုပွလျော်ပြီး လောက်ကိုက်လာရာ ဆေးချေး၊ ကြပ်ခိုးနှင့် ရေနံကို ဖျော်ထည့်လိုက်သောအခါ လောက်တွေမှာ တစ်ကောင်းမကျန် အားလုံးအပြင်သို့ ထွက်ကျလာသည်။ လောက်ကောင် တွေကုန်သွားသော ဂျပန်ပန်ပေါင်မှ ဒဏ်ရာကို ဦးလှချမ်းဖြူက တဲနားရှိ ဇာမကီ ရွက်တွေကို အရည်ညှစ်ပြီး မကြာမကြာ ထည့်ပေးသည်။ ထိုအခါ ရောင်ရမ်းမို့ဖေါင်းနေသော ပေါင်မှ အရောင် လျော့သွားပြီး သက်သာလာသည်။

သည်လိုနှင့် ဦးလှချမ်းဖြူက ရိုးရာဆေးနှင့် ကုသပေးရာ သုံးရက်ခန့် အကြာမှာ ဂျပန်ပေါင်ကဒဏ်ရာ သက်သာသွားသည်။ ဒဏ်ရာမှာ အရိုးကို ဓထိသဖြင့် ထော့နှင့်ထော့နှင့်နှင့် လမ်းပင်လျှောက်နိုင်လာ၏။ ထိုအချိန်ထိ ကျွဲညီနောင် လေယာဉ်နှစ်စင်းကား သံဇိုင်းမြစ်ကို ဖြတ်ကူးနေကြသော ဂျပန်လေဖေါင်များကို စက်သေနတ်နှင့် ပစ်၍ကောင်းတုန်း။

လေငါးရက် ကြာသောအခါ ဒဏ်ရာမှာ လုံးဝနီးပါး သက်သာသွားသည်။ ကျွဲညီနောင် လေယာဉ်နှစ်စင်းကလည်း ယခင်ကလို နေ့တိုင်းလာ၍ ပစ်တော့။ သံဇိုင်းမြစ်ကို ဖြတ်ကူးသွားကြသော ဂျပန်များမှာလည်း ကုန်သ

လောက် ဖြစ်သွားပြီး ဟု ထင်ရသည်။ အဘယ်ကြောင့် ဆိုသော် သံဝိုင်းမြစ်ပေါ်တစ်ရက်ခြား နှစ်ရက်ခြား လာဝဲကြည့်သွားကြသော ကျွဲညီနောင် လေယာဉ်နှစ်စီးမှာ ပစ်ခတ်သံ မကြားရတဲ့ ပြန်လှည့်သွားကြသည်ကို မြင်ရသဖြင့် ဖြစ်သည်။

သည်လိုနှင့် တစ်နေ့မနက်တွင် ဦးလှချမ်းဖြူ ခနိခင်းထဲဆင်းကာ ခနိလက်များ ပေါင်းသင်ပြီး တဲသို့ပြန်လာရာ ဂျပန်စစ်သားက ဇာမကီရွက်တွေကို လုံးထွေးပြီး အဝတ်နှင့် ထုပ်နေသည်ကို တွေ့ရသည်။

ဦးလှချမ်းဖြူက "ဇာမကီရွက်တွေကို ဘာလို့ထုပ်နေတာလဲကွ" ဟု မေးရာ သူသွားတော့မည်ဟု ပြော၏။

သူ့ကိုယ်တွင် လက်နက်ဆို၍ ဓားတစ်စင်းသာပါရာ ဦးလှချမ်းဖြူက အံ့သြတကြီးနှင့် "မင်းဘယ်ကိုသွားမှာလဲ" ဟုမေး၏။ ဂျပန်က ရမ်းပေါက်နယ်ဘက်ကို လက်ညှိုးထိုးပြသည်။ ယခင်က သူ ရမ်းပေါက်နယ်ဘက်များ၌ နေခဲ့ဖူးလေသလားဟု ဦးလှချမ်းဖြူ တွေးလိုက်သည်။

"အဲဒီဘက်မှာ အင်္ဂလိပ်တွေ ကုလားမည်းတပ်တွေ ရောက်နေပြီးကြားတယ်၊ မင်းသွားရင် ဖမ်းသတ်ကြမှာပေါ့၊ ဒီမှာ ငါနဲ့နေပါလား၊ ဒီနေရာကချောင်ကျတော့ ဘယ်ကုလားမည်း အင်္ဂလိပ်မှ ဒီကိုလာကြမှာ မဟုတ်ဘူး"

"မာစတာ ဘာမှမကြောက်ဖူး၊ အင်္ဂလိပ်ကို မကြောက်ဘူး၊ ကုလားကိုမကြောက်ဘူး၊ မာစတာ နီပွန်ဘုရာကို ကြောက်တယ်၊ မာစတာမှာ စစ်တိုက်ခိုအမျှားကြီး အမျှားကြီး တာဝန်ရှိတယ်၊ မက်ခို မက်ခို ပေးတာ ကျေးဇူးအမျှားကြီး အမျှားကြီး တင်တယ်၊ ဆေးပေးတယ်၊ ကျေးဇူးအမျှားကြီး အမျှားကြီးတင်တယ်၊ ခွင့်ပြုပါ"

ဂျပန်က သူ့ကို ထမင်းကျွေး၊ ဆေးကုပေး၍ ကျေးဇူးများစွာတင်ကြောင်းပြောကာ ဦးလှချမ်းဖြူကို ပုဆိန်ပေါက်ရှိုးပြီး ထိုင်ရာမှ ထသည်။

"ဒါတော့ မင်းကိစ္စဘဲ သွားပေါ့၊ ဒါပေမယ့် ဒီအရွက်တွေက တို့ရွာမြတစ်ကျွန်းလုံး ဘယ်နေရာသွားသွား ပေါပါတယ်ကွာ၊ ဘာလို့ ပင်ပန်းယူသွားမလဲ"

ဦးလှချမ်းဖြူက ထိုသို့ပြောသော်လည်း ဂျပန်စစ်သားသည် ဇာမကီရွက်ထုပ်ကို မြတ်မြတ်နိုးနိုး လက်ဆွဲကာ ရမ်းပေါက်နယ်ဘက် ထွက်သွားလေသည်။

× × × × ×

တစ်ညနေတွင် ညနေစာ ထမင်းစားပြီး ပင်လယ်ကမ်းခြေ နားရှိ စစ်တပ်ထဲကို ရုပ်ရှင်ကြည့် သွားကြသူများအား နတ်တောင်ထိပ် ကင်းဂိတ်မှ သံဂလီ (ကင်းစောင့်) ကုလားမည်းများက အော်ငေါက်လွှတ်လိုက်ကြသည်။ ပင်လယ်ကမ်းခြေနားကို မည်သူမှ မဆင်းရတော့။ သံဂလီ ကင်းစောင့်တွေမှာ သည်း ယခင်က ကင်းစောင့် ကုလားမည်းများ မဟုတ်ကြကြောင်း၊ တစ်ယောက် တစ်မျိုး ထင်မြင်ချက်ပြောပြီး ရွာထဲပြန်ပြေးလာကြသည်။ မည်သို့သော အကြောင်းကြောင့် ခါတိုင်းနေ့တွေလို ရုပ်ရှင်ကြည့်ရန် ခွင့်မပြုတော့သည်ကို လူတွေမှာ တွေးမရ ဖြစ်နေကြသည်။

တစ်ချို့က ကြက်ဥ၊ ကြက်ကောင်များနှင့် ကုလားမည်းတပ်ထဲ အဝတ် အထည်သွားလဲကြသူများသည် မိန်းမခေါ်လာပေးမည်ဟု နီဂရိုး ကပွလီများကို သိမ်လည်ကာ အင်္ဂလိပ်ငွေစက္ကူများနှင့် အဝတ်အထည်များကို လိမ်ညာယူလာ ကြသဖြင့် အလာမခံကြခြင်းဟု ပြောကြသည်။ အချို့ကမူ ဂျပန်အကြွင်းအ ကျန် များက ညကျလျှင် ရုပ်ရှင်ကြည့်လာကြသော ရခိုင်များနှင့် ရောနှော သိုက်လာပြီး ကျန်ခဲ့သော ညက ကုလားမည်းများ အိပ်ပျော်နေကြစဉ် တပ်ထဲ သားနှင့် ဝင်ခုတ်သွားသဖြင့်ဟု ဆိုကြပြန်သည်။ မည်သူ၏ စကားက အမှန်အ ကန် ဖြစ်နေသည်ကိုမူ မည်သူမျှ မသိကြချေ။ လောလောဆယ် ဤနေ့ညတွင် ကုလားမည်းများက ရုပ်ရှင်ကြည့် အလာမခံကြသည်မှာတော့ အမှန်။

သည်လိုနှင့် ထိုည ခုနှစ်နာရီကျော် ရှစ်နာရီခန့်တွင် ပင်လယ်နားမှ သံချပ်ကာ၊ တင့်ကား၊ မော်တော်ကားများ အသံကို သူတို့စတက်လာစဉ်ကလို ဆူညံစွာ ကြားလာရသည်။ သံချပ်ကာ၊ မော်တော်ကား၊ တင့်ကားများသည် အုပ်လိုက်ချီ၍ တစ်ညလုံး ရမ်းဗြဲ ကျောက်ဖြူ ကားပေါ်တက်ပြီး တောဘက် သို့ ထွက်ခွါသွားကြသည်။ ဆူညံစွာ ထွက်ခွါနေကြသော ကားသံများ ကြားထဲတွင် ကုလားမည်းများ၏ စစ်ချီတေး ဟစ်ကြွေးသွားကြသံကိုလည်း ကြားကြရသည်။

မိုးလင်းပိုင်း ရောက်သောအခါ ကားသံ လူသံများ တိတ်ဆိတ်သွား သည်။ ပင်လယ်ကမ်းခြေဘက်ကို လှမ်းကြည့်ကြရာ မီးခိုးလုံးများကိုသာ ကမ်း ခြေစဉ်လျောက်၌ မြင်နေကြရလေသည်။ ထိုအခါ အင်္ဂလိပ် ကုလားညီ

များနှင့် ယခင်က အတော်အတန် မျက်မှန်းတန်းမိဖူးသူ အဝတ်အထည် သွားလေ
ဖူးသူ ရွာသားတစ်ချို့က ပင်လယ်နား သွားဆင်းကြည့်ကြသည်။

ယခင်ကလို နတ်တောင်ထိပ်၌ အစောင့်သံဂလီများလည်း တစ်
ယောက်မှ မရှိတော့။ ထို့ကြောင့် ရွာကဆင်းကြည့် ကြသူများသည် တစ်ဆင့်
တက်ကာ ယခင်က စစ်တပ်ချထားခဲ့သော နေရာနားထိ သွားကြည့်ကြသည်။
စစ်တပ်လည်း မရှိတော့၊ ရွက်ဖျင်းတဲများကို ဖျက်ပြီး စုံပုံကာ မီးတင်ရှို့နေကြ
သော ကုလားမည်းအချို့နှင့် အင်္ဂလိပ်စစ်ဗိုလ်တစ်ယောက် တစ်လေကိုသာ
ဂျစ်ကားနှင့် လှည့်ကြည့်၍ တွေ့ကြရသည်။ ထိုအခါ ရွာသားများက ကုလား
မည်းများ စုပုံမီးရှို့နေကြသော အဝတ်အထည်များကို နှမြောတသကြည့်ကာ
လက်ဟန်ခြေဟန်ပြ၍ သွားတောင်းကြသည်။

ကုလားမည်းများက ထိုသူများကို နိုင်သလောက် လာယူကြဟု
ခေါ်ပေး၏။ ထိုအခါမှ ကျွန်တော်တို့ ရွာသားသုံးလေးယောက်မှာ တောင်ပို
ယာပုံ စုပုံမီးရှို့ ဖျက်ဆီးနေကြသော အဝတ်အထည်ပုံထဲမှ လက်တစ်ဆစ်ခန့်
ထူသော သိုးမွေးစောင်တွေကို တနိုင်ထမ်းကာ ရွာထဲပြေးလာကြသည်။ ရွာ
ဆွေမျိုးများအား ကုလားများ အထည်ပုံကြီးကို မီးရှို့ဖျက်ဆီးနေကြပြီ မြန်မြန်
လာကြ၊ မြန်မြန်သွားယူကြဟု ဗြောကာ သူတို့မှာ စောစောက ယူလာကြသော
စောင်အထည်များကို အိမ်ရှေ့ပစ်ချ၍ ရှေ့ကဦးဆောင်ကာ ဆွေမျိုး အိမ်နီး
ချင်းများနှင့်အတူ ပင်လယ်နားသို့ ပြေးကြတော့သည်။

ထိုအခါ တစ်ယောက်စကား တစ်ရာနားဆိုသလို ယောကျ်ားမှန်သမ
ဉာဿောင်းနင်းဖြစ်ကာ တစ်ရွာလုံး အဝတ်အထည်ယူရန် ပင်လယ်နား ပြေး
ကြသည်။ ပင်လယ်နား ရောက်သောအခါ ကုလားမည်း၊ ကုလားညီများ စုံ
မီးရှို့နေကြသော အဝတ်ပုံကြီးထဲမှ လိုချင်သော အဝတ်အထည် စောင်များ
ဝင်ဆွဲယူကြသည်။ တစ်ယောက်နှင့်တစ်ယောက် သူငှဉ်ငါငှဉ် စကားများ ရန်ဖြစ်
ပြီး ဆဲကြဆိုကြ အော်ဟစ် ရန်ဖြစ်ကြသောအခါ ကုလားမည်းများက ဝါးလုံး
ရှည်ကို အဝတ်ပတ်ပြီး ထိုသူများကို လိုက်ရိုက်ကြသည်။ သူတို့ပုံထားသော
တောင်ပုံယာပုံ အဝတ်အထည်ပုံကြီးများကိုလည်း ချက်ချင်း ဓာတ်ဆီပုံးလိုက်
သွန်လောင်းကာ ကမန်းကတန်း မီးရှို့နေကြသည်။

ဂျစ်ကားနှင့် လှည့်လည်ကြည့်ရှု ကြပ်မတ်နေသော အင်္ဂလိပ်စစ်ဗို
ကလည်း ကုလားမည်းများကို မြန်မြန်မီးရှို့ပစ်ရန် အမိန့်ပေးပြီး ပင်လယ်
ကမ်းခြေတစ်လျှောက်တွင် ဟိုနားတစ်စု၊ သည်နားတစ်စု မီးရှို့နေကြသော
ကုလားများကို လှည့်လည် ကြည့်ကာ မြန်မြန်မီးရှို့ပစ်ကြရန်သာ အမိန့်ပေး
နေသည်။ ထို့ကြောင့် ရမ္မာဝတီ အနောက်ဘက် ကမ်းခြေတစ်လျှောက်ရှိ
တွေမှာ ဉာဿောင်းတင်းဖြစ်ကာ ရွာလုံးကျွတ် ထွက်၍ ကုလားမည်းများ

ဖျက်ဆီးနေကြသော အဝတ်ပုံများကို ဝိုင်းဝန်းဝင်ဆွဲကြရာ နောက်တော့ သေနတ်ဖောက်၍ပင် ဟန့်တားယူရသည်။

အဝတ်သွားယူကြသော ရွာသားများကို အင်္ဂလိပ် ကုလားများက သေနတ်နှင့် ပစ်သတ်နေပြီးဆိုသော သတင်းစကားနှင့် အူယားဖားယား ပြေးလာကြသူများကို ကြည့်ပြီး ပင်လယ်ကမ်းခြေနား အဝတ်အထည်ယူရန် လိုက်သွား ကြသော သူလင်၊ သူသား၊ သူအစ်ကို၊ သူမောင်များကို ပြန်ပြေးလာကြသူများထဲတွင် မမြင်ရ၍ ဟစ်အော်ငိုယိုနေကြသော မိန်းမသူများ၏ အသံဗြဲကြီးများကလည်း တစ်ရွာလုံး ကျွတ်ကျွတ်ညံနေသည်။

ပင်လယ်နားဘက်မှ ပစ်လိုက်သည့် သေနတ်သံတွေမှာလည်း တစ်ချက်ချင်း တစ်တောင့်ချင်းမဟုတ်။ အဆက်မပြတ် ဒက်ဒက်ဒက်ဒက် ဒိုင်းဒိုင်း ဒိုင်းဒိုင်း အသံတွေနှင့် ပင်လယ်ကမ်းခြေ တစ်လျှောက် သောသောညံနေသည်။ လောလောဆယ် ရွာပြန်ရောက် မလာကြသေးသော ရွာသားများ၏ အမိ၊ အမ၊ နှမ၊ မယားနှင့် ဆွေမျိုး မိန်းမသူများမှာ ပင်လယ်နားမှ အဆက်မပြတ် ပစ်ခတ်နေသော သနတ်သံများကို ကြားလေ အော်ဟစ်ငိုကြွေးနှင့် ယခုမှ ကျွန်တော်တို့ရွာမှာ ကမ္ဘာပျက်တော့သည်။

မိန်းမသူများ ထိုသို့ငိုယို နေကြစဉ်တွင် အထုတ်ငယ်တွေကို ထမ်းပိုး၍ အချို့ရွာထဲ ဝင်လာကြ၏။ သူတို့က ပြောပြသည်မှာ သေနတ်နှင့် သူတို့ကို ပစ်သည်မှာ ကြောက်ရွံ့ပြီး ရွာထဲပြန် ပြေးကြအောင် သူတို့ခေါင်းပေါ်ကို ကျော်ပစ်ခြင်းသာဟု ပြောပြသည်။ ဤသည်မှာလည်း အမှန်ပင်ဟုတ်၏။

ထိုမျှပစ်လိုက်သော ကျည်ဆန်သည် ရွာသားတစ်ယောက်ကိုမှ မထိခိုက်။ အနာတရလည်း တစ်ဦးတစ်ယောက်မှ မဖြစ်ခဲ့ကြ။ သည်လိုနှင့် ရွာထဲကို အလျှိုလျှိုနှင့် ပြန်လောက်လာကြပြန်သည်။ တစ်ချို့ကမူ သေနတ်နှင့် ကုလားမည်းများက လိုက်ပစ်နေသည်မှာ ခြိမ်းခြောက်၍ ပစ်နေမှန်းသာဟု သိသဖြင့် သဝင်တော၊ စပန်းတော၊ ဆီးခြုံထဲဝင်ပုန်းကာ အင်္ဂလိပ် ကုလားမည်းများ အလစ်တွင် ဝင်ဆွဲ ဝင်လုရန် ချောင်းမြောင်း စောင့်ဆိုင်း၍ ချုံထဲတွင် ထမင်းမွေ၊ ဟင်းမွေ စောင့်ကျန်နေခဲ့ကြသူများလည်း ရှိ၏။

ညနေပိုင်း ရောက်သွား၍ အဝတ်အထည်ပုံများကို မီးတင်ရှို့နေကြသော အင်္ဂလိပ်ကုလားမည်းများ ဂျစ်ကားကိုယ်စီနှင့် ကျောက်ဖြူရပ်ပြကားလမ်း ဘက် တက်သွားကြသောအခါ တစ်နေလုံး ချုံထဲ ပုန်းစောင့်နေသူများသည် ချက်ချင်း ချုံထဲက ပြေးထွက်၍ မီးလောင်ပုံထဲမှ အကြွင်းအကျန်များကို ရသလောက် ဝင်ဆွဲထုတ်ကာ ရွာထဲလာပို့ နေကြပြန်၏။

ဤတစ်ခါတော့ အင်္ဂလိပ် ကုလားဆိုး၍လည်း တစ်ယောက်မှ မရှိကြပြီဟု သိရသောအခါ ရွာက မင်းယောကျ်ားများသာမက ရဲရင့်သော မိန်းမသူများ

ကပင် သူ့လင်၊ သူ့သား၊ သူ့မောင်ဘွားများနှင့်အတူ အဝတ်အထည်ယူရန် ပင်လယ်ကမ်း ခြေသို့ ပြေးလိုက်ကြပြန်သည်။

ကျွန်တော်တို့အိမ်တွင် လူခွဲမရှိ၍ အမေက လိုက်မသွားသော်လည်း အသက်ဆယ့်သုံးနှစ်ပင် မပြည့်တတ်သေးသော အစ်ကိုနှစ်ယောက်နှင့် ဦးလေး လူပျိုပေါက်ကို ခေါ်ကာ အဖေလည်း အများနည်းတူ ပင်လယ်ကမ်းခြေနား ပြေးတော့သည်။ ကျွန်တော်နှင့် အမေတို့မှာ အိမ်စောင့်အဖြစ် ကျန်နေခဲ့ကြရ၏။

အစ်ကို၊ ဦးလေး၊ အဖေတို့ ပင်လယ်နားမှ အိမ်သို့ အထုပ်ကြီး အထုတ် ငယ်များနှင့် ပြန်ရောက်လာကြချိန်မှာ မိုးပင် စုတ်စုတ်ချုပ်နေလေပြီ။ သို့သော် ညနေစာ ထမင်းကို ချက်ချင်းမစားနိုင်ကြသေး။ ပင်လယ်နားမှ ရလာသော ပစ္စည်းများကို စောင်သတ်သတ်၊ စစ်အကျီ၊ စစ်ဘောင်းဘီသတ်သတ်၊ စစ် ဆွယ်တာ၊ စစ်စွပ်ကျယ်၊ စစ်ခြင်ထောင်၊ စစ်မျက်နှာသုတ်ပဝါ၊ စစ်ခြေအိတ်၊ စစ်အတွင်းခံ ဘောင်းဘီတို့ကို သတ်သတ်စီ ပုံကြသည်။

စစ်အတွင်းခံ ဘောင်းဘီမှာ ရှေ့နောက် လက်နှစ်ဝါးစာသာ အဝတ် ရှိသဖြင့် "ကုလားမည်းတွေ ဝတ်ထားတာ ရွံစရာကြီး ဘာလို့ကောက်လာ ခဲ့ကြလဲ"ဟု ပြောပြီး လွှင့်ပစ်ရန် အမေက သတ်သတ်ပုံထားသည်။ အစ်ကို လတ်မှာ ဆယ့်နှစ်နှစ်ကျော်သာ ရှိသေးသဖြင့် ရမိရရာ ကောက်ထည့်လာသဖြင့် ကုလားမည်း အတွင်းခံ ဘောင်းဘီများပါ ပါလာခြင်းဖြစ်သည်။

ဤသည်ကစ၍ ကျွန်တော်တို့ ရွာသူရွာသားများမှာ ပထမ အဝတ် အထည်၊ ဒုတိယ ဓာတ်ဆီ၊ ချောဆီများထည့်ထားသော တိုင်ကီပေပါကြီးများ၊ ထို့နောက် လေးထောင့်၊ အဝိုင်း၊ အလုံး၊ အပြား စည်ကြီးစည်ငယ်များ၊ ထော ပတ်၊ ဒိန်ခဲ၊ ချောကလက်၊ အမဲဘူး၊ သိုးသား အစိုအခြောက်များ၊ ငါးသေတ္တာ ဘူးကြီးဘူးလေးများ စက်လုပ်မှုန့်မျိုးစုံ၊ သွားတိုက်ဆေး၊ နို့ဆီ၊ သကြား၊ ဆေးဝါး အလုံးအပြားများ စသည် ပင်လယ်ကမ်းခြေမှ ရသမျှ ပစ္စည်းများကို ကောက် သင်းကောက် လိုက်ရှာ၍ မိမိတို့၏ အိမ်အောက် အိမ်နားတွင် ပုံထားကြသည်။

ကျွန်တော်တို့အိမ်တွင် အဖေနှင့် အစ်ကိုနှစ်ယောက်၊ အမေ့မောင်ဦး လေး တစ်ယောက်တို့ ရှာဖွေပုံထားကြသော ပစ္စည်းများမှာ အိမ်ထဲအိမ်ပြင် မဆံ့ဖြစ်နေသည်။ ထို့ကြောင့် ငါးသေတ္တာဘူး အကြီးအသေးမျိုးစုံနှင့် အမဲသား သိုးသား၊ ချိစ်၊ ဒိန်ခဲ၊ ထောပတ်ဘူးများကို အိမ်ဘေးတွင် ကျင်းတူး၍ တစ်ဘူး ပေါ်တစ်ဘူးဆင့်ကာ စီကပ်၍ ထားရသည်။

အိမ်တွင် ငါးသေတ္တာ ကြိုက်သူဆို၍ကား ကျွန်တော်တစ်ယောက်သာ ရှိသည်။ အမေကဆိုလျှင် ကျွန်တော် ငါးသေတ္တာ ဘူးလိုက်ဖွင့်၍ ထမင်းစား နေရာ နေရာသို့ပင် မလား၊ ကုလားနှံ့နှံ့လျှင် ခေါင်းကိုက်သည်ဟု ငါးသေတ္တာ

ဖေါက်ပြီးသားကို အိမ်ပေါ် သို့ပင် ယူမလာရ။ ရေကပြင်နားခ်ိန်သာ ထိုင်စားရသည်။

ထောပတ်ကြိုက်သူကမူ ဦးလေးမောင်ပါးချေ ဖြစ်သည်။ ဦးလေးသည် အမဲသား၊ သိုးသား အစိုအခြောက်များကို ထောပတ်နှင့် ကြော်စား၏။ ဦးလေးမြိန်ရေယှက်ရေ စားနေသည်ကိုကြည့်ပြီး အမေက နှာခေါင်းရှုံ့သည်။ ဦးလေက အမဲသား သိုးသားခြောက်တွေကို ထောပတ်နှင့် ကြော်ပြီးဆိုလျှင် အမေနှာခေါင်းပိတ်၍ အိမ်ပေါ်က ဆင်းပြေးသွားတတ်သည်။ ဦးလေးကလည်း ထောပတ်ကို မည်မျှ ကြိုက်သနည်းဆိုမူ နောက်ပိုင်း၌ အမဲသား၊ သိုးသား အစိုအခြောက်ဘူးတွေ ကြော်စားစရာ မရှိသောအခါ ကန်စွန်း၊ ချဉ်ပေါင်၊ နောက်ဆုံး မိုးကျလက် ဖက်ရွက်ကိုပင် ထောပတ်နှင့် ကြော်စားသည်။

ထောပတ်ပုံးပြားတွေမှာ အိမ်အောက်၌ လေးငါးပုံ အမြဲရှိနေသဖြင့် ဦးလေးကား နှစ်နှင့်ချီ၍ ထောပတ်စားနေသည်။ ဤသည်ကို ကျွန်တော်တို့ ညီအစ်ကိုတွေက အမေ့လိုပင် နှာခေါင်းရှုံ့ကြသောအခါ ဦးလေးက "မင်းတို့ ဘာနားလည်လဲ ဒီထောပတ်က အင်္ဂလိပ်စစ်တပ်မှာတောင် ကုလားမည်းတွေကို ပေးကျွေးတဲ့ ထောပတ်မဟုတ်ဘူး၊ အင်္ဂလိပ်စစ်ဗိုလ်ကြီးတွေမှ စားရတဲ့ ကျော့ဆိမ်းထောပတ် ခေါ်တယ်၊ အင်္ဂလိပ်တွေစားတာမြင်လို့ ဒီလိုထောပတ်စည်မျိုးကို ငါတမင်ရွေး ယူလာခဲ့တာ" ဟု ပြောတတ်သည်။

ဤသည်ကို အစွဲပြု၍ ကျွန်တော်တို့ ညီအစ်ကိုများနှင့် ရွာသူရွာသားများက ဦးလေးကို "ကျော့ဆိမ်းကြီး" ဟု နောက်နောက်ပြောင်ပြောင် ခေါ်ကြသည်မှာလည်း လွတ်လပ်ရေးရပြီးစ ကာလထိ ဖြစ်လေသည်။

ချိစ်ခေါ် ဒိန်ခဲ ကြိုက်သူမှာ ကျောင်းက ဦးပဉ္စင်း ဦးဥက္ကံသ ဖြစ်သည်။ ဦးဥက္ကံသသည် နေ့စဉ်လိုလို အစ်ကိုတို့ဆီက ဒိန်ခဲဘူးများကို တောင်း၍ ကြံသကာနှင့် ရောဖက်စားသည်။ အစ်ကိုနှစ်ယောက်မှ ဘာကိုမှ မည်မည်ရရ စားတတ်ကြသူတွေ မဟုတ်။ စက်လုပ်မုန့် လူကြီးတွေက ကိန်းကာကာ (ခရိမ်းကရာကာ) ဟုပြောသော အဝိုင်း လေးထောင့်သုံးထောင့် ဆိုက်စုံပါသော မုန့် သတ္တောထဲက မုန့်များကိုပင် တို့ကနန်း ဆိတ်ကနန်းသာ စားတတ်ကြသည်။

သူတို့က ကစားမက်ကြသော အရွယ်ဖြစ်ရာ သွားတိုက်ဆေး စက္ကူသေတ္တာလိုက်ကို စပါးကျီအစွန်းတွင် တင်ကာ အဖုံးတွေကို လှည့်ဖွင့်ထားပြီး အပေါ်က စစ်ဖိနပ်စီး၍ တက်နင်းချကြသည်။ ထိုအခါ သွားတိုက် ဆေးဖတ်များ အမြင်မပြတ် သွယ်တန်းပြီး ကျလာသည်ကို မုန့်တီ(မုန့်ဟင်းခါး) ဖတ် အကောင်ကြီးမျိုးဟု ပြောပြီး လူတကာလိုက်ပြကာ ဆော့ကစား ကြသည်။

သွားတိုက်ဆေးကို သွားတိုက်တံနှင့် အင်္ဂလိပ် ကုလားမည်းများ သွားဘိုက်ကြသည်ကို နေ့စဉ် မြင်ခဲ့ကြရသော်လည်း အနံ့ကိုပင် မခံနိုင်ကြ သဖြင့်

မည်သူတစ်ဦးတစ်ယောက်မှ သွားမတိုက်ကြပေ။ ဆေးလုံးဆေးပြားများမှာ ကလေးများအတွက် ဩစာစေ့အစား ဇယ်တောက်ကစားစရာ ဖြစ်လာသည်။ ဆေးဘူးခွံတွေမှာ လူကြီးတွေအတွက် တိုလီမိုလီ ထည့်စရာ ဖြစ်သွားကြသည်။

တစ်နေ့ပင်လယ်နားမှ ပစ္စည်းသွားကောက်ပြီး ပြန်လာသော အဖေ့ကို ဦးလေးက ပြောသည်။

"အစ်ကို ကျွန်တော်တို့ ပင်လယ်ကမ်းခြေ တစ်လျှောက်မှာ ဒီလိုစက် ပစ္စည်းတွေ ကျန်နေခဲ့တာ ဂျပန်တွေကို ကျေးဇူးတင်ရမယ်"

"ဟင် - ဘာဖြစ်လို့လဲကွ ထွန်းသာ"

"အင်္ဂလိပ်စစ်ဗိုလ်တစ်ယောက်က သူတို့တပ်ပြောင်းခါနီး ကျွန်တော့်ကို ပြောသွားတယ်"

"အေး - ဆိုစမ်းပါဦး၊ အင်္ဂလိပ်စစ်ဗိုလ်က မင်းကိုဘာပြောသွားလဲ"

"ကျွန်တော်တို့ ရမ်းပြကျွန်းကို သုံးလတိုက်မှ ရမယ်လို့ စီမံကိန်းချထားတာတဲ့၊ ခု တကယ်တိုက်ကြတော့ တစ်လမပြည့်မီ ရမ်းပြကျွန်းကို သိမ်းပိုက် နိုင်လိမ့်မယ်၊ ခုဂျပန်တွေ ရမ်းပြကျွန်းကို အကုန်နီးနီး ဆုတ်ခွာကုန်ကြပြီတဲ့"

"ဒါနဲ့ ဂျပန်တွေကို တို့က ကျေးဇူးတင်ရမှာနဲ့ ဘာဆိုင်လို့လဲကွ"

"အစ်ကိုသဘော မပေါက်သေးဘူး၊ အင်္ဂလိပ်တွေက ကျွန်တော်တို့ ရမ်းပြကျွန်းကို သူတို့အင်္ဂလိပ်တပ်တွေ သုံးလလောက် တိုက်ယူမှ ရမယ်လို့ ထင်ခဲ့ကြတာတဲ့၊ ပင်လယ်ကမ်းခြေ တစ်လျှောက်မှာ ဂျပန်တွေက တိုင်စိုက်လိပ်တက်နွယ်တွေတန်း၊ လိပ်တက်နွယ်မှာ ခြင်းတွေ၊ ပလုံးတွေ၊ တောင်းကြီးတောင်းငယ်တွေ ဆွဲချိတ်ထားကြတော့ ကောင်းကင်ပေါ်က ဝဲကြည့်ခဲ့တဲ့ ကင်းထောက်လေယာဉ်တွေက ရမ္ဘာဝတီကမ်းခြေ တစ်လျှောက်မှာ ဂျပန်တွေဟာ ခံတပ်ကြီးတွေ အကြီးအကျယ်ကို တည်ဆောက်ထားတာလို့ ထင်ခဲ့ကြတာတဲ့၊ အဲဒါကြောင့် ရမ်းပြကျွန်းကို ချီတက်တိုက်ခိုက်ကြမည့် စစ်သား ဦးရေတွက်ချက်ပြီး ရိက္ခာသုံးလစာကို သင်္ဘောကြီးတွေနဲ့ပို့၊ လေယာဉ်က လေထီးတွေနဲ့ချ လုပ်ခဲ့ကြရတာတဲ့၊ အဲဒါကြောင့် ကျွန်တော်တို့ ပင်လယ်နား ကမ်းခြေတစ်လျှောက်မှာ ဒီလောက်အစားအသောက် အဝတ်အထည်တွေ ပေါကျန်ခဲ့တာ၊ ခု သူတို့ အဲဒါတွေ ယူလဲမသွားနိုင်ကြတော့ အကုန်စုပုံပြီး မီးရှို့ပစ်ခဲ့ကြရတာလေ"

ဦးလေးအား အင်္ဂလိပ်စစ်ဗိုလ်တစ်ယောက်က ထိုသို့ ပြောထားခဲ့သည် ဆိုခြင်းမှာလည်း ဖြစ်နိုင်ခြေရှိသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့ ရမ်းပြကျွန်းသည် မိုင်း ၇၀၊ ဗုဒ္ဓ၀ တော့ရှိမည်။ ထိုမိုင် ၇၀၊ ၈၀ခန့် ရှည်လျားသော ပင်လယ်ကမ်းခြေ တစ်လျှောက်တွင် ဂျပန်များက တိုင်တွေအထပ်ထပ်

စိုက်၊ ထိုတိုင်ပေါ်တွင် လိပ်တက်နွယ်တွေ အထပ်ထပ်သွယ်တန်း၊ ထိုလိပ်တက်နွယ်တွင် ခြင်းကြီးခြင်းငယ် တောင်းကြီး တောင်းငယ် ပလုံးတွေကို အထပ်ထပ် ဆွဲချိတ်လုပ်ထားကြရာ အင်္ဂလိပ်က ရမ်းဗြဲကျွန်းၭ် ဂျပန်ခံတပ်ကြီးတွေ အများအပြား တည်ဆောက်ထား၍သာ ထိုသို့ အခိုင်အမာ ပြုလုပ်ထားကြခြင်း ဖြစ်သည်ဟု ထင်သွားကြမည် ဆိုသည်မှာလည်း ထင်စရာပင် ဖြစ်လေသည်။

"အေးကွ၊ မင်း ပြောမှ ငါလဲ တွေးမိတယ်၊ ဒါပေမယ့် ခွေးကောင်တွေက အဝတ်အထည်တွေကို သက်သက် မီးပုံရှို့ပစ်ခဲ့ကြတာကတော့ သက်သက်ယုတ်မာ သွားကြတာကွ၊ တကယ်ဆို ဂျပန်ခေတ်မှာ အဝတ်အထည်တွေ ဒီလောက်ရှားပါးနေတာ ဒီလူတွေ ဝတ်ကြပါစေလို့ စိတ်ကောင်း စေတနာနဲ့ ထားပစ်ခဲ့ကြဖို့ ကောင်းတာပေါ့။ ခုတော့ ငါ . . . သားတွေ အကုန်မီးပုံ. . . "

"အစ်ကို နေဦး၊ အဲဒါလဲ ကျွန်တော်ပြောမလို့၊ ကုလားမည်းတွေ အဝတ်ပုံ မီးရှို့ကြတုန်း ဂျစ်ကားတစ်စီးနဲ့ လှည့်ကြည့်နေတဲ့ အင်္ဂလိပ်စစ် ဗိုလ်ကို ကျွန်တော်က စောင့်နဲ့အဝတ်အထည် တွေကို မီးမရှို့ဘဲ ထားခဲ့ဖို့ပြောတော့ အင်္ဂလိပ်ကြီးက သူကြီးတို့လူတွေ စည်းကမ်းမရှိဘူး၊ ကျုပ်တို့ ပစ္စည်းတွေ ထားခဲ့တာ၊ လုကြ၊ ရန်ဖြစ်ကြ၊ သတ်ကြ၊ သေကြရင် ကျုပ်ရာဇဝတ်သင့်လိမ့်မယ်၊ ကျုပ်မှာ တာဝန်ရှိတယ်လို့ ပြောသွားတယ် အစ်ကို၊ အဲဒါကြောင့် သူက ကုလားမည်းတွေကို မီးရှို့ခိုင်းတာ နေမှာပေါ့"

ပင်လယ်ကမ်းခြေက အဝတ်အထည်လုပွဲ အခြေအနေမှာ ထိုသို့ပင် ဖြစ်နေသဖြင့် ဤတစ်ခါတော့ အဖေကလည်း ဘာမှမပြော သာတော့ပေ။

× × × × ×

ပင်လယ်ကမ်းခြေနားဌ အဝတ်အထည်နှင့် စားသောက်ဖွယ်ရာ စည်ဘူး၊ ပုံးကြီး ပုံးငယ်များ ကုန်သွားသောအခါ တတီဃပစ္စည်းအဖြစ် ကားလမ်း၊ လေယာဉ်ပြေးလမ်း၊ လုပ်ထားခဲ့ကြသော သံပေါက်ပြားများကို သယ်ကြပြန်သည်။ ဘေးနှစ်ဘက်တွင် ခွေးသွားစိုက် အကောက်အထစ် ပါသဖြင့် ထိုသံပေါက်ပြား လေးပြားဆိုလျှင် ခုံးတန်းလျား အမှီပါ အလွယ်တကူ လုပ်၍ရသဖြင့် အိမ်ရှေ့၊ အိမ်ဘေးတိုင်းတွင် သံပေါက်ပြား တန်းလျားကို နေ့ချင်းညချင်း မြင်လာရသည်။

သံပေါက်ပြားတွေမှာ ပင်လယ်ကမ်းခြေတစ်လျှောက်၌ ဘယ်နေရာသွားကောက်ကောက် အလွယ်တကူ ရနေကြသဖြင့် နောက်တော့ အိမ်ခြံ၊ လယ်ခြံ ပါမကျန် ငရုတ်ခင်း၊ ယာခင်းများကိုပင် သံပေါက်ပြားနှင့် ကာကြသည်။ ထိုသံပေါက်ပြားများ အသုံးဝင်လိုက်ပုံမှာလည်း ကျွန်တော်တို့ အသက်နှစ်ဆယ်ကျော်အရွယ်ထိ ကျောက်ဖြူမြို့၏ လေယာဉ်ကွင်းမှာ သံပေါက်ပြားခင်း လေယာဉ်ကွင်းသာ ရှိသေးသည်။ ကျောက်ဖြူမြို့ရှိ အိမ်တိုင်းလိုလိုဌမူ ယနေ့ထိ ထိုသံပေါက်ပြားများ ကာရံထားကြသည်ကို မြင်နေကြရသေးသည်။

ပင်လယ်ကမ်းခြေနားဌ သံပေါက်ပြားများ ကုန်သွားသောအခါ တဆင့်တက်၍ မော်တော်ကားပျက်၊ တင့်ကားပျက်၊ သံချပ်ကာကားပျက် လေယာဉ်ပျံပျက်များဆီမှ ရရာပစ္စည်းများကို ဖြုတ်ပြီး မိမိအိမ် မိမိခြံဝင်းထဲသွင်းကြသည်။ အထူးသဖြင့် လူနာတင်ယာဉ် လေယာဉ်ငယ်များပျက်မှ သတ္တုကိုယ်ထည်များသည် ကျွန်တော်တို့ ဘုန်းကြီးကျောင်းသားအရွယ်တွင် ပန်းကန်ပြား၊ ပန်းကန်လုံး၊ ဇွန်း၊ ရေခွက်၊ ခေါင်းဖြီးဘီးတို့ ဖြစ်လာကြသည်။

မှတ်မှတ်ရရ ကျွန်တော့်ဦးလေး သူကြီးဦးထွန်းသာသည် လူနာတင်လေယာဉ်ငယ် ပျက်တစ်စီးမှ ပန်ကာရွက်တစ်ခုနှင့် ပန်ကာအုံ သတ္တုခွံတစ်ခုကို လူလေးငါးခြောက်ယောက်နှင့် ပင်လယ်နားမှ သယ်ထမ်းလာကာ သူ့အိမ်နှင့် ကျွန်တော်တို့အိမ်ကြား ကွက်လပ်ကလေးတွင် ထားသည်။ ထို့ကြောင့် နွေလဌပူအိုက်လာလျှင် ကျွန်တော်တို့ ညီအစ်ကိုများသည် ထိုပန်ကာကို အုပ်ဖုံးသော သတ္တုခုံးခုံးပေါ် တက်အိပ်တတ်ကြသည်။ သတ္တုမှာ နွေရာသီဌ အအေးဓါတ်ရသဖြင့် အိပ်၍ ကျောကပ်ထား၍ ကောင်းသည်။

ဤသို့နှင့်လည်း ပင်လယ်ကမ်းခြေမှ ပစ္စည်းများကား မကုန်နိုင်သေး။ နောက်ဆုံးအဆင့် အနေနှင့်မူ စစ်လက်နက်ပစ္စည်းနှင့် သေနတ်မျိုးစုံတို့ကို ရယူကြပြန်သည်။

ကုလားမည်းများ မီးပုံရှို့နေသော အဝတ်ပုံကြီးကို ဝင်လုခဲ့ကြစဉ်က သေနတ်နှင့် ခြိမ်းခြောက်အပစ်ခံရ၍ ကြောက်ကြောက်လန့်လန့် ချုံထဲ ဝင်ပြေးခဲ့ကြသော အရပ်သားအချို့သည် ချုံထဲ သဲကုန်းတန်းအောက်၌ ကုလားမည်းများ စစ်လက်နက်ပစ္စည်း ကျင်းတူးမြှုပ်ဝှက် နေကြသည်ကို မြင်ထားခဲ့ကြရာ ယခုယူစရာ ပစ္စည်းမရှိသောအခါ ထိုစစ်ပစ္စည်း လက်နက်များကို တူးဖော်ယူကြပြန်သည်။ သည်လိုနှင့် ကားပျက်၊ လေယာဉ်ပျက်မှသည် စစ်လက်နက်ပစ္စည်းများကို တူးဖော်ရယူ၍ အိမ်၌သိမ်းကြပြန်သည်။

သေနတ်တွေမှာလည်း ရိုင်ဖယ်၊ စတင်းဂမ်း၊ မရှိမ်းဂမ်း၊ ဗရိမ်းဂမ်း (စက်ကလေး) လက်ပစ်ဗုံးကအစ အမျိုးအမည် မဖော်တတ်ကြသော သေနတ်အတိုအရှည် ပုံစံမျိုးစုံ တို့ကိုလည်း ပင်လယ်ကမ်းခြေနားမှ ရနေကြပြန်သည်။ ထို့ကြောင့် ထိုစဉ်က ကျွန်တော်တို့ရွာတွင် သေနတ်မရှိသော အိမ်ဆို၍ မုဆိုးမအိမ်နှင့် ယောကျ်ားသား တစ်ဦးတစ်ယောက်မှ မရှိသောအိမ်သာ ကျန်သည်။

အရွယ်မရောက်တရောက် ရှိကြသော ကျွန်တော်တို့ အစ်ကိုနှစ်ယောက်သည် သေနတ်လွယ်၍ ရွာထဲ လမ်းသလားတတ်ကြသည်။ သို့သော် ပစ်တတ်သလားဆိုလျှင် ရိုင်ဖယ်သေနတ်ကိုပင် သူတို့မပစ်တတ်ကြ။ အမျော်အပါး ကစားသည့်အနေနှင့်သာ ထိုရိုင်ဖယ် စတင်းဂမ်းလွယ်၍ ဂျပန်၊ အင်္ဂလိပ်၊ ကုလားမည်းများလုပ်တမ်း ကစားကြသည်။

လူကြီးတွေကလည်း ကလေးတွေ အန္တရာယ်ဖြစ်မှာ စိုးသဖြင့် သေနတ်တွေကိုသာ လွယ်ခိုင်း ကိုင်ခိုင်းထားကြသော်လည်း ကျည်ဆန်ကိုမူ တစ်တောင့်တစ်လေမှ ပေးမထားရကြ။ အချင်းချင်း ရန်ခိုက်ဒေါသဖြစ်၍ ပစ်မိခတ်မိကြမည်ကို စိုးရိမ်ကြသလို မတော်တဆ ပေါက်ကွဲ ထိမှန်ကြမှာလည်း စိုးရိမ်ကြသည်။ ထို့ကြောင့် ကလေးများ လွယ်ထားကြသော သေနတ်များမှာ ကျည်မပါသော သေနတ်များသာ ဖြစ်သည်။

မှတ်မှတ်ရရ တစ်နေ့သ၌ အစ်ကိုနှစ်ယောက်သည် ညောင်ပင် ကွင်းလယ်တွင် လှုန်ထားသော နွားနှစ်ကောင်ကို သွားကြည့်၊ သွားတောင်းကြရမည် ဖြစ်ရာ အိမ်ပေါ်က အင်္ဂလိပ်စစ်ဘောင်းဘီ၊ စစ်အင်္ကျီ ဖိုးရိုးဖါးရားဝတ်ကာ သေနတ်လွယ်ပြီး ဆင်းလာကြသည်။ ရိုင်ဖယ် စတင်းဂမ်း သေနတ်အပြင် ဤနှစ်၌ အစ်ကိုကြီး စစ်အင်္ကျီအိတ်ထဲတွင် တစ်ထွာနီးပါးခန့်သာ ရှိသော သေနတ်အဆန်းတစ်လက်လည်း ပါလာသည်။

သေနတ်မှာ ကြေးအိမ်ကိုယ်ထည်နှင့် ဖြစ်သဖြင့် ပြောင်လက်နေ

သည်။ မောင်းခလုတ်မှာလည်း ရိုင်ဖယ်၊ စတင်းဂမ်း မောင်းခလုတ်များလို အောက်ကမဟုတ်ဘဲ အရင်းဘက် အဆုံးထိပ်တွင် ကြေးကွင်းလေး တစ်ကွင်း သာပါသည်။ ထိုကွင်းလေးမှာ အဖွင့်အပိတ် မောင်းထိမ်းခလုတ်ဖြစ်၏။ ထိုကွင်း လေးကို ဆွဲလှည့်၍ လွတ်ချလိုက်လျှင် မောင်းပြုတ်ပြီး ကျည်ဆန်ထွက်သည်။ ကျည်ဆန်ကို ကိုယ်ထည်အလယ်ကဖြုတ်ပြီး ဝက်အူရစ်နှင့် ပြန်ကိုက်ရ၏။ ကျည်ဆန်မှာလည်း တစ်တောင့်သာ ထည့်လို့ရသည်။ တစ်ခါပစ် တစ်ထောင့် ထည့်ဖြစ်၏။ အမှတ်တမဲ့ကြည့်လျှင် ဆေးလိပ်စွပ်နှင့်ပင် တူသည်။ ထို့ကြောင့် လည်း အနီးကပ်ရန်သူကို တစ်တောင်တစ်ထွာမှ ပစ်ရသော သေနတ်တစ်မျိုး ဖြစ်ကြောင်း သိရသည်။

ညောင်ပင်ကွင်းလယ်ထဲ ရောက်သောအခါ အစ်ကိုနှစ်ယောက်က ထိုသေနတ်ကို ကျည်ထည့်ကြသည်။ ကျည်ဆန်မှာ စတင်းဂမ်းကျည်ဆန် အတိုလေးဖြစ်သည်။ ကျည်ကပ်မပါသော သေနတ်တိုလေး ဖြစ်သဖြင့် တစ်တောင့်သာ ထည့်၍ရသည်။ သူတို့နှစ်ယောက်မှာ အရင်က ထိုသေနတ် ကို တစ်ခါမှ မပစ်ဖူးကြသဖြင့် မောင်းခလုတ်နှင့် ပတ်သက်ပြီး အငြင်း အခုန်ပင် ဖြစ်လိုက်ကြသေးသည်။

ထိုသေနတ်နှင့် ချောင်းထဲက ငါးကို သွားပစ်ကြမည် ဆိုသဖြင့် ကျွန်တော်လည်း လိုက်လာသည်။ ကျွန်တော်တို့ လယ်နားရှိ ချောင်းမှာ ဘစ် လားပင်လယ်အော်ထဲ စီးဆင်းသော ချောင်းဖြစ်သဖြင့် ငါးပေါသည်။ ရေလည်း ကြည်သည်။ နွေလဆိုလျှင် ရေငန်သည်။ ထိုရေကို ရွှာသူရွှာသားများ ဆား ချက်တတ်ကြသည်။

ကျွန်တော်တို့ ညီအစ်ကိုသုံးယောက် ချောင်းကမ်းပါးနား လျှောက်၍ ရေကြည်ထဲက ငါးအုပ်ကို လိုက်ရှာကြသည်။ မကြာခင်မှာပင် ငါးတစ်အုပ်ကို ကျွန်တော်တို့ လျှောက်ရှာနေကြသော ကမ်းပါးအောက် ရောက်လာကြရာ အစ်ကိုနှစ်ယောက်မှာ ထိုဆေးလိပ်ခွပ် သာသာရှိသော သေနတ်နှင့် သူ အရင် ပစ်မည်၊ ငါအရင်ပစ်မည် လုကြရင်း သေနတ်က ကျည်ဆန် ထွက်သွားတော့ သည်။ သေနတ်မှာ တစ်ထွာ လောက်သာ ရှိသဖြင့် ပြောင်းဝနှင့် မလွတ် သော အစ်ကိုလတ် လက်မထိပ်ကို ထိသွားသည်။ လက်မထိပ်ပဲ့ပြီး သွေးထွက် လာသောအခါ အစ်ကိုကြီးက အ့ကြီးစုပ်ကို ဆုတ်ဖြဲပြီး ပတ်တီးစည်း ထား သည်။

သည်လိုနှင့် အိမ်ပြန်ပြေးလာကြရာ လမ်း၌ အစ်ကိုကြီးနှင့် အစ် လတ်တို့က ဒဏ်ရာမှာ သေနတ်မှန်မှန်း သိလျှင် အဖေက ခွင့်လွှတ်မည် မဟုတ်၊ အဘယ့်ကြောင့်ဆိုသော် ဂုံနီအိတ်ကြီးထဲ ထည့်ထားသော ကျည်ဆန် များကို အဖေမသိဘဲ မည်သူမျှ မယူရဟု အဖေက အမိန့်ထုတ်ထားသည်။

ဖြစ်သည်။ ထိုအထဲက စတင်းဂမ်းကျည်ဆန်ကို ခိုးယူလာပြီး ငါးသွားပစ်ကြသဖြင့် ယခုကဲ့သို့ ကိုလတ် လက်မထိပ်ကို ကျည်ဆန်ထိမှန် သွားမှန်း သိလျှင် အစ်ကိုလတ်ရော အစ်ကိုကြီးပါ သက်သာမည်မဟုတ်။ အဖေတားမြစ်ထားသော ကိစ္စတစ်ခုခုကို ကျူးလွန်လျှင် အဖေက အလွန်အရိုက်ကြမ်း တတ်သည်။ ထို့ကြောင့် ဤကိစ္စကို မည်သို့မည်ပုံ ဖြေရှင်းကြမည်ကို လမ်း၌ အကြံဉာဏ် ထုတ်လာကြသည်။

ထိုအခါ အစ်ကိုလတ်နှင့် အစ်ကိုကြီးတို့က "ပျားတဲသား"ဟု ခေါ်သော (ပျားတဲရွာမှ ဝယ်ထားသော) နွားလားကြီးမှာ ပေပေကပ်ကပ် ဆိုးသဖြင့် နွားလဲကြိုး ငုတ်တိုင်(ခုန်းတိုင်) ကို အစ်ကိုလတ် ငုတ်ရိုက်စိုက် ချည်နေတုန်း ပျားတဲသားနွား အမြီးထောင် မြူးပြေးလာသဖြင့် ငုတ်တိုင်ကို မရိုက်မိဘဲ လက်မကို ချော်ထုမိသွားသည်ဟု အဖေ့ကို လိမ်ပြောရန် ကြံစည်ကြသည်။

သို့သော် အဖေကား အစ်ကိုလတ်နှင့် အစ်ကိုကြီးတို့၏ စကားကို အခါခပ်သိမ်း ယုံလွယ်သူမဟုတ်။ အထူးသဖြင့် အိမ်က ငါရှာငါးဆယ် ဇာတ်နိပါတ်ဘုတ်အုပ်ကို ခိုးရောင်းပြီး ဂုံသင်းဒိုး ရှုံးပစ်ထားသဖြင့် အဖေက ပို မယုံတတ်။ ထို့ကြောင့် ကြီးစဉ်ငယ်လိုက် သားသုံးယောက်ထဲ တွင် သူအချစ်ဆုံး၊ အငယ်ဆုံးဖြစ်သော ကျွန်တော့်အား ယခုကိစ္စ၌ အဖေကမေးလျှင် လမ်းတွင် ကြံစည်လာကြသလို အစ်ကိုလတ်၏ လက်မမှ ပျားတဲသား နွားကြောင့် ဖြစ်သည်ဟု အဖေအား လိမ်ပြောရန် အစ်ကိုနှစ်ယောက်က ကျွန်တော့်ကို သင်ထားကြသည်။

အိမ်ရောက်၍ အဖေ့ရှေ့တွင် ကျွန်တော်က အစ်ကိုနှစ်ယောက် သင်ထားသလို အဖေ့ကို ပြောနေချိန်၌ပင် ကျွန်တော်တို့လယ်နှင့် ကပ်လျက် အမွေဆိုင်လယ်မှ ဦးကြီးစော ရောက်လာပြီး "မင်းတို့လယ်အောက် ချောင်းနားက သေနတ်သံတစ်ချက်ကြားလို့ ငါလိုက်သွားတော့ သွေးတွေတွေ့တယ်၊ အဲဒါကြောင့် နွားကျောင်းနေကြ မင်းတို့ညီအစ်ကိုတွေလားထင်ပြီး ငါလိုက်လာတာ ထင်တဲ့အတိုင်းပဲ"ဟု ဖြေသောအခါ ကျွန်တော်ပါ လိမ်လည်မှု၊ ကြံစည်မှုနှင့် အစ်ကိုနှစ်ယောက်နည်းတူ အဖေ့ဆီတွင် အရိုက်ခံရလေသည်။

အစ်ကိုလတ်၏ သေနတ်ကျည်ဆန်မှန်သော လက်မဒဏ်ရာမှာ ပကတိ အကောင်းမဖြစ်တော့ပဲ လက်မထိပ်တစ်ဘက် ပိပြားပြီး အရုပ်ဆိုး သွားသည်။ ထိုနေ့ထိုရက်ကစပြီး အဖေသည် ကျွန်တော့်အပေါ် ၌လည်း အယုံအကြည်မဲ့သွားလေသည်။ ထို့ကြောင့် ကျွန်တော်တို့ လွယ်ထားခွင့်၊ ကစားခွင့် ရနေကြသော သေနတ်များကိုလည်း အဖေ့ဆီတွင် အသိမ်းခံ လိုက်ကြရသည်။

ကျွန်တော်တို့ရွာ ပတ်ဝန်းကျင်တွင် အစ်ကိုလတ်ကဲ့သို့ သေနတ်

မှန်သူ ဗုဒ်းဆန်ထိသူများမှာလည်း အများအပြားပင် ရှိခဲ့ကြသည်။ ထိုအချိန်က အင်္ဂလိပ်တို့၏ စစ်လက်နက်ပစ္စည်းများ ပေါများနေကြသလို ဂျပန်များ ထောင်ထားခဲ့သော ရေမျှောဗုဒ်း၊ မြေမြှုပ်ဗုဒ်း အကြွင်းအကျန်များမှာ ကမ်းခြေတစ်လျှောက် ရွာအောက်ဝန်းကျင်တွင် ရှိနေကြသေးသည်။

ဂျပန်တို့၏ ရေမျှောဗုဒ်းအချို့မှာ လေတိုက်လှိုင်းရိုက်သဖြင့် ကြိုးပြေပျက်ကာ ကျောက်ဆောင် ကျောက်တန်းတွေနှင့် ရိုက်ပြီး ပိန်လိမ်ချို့တွ၍ ကမ်းခြေနားရှိ ရွာအောက်တွင် လာတင်နေကြသည်။ ပိန်လိမ်ချို့တွေသော ဂျပန်ဗုဒ်းများမှာ ယမ်းအောက်ရေစိုပြီး မပေါက်မကွဲနိုင်တော့မှန်း သိသဖြင့် ဗုဒ်းထိပ်တွင် ပါသော ခဲချိုလေးချောင်းကို တံငါသည်များက ရိုက်ချိုးဖြတ်ယူ ကြသည်။ ထိုဗုဒ်းချိုလေးချောင်း ခဲသားမှာ တံငါသည်တို့၏ ပိုက်ကွန်အောက်၌ အလေးအဖြစ် အသုံးဝင်လာသည်။

ဝက်မျှောင်ရွာမှ မောင်ညိုမောင်အပါအဝင် ကာလသာပေါက် သုံးလေးယောက်သည် တစ်နေ့ နေ့လည်၌ ထိုဂျပန်ဗုဒ်းချိုကို သွားချိုး ရိုက်ဖြုတ်ကြရာ ဗုဒ်းပေါက်ကွဲ၍ မောင်ညိုမောင်(ယခုနိုင်ငံကျော်ပန်းပုဆရာကြီးဦးလွင်မောင်)၏ လက်ချောင်းနှစ်ချောင်း သုံးချောင်း ပြတ်ထွက်သွားသည်။ ကျောက်လေးရွာက ကာလသားခေါင်းဆောင် ရွှေထွန်းမှာလည်း အင်္ဂလိပ်စစ်တပ်မှ ရေတွင်းထဲ ပစ်ချခဲ့သော ဗုဒ်းကိုမသိဘဲ သင်္ကြန်အကြိုနေ့၌ ကာလသားများနှင့် ရေတွင်းဆယ်ကြရာ ရွံ့ညွန်ထဲ မြှုပ်နေသော ဗုဒ်းပေါက်ကွဲ၍ လက်ယာဘက် လက်သန်းထိပ် ပြတ်သွားသည်။

သည်လိုနှင့် ဗုဒ်းပေါက်ကွဲ၍ ပတ်ဝန်းကျင် ရွာများမှ လက်ပြတ် ခြေပြတ် သေဆုံးကြသူများ သတင်းကို ကြားကြရတော့မှ တံငါသည်များမှာလည်း ယမ်းအောက်နေပြီးဟု ထင်ထားခဲ့ကြသော ဂျပန်ဗုဒ်းများမှ ခဲဦးချိုများကို ရိုက်ဖြုတ် မယူရဲကြ ဖြစ်သွားလေသည်။

သို့သော် သူတို့ပိုက်ကွန် အောက်ခြေ၌ အလေးတပ်ဆွဲရန် ခဲလိုနေကြသော တံငါသည်များသည် တစ်နည်းထွင်ကာ ရိုင်ဖယ်ကျည်ဆန်ထိပ်မှ ကျည်ဖူးကို ချိုးယူပြီး ကျည်ဆန်ကို နှစ်ခြမ်းခွဲ၍ အထဲမှ ခဲသားကို ထုတ်ယူကြပြန်သည်။ ကျည်ဆန်ကိုယ်ထည်ရှိ ယမ်းမှုန့်နှင့် ယမ်းကြာဆံချောင်း တွေမှာ သူတို့အတွက် အသုံးမဝင်သဖြင့် လွှင့်ပစ်ထားကြရာ ကျွန်တော်တို့ ကလေးများက ထိုယမ်းမှုန့် ယမ်းကြာဆံချောင်းတွေကို ကောက်ယူ၍ မီးရှို့ဆော့ကစားကြသည်။

ဆောင်းတွင်းကာလ မီးဖိုဘေးတွင် လူတွေဝိုင်းပတ်၍ မီးလုံးနေကြစဉ် ကြာဆံယမ်း ချောင်းလေးများကို မီးဖိုဘေးရှိ ပြာပူပူထဲတွင် မီးလုံးနေကြသူများ မသိအောင် တိတ်တဆိတ်သွား၍ ထိုးစိုက်သွားထား တတ်ကြသည်။ ခဏ

ကြာပြီး ပြာပူလာသောအခါ ကြာဆံချောင်း အောက်ခြေကို မီးစွဲပြီး ရှူးခနဲ ရှဲခနဲ မည်သံနှင့်အတူ လေထဲသို့ ပြန်တက်လာကြသည်။ ယမ်းကန်အားနှင့် ဒုံကျည်ပမာ လေထဲ ပျံတက်လာသော ယမ်းချောင်းလေးတွေမှာ မျက်တောင်တခတ်၊ လျှပ်တပြတ် စက္ကန့်ပိုင်း၌ပင် မီးလောင်ပြာကျသွားသည်။ ထို့ကြောင့် လူကိုတော့ တစ်စုံတစ်ရာ အန္တရာယ်မဖြစ်။

ထိုသို့ ရှူးခနဲ ရှဲခနဲ အသံမည်ပြီး မီးဖိုထဲမှ ပျံတက်လာကြသော ယမ်းကြာဆံ ချောင်းငယ်တွေကို ရုတ်တရက် ကြည့်၍လည်းမမြင်ရ၊ သေးငယ်လွန်းသဖြင့် မီးခိုးတန်းလောက်သာ မြင်လိုက်ကြရသည်။ မီးဖိုမှ အသံမြည်ကာ တစ်ချောင်းမဟုတ်၊ နှစ်ချောင်းမဟုတ်၊ တစ်ဆယ်နှစ်ဆယ် ပျံတက်လာကြရာ မီးလှုံနေကြ သူတွေမှာ ရုတ်တရက် လန့်ဖျပ်ပြီး ချက်ချင်း မီးဖိုနားမှ ထပြေးကြသည်။ ထိုအခါ မသိမသာ ပြုလုပ်ထားခဲ့သူက မီးဖိုနား ဝင်ထိုင်နေရာယူကာ တဟားဟား ရယ်မောနေကြသည်။

ရိုင်ဖယ်ကျည်ဆန်မှာ ယမ်းနှစ်မျိုးရှိရာ ယမ်းမှုန့်မှာမူ မီးရှို့ပစ်ယုံကလွဲ၍ ကျွန်တော်တို့ကလေးများ ဆော့ကစားကြရာတွင် အသုံးမဝင်လှပေ။

× × × × ×

ဒုတိယကမ္ဘာစစ်ကြီးကြောင့် ကျွန်တော်တို့ ရမ္မာဝတီ ကမ်းခြေတစ်လျှောက်တွင် ထိုသို့ စစ်လက်နက်ပစ္စည်းများ ပေါများခဲ့သလို နောက်ပိုင်း၌ ဓားပြအန္တရာယ်တွေ့လည်း အလွန်ထူပြောလာသည်။

ကျွန်တော်တို့ရွာမှာ အနောက်ဖက်၌ ဘင်္ဂလားပင်လယ် အော်ကြီးရှိနေပြီး တောင်ဘက်၊ အရှေ့ဘက်၊ မြောက်ဘက်တို့တွင် ချောင်းကြီး၊ မြစ်ဖျားများရှိနေသည်။ ထို့ကြောင့် ချောင်းဖျား၊ ကုလားပါ၊ ရေနံတောင်၊ မင်းပြင် စသည့် ရွာများကို သွားလိုလျှင် မြစ်ဖျား၊ ချောင်းများကို ဖြတ်ထိုးထားသော ဝါးတံတားများပေါ်က သွားကြရသည်။ ဓါးပြရန်ကို ကြောက်၍ ထိုဝါးလုံး တံတားများကို ညအခါ၌ တစ်ဝက်တစ်ပျက် ဖြုတ်ထားကြရလေသည်။

ပြီးတော့ ကျွန်တော်တို့ရွာ၌ သေနတ်အကြီးစား အော်တိုမစ်တစ် (အဆက်မပြတ် ပစ်ခတ်၍ရသော) စတင်းဂမ်း၊ ဗရင်းဂမ်း(စက်ကလေး) များရှိနေသည်ဟု သိလျှင် တစ်ခြားရွာများမှ ဓါးပြများ လာမတိုက်ရဲအောင် ညမိုးချုပ်ချိန် ခုနှစ်နာရီ၊ ရှစ်နာရီ၌ စတင်းဂမ်း၊ ဗရင်းဂမ်းတွေကို ကျည်ကပ်အကုန် ၅၂တောင့် ၃၂တောင့်ထည့်ပြီး ရွာဦးရွာဖျားတို့မှ ခြိမ်းခြောက်သံပေးကာ ညစဉ်ညတိုင်း တပ်လှန့် ပစ်ခတ်ကြရသည်။

ကျွန်တော်တို့ရွာမှ ဤသို့ညစဉ်ညတိုင်း ပစ်ခတ်နေကြသံ ကြားလျှင် တစ်ချက်ပေါက်ရိုင်ဖယ် သေနတ်တွေနှင့် ဓါးပြတိုက်ရန် လာကြသော ဓားပြများ ရွာကို မလာရဲဘဲ ပြန်သွားကြအောင် တမင်အသံပေး ခြိမ်းခြောက်ထားခြင်း ဖြစ်သည်။ စတင်းဂမ်း စက်ကလေးတို့နှင့်ဓားပြများကို ခြိမ်းခြောက်ကြသလို ရိုင်ဖယ်သေနတ်များဖြင့် ကြက်ငှက်ကအစ ချောင်းထဲမှ ငါးများကိုလည်း ပစ်ခတ်နေကြသည်။

ထိုခေတ်က ကျွန်တော်တို့ ရွာနားဝန်းကျင်တွင် စတင်းဂမ်း၊ စက်ကလေးများကို ပစ်တတ်သူမရှိသေး။ ကျွန်တော်တို့ရွာ၌ အစ်ကိုဝမ်းကွဲ မောင်စံညွှန့်ဆိုသူ တစ်ယောက်သာ စက်ကလေးနှင့် စတင်းဂမ်းကို ပစ်တတ်သည်။ သူသည် အင်္ဂလိပ်စစ်တပ် တက်စဉ်က အင်္ဂလိပ် ကုလားမည်းများနှင့် ရမ်းပြဘက်ကို ရက်အတော်ကြာ ပါသွားဘူးသဖြင့် ကုလားမည်းများနှင့်အတူ ဂျပန်များကို စက်ကလေး စတင်းဂမ်းများနှင့် ပစ်လာဖူးသူဖြစ်သည်။ ကုလားမည်းများ

က သူ့အား စက်ကလေး စတင်းဂမ်းများကို ဆေးကြော ချေးချွတ် ပြန်တတ် ခိုင်းကြသဖြင့် သူ့အကုန်လုပ်တတ်လာသည်။

ယခု ကျွန်တော်တို့ရွာ၌ ဓားပြခြောက်ပစ်ပြနေသော စတင်းဂမ်းနှင့် စက်ကလေးတို့မှာ သဲသောင်ချုံအောက်ထဲ အင်္ဂလိပ်စစ်တပ်က ဗုံကျဲပြုပ်ထား ခဲ့သော စတင်းဂမ်း၊ စက်ကလေး သံသေတ္တာလိုက်ကို ရ၍ သူ့ဖာသာသူ တပ်ဆင်ထားသော စတင်းဂမ်းနှင့် စက်လေးတို့ဖြစ်သည်။

မောင်စံညွှန့်သည် လူပျိုပေါက်အရွယ် ရောက်လာသော ကျွန်တော့် အစ်ကိုနှစ်ယောက်ကိုလည်း စတင်းဂမ်းနှင့် စက်ကလေးပစ် သင်တန်းပေးသည်။ စက်ကလေးကို မြေပြင်တွင် ထောက်ထားပြီး မောင်းခလုတ်ကို ဆွဲထားခိုင်းသည်။ မောင်းခလုတ်ကိုမလွတ်မချင်း ကျည်ကပ်ထဲရှိ ကျည်ဆန်အားလုံး အကုန် ထွက်သွားသည်။ ကျည်ခွံတွေမှာလည်း သူ့အလိုလို တစ်ဖက်သို့ စင်ထွက်ကျ သွား၏။

မောင်စံညွှန့်က ထိုသို့သင်ပြသော်လည်း အစ်ကိုကြီးနှင့် အစ်ကိုလတ် တို့က စက်ကလေးကို မပစ်ဝံ့ကြ။ စက်ကလေးမှာ နောက်ဘက်သို့ ထွန်းတန် အားကြီးသည့်အပြင် ကျည်ထွက်နေစဉ် ရှေ့သို့လည်း ဆွဲသွားတတ်သဖြင့် ခွန် အားကြီးသူတွေမှ ပစ်၍ ရမည်ဟု အစ်ကိုကြီးက ပြောသည်။ မောင်စံညွှန့်မှာမူ ဗလကောင်းသည့်အပြင် လူပျိုကြီး ဖားဖားလည်း ဖြစ်သဖြင့် ဓားပြခြောက် စက်ကလေးကို နေ့စဉ်ပစ်နေရသော ကျွန်တော်တို့ရွာက တစ်ဦးတည်းသော သူရဲကောင်းပင်။ သူ့အိမ်အောက်၌ စက်ကလေးနှင့် စတင်းဂမ်း ကျည်ဆန်တွေ မှာလည်း သံသေတ္တာ သုံးလေးလုံးနှင့် အပြည့်ရှိသည်။ ကျွန်တော်တို့ အိမ်၌မူ ရိုင်ဖယ်ကျည်ဆန်တွေနှင့် ရိုင်ဖယ်သေနတ်သာရှိသည်။

သည်လိုနှင့် တစ်နေ့ည၌ သန်းခေါင်အချိန်တွင် ခေါ်တူရွာရှိ ကျွန် တော်တို့ အမျိုးအိမ်တစ်အိမ်ကို ဓားပြလာတိုက်နေကြောင်း ခေါ်တူရွာသား တစ်ယောက်က ပြေးလာပြောသည်။ ထိုအခါ ဦးလေးနှင့် အဖေတို့သည် ဆွေ မျိုးထဲမှ ရဲရင့်သူ သုံးလေးယောက်နှင့် မောင်စံညွှန့်တို့ကိုခေါ်ကာ ခေါ်တူရွာ ကို လိုက်သွားကြသည်။ ခေါ်တူရွာမှ အဖေတို့ပြန်ရောက် လာကြချိန်ကိုမူ ကျွန်တော် မသိလိုက်။ အဖေတို့ လိုက်သွားကြသည်မှာ တစ်နာရီ နှစ်နာရီ ကြာနေသဖြင့် ကျွန်တော် ပြန်အိပ်ပျော်သွားသည်။

မိုးလင်း၍ အဖေတို့ ပြောကြဆိုကြသံကို နားထောင်ကြည့်သောအခါ ခေါ်တူရွာသို့ သွားရာလမ်းမှာ ပင်လယ်ကမ်းခြေလမ်းနှင့် တောင်ခြေလမ်းတု နှစ်လမ်းရှိ၏။ ထိုနှစ်လမ်းထဲတွင် ဓားပြများသည် ကျွန်တော်တို့ အမျိုးအိမ်ကို ဓားပြတိုက်ပြီး တောင်ခြေတောလမ်းက ပြန်ကြလိမ့်မည် အထင်နှင့် တောင်ခြေ တောလမ်းက သွားစောင့်ကြရာ ဓားပြများသည် ပင်လယ်ကမ်းခြေ အတိုင်း

ပြန်သွားကြသဖြင့် မမီလိုက်ဟု သိရသည်။

ထိုသို့ အခြေအနေ ရှိနေစဉ် တစ်နေ့၌ ကျောက်ဖြူမြို့မှ ကုလားမြန်မာများပါသော စစ်ပုလိပ်အဖွဲ့သည် ကျွန်တော်တို့ရွာသို့ ရောက်လာကြသည်။ သူတို့သည် ဦးလေးသူကြီးအိမ်၌ စတည်းချကာ ရွာရှိ စစ်လက်နက်ပစ္စည်းမှန်သမျှကို ချက်ချင်းအားလုံး အပ်ကြရမည်ဟု အမိန့်ထုတ်သည်။ လာမအပ်သူများ လက်နက်ပုန်း ထိမ်ချန်ထားသူများကို ဖမ်းဆီး၍ ထောင်ချပစ်မည်ဟုလည်း ကြိုးဝါးကြသည်။

သို့သော် သူကြီးနှင့် ဆယ်အိမ်ခေါင်းတို့ ဦးဆောင်ကာ ရွာရှိ သေနတ်များအားလုံးကို ပေးအပ်ကြရမည်ဆိုသည်ကို မည်သူကမျှ ဘဝင်မကျကြ။ ထို့ကြောင့် ဦးလေးက မိမိတို့ရွာတွင် ခေတ်တာလအလျှောက် သေနတ်မရှိလျှင် မဖြစ်။ ဓားပြရန်ကို ကြောက်ရသည်ဟု ပြောပြသောအခါ လက်နက်ပုန်းများ ရှိ၍ ဓားပြရှိသည်။ လက်နက်ပုန်းများ သိမ်းသွားလျှင် ဓားပြရန်ကိုလည်း ကြောက်စရာ မလိုတော့ဟု ကုလားစစ်ပုလိပ်ဗိုလ်က ပြောသည်။ ထိုအခါ ဦးလေးနှင့်တကွ ဆယ်အိမ်ခေါင်းများကပါ မလိုလားကြပုံကို ရိပ်မိသွားသော ကုလားစစ်ပုလိပ်ဗိုလ်က ရွာစောင့်အဖြစ် သူကြီးနှင့် ဆယ်အိမ်ခေါင်းတို့တွင် ရိုင်ဖယ်သေနတ် တစ်လက်စီ ကိုင်ဆောင်ခွင့်ပေးပြီး ကျန်အားလုံးသော သေနတ်မှန်သမျှကို သိမ်းယူကြသည်။ ဤသည်မှာ ကျွန်တော်တို့ တစ်ရွာတည်းကိုမဟုတ် ပင်လယ်ကမ်းခြေနား တစ်လျှောက်ရှိ ရွာများအားလုံးက သေနတ်များကို သိမ်းယူကြခြင်း ဖြစ်သည်။

အစကမူ သေနတ်မျိုးစုံနှင့် လက်ပစ်ဗုံးများ၊ ကျည်ဆန်များလောက်သာဟု ထင်ထားခဲ့ကြရာ စစ်ပုလိပ်အဖွဲ့မှာ တဆင့်တက်ပြီး စစ်နှင့်ပတ်သက်သော ပစ္စည်းမှန်သမျှကိုလည်း အပ်ကြရမည်ဟု လုပ်လာပြန်သည်။ စစ်ဘောင်ဘီ၊ စစ်ခြင်ထောင်၊ စစ်မျက်နှာသုတ်ပဝါ၊ စစ်ခြေအိတ်၊ စစ်ဖိနပ်အပြင်၊ လေထီးချ ပစ္စည်းမှန်သမျှကိုပါ လာအပ်ကြရမည်ဟု ဆိုပြန်သောအခါ ကြောက်ခန့်တတ်သူ အချို့ခမြာမှာ ဝတ်နေသော စစ်အင်္ကျီအင်္ဂျောင်းနှင့် လောလောဆယ် ခြုံနေရသော စစ်စောင် အင်္ဂျောင်းအနွမ်းများကိုပင် သူကြီးအိမ်ရှေ့ ပြေးကြရ၏။

သို့သော် စစ်ပုလိပ်တွေက မည်သို့အမိန့်ထုတ်ထုတ် သူကြီးနှင့် ဆယ်အိမ်ခေါင်းတို့က ပုလိပ်မျက်ကွယ်၌ စောင်တွေ၊ လေထီးချပစ္စည်း ပိုက်အုံတွေကို မအပ်ကြရန်နှင့် ရွာသူရွာသားများ အလေ့အထမရှိ၍ ထောင်လည် မအိပ်ကြသော စစ်ခြင်ထောင်၊ စစ်အင်္ကျီ၊ စစ်ဖိနပ်၊ စစ်ဘောင်ဘီများ ကိုသာ ဟန်ပြ တစ်အိမ်တစ်ထည်နှစ်ထည် အပ်ကြရန် တိတ်တဆိတ် ပြောယူရသည်။

သေနတ်၊ ကျည်ဆန်၊ လက်ပစ်ဗုံးကလွဲပြီး ကျန်အဝတ်အထည်

များကို စစ်ပုလိပ်များကလည်း ခေတ်ကာလ အခြေအနေအရ မရမကတော့ မတောင်းရဲကြ။ သူကြီး၊ ဆယ်အိမ်ခေါင်းတို့ကအစ လေထီးပိုးပုဆို၊ စစ်အကျီ တို့နှင့်ဖြစ်ရာ ရွာသူ ရွာသားတွေကို မသိမသာ ခြိမ်းခြောက်တောင်းယူ၍ ပြန်သွား ကြသည်။

သို့သော် ရွာ၌ လက်နက်ပစ္စည်းများ ကုန်ပလားဆိုလျင် မကုန်သေး။ ဝှက်ထားလိုက်ကြသော သေနတ်များမှာ တစ်အိမ်တစ်လက်ကျ နီးပါးခန့် ကျန်နေသေးသည်။ ထို့ကြောင့် ရွာကာလသားပေါက် လူငယ်လူရွယ်တွေမှာ ကျည်ဆန်ကလည်း အလွန်ပေါသဖြင့် မြင်မြင်ကရာ ကြက်ငှက် ချိုး ခါ တွေကို သေနတ်နှင့် လိုက်ပစ်နေကြသည်။

တစ်နေ့မနက်တွင် ရွာမှဆိုးကြီး ဦးငပြောင်က တောစ လယ်ကွင်း၌ ကြက်တည်နေစဉ် ကာလသားပေါက် ထွန်းစံဦးက ဦးငပြောင်၏ တည်ကြက်ကို တောကြက်ထင်မှတ်ပြီး ရိုင်ဖယ်သေနတ်နှင့် ချောင်းပစ်ရာ ကြက်ကိုမထိဘဲ ဦးငပြောင်၏ ဝမ်းဗိုက်ကို ထိမှန်သွားသည်။ ဒဏ်ရာမှာ ပြင်းထန်သဖြင့် ဦးငပြောင်အား မြို့ဆေးရုံသို့ ထမ်းချကြရသည်။ ဤသည်ကစ၍ ရွာ၌ လက်နက်ပုန်းများ အများအပြား ကျန်နေသေးသည်ကို စစ်ပုလိပ်များ သိသွားကြသည်။

ဦးငပြောင်မှာ ကြက်တည်၊ ချိုတည် ခါတည်၍ အသက်မွေးဝမ်းကြောင်း ပြုနေသူဖြစ်ရာ ရွာမှာ သေနတ်တွေ ပေါများပြီး ကာလသားပေါက်ကအစ သေနတ်တကားကားနှင့် ကြက်ငှက် ချိုး ခါများကို လိုက်ပစ်နေကြရာ တောကြက်ငှက် ချိုးခါများကို အရင်ကလို သူတည်၍ မရသဖြင့် နဂိုကဖင်လိုမုန်းထား နေသူဖြစ်ရာ ယခုပြဿနာ ဖြစ်လာသောအခါ တစ်ယောက်စီ၏ နာမည်နာမကိုပါ ထုတ်ဖော်၍ မည်သူ့အိမ်၌ မည်သည့်သေနတ် ရှိသည်ကိုပါ မြို့၌ အစစ်ခံတော့သည်။

ထို့ကြောင့်လည်း စစ်ပုလိပ်များသည် ညတွင်းချင်း ရွာထဲကို တပ်နှင့် ခို၍ ဝင်လာကြကာ တစ်အိမ်တက်ဆင်း လက်နက်ပုန်းတွေ လိုက်ရှာကြသည်။ ရှာဖွေသော်လည်း သေနတ်မတွေ့သော အိမ်ဆိုလျှင် ဦးငပြောင်၏ အစစ်ခံထားချက်အတိုင်း မရမချင်း အမျိုးမျိုးစစ်မေး၍ အရေတောင်းကြသည်။ သူတို့မှာ ယခုအခါ ရွာသူကြီးတွေနှင့် ဆယ်အိမ်ခေါင်းတွေကိုလည်း အယုံကြည် မဲ့သွားကြရာ ဆယ်အိမ်ခေါင်းတွေကိုပါ လက်နက်သိမ်းတော့သည်။ ရွာတစ်ရွာတွင် သူကြီးတစ်ယောက်သာ ရိုင်ဖယ်တစ်လက် ကိုင်ခွင့်ပေးတော့သည်။

စစ်ပုလိပ်များက တစ်ကြိမ်မဟုတ် နှစ်ကြိမ်မဟုတ် သတင်းသိုးသိန်းသန့်ရတိုင်း ရွာရှိလက်နက်တွေကို လာသိမ်းကြ။ လက်နက်ပုန်း ဝှက်ထားသမျှကို ဖမ်းဆီးကြ။ အချုပ်ထဲ ထောင်ထဲအထိ၊ ပို့လာကြသောအခါ ရွာမှာ ငတ်နက်ဆို၍ မရှိသလောက် ဖြစ်သွားသည်။ ရွာတွင် သေနတ်ဆို၍ ကိုးနှင့်

ကြက်ခြောက် ဓားပြခြောက်ပင် မကျန်သောအခါ ကျွန်တော်တို့ရွာက လူများသည် ပင်လယ်ကမ်းခြေနားသွားပြီး အင်္ဂလိပ် ကုလားမည်းများ ဝှက်ထားခဲ့သော သေနတ်၊ ကျည်ဆန်၊ လက်ပစ်ဗုံး အကြွင်းအကျန်များကို ပိုက်စိပ်တိုက် လိုက်ရှာကြရပြန်သည်။

× × × ×

တစ်နေ့မနက်တွင် ရေနံတောင်ရွာမှ မောင်ဖြူဆိုသော ကာလသားပေါက်တစ်ယောက် ပြေးလာပြီး အဖေနှင့်ဦးလေးကို ပြောသည်။ သူတို့ရွာတွင် စစ်ပုလိပ်များ အမြောက်အများ ရောက်နေကြသည်။ လက်နက်ပုန်းရှိမရှိ ရွာတိုင်းကို ပိုက်စိပ်တိုက် ရှာကြလိမ့်မည်ထင်ကြောင်း ပြောပြီး သူတို့ရွာသို့ ပြန်ပြေးသွားသည်။

အမှန်က သူတို့ရွာသို့ ရောက်လာကြသူများမှာ စစ်ပုလိပ်များမဟုတ်။ ကျောက်ဖြူမြို့မှ တောခိုလာကြသော ရဲဘော်ဖြူများသာ ဖြစ်ကြောင်း နောက်မှ သိကြရသည်။

ရဲဘော်ဖြူများသည် ရေနံတောင်ရွာ၌ တစ်ပတ်ခန့် စစ်တပ်ချ၍ နေကြ၏။ ထိုတစ်ပတ်ခန့်အတွင်းတွင် အစိုးရဘက်မှ ကြေငြာချက်ထုတ်သည်။ မလွဲမရှောင်သာ၍ တောခိုရဲဘော်ဖြူများနှင့် တောခိုလိုက်ပါ သွားကြရသည့် စစ်သည်များ၊ အယူမှား၊ ဝါဒမှား မှိုင်းမိ၍ ထင်ယောင်ထင်မှားနှင့် တောခိုလိုက်ပါသွားကြရ သူများသည် ခုနှစ်ရက်အတွင်း မိမိတပ်၊ မိမိမြို့သို့ ပြန်လာကြလျှင် လုံးဝအရေးမယူ၊ ယခင် ထမ်းဆောင်ဖူးသော ရာထူး၊ ရာခံအတိုင်းပင် ပြန်လည်သတ်မှတ် ခန့်အပ်ပေးမည်ဟု ဆိုရာ အချို့စစ်သည်၊ အကြပ်ရဲဘော် အချို့ ကျောက်ဖြူမြို့သို့ ပြန်သွားကြသည်။ ဤသည်ကို ရဲဘော်ဖြူများကလည်း သူတို့နှင့်အတူ တောခိုမလိုက်လိုက ကျောက်ဖြူမြို့ရှိ မိမိတို့တပ်စခန်း အသီးသီးသို့ ပြန်သွားနိုင်ကြကြောင်း ကျေကျေနပ်နပ်ပင် ဒါဇာ အစည်းအဝေး လုပ်၍ ပြန်ခွင့်ပြုကြသည်။

ရဲဘော်ဖြူအဖြစ် တောခိုလာပြီးမှ ရေနံတောင်ရွာက ကျောက်ဖြူမြို့ စစ်တပ်သို့ ပြန်သွားကြသော အစိုးရစစ်သားများထဲတွင် ကုလားပါရွာသား စစ်သည် ဘထွန်းတစ်ယောက်လည်း ပြန်ပါသွားကြောင်း သတင်းကြားရသည်။ စစ်သည်ဘထွန်း၏ ဆွေမျိုးအချို့မှာ ကျွန်တော်တို့ရွာ၌ ရှိသဖြင့် ဘထွန်း အကြောင်းကို သူဆွေမျိုးများကလည်း ရေနံတောင်ရွာကို သွားပြီး ဟုတ်မဟုတ် မှန်မမှန် စုံစမ်းကြသည်။

ရေနံတောင်ရွာ၌ ခုနှစ်ရက်ခန့်သာ နေကြပြီး ရဲဘော်ဖြူများအား လေးတောင်နယ် ရမ်းပြဘက် တက်သွားကြသည်။ ရဲဘော်ဖြူများ ရမ်းပြဘ

တက်သွားကြပြီး မကြာမီမှာပင် ကျောက်ဖြူရမ်းပြဲသွား ကားလမ်းမတစ်လျှောက်ကို အစိုးရတပ်က အမြောက်၊ မော်တာတို့နှင့် စတင် ပစ်ခတ်လာတော့သည်။ ကျောက်ဖြူမြို့မှ ရဲဘော်ဖြူများ တောခိုလာကြစဉ်က မော်တော်ကားများ ပါလာရာ ကားလမ်းမအတိုင်း ရမ်းပြဲဘက်ကို တောခိုသွားကြသော ရဲဘော်ဖြူများကို အစိုးရစစ်တပ်က သံချပ်ကာ တင့်ကားများနှင့် ကားလမ်းမ အတိုင်း လိုက်လာပြီး ပစ်ခတ်တိုက်ခိုက်သည်။

ဤသည်ကစ၍ ကျွန်တော်တို့ ရမ္ဘာဝတီကမ်းခြေ တစ်လျှောက်၌ ဒုတိယ ကမ္ဘာစစ်မှသည် ပြည်တွင်းစစ်သို့ ကူးပြောင်းလာလေသည်။

× × × × ×

ဒုတိယပိုင်း

(အထူးမှတ်ချက်)

ဒုတိယကမ္ဘာစစ်တွင် ရမ္ဘာဝတီကမ်းခြေကို မဟာမိတ်တို့ ထိုးစစ်နှင့် ပတ်သက်၍ စစ်အထူးသတင်းထောက် FRANK OWEN ရေးသော THE CAMPAIGN IN BURMA စာအုပ်တွင် ---

ရခိုင်တိုင်းဘက်ကို အလျှင်အမြန် သိမ်းယူရန် အရေးကြီးလာ၏။ ရခိုင်တိုင်း နယ်မြေများဖြစ်သော စစ်တွေ၊ ရမ်းပြဲ၊ သံတွဲ စသည်တို့၌ အခြေခံ လေယာဉ် ကွင်းများကို ဖောက်လုပ် ရပေလိမ့်မည်။ ၎င်း ကမ်းရိုးတန်း ဒေသများမှာ အိန္ဒိယမှ ကုန်ပို့သင်္ဘောများ ဝင်ထွက်နိုင်သော ဒေသများ ဖြစ်သည်။ မန္တလေး၊ မိတ္ထီလာ စသည်တို့သို့ အိန္ဒိယ လေတပ်အခြေခံ စခန်းများမှ လေယာဉ်များနှင့် ပို့ပြီး ထိုမှတဆင့် ရှေ့တန်း စစ်မျက်နှာများသို့ အဆင့်ဆင့် ပို့ပေးသော် ဖြစ်ရာရှိသည်ကား မှန်၏။ သို့သော် ဤသို့ အဆင့်ဆင့် ပို့ရန် အတွက် လေယာဉ်စင်းရေ လုံလောက်စေရန်ကလည်း ဥရောပ စစ်မျက်နှာက ကိစ္စပြီးမှသာ ဖြစ်နိုင်စရာ ရှိနေ၏။

ယခု အမှတ် ၁၄ တပ်မတော်သည် ရန်ကုန်ကို မိုးမကျမီ သို့မဟုတ် အမြန်ဆုံး သိမ်းရန်ကလည်း ရှိနေသည်။ ဥရောပ စစ်မျက်နှာက လေယာဉ်တွေ အားအောင် စောင့်နေရန် အချိန်မရပေ။

ဤတွင် ရခိုင်နယ် သိမ်းရေးကို တက်သုတ်မနှင့်၍ မဖြစ်တော့ပြီ။ ရခိုင်ဘက်၌ လေယာဉ်များကို အစဉ်လိုက် မယူနိုင်ပါက ယခု ၁၄ အမှတ် တပ်မတော်၏ ရှေ့ဆက်ချီတက်ရေးတွင် မိတ္ထီလာ၌ "တစ်ဆို့မှု" ကြီးနှင့် ကြုံနေရမည်မှာ ကိုန်းသေနေလေသည်။

ဤအချက်ကို မောင့်ဘက်တန် ပါဝင်ဆွေးနွေးသော စစ်ဦးစီးအဖွဲ့တွင် ၇ နာရီမျှ စဉ်းစားတိုင်ပင်ကြပြီးသည်နှင့် တပြိုင်နက် ရခိုင်မြေ တိုက်ပွဲစဉ်ကို အားသွန်၍ ချကြရန် ခရီးဖြင်း နှင်ကြလေတော့သည်။

ရခိုင်၊ ဂန့်ဂေါ တိုက်ပွဲ၌ ဂျပန် ၂၀၀၀ကျော်မျှ သုတ်သင်အနိုင်တိုက်ခဲ့သော အမှတ် (၂၈) အာဖရိကတပ်က ရခိုင်ရိုးမ တောင်ခြေတစ်လျှောက် ဝက်ဝံကြောင်းချီ၍ ရှေ့သို့ ခရီးကြမ်းတိုးဝင်ကြ၏။ အလယ်ကြောင်းချီ တပ်ဦးရှေ့ပြေးတပ်မဟာဖြစ်သော ရွှိင်ရယ် နာဖေါ် ခြေလျှင်တပ်မှ လက်ဖတင်နှင်

နိုလင်း ဆိုသူသည် (၂)လက်မ စိန်ပြောင်း (မော်တာ) ကို မြေမထောက်ဘဲ၊ ခါးမှာထောက်၍ ပစ်သွင်းရာ တစ်နေရာတည်း၌ ဂျပန်အလောင်းပေါင်း (၃၄၀) မျှ စုပုံသွား၏။ သူလည်း ကျဆုံးသွားလေသည်။ ပီစီဘွဲ့ ရသွား၏။

ကောင်းကင်မှ သန်းဒါးဘို့ လေယာဉ်တို့လည်း ဗုံးသွန်ချ၍ တပ်ဦးကို ရှင်းပေး၏။ မောစကွီးတိုးနှင့် စပစ်ဖိုင်းယားတို့က မီးဖိုးလက်နက်ထွေနှင့် ပစ်ခွင်းသည်။ ဂျပန်စစ်တပ် အမှတ်(၅၅) တပ်မသည် ရခိုင်ဘက်၌ အခြေခံတပ်စခန်းပေါင်း များစွာကို ရက်အနည်းငယ်နှင့် လက်လွတ်ရလေသည်။ အမ်းတောင်ကြားဘက်သို့ ပြေးပေါက်ရှာသူ ဂျပန်တို့ကို ဗိုလ်ချုပ် ခရစ္စတီဆန်သည် ရူးရွာဘက်မှ ဆီး၍ ပိတ်တိုက်ပစ်လေသည်။ ရူးရွာပတ်လည် ကမ်းစပ်၌ ဗြိတိသျှ စစ်သား ၄၀၀၀-မျှ ပါဝင်တိုက်ရာတွင် ရေတပ်မှ လေတစ်ပိုင်း ကုန်တစ်ပိုင်း စစ်ဆင်ရေးဖြင့် ပို့၍ကူး၏။ ရခိုင်ကမ်းခြေကား အတော်ဆိုးဝါးသော ရွံ့နွံ့ပြင်များ၊ လမုတောကြီးများ အဝကျယ်လှသော ဒီတက်ဒီကျနှင့် ချောင်းပေါက်အကွေ့အကောက်များ လွန်စွာ ထူပြောလှလေသည်။

မောင့်ဘက်တန်၏ အထူးညွှန်ကြားချက်နှင့် အိန္ဒိယရေတပ်သည် စစ်သည် ရဲမက်ဇော်ငင်း ၁၈၀၀၀၊ လားကောင်ရေ ၅၂၃၊ တိုက်လေယာဉ်၊ သံချပ်ကား၊ တင့်ကားစင်းရေ ၄၁၅ နှင့် စစ်ပစ္စည်း ခဲယမ်းတန်ချိန် ၁၄၅၀၀ တို့ကို ခက်ခက်ခဲခဲ တင်ပို့လေသည်။

ဤသို့အားဖြင့် နောက်ထပ်တပ်များ အားသစ်ဖြည့်ပေးလိုက် သော အခါ ရခိုင်ကမ်းမြောင် စစ်ဆင်ရေး၏ အဓိကဖြစ်သော အမှတ်(၃၅) တပ်မကြီး၏ စစ်ဦးစီးမှူး ဗိုလ်ချုပ် ခရစ္စတီဆန်၏ လက်အောက်တွင် အမှတ်(၂၅)၊ အိန္ဒိယတပ်မ (၂၆)၊ အိန္ဒိယတပ်မ အမှတ်(၈၁)၊ အာဖရိကတပ်မ(၈၂)၊ အာဖရိကတပ်မ အမှတ်(၅၀)၊ အိန္ဒိယ တင့်ကားတပ်မဟာ အမှတ်(၂၂)၊ အရှေ့အာဖရိက တပ်မဟာ၊ အမှတ်(၃)ခေါ် ကုန်းတစ်ပိုင်း ရေတပ်ပိုင်း တပ်မဟာ စသည်ဖြင့် အဆင့်တိုးမြှင့်၍ ဗိုလ်ချုပ်ခရစ္စတီဆန်ကိုလည်း ဗိုလ်ချုပ်ကြီးအဆင့်ဖြင့် တာဝန်ယူစေလေသည်။

ဤမျှ များပြားလာသော တပ်များဖြင့် အားသွန်၍ ရမ်းဗြဲကျွန်းမြောင်ဘက် ကျောက်ဖြူကိုစ၍ ဖိတိုက်ကြလေပြီ။

ထိုအတွင်း အိန္ဒိယ ရေတပ်အပြင် ကနေဒီယံနေဗီ၊ တောင်အာဖရိကနေဗီနှင့် အမှတ်၆၄ -ရေတပ်မဟာကို ကပွတိန် ဒန်းကင်းဟေးလ်အာရှိအင်ဦးစီး၍ ရခိုင်ဘက် ကမ်းခြေတစ်လျှောက် ရန်သူတပ်များ၏ ရေတပ်ဖွဲ့များကို ရက်ရက်စက်စက် လိုက်လံချေမှုန်းနေ၏။

ထိုအချိန်မှစ၍ ဗမာပြည် စစ်ဆင်ရေးတွင် ရှိနှင့်ပြီး ကြည်တော်လေတပ်တို့ကို ရေတပ်ပါ ပါဝင်ပူးပေါင်း တိုက်ခိုက်လာခြင်း ဖြစ်တော့၏။

တပ်ပေါင်းစွာနှင့် ဂျပန်တို့ ရင်ဆိုင်ရသောအခါ ကြာရှည် မခံနိုင်တော့ပေ။ ရမ်းပြကျွန်းကို ဗိုလ်ချုပ်လိုမက် ဦးစီးသော အမှတ် ၂၆ ကြည်း တပ်က ဦးဆောင်တိုက်နေဆဲ ပင်လယ်ဘက်မှ တကယ့်စစ်သင်္ဘောကြီး "ကွင်းအယ်လဇ္ဇဘတ်လ်" နှင့် တိုက်သင်္ဘောကြီး "ဖိုးဘီး" ဖျက်သင်္ဘောကြီး "နာဝီးယား" ပါသိဖိုင်းဒါးနှင့် ရယ်လ်စ်တ်" စသော ရေတပ်မတော် သင်္ဘောကြီးများ ကပေါင်း၍ ကြည်းတပ်များကို အမြောက်နှင့် ကာကွယ်ပေးခါ ကူတိုက်ကြသည်။ ဂျပန်လေတပ်သည် ဘယ်ကဘယ်လို ရောက်လာသည်မသိ။ ဗြိတိသျှ ရေတပ်ကိုလာ၍ ဗုံးကြဲရန် အားထုတ်သေး၏။ သို့သော် မဟာမိတ် တိုက်လေယာဉ်တို့က လိုက်လံပစ်ချလိုက်သဖြင့် "စာရင်းရှင်း" သွား၏။

ရမ်းပြနှင့် သံတွဲတိုက်၌ ဂျပန်များက အပြင်းအထန် ခုခံသော်လည်း ဗြိတိသျှတို့၏ ခြိုတက်ရေးကို မခံနိုင်တော့ပေ။

တောင်ကုတ်လမ်းကို ပိတ်ဆို့ရန် အမှတ် ၂၆တပ်က အတင်းတိုက်သည့်ကြားမှ ဂျပန်အချို့ လွတ်မြောက်သွားသည်မှအပ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်၌ အိန္ဒိယသို့ဝင်ရန် တကဲကဲပြင်နေခဲ့သော ဂျပန် အမှတ် ၅၄နှင့် ၅၅-တပ်မကြီးများသည် ရခိုင်ဘက်မှာပင် အများဆုံး နိဂုံးချုပ်သွားတော့၏။ (၅၅-တပ်မမှ အချို့ ပုသိမ်နယ်ဘက်သို့ ဖြတ်ဆင်းပြေးခဲ့သည်။) ရမ်းပြေးကျွန်းမှ ဂျပန် ၁၀၀၀လျှင် ၂၀-မျှ လွမည်မထင်။ ထိုအထဲ၌ ဂျပန်းဆေးတပ်မှ ဂျပန်ဆရာဝန် တစ်ဦးသာ ရခိုင်စစ်ပွဲ၏ ဒဏ်ချက်ပြင်းပြသည်ကို လက်မြောက်၍ မဟာမိတ်ဘက်သို့ လက်နက်ချ အဖမ်းခံလေသည်။

ၛင်းက သူကဲ့သို့ အစားဆင်းရဲ၊ အနေဆင်းရဲ၊ အသွားအလာဆင်းရဲနှင့် နောက်အား အဖြည့်အထောက် အဆက်ပြတ်ခါ အမျိုးမျိုးဆင်းရဲခြိုခြင်နေသော ဂျပန်စစ်သားတွေ များစွာရှိပါသည်။ လက်နက်ချအောင် သူ့ဗြောပေးပါမည်ဆို၍ ရေတပ်မှ ၛင်းကိုပါ ရှေ့မှတင်ဖြီးလိုက်လံအော်ဟစ်ခေါ်သေး၏။ ဂျပန်စစ်သားများသည် တစ်ယောက်မျှ လက်နက်ချမလာဘဲ ဘိမ်းရှောင်ရင်းဖြင့်သာ လမ်းဆီး၊ ပွက်ဆီး၊ ချောင်းအိုင်၊ လှမုတောများ အောက်၌ခြင်ကိုက်၊ မြွေကိုက်၊ အစာငတ်၊ အားပြတ်၊ နွံနစ်ခါ မိကျောင်းစာ ခံသွားကြကုန်သည်သာ များ၏။ မဟာမိတ် တပ်ဖွဲ့တပ်ဖွဲ့က နှစ်ရက်မျှ ထိုလက်နက်ချ ဂျပန် ဆရာဝန်နှင့် လိုက်၍ခေါ်သော်လည်း မရဘဲ လှေခွက်တွေချည်း ပြန်လာခဲ့ရပေသည်။

ရမ်းပြကျွန်းကို သိမ်း၍ပြီးလေပြီ။ ကျွန်းကြီးမှာ လေယာဉ်ကွင်းလုပ်ရန် များစွာအဆင်ပြေသော ကျွန်းကြီးဖြစ်၏။ စစ်တွေထက်လည်း အနေအထား သာလွန်ကောင်းမွန်သေးသည်။

× × × × ×

၁၉၄၉ ခုနှစ်၊ ဇွန်လ ဒုတိယပတ်တွင် တောခိုလာကြသော ရဲဘော်ဖြူ အရပ်ခေါ် လက်ပတ်ဖြူများကို လိုက်တိုက်သော အစိုးရတပ်မှာလည်း ရေနံတောင်၊ မင်းပြင်ရွာလောက်သာ တက်နိုင်ပြီး ကျောက်ဖြူမြို့သို့ ပြန်ဆုတ်သွားကြသည်။

အကြောင်းမှာ မိုးတွင်းဖြစ်၍ ရွှေကိုဆက်ပြီး မော်တော်ကားလမ်း မပေါက်သလို အင်အားကြီးသော ရဲဘော်ဖြူများကို ဆက်မလိုက်ရဲတာလည်း ပါကောင်းပါမည်။ အဘယ်ကြောင့်ဆိုသော် ရဲဘော်ဖြူများ တောခိုလာစဉ်က ကျောက်ဖြူမြို့တွင် စစ်တပ်ဟူ၍ မကျန်လိုက်ပေ၊ ကျောက်ဖြူမြို့၏ မြို့စောင့်တပ်ဖြစ်သော တပ်ရင်း ၂၀သည် တစ်တပ်လုံး တောခို လာကြသဖြင့် ဖြစ်သည်။ ယခု ရဲဘော်ဖြူများကို လိုက်တိုက်သောတပ်မှာ နောက်မှ ကျောက်ဖြူမြို့သို့ ရောက်လာကြသော တပ်ရင်း(၄) အစိုးတပ်ဖြစ်သည်။

ရဲဘော်ဖြူများကို ဦးဆောင်လာသူမှာ ဦးသာထွန်း (ပြည်သူ့လွှတ်တော်အမတ်၊ ဖဆပလ-ဥက္ကဋ္ဌ၊ ရဲဘော်ဖြူ ဗဟိုကော်မတီ၊ နိုင်ငံရေးဦးဆောင်အဖွဲ့၊ နောင်တွင် သံအမတ်ကြီး (ငြိမ်း) ဖြစ်သည်။ တပ်ရင်း ၂၈၏ မေဂျာမောင်မောင်ကလေး၊ ဗိုလ်မှူး စံသာကျော်၊ ဗိုလ်ကြီး ကောင်းစံလှ ဗိုလ်မောင်ခိန်ပု တို့သည်လည်း ဦးသာထွန်းနှင့်အတူ ပါလာကြသည်။ ဦးဘစော ဖဆပလ အမတ်မှာမူ ရဲများနှင့်အတူ ကျောက်ဖြူမြို့၌ ကျန်ခဲ့သည်။

အစိုးရတပ်က လိုက်တိုက်၍ ရမ်းပြဲမြို့ဘက်သို့ တက်သွားကြသော ရဲဘော်ဖြူများသည် ရမ်းပေါက်တိုက်နယ် လမုဒွိန်ရွာ၌ ယာယီဌာနချုပ်ဖွင့်ကြကြောင်းကြားရသည်။ လမုဒွိန်ရွာမှာ အိမ်ခြေခုစဝခန့်ရှိသဖြင့် ရမ်းပြဲကျွန်းတွင် ရပ်ကြီး၊ ရွာကြီးစာရင်းဝင် ဖြစ်သည်။ ရဲဘော်ဖြူများ လမုဒွိန်ရွာ၌ စခန်းချကြသည်မှာ ရမ်းပြဲမြို့နှင့် နီးသဖြင့်လည်းဖြစ်သည်။ ထိုစဉ်က ရမ်းပြဲမြို့မာန်အောင်မြို့၊ စနဲရွာကြီးတို့ကို ရဲဘော်ဖြူများ သိမ်းပိုက်ထားသဖြင့်ဖြစ်သည်။

နောက်တစ်ကြောင်းမှာ ရမ်းပြဲကျွန်းရှိ ကျောက်ချောင်းတိုက်နယ်တွင် သူတို့ထက် စောစီး၍ တောခိုနေကြသော ဗိုလ်ကျော်ခေါင်၊ ဗိုလ်ဝက်ခေ ဗိုလ်စနေအောင်၊ ဆံနီ၊ ငကျော်ထီး၊ ညွှန့်ဖေ၊ ကြာအေးချေ၊ စသော အဖွဲ့ တို့က ကျောက်ချောင်းတိုက်နယ်ကို သိမ်းပိုက် အုပ်ချုပ်နေကြသလို တိုက်နယ်

ကြီးဖြစ်သော လေးတောင်တိုက်နယ်ကိုလည်း ဖဆပလ အစိုးရ၏ ကာကွယ်ရေး တပ်ဖြစ်သာ ဗိုလ်လူလှတို့ အဖွဲ့က ရှိနေသဖြင့်ဖြစ်သည်။

ဤသို့နှင့် ဒုတိယ ကမ္ဘာစစ်ကြီးတွင် အင်္ဂလိပ်နှင့် ဂျပန်တို့ တိုက်ပွဲ ပြီးသွားသောအခါ ရမ်းပြကွန်း၊ ရမ္ဘာဝတီကမ်းခြေသားတို့မှာ အယူအဆ အမှောင့်ပဃောဂဝင်ကာ တစ်ဦးကို တစ်ဦး တိုက်ခိုက်ကြရန် နိဒါန်းပျိုး လိုက်ကြ လေသည်။

ရမ်းပေါက်တိုက်နယ် လမုဒ္ဒိန်ရွာကို ဌာနချုပ်လုပ်ထားသော ရဲဘော် ဖြူများသည် လောလောဆယ်တွင် ကျောက်ချောင်းနယ်ရှိ ဗိုလ်ဝက်ချေ (ဝက်က လေး) တို့ အလံနီများကို မတိုက်ကြသေး။ အကြောင်းမှာ ဝါဒမတူသော်လည်း ဖဆပလ အစိုးရကို ပုန်ကန်လာကြသူချင်းဟူသော သဘောဖြင့် အကဲခတ် ကြည့်နေကြပုံရသည်။ သူတို့၏ ဘုံရန်သူမှာ ပဆပလ အစိုးရသာဖြစ်သဖြင့် မဟာမိတ်သဘော နေနေကြပုံရသည်။

သို့သော် ကျောက်ချောင်းတိုက်နယ်ကို အစိုးရထားသော ဗိုလ်ဝက်ချေ တို့ အလံနီများနှင့် လေးတောင်တိုက်နယ်ကို အစိုးရထားသော ဗိုလ်လူလှတို့ အဖွဲ့ကမူ တစ်ချည် နှစ်ချည်အား စမ်းပြီးကြပြီ။

ဆောင်းတွင်း တစ်နေ့မနက် ရှစ်နာခန့်တွင် ကျွန်တော် ဘုန်းကြီး ကျောင်းမှ အိမ်သို့လာသည်။ ရွာတွင် ရွာဆော်ကြီး ဦးရွှေဖိုးဦးက တစ်ရွာလုံးကို ထမင်းဆော်၍ တွေ့ရသည်။ ကျွန်တော်က -

"အဘိုး၊ တစ်ရွာလုံးကို ထမင်းဆော်ရအောင် ဘယ်လူတွေ စားမှာ မို့လဲ" ဟု မေးမိ၏။ ထိုအခါ အနားတွင် ရှိနေသော ကျွန်တော့်ဦးလေး ဦးဖြူသီးအောင်က "ဝက်ပက်လို့ တောင်ဘက်က ပြေးလာကြတဲ့ ဗိုလ်လူလှတို့ စားဖို့ပေါ့ကွ" ဟုပြော၏။ ထိုအချိန်မှာပင် အရပ်ဝတ်အရပ်စားနှင့် သေနတ် ကိုယ်စီ ထမ်းပြီး ရွာကိုစုန်လာကြသော ဗိုလ်လူလှတို့ အဖွဲ့လူများကို မြင်လိုက် ရသည်။

ဦးလေး ပြောလိုက်စဉ်ကမူ နားမလည်၊ "ဒီသေနတ်တွေနဲ့ ဒီလူအများ ကြီးက ဝက်ပက်သည်ကို ကြောက်၍ ပြေးလာကြသည်ဆိုခြင်းမှာ ယုတ္တိလည်း မရှိပေ။ အမှန်က ဦးလေးသည် အလင်္ကာ ပဟေဠိနှင့် ကျွန်တော့်ကို ပြောခြင်း ဖြစ်၏။ ဦးလေးမှာ အရပ်ဇာတ်၌ ပါဝင် ကပြဖူးသူဖြစ်ရာ စကားကို တည့်တည့် မပြော။ သွယ်ဝိုက်၍ ဇာတ်ဟန်နှင့် ပြောတတ်သူ ဖြစ်သည်။

ဦးလေးပြောသော ဝက်ပက်၌ ပြေးလာကြသည်ဆိုခြင်းမှာ ကျောက် ချောင်းတိုက်နယ်ကို အုပ်စိုးထားသော ဗိုလ်ဝက်ချေတို့ အလံနီက လေးတောင် တိုက်နယ်ရှိ အစိုးရ ကာကွယ်ရေးတပ် ဗိုလ်လူလှတို့ အဖွဲ့ကို ဝင် တိုက်သဖြင့် မနိုင်၍ ပြေးလာကြခြင်းဖြစ်သည်။ သူတို့သည် ကျောက်ပြန့်ထိ သွား၍

အစိုးရတပ်အား တပ်ကူခေါ်ရန် ပြေးလာကြသူများ ဖြစ်လေသည်။

ဝိုလ်လူလှတို့ ကာကွယ်ရေးတပ်တွင် အများစုမှာ ကျောင်းဆရာများ ဖြစ်ကြသည်။ ဝိုလ်လူလှသည်လည်း ကျောင်းဆရာဟောင်းပင် ဖြစ်၏။ ဆရာကြီးဦးသာကျော်မှာ ယခုထိပင် အသက်ထင်ရှား ရှိနေသေးသည်။ သူတို့အဖွဲ့တွင် ဦးဝေခိုးအောင်၊ ဦးရွှေပွင့်၊ ဦးကျော်ဇံ၊ ဦးရွှေမှန်၊ ဦးဝေကျဲဖြူ တို့မှာ ကာကွယ်ရေး ခေါင်းဆောင်များ ဖြစ်ကြသည်။ အစိုးရက ထုတ်ပေးထားသော လက်နက်ကိုယ်စီ ရှိကြသည်။

ဝိုလ်ဝက်ချေတို့ အလံနီများသည် ကင်းမြစ်၏ တောင်ဘက်ကမ်း လေးတောင်တိုက်နယ် အဆုံးထိ လိုက်တိုက်ကြသည်။ ကင်းမြစ် တစ်ဘက်ကမ်းကိုမူ ကူမလာခဲ့ကြ။ ဝိုလ်လူလှတို့ ကာကွယ်ရေးအဖွဲ့ကို ဝိုလ်ဝက်ချေတို့ အလံနီများ ဝင်တိုက်စဉ် ဝိုလ်လူလှမှာ ရွာဟောင်းရွာ၌ရှိသည်။ သူသည် လေးတောင်တိုက်နယ် တစ်ခုလုံး၏ ကာကွယ်ရေး ခေါင်းဆောင်ဖြစ်သည်။

ဇရပ်ပြင် အုပ်စုခေါင်းဆောင်မှာ ဦးကျော်ဇံ ဖြစ်သည်။ ဇရပ်ပြင် အုပ်စုတွင် ရွာဟောင်း၊ နဂါး၊ သပြေဆိပ်၊ ငှက်ရွေကုန်း (ငှက်ချေးခေါင်း) ဇရပ်ပြင် (၅)ရွာရှိသည်။ ဝိုလ်ဝက်ချေတို့ လာစဉ်က ဇရပ်ပြင်ရွာကို စတိုက်ခြင်း ဖြစ်သည်။ လေးတောင်တိုက်နယ်၌ ဇရပ်ပြင်ကို သူတို့အဓိက ထားပြီး တိုက်ကြသည်မှာ ကာကွယ်ရေး ခေါင်းဆောင်များ ရှိနေသဖြင့် ဖြစ်သည်။

ထိုစဉ်က စာရေးသူတို့၏ ရွာနှင့်တကွ ရေနံတောင်၊ မင်းပြင်၊ ကုလားပါ၊ ဂေါ်ဒူစသည်ရွာများမှာ ကာကွယ်ရေး အဖွဲ့ဟူ၍ သီးသီးသန့်သန့် မရှိပေ။ ကာကွယ်ရေးအဖွဲ့ဟု သီးသီးသန့်သန့် မရှိခြင်းမှာ ကာကွယ်ရေးလုပ် ဝံ့သူ မရှိကြ။ မလုပ်ဝံ့ကြသည့် အကြောင်းမှာ ကျွန်တော်တို့နယ်ကို အစိုးရနှစ် ရဲဘော်ဖြူ နှစ်ဘက်စလုံးက ရှေ့တန်းစစ်မျက်နှာဟု သတ်မှတ်ထားသည်ဖြစ်သည်။ အစိုးရတပ် တက်လာလျှင် မင်းပြင်ရွာထက် ပိုမတက်ဝံ့သည် တောအစိုရ ရဲဘော်ဖြူများ ဆင်းလာလျှင်လည်း ရေနံတောင်၊ မင်းပြင်ရောက် လျှင် ပြန်ဆုတ်သွားကြသည်။

ကျွန်တော်တို့နယ်မှာ ကျောက်ဖြူမြို့နှင့် ၁၂ မိုင်ခန့်သာဝေး ကားလမ်းကလည်း ပေါက်သဖြင့် အစိုးရတပ်များ နာရီပိုင်းအတွင်း ရောက်လာ နိုင်သဖြင့် ရဲဘော်ဖြူများ ကြာကြာမနေရဲကြပေ။ ထို့ကြောင့်လည်း အဆင် ဝိုလ်ဝက်ချေ တို့အဖွဲ့ လိုက်တိုက်၍ ပြေးလာကြရသော ဝိုလ်လူလှတို့ အဖွဲ့ ကျွန်တော်တို့နယ်ကို ရောက်လျှင် သူတို့အတွက် တစ်ဝက်လုံခြုံမှုရှိသည် သဘောပင်။ ထို့ကြောင့်လည်း လွန်ခဲ့သော တစ်နေ့-နေ့မွန်းစောင်းကြီး သုံးနာ လောက်ကပင် တောက်လျှောက်ကြီး ပြေးလာကြသော ဝိုလ်လူလှတို့ အဖွဲ့ ကျွန်တော်တို့ရွာ၌ ထမင်းဆော်၍ အေးအေးဆေးဆေး စားနေရဲကြခြင်း

ဖြစ်သည်။

မနက်စာ ထမင်းစားပြီးလျှင် စစ်ကူတောင်းရန် ဗိုလ်လူလှတို့အဖွဲ့ ကျောက်ဖြူမြို့ဘက်သို့ ဆင်းသွားကြသည်။ သို့သော် သူတို့သည် ကျောက်ဖြူမြို့သို့ မရောက်ခဲ့ကြ။ အကြောင်းမှာ ဇရပ်ပြင်ရွာကို အလံနီများ ဝင်တိုက်ကတည်းက ဖရိုဖရဲ ထွက်ပြေးခဲ့ကြရာ ဗိုလ်လူလှတို့ထက် စော၍ ကျောက်ဖြူဘက် ထွက်ပြေးသွားသူအချို့ တပ်ကူတောင်းပြီး အလျှင်အမြန် အစိုးရစစ်တပ်နှင့် ပြန်လိုက်လာကြသဖြင့် ဖြစ်သည်။

ထိုအခါ အစိုးရစစ်တပ်နှင့် ရှေ့ဆိုင်ဆုံမိကြသော ဗိုလ်လူလှတို့ ကာကွယ်ရေး အဖွဲ့သည်လည်း အလံနီ ဗိုလ်ဝက်ချေတို့ အဖွဲ့ကို ပြန်တိုက်ရန် ပြန်လိုက်လာကြလေသည်။ အစိုးရအဖွဲ့တွင် လက်နက်ကြီးများနှင့် လူအင်အားကလည်း များများပါလာရာ လေးတောင်တိုက်နယ်သို့ စစ်ကြောင်းကြီး နှစ်ကြောင်းဖွင့်၍ ပြန်တက်လာကြသည်။

စစ်ကြောင်းကြီး တစ်ကြောင်းမှာ ဗိုလ်လူလှတို့ ပြေးလာကြသော ကင်းရွာ၊ မရွှင်းရွာအတိုင်း တည့်တည့်ဖြစ်ပြီး နောက်တစ်ကြောင်းမှာ ကညင်ကောက်။ သပြေကျွန်းဘက်က ပတ်ပြီး အလံနီများကို ဖြတ်ဆီး ဝိုင်းတိုက်ရန်ဖြစ်သည်။ ထိုစစ်ကြောင်းနှစ်ကြောင်းကို ရင်ဆိုင် မတိုက်ရဲသော အလံနီများသည် သူတို့ဌာနချုပ်ရှိရာ ဗိုလ်ဝက်ချေတို့ရွာ ကျောက်တွေသို့ ဆုတ်သွားသည်။

သို့သော် ဇရပ်ပြင်ရွာမှ ကာကွယ်ရေးခေါင်းဆောင်များ၏ ဇနီးများဖြစ်ကြသော၊ ကျောင်းဆရာမအချို့လည်းပါသော ဒေါ်ရွှေဆင်၊ ဒေါ်အောင်ကြော့စ်၊ ဒေါ်ငွေလှိုင်၊ ဒေါ်ဖြူမချေ၊ ဒေါ်ဝေကျဲဖြူ စသည် အမျိုးသမီးများကို ခါးစာခံ ဖမ်းခေါ်သွားကြသည်။ ဆရာဦးသာကျော်၏ ဇနီးဒေါ်အေးမြလှိုင်မှာ ပုန်းနေသဖြင့် လွတ်သွားသည်။

အလံနီများ ဆုတ်ခါနီးတွင် ဦးနို့တောင်း အိမ်ကို မီးရှို့ခဲ့သည်။ ဦးသာကျော်အိမ်ကိုလည်း မီးရှို့ရန် လုပ်သောအခါ ရွာလူကြီးများက ကျောင်းဆရာအိမ်တွင် ကျောင်းသားများ၏ စာအုပ်စာတမ်းများလည်း ရှိသဖြင့် တောင်းပန်ကြသဖြင့် မီးမရှို့ခဲ့ (စာသင်ကျောင်းဟု ထိုစဉ်က သီးသန့်မရှိ၊ ကျောင်းဆရာကြီး ဦးဖြူဦးအိမ်မှာ ကျယ်သဖြင့် စာသင်ကျောင်းလုပ်ထားခြင်း ဖြစ်သည်။ ရဲမရှိသော ဂါတ်တဲ (ရဲစခန်း)ကိုလည်း မီးရှို့ထားခဲ့ကြသည်။

အစိုးရစစ်တပ်နှင့် ဗိုလ်လူလှတို့အဖွဲ့သည် လေးတောင်နှင့် တဆတ်တည်းလို ဖြစ်နေသော ကျောက်တွေရွာ အလံနီဗိုလ်ဝက်ချေ တို့အိမ် ဌာနချုပ်ထိ လိုက်တိုက်ကြသည်။ လေးတောင်တိုက်နယ် ဇရပ်ပြင်ရွာမှ ဖမ်းခေါ်သွားသော ကာကွယ်ရေးခေါင်းဆောင်များ၏ ဇနီးများကို ဗိုလ်ဝက်ချေက

အိမ်တစ်အိမ်တွင် လွတ်လွတ်လပ်လပ်ပင် ထားသည်။ တစ်ညအကြာ အစိုးရတပ်က လာတိုက်၍ ဗိုလ်ဝက်ချေတို့ ထွက်ပြေးသောအခါ သူတို့လည်း ထွက်ပြေးလာကြသည်။

အမှန်က ဗိုလ်ဝက်ချေတို့ အဖွဲ့တွင် ဇရပ်ပြင်ရွာသား ဗိုလ်စနေအောင်မှာ ဗိုလ်ဝက်ချေပြီးလျှင် ခေါင်းဆောင်ဖြစ်သဖြင့် ဆွေရိပ်မျိုး ရိပ်လည်းကင်းကြမည်မဟုတ်၊ ကျောက်တွေရွာဆိုသည်မှာ လေးတောင်တိုက် နယ်ထဲပါဝင်သလို ရွာခံကလည်း တဆက်တည်း နီးပါးဖြစ်ရာ ဇရပ်ပြင်ရွာသူတို့ကို ညည်းပန်း နှိပ်စက်ခြင်းလည်း လုံးဝမပြု။ ပြေးကြသောအခါ မှာလည်း မြင်လျှက်နှင့် သည်အတိုင်းပင် လွှတ်လိုက်ကြခြင်းသာ။

ဗိုလ်ဝက်ချေတို့ အလံနီများ ဆုတ်ပြေးသွားကြသောအခါ ကာကွယ်ရေးနှင့် အစိုးရပူးပေါင်းတပ် ဗိုလ်ဝက်ချေ၏ ဌာနချုပ်ရှိရာ ကျောက်တွေရွာကို ဝင်သိမ်းကြသည်။ ကျောက်တွေရွာမှာ လူတစ်ယောက်မှ မရှိတော့။ ကျီးနှင့် ဖုတ်ဖုတ် ခွေးတစ်အုပ်သာ ကျန်တော့သည်။

လေးတောင်ဇရပ်ပြင်ရွာကို သူတို့သိမ်းတုန်းက ကာကွယ်ရေး ဇနီးများကိုပါ ခါးစာခံ ဖမ်းခေါ်လာခဲ့ကြရာ ယခု ကာကွယ်ရေးနှင့် အစိုးရတပ်မှာလည်း သူတို့လိုပင် ဇနီးမယားများကို ဖမ်းခေါ်သွားကြလိမ့်မည်ထင်သဖြင့် ရွာလုံးကျွတ် ထွက်ပြေးသွားကြခြင်းဖြစ်သည်။

ထို့ကြောင့် အစိုးရနှင့် ကာကွယ်ရေးပူးပေါင်းတပ် ကျောက်တွေရွာကို သိမ်းပိုက်သောအခါ လူတစ်ယောက်မှ မတွေ့ရခြင်းဖြစ်သည်။ တစ်ရွာလုံးကို စည်းရုံး၍ ဗိုလ်ဝက်ချေတို့က ကျောက်ချောင်းနယ်သို့ ခေါ်သွားသည်လား သို့မဟုတ် သူတို့အလံနီများ ဌာနချုပ်ရှိရာ ဇီးခါးတောညိုဘက်ကို ခေါ်သွားကြသည်လား ဆိုသည်ကို ပူးပေါင်းတပ်က ဇဝေဇဝါ ဖြစ်သွားသည်။

မည်သို့ဆိုစေ ဇီးခါးတောညိုကို အလံနီများ ချက်ချင်းခရီး မပေါက်နိုင်သေး။ နီးစပ်ရာ တောတောင်များတွင်လည်း သူတို့၏ ကတုပ်ကျင်းဘာကာများ ရှိနိုင်လေရာ အစိုးရတပ်နှင့် ကာကွယ်ရေးတပ်တို့မှာ တောနှင်းတောင်တက် မရှာပဲ့ကြ။ အလံနီများ ကျောက်တွေရွာကို သိမ်းထားသည်မှာ ကြာပြီဖြစ်သဖြင့် ရွာပတ်ဝန်းကျင် တောတောင်များ၌ သူတို့၏ အခိုင်အခံ့ကတုတ်ကျင်း ဘာကာများ ရှိနိုင်သည်ကို တွက်ဆ၍ တောနှင်းတောင်တက်လည်း မလိုက်ရဲကြ။

ထိုအခါ အလံနီများ မခံချင်အောင် နည်းပရိယာယ်နှင့် ကဗျာဥာဏ်စာဥာဏ် ကွန်မြူတတ်သူတစ်ယောက်က "ဝက်ချေသမီး၊ စံနုပျို၊ ကံကုသိုလ်ဆိုးလှချည်ရဲ့၊ မောင်ကြီးကြိုက်လို့ တမျှော်မျှော် တောကြီးပေါ်က ဆင်းခဲ့ပါတဲ့" ဟု သံချပ်ထိုး၍ စသည်။

ဗိုလ်ဝက်ချေမှာ ယခင်က စာဟောတက်၊ စာဟောဆရာဖြစ်သည်။ အသံကောင်း အပြောကောင်း၊ အငိုကောင်းသဖြင့် စာဟောဆရာ ဝက်ချေ၏ ဟောချက်ကို ကျောက်ချောင်း၊ လေးတောင်တစ်နယ်လုံး ကြိုက်ခဲ့ကြသည်။ သူ့တွင် မစံနှုန်းသော သမီးပျို ရှိသည်ကိုလည်းသိသဖြင့် တမင်သံချပ်ထိုး အော်ဟစ်ကြခြင်းဖြစ်သည်။ သို့သော် သူတို့ မည်သို့စစ မခံချင်သဖြင့် ဘယ်တောင်၊ ဘယ်တောမှ သေနတ်သံ တစ်ချက်မကြားရသောအခါ ရွှေကိုလည်း ဆက်မလိုက်ဝံ့၊ ကျောက်တွေရွာ၌လည်း ကြာကြာမနေဝံ့သော အဓိုးရနှင့် ကာကွယ်ရေးတပ်တို့က ဆုတ်လာကြရပြန်သည်။

လေးတောင်နယ်ရှိ အစိုးရကာကွယ်ရေးကို အလံနီ ဗိုလ်ဝက်ချေတို့အဖွဲ့က လာတိုက်သည်ကို အကြောင်းခံကာ အစိုးရက ကာကွယ်ရေးတပ်ကို အင်အားတိုးချဲ့သည်။ အစိုးရ ကာကွယ်ရေးတပ်ကို အင်အားတိုးချဲ့သလို အလံနီ၊ ရဲဘော်ဖြူတို့ကလည်း တိုးချဲ့ဖွဲ့စည်းလာကြသည်။

ထိုအခါမှာ ရပ်၌ရွာ၌ သားသမီးကို မိဘက ကြောက်ရသော အခြေအနေသို့ ရောက်လာသည်။ ယခင်ကလို မိဘဆိုဆုံးမသည်ကို လူပျိုကာလသားတွေက ကန့်တကောစ လုပ်လာကြသည်။ မိဘက သားလူပျိုပေါက်များကို မပြောဝံ့၊ မဆိုဝံ့ ဖြစ်လာကြသည်။ တဆိတ်ရှိ " လက်ပတ်ဖြူသွားဝင်မယ်၊ အလံနီသွားလုပ်တော့မယ်၊ ကာကွယ်ရေးထဲ သွားဝင်မယ်" ဟူသော စကားမှာ လူငယ်လူရွယ်တိုင်း ပါးစပ်ဖျားခ်ဳ ရေပန်းစားလာသည်။

နွားကျောင်းရင်းက သူများအခင်းထဲ သူ့နွားဝင်စားရ၍ လျော်ရမည်ဆိုသည်နှင့် လက်ပတ်ဖြူဝင်ဖို့ သွားပြီ။ အိမ်မှာ မိဘညီအစ်ကို မောင်နှမတစ်ယောက်ယောက်နှင့် ကတောက်ကဆ စကားများကြလျှင်လည်း အလံနီဝင်ဖို့သွားပြီး၊ ရည်စား လင်နောက်လိုက်သွားလျှင်လည်း ကာကွယ်ရေး လုပ်ဖို့သွားပြီ။ လက်ပတ်ဖြူ၊ အလံနီ၊ ကာကွယ်ရေးများကလည်း ထိုအချိန်တွင် လူလိုနေချိန်ဖြစ်ရာ အကာလိကော အချိန်မရွေးလာခဲ့၊ လက်မခံ၍ ပြန်လွှတ်လိုက်သူဟူ၍ မရှိစေရ။

ကျောက်ဆင်းတုပင် ခေါင်းညိတ်လာအောင် အပြောကောင်း၊ အဟောကောင်း ကြသည်ဆိုသော အလံနီအဖွဲ့မှာမှ အမျိုးသားရဲဘော်များသာမဟုတ်၊ ရဲနီမများကိုပင် သိမ်းသွင်းကာ ဝါဒရေးရာ တရားဟောလာကြသည်။ ထို့ကြောင့် ရဲဘော်ဖြူ၊ အလံနီ၊ ကာကွယ်ရေးတွေ ရှိနေသော အရပ်တွင် သားသမီးများကို မိဘများက မာမာပင် မပြောဝံ့ကြ၊ ချစ်သူများကိုလည်း မခွဲဝံ့ကြ။ ဆင်းရဲချမ်းသာ ဂုဏ်ပကာသန အဆင့်အတန်း စကားမပြောရဲ၊ မည်မျှဆင်းရဲသော ချွေးမလောင်းဖြစ်ဖြစ်၊ မည်မျှဆင်းရဲသော သမက်လောင်းဖြစ်ဖြစ် ရဲဘော်၊ ရဲမေ လုပ်ရန် အိမ်ကထွက်သွားကြမှာစိုး၍ ယူစေသတည်း ရှစေ

သတည်း၊ ညားစေ သတည်းဟု ခွင့်ပြုကြရတော့သည်။ (ဤသည်မှာပင် ကွန်မြူနစ်တို့၏ တန်းညီ၊ ဆင့်ညီ ဘုံဝါဒ သဘောတရားအဘိဓမ္မာနှင့် အံဝင်ခွင်ကြဖြစ်၍ သွားလေသည်။)

စာရေးသူတို့၏ နယ်ကမူ ရဲဘော်ဖြူ၊ အလံနီ၊ ကာကွယ်ရေး သွားဝင်ကြသော လူငယ်လူရွယ်များ ပထမပိုင်းတွင် မရှိသလောက်ရှားသည်။ ဤသည်မှာ ကျွန်တော်တို့ နယ်ကို မြို့အစိုးရ၊ တောအစိုးရ နှစ်ဘက်စလုံးက ရှေ့တန်းစစ်မျက်နှာ သတ်မှတ်ထားရာ အကယ်၍ တစ်ဘက်ဘက် သွားဝင်လျှင် နောက်တစ်ဘက်ဘက်က သူ၏ မိဘညီအစ်ကို မောင်နှမများကို တစ်ညည လာများသတ်လေမလားဟူသော သံသယ ရှိကြသဖြင့်သာ တော်နေသေးသည်။

ရဲဘော်ဖြူ၊ အလံနီ၊ ကာကွယ်ရေးများသည် လူအင်အားစုဆောင်းရင်း တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်ဘက်နှင်တစ်ဘက် တိုက်လိုက်ကြသည်မှာလည်း နေ့တဂျိမ်းဂျိမ်း၊ ညတဂျိမ်းဂျိမ်း ဖြစ်လာသည်။ ရမ်းဗြဲကျွန်းတွင် အင်အားအကောင်းဆုံး အဖွဲ့မှာ နောက်တော့ လက်ပတ်ဖြူခေါ် ပြည်သူ့ရဲဘော် ပါတီဖြစ်လာသည်။ ဖြည်းသူ့ရဲဘော်ခေါ် လက်ပတ်ဖြူ ပါတီသည် အင်အားကောင်းလာသည်နှင့်အမျှ နံပါတ်တစ် ရန်သူဖြစ်သော အစိုးရကာကွယ်ရေးအဖွဲ့ကို တိုက်တော့သည်။

ဗိုလ်လူလှ ဦးဆောင်သော လေးတောင်တိုက်နယ်ရှိ ကာကွယ်ရေးအဖွဲ့မှာ အင်အားမည်မျှကောင်းကောင်း စစ်ခံ၊ စစ်တက် စသည်များကို စနစ်တကျ သင်ယူလေ့ကျင့်ထားသော အဖွဲ့မဟုတ်။ အဓိပတိ ခေါင်းဆောင်ကြီးဖြစ်သူ ဗိုလ်လူလှကိုယ်တိုင်ကပင် မြေဖြူကိုင်လာသူ ကျောင်းဆရာသာ ဖြစ်သည်။ ရဲဘော်ဖြူဆိုသည်မှာကား အစိုးရစစ်တပ်က တောခိုလာကြသော ဗိုလ်မှူး၊ ဗိုလ်ကြီးတို့ကလည်း အများအပြားပါရာ ဘယ်လိုမှ မယှဉ်နိုင်ဖြစ် လာသည်။ တိုက်ပွဲတိုင်း ရှုံးနိမ့်နေသည်။

ထို့ထက် အဓိကကျသော အကြောင်းတစ်ခုမှာ လေးတောင်တိုက်နယ်ရှိ ကာကွယ်ရေးများကို ဖွဲ့စည်းပေးထားသော ကျောက်ဖြူ မြို့အစိုးရမှာလည်း အလှမ်းဝေးလှသည်။ ခြေကျင်အမြန်ဆုံး သွားနိုင်ပါမှ တစ်ညနှင့် နှစ်ရက်ခရီးရှိသည်။ ကားလမ်းဆိုသည်မှာလည်း ကျောက်ဖြူမြို့မှ ဆယ်မိုင်အထိကိုပင် သွား၍မရ၊ လေးတောင်နယ်ဆိုသည်မှာ ကျောက်ဖြူမြို့မှ မိုင်လေးငါးတစ်ဆယ်ဝေးသည်။ ကင်းမြစ်ကြီးကလည်း ခံနေသည်။ အရေးအကြောင်းရှိ၍ ကျောက်ဖြူမြို့ရှိ အစိုးရတပ်ကို အကူအညီ သွားတောင်းလျှင် နှစ်ရက်နှင့် တစ်ညကြာမည်။

ဤသည်တို့ကြောင့်လည်း ဗိုလ်လူလှနှင့်တကွ ကာကွယ်ရေးများ

သည် ရဲဘော်ဖြူများထံ လက်နက်ချ အညံ့ခံလိုက်ကြရသည်။ ထိုအခါ ယခင်က ရမ်းပေါက်နယ်ရှိ ရဲဘော်ဖြူတို့၏ ဌာနချုပ်ကို လေးတောင်တိုက်နယ်သို့ ပြောင်းရွှေ့လာသည်။ ရမ်းဗြဲကျွန်းရှိ လေးတောင်တိုက်နယ်ဆိုသည်မှာ အလွန်နေ ချင့်စဖွယ်ကောင်းသော တိုက်နယ်ဖြစ်သည်။ ပထဝီအနေအထား အရလည်း သဲမြေများချည်းဖြစ်ရာ မိုးစဲရေစဲ ရွှံ့နွံ့မဲ့ အရပ်ဖြစ်သည်။

ရမ်းဗြဲတစ်ကျွန်းလုံးတွင် ဘယ်နယ်မှာမှ မရှိသော ကွင်းကျယ်ကြီး ရှိသည်။ ရေမြေအနေအထား ကောင်းသလို လေးတောင်နယ်၌ ပညာသည်တို့ စုံသည်။ ပန်းခြံပန်းပု အနုသုခုမနှင့် ကျောက်ဆစ် ပန်းရံ၊ သံထည်သွပ်ထည် အကုန်လုပ်တတ်သော လက်မှုပညာသည်များလည်း ပေါသည်။ စစ်အတွက် ပန်းထိန်မှာ အသုံးမဝင်သော်လည်း ပန်းပဲအတတ်ပညာသည် အရေးပါအရာ ရောက်သော အဓိက အခန်းကဏ္ဍမှပါဝင်သည်။ မီးပျက်မောင်းကျိုး သေနတ်များကို ပြန်လည်ပြုပြင်ရန်မှာ ပန်းပဲ(တွင်ခံ) ရှိမှဖြစ်သည်။ လေးတောင်နယ်သားများမှာ ထိုအတတ်ပညာနှင့် ရှေးရှေးပဝေသနီကပင် အသက်မွေးဝမ်းကျောင်း လုပ်စားလာကြသူများ ဖြစ်သည်။

ထို့ကြောင့်လည်း လေးတောင်နယ်ကို ရဲဘော်ဖြူများသာမဟုတ်၊ အလံနီကလည်း မျက်စိကျ၍ အကြိမ်ကြိမ် ရယူရန် ကြိုးစားခဲ့ခြင်းဖြစ်သည်။ သူတို့ ရယူလိုသော လေတောင်နယ်ကြီး၏ ကွင်းပြင်တွင် နံနက်တိုင်း ရဲဘော်ဖြူ စစ်ဗျူဟာယ်ခရာသံတို့ကို အလံနီတို့မှာ နားမချမ်းသာစရာ ကြားနေရသည်။ အမှန်က ရဲဘော်ဖြူများထက် စောစွာ တောခိုလာကြသော သူတို့သည် ရချင်း ရလျှင် လေးတောင်နယ်ကို သူတို့သာ အလျင်ရသင့်သည်။ ယခုတော့ လေးတောင်နယ်သည် ရဲဘော်ဖြူများလက်ထဲ ကျသွားလေပြီ။

ဤမကျေနပ်မှုကြောင့်ပင် အလံနီများသည် လေတောင်နယ်ကို အကြိမ်ကြိမ် တိုက်ကြပြန်သည်။ တိုက်သမျှလည်း အလံနီများသည် အရှုံးနှင့်ချည်း ပြန်ဆုတ်လာခဲ့ကြရ၏။ ယခင်ကာကွယ်ရေးဗိုလ်လူလှတို့ အဖွဲ့တစ်ဖွဲ့တည်းကိုသာ နိုင်အောင်တိုက်နိုင်သော အလံနီများမှာ ယခုရဲဘော်ဖြူနှင့် ကာကွယ်ရေးတို့ တစ်ဖွဲ့တည်းဖြစ်သွားသောအခါ သူတို့၏ ရည်မှန်းချက်မှာ ဝါးခြိုန်ပြင်ရွာကွင်းပြင်ကြီး၏ သဲတောထဲ ရေလာသွန်သလိုဖြစ်သွားလေသည်။

ဗိုလ်လူလှတို့ အဖွဲ့မှာ ရဲဘော်ဖြူများဆီ၌ လက်နက်ချ အညံ့ခံလိုက်ရသည်ဟု ဆိုသော်လည်း လေးတောင်တိုက်နယ်၌ ဗိုလ်လူလှမှာ ယခင်အတိုင်း အုပ်ချုပ်တုန်း သြဇာရှိတုန်းပင်။ ကျောင်းဆရာက လာသူအပြင်တစ်နယ်လုံး ကာကွယ်ရေးကိုလည်း ဦးဆောင်ခဲ့သူဖြစ်ရာ လူရိုသေ ရှင်ရိုသေ ရှိသည်။ ဤသည်ကိုသိရှိ၍လည်း ရဲဘော်ဖြူများက ဗိုလ်လူလှအား တဆင့်ခံ အုပ်ချုပ် ခိုင်းထားခြင်းဖြစ်သည်။

သင်္ကြန်ရက်နီးသော နွေတန်ခူးတစ်နေ့တွင် ကျွန်တော်တို့ အရပ်စကားနှင့် ထောင်ဘက်ဟုခေါ်သော လေးတောင်နယ်မှ ရဲဘော်ဖြူများက အုပ်လိုက် အုပ်လိုက်ရေနံတောင် မင်းပြင်၊ ချောင်းဝရွာများသို့ ရောက်လာကြသည်။ သူတို့ စရောက်လာစဉ်ကမူ ဝက်ပက်ပြန်ပြီနဲ့တူတယ် အလံနီဝိုလ် ဝတ်ချေကိုကြောက်၍ ပြေးလာကြပြန်ပြီဟု ထင်လိုက်ကြသည်။

သို့သော် ဤတစ်ခါ လက်ပတ်ဖြူများ ရောက်လာကြသည်မှာ ယခင်ကထက် အဆများစွာရှိသည်။ ပြီးသူတို့အသွင် ဟန်ပန်ကို ကြည့်ရသည်မှာ ယခင်ကလို မျက်ကလူးဆံပြာ ကမန်းကတန်းမဟုတ်။ အေးအေးဆေး ဆေးသာရပ်သူရွာသားများ ပို့ဆွမ်းကိုစားပြီး တစ်ယောက်နှင့်တစ်ယောက် နောက်ပြောင်ကျီစယ်နေကြသည်ကိုလည်း မြင်ရသည်။ သူတို့မှာ ဘုန်းကြီးကျောင်းရှေ့ဇရပ်တွင် ခေတ္တစခန်းချ နားနေကြသဖြင့် ကျွန်တော်တို့ ကျောင်းသားများ လှမ်းကြည့်လျှင် မြင်နေရသည်။

အထူးခြားဆုံးမှာ ကျွန်တော်တို့ရွာကို သူတို့ ရောက်လာကြသည်နှင့် ကျောက်ဖြူမြို့ကို တွစ်စုံတစ်ယောက်သော သူကိုမှ သွားခွင့်မပြုတော့။ ကျွန်တော်တို့ဆီက ကျောက်ဖြူသွားလမ်း နှစ်လမ်းရှိရာ သူတို့သည် ထိုနှစ် လမ်းစလုံး၌ ကင်းချစောင့်နေကြသည်။ ကျောက်ပြောက်၊ ဝက်မျှောင်၊ ငါးအုပ်၊ ကျောက်ကလေ ရွာများဘက်မှ ကျောက်ဖြူမြို့သို့ ဈေးဝယ်ဆင်းကြသူများကိုလည်း လုံးဝဆင်းခွင့် မပြုကြတော့ဘဲ ပြန်လွှတ်နေကြသည်။

သူတို့ကမူ ကျောက်ဖြူမြို့ဘက်သို့ ခရီးတက်သွားကြသည်။ အတွင်းကြောင်းမင်းလမ်း၊ ကားလမ်းကသာမဟုတ်၊ ပင်လယ်နားဘက်မှလည်း တစ်ညလုံး တစ်တပ်ပြီးတစ်တပ် ကျောက်ဖြူမြို့ဘက်သို့ ဆင်းသွားကြသော ခြေရာများကို မနက်မိုးလင်း၍ ပင်လယ်နား ငါးရွာသွားသူများပြောမှ သိကြရသည်။ သူတို့ သည် ကျွန်တော်တို့ရွာ၌ ကျင့်သုံးသွားကြသလို အုန်းတောရွာ၊ ဂုံးခွိန်ရွာ စသည့်ရွာများ အရောက်မှာလည်း ထိုရွာသားများကို ကျောက်ဖြူမြို့ဘက် လုံးဝ မသွားရအောင် အဆင့်ဆင့် ပိတ်ဆို့သွားကြသည်။

ဤသည်ထိ ကျွန်တော်တို့ဆီက လူများသည် မည်သည့်ရည်ရွယ်ချက်နှင့် ဤသို့ လုပ်သွားကြသည်ကို သဘောမပေါက်ကြသေး။ အမျိုးမိုး ဝေဖန်တီးတို့ လုပ်နေကြသည်။ အမှန်မှာ အင်အားကောင်းလာသော ရဲဘော်ဖြူများ ကျောက်ဖြူမြို့ကို သိမ်းပိုက်ရန် သွားကြကြောင်း နောက်မှ သိကြရသည်။ သူတို့က ရောက်ရာအရပ်က ရွာသူရွာသားများအား ကျောက်ဖြူမြို့သို့ မသွားခိုင်းဘဲ တားထားခြင်းမှာ သတင်းပေါက်ကြားမှာ စိုးရိမ်၍ ဖြစ်သည်။ သည်လိုနှင့် ရဲဘော်ဖြူများသည် အင်္ကြန်အကျနေ့ မနက်လေးနာရီခွဲ လောက်တွင် ကျောက်ဖြူမြို့ကို ဝင်တိုက်ကြသည်။

ရန်းဇြက္ခန်း၏ စစ်သေနာပတိကြီး ဗိုလ်မှူးစံသာကျော် ဦးစီး၍ တိုက်သည်။ ဗိုလ်မှူးစံသာကျော်၊ ဗိုလ်ကြီးကောင်းစံလှ၊ ဗိုလ်ယက်သွဲ၊ ဗိုလ်မောင်ခိန်ပု၊ ဗိုလ်မှူးမောင်မောင်တို့မှာ တောခိုလာကတည်းကပင် ပါလာကြသူများဖြစ်သဖြင့် ကျောက်ဖြူမြို့ကို တွန်းပြီးသားသူများ ဖြစ်သည်။ ထို့ကြောင့်လည်း အစိုးရတပ်မှာ မခံနိုင်၍ ထောင်ကြီးထဲ ဝင်ပြေးကြရသည်။ ထောင်ထဲကသာ အရေးကြီးသော ငွေတိုက်၊ ရဲစခန်း၊ ဆပ်ပလိုင်းရုံးများကို ကာကွယ်၍ ပစ်ခတ်နေကြသည်။

ထိုစဉ်က အစိုးရတပ်မှာ တပ်ရင်း(၄) ဗိုလ်မောင်ထောင်တို့တပ်ဖြစ်သည်။ ဗိုလ်မောင်ထောင်မှာ ချင်းအမျိုးသားဖြစ်သည်။ အထူးအရေးပိုင်ကြီး ဦးဘစော၏ လက်ရုံးတပ်ဟု ဆိုကလည်းမှားမည်မဟုတ်၊ ဂျပန်ကို တော်လှန်ရန် ဦးဘစော ရခိုင်ရိုးမ မဲလက်မောင်းကို လေထီးနှင့် ဆင်းစဉ်က ဂျပန်မဖမ်းမိအောင် ဝှက်ပေးထားသူ၊ ဦးဘစော၏ အသက်သခင်ဖြစ်သည်။ ထို့ကြောင့်လည်း ကျောက်ဖြူမြို့တွင် စစ်ဘက်၌ ဗိုလ်မောင်ထောင်ထက် ကြီးသူ ဗိုလ်မှူးမောင်မောင်တို့ ရှိသေးသော်လည်း ဗိုလ်မောင်ထောင်လောက်နာမည် မထွက်ပေ။ ဗိုလ်မောင်ထောင်မှာ ရဲရင့်သူ၊ သတ္တိကောင်းသူအဖြစ် နာမည်ကြီးခဲ့သည်။

ယခုရဲဘော်ဖြူများ သူတို့ထင်သလို ကျောက်ဖြူမြို့ကို အပိုင်မသိမ်းနိုင်ခဲ့သည်မှာလည်း ဗိုလ်မောင်ထောင်တပ်က အကျဉ်းဦးစီး ထောင်ထဲဝင်သွားပြီး ထောင်ထဲက ခံပစ်နေသဖြင့် ဖြစ်သည်။ ဗိုလ်မှူးစံသာကျော်နှင့် ဗိုလ်မောင်ထောင်တို့မှာ ယခင် အစိုးရတပ်၌ ရှိစဉ်ကပင် အထက်အောက် လုပ်လာကြသူများဖြစ်ရာ ဗိုလ်မှူးစံသာကျော်က ဗိုလ်မောင်ထောင်အား လက်နက်ချရန် ပြောခိုင်းသည်။ ဗိုလ်မောင်ထောင်ကဆယ့်ငါးမိနစ် အချိန်ပေးရန် ပြန်၍အကြောင်းကြားသည်ဟု ဆို၏။

ထိုအချိန်တွင် ဗိုလ်ကြီးမောင်ထောင် အနိုင်၌ ဗိုလ်ထွန်းလှိုင်ရှိသည်။ ဗိုလ်ထွန်းလှိုင်ဆိုသူမှာ ယခင်ပြည်သူ့ရဲဘော်တပ်မှ လက်နက် အလုပ်ရုံတွင် အကြီးဆုံးပုဂ္ဂိုလ်ဖြစ်သည်။ တာဝန်ခံမှာ ဗိုလ်တင်မောင် ဖြစ်သည်။ သူတို့နှစ်ယောက်သည် လက်နက်ရုံမှ စက်ကလေး သုံးလေးလက်ကိုယူပြီး ရဲဘော်ဖြူများ ဆီက အစိုးရဘက်ကို ယခင်ကပင် ဘက်ပြောင်း ထွက်ပြေးလာကြသူတွေ့ဖြစ်သည်။ ထိုသူနှစ်ဦးမှာ ရဲဘော်ဖြူတို့က သေမိန့်ပေးထားသူ ဖြစ်သည်။ ယခု ဤကျောက်ဖြူမြို့ တိုက်ပွဲတွင် ဖမ်းမိလျှင် သခ်ျိုင်းမဆိုင်း ခါးမဆိုင်း သတ်ပစ်ရန် အမိန့်ပေးထားသူ ဖြစ်သည်။

ကျောက်ဖြူမြို့ကို သိမ်းရန် စိမ်ချက်ချလာကြတည်းက ဘဏ်တိုက်ကို ဗိုလ်သိမ်းမောင်နှင့် စက်ကလေးပစ်သူ ငယောင်းတို့တပ်ဖွဲ့၊ ဦးဘစောကို ဖမ်းရန် ဗိုလ်ကောင်းစံလှတို့တပ်ဖွဲ့၊ စသည်ဖြင့် တာဝန်ခွဲဝေလာကြရာ

ဗိုလ်ထွန်းလှိုင်ကို သတ်ရမည့်အဖွဲ့မှာ ဗိုလ်ကြီးထွန်းအောင်ဇံနှင့် နောင်တွင် စစ်ရဲဗိုလ်ဖြစ်လာမည့် ဝေချမ်းတို့ဖြစ်သည်။

ထို့ကြောင့် ဗိုလ်ထွန်းလှိုင်က ဗိုလ်မောင်ထောင်အား စံသာကျော်ဆီမှာ လက်နက်ချမည်ဆိုလျှင် ဗိုလ်မောင်ထောင် တစ်ယောက်တည်း ထောင်ကထွက်သွားပြီး လက်နက်ချ သူကမူ လက်နက်ချလျှင် အသတ်ခံရမည့်သူဖြစ်သဖြင့် ဘယ်နည်းနှင့်မျှ လက်နက်မချ၊ အသေသာခံမည်ဟု ဗိုလ်မောင်ထောင်ကိုပြောသည်။ သို့နှင့် ဗိုလ်မောင်ထောင်လည်း တွေ့ဝေနေစဉ် ဗိုလ်မောင်ထောင်၏ သမီးကျသွားပြီးဟူသော သတင်းကို ရသောအခါ ဗိုလ်မောင်ထောင်မှာလည်း လက်နက်မချတော့ဘဲ သူ့တပ်နှင့်အတူ ထောင်ထဲက ခံတိုက်တော့သည်။

ရဲဘော်ဖြူများမှာ ထောင်ကလွှဲလျှင် ကျောက်ဖြူမြို့တစ်မြို့လုံးကို သိမ်းသွားနိုင်ရာ ငွေတိုက်၊ ဆပ်ပလိုင်းဂိုထောင်နှင့်တကွ အစိုးရ ပစ္စည်းမှန်သမျှကို အုပ်စီးယူငင်လာကြသည်။ ဘဏ်တိုက်မှ မယူနိုင်သော ငွေအကြွေများကို လမ်းပေါ်တွင် လွှင့်ပစ်ခဲ့ကြသည်။ ယစ်မျိုးက ဖမ်းထားသော ဘိန်းလုံးများပါမကျန် ကစဉ့်ကလျား လွှင့်ပစ်ထားခဲ့ကြသည်။ ထို့ကြောင့် ရဲဘော်ဖြူများ ကျောက်ဖြူမြို့က ထွက်သွားသောအခါ မြို့သူမြို့သားတွေက ငွေအကြွေနှင့် ဘိန်းလုံးများကို လမ်းပေါ်၌ ကောက်ယူကြရသည်ဟူသော သတင်းကို လူကြီးများ ပြောနေကြသဖြင့် ကျွန်တော်တို့ ကြားနေရသည်။

အထူးအရေးပိုင် ဦးဘစောကိုမူ မဖမ်းမိခဲ့ကြပေ။ တချို့က ပြောသည်မှာ ဗိုလ်မှူးစံသာကျော်၊ ဗိုလ်ကြီးကောင်းစံလှတို့က ဦးဘစောကို ရှောင်နေရန် ကြိုတင်အကြောင်းကြားထားသဖြင့် မြို့ချောင်းကမ်းဘက်ကို ထွက်ပြေးသွားသည်ဟု ပြောကြသည်။ သူတို့မှာ ဝါဒမတူဟူ၍သာ အစိုးရနှင့် သူပုန်ဖြစ်နေကြသော်လည်း ဖက်ဆစ်ဂျပန် တော်လှန်ရေးတွင် အသတ်ပေးခဲ့ကြသူတွေမို့ ဖြစ်နိုင်သည်ဟု အချို့က ဝေဖန်ကြသည်။ ရဲဘော်ဖြူ ဗိုလ်မောင်ခိန်ပုကမူ ဦးဘစောကို ဗိုလ်ကောင်းစံလှ တမင်လွှတ်ပစ်လိုက်သည်ဟု မကျေမနပ် ပြောသေးသည်။

နောက်ဆုံး ကောက်ချက်ချကြသည်မှာ ကျောက်ဖြူမြို့ကို ရဲဘော်ဖြူများ ဝင်ရောက်တိုက်ပြီး ဘဏ်တိုက်မှ ငွေများ၊ အစိုးရပိုင် ပစ္စည်းများကို ယူသွားနိုင်ကြသော်လည်း အရေးကြီးဆုံး ထောင်ကိုမဖွင့်နိုင်ခဲ့ ကြသည်မှာ ထောင်ထဲမှ ဗိုလ်မောင် ထောင်တပ်က ခံတိုက်နေ၍ ဖြစ်သလို ရဲဘော်ဖြူများ အထင်နှင့် လက်တွေ့က လွဲမှားတာလည်းပါသည်ဟု ဆိုသည်။ ရဲဘော်ဖြူများ ရသောသတင်းမှာ စစ်သည်အင်အားကို ရဲဘော်ဖြူများ မသိလိုက်ပေ။ ကျောက်ဖြူမြို့ကို ကိုယ်တိုင်ဝင်တိုက်လာခဲ့သော ရဲဘော်ဖြူအချို့ကမူ သူတို့ တိုက်နေစဉ်တွင် ကျောက်ဖြူမြို့၌ အစိုးရစစ်သား ၆၀၀ ခန့်ရှိသည်ဟု ပြောဆိုသူ

ကြသည်ကို ကြားလိုက်ကြရသည်။

ယခင်က ရှေ့တန်းစစ်မျက်နှာဟု သတ်မှတ်ထားသဖြင့် ကျွန်တော်တို့ ရွာတွင် ညမအိပ်ရဲကြသော ရဲဘော်ဖြူများသည် ယခုအခါ အင်အားအလွန်ကောင်းပြီး ခရိုင်မြို့ကြီးဖြစ်သော ကျောက်ဖြူမြို့ကိုပင် ဝင်တိုက်ခဲ့ကြပြီဖြစ်ရာ ကျွန်တော်တို့ ရွာကို မကြာမကြာ ရောက်လာကြတော့သည်။ ညလည်းအိပ်ကြသည်။ သူတို့ညအိပ် စခန်းချကြသော နေရာမှာ ကျွန်တော်တို့ ရွာနှစ်ရွာကြားရှိ ဘုန်းကြီးကျောင်းရှေ့ ဇရပ်၌ ဖြစ်သည်။ ထို့ကြောင့်လည်း ကျွန်တော်တို့ ကျောင်းသားများမှာ ရဲဘော်ဖြူများ၏ လှုပ်ရှားမှုကို မြင်နေကြခြင်း ဖြစ်သည်။

သူတို့ ရောက်လာပြီးဆိုလျှင် ရွာသူရွာသားများမှာ သူတို့ကို ဘုန်းကြီးဆွမ်းပို့သလို တစ်အိမ်တစ်ပွဲ ထမင်းပို့ကြရသည်။ သို့သော် ဘုန်းကြီးဆွမ်းပို့ရသည်မှာ ကြိုတင်၍ တစ်ရက် နှစ်ရက်ကပင် သိနေသဖြင့် ဟင်းကောင်းသားငါးရှာ၍ ပို့နိုင်သည်။ ရဲဘော်ဖြူများမှာ အချိန်မရှိ၊ အခါမရှိ ရောက်ချင်သည့် အချိန် ရောက်လာကြသူတွေ ဖြစ်သဖြင့် သူတို့ကို ရွာသားများက ကျေနပ်ကြပုံမရကြ။ ဟင်းမကောင်း၍ ထမင်းတောင်း၊ ပန်းကန် ခွက်ယောက်များကို ခြေထောက်နှင့် ကန်ပစ်သည်ကို ကျွန်တော်တို့ မြင်ကြရသည်။

နောက်သူတို့ အရောက်အမေါက် များလာကြသောအခါ ကျွန်တော်တို့ ကျောင်းသားတွေနှင့်လည်း သိကျွမ်းရင်းနှီးလာကြသည်။ ထိုအခါ သူတို့က ကျွန်တော်တို့ဆီတွင် ဟင်းတောင်းစားလာကြသည်။ ကျွန်တော်တို့ ကလည်း သူတို့နှင့် ပို၍ရင်းနှီးလိုသဖြင့် စားမကုန်သော ငါးဟင်းများကို သူတို့အားပေးကြသည်။

သူတို့နှင့် ကျွန်တော်တို့ ရင်းနှီးအောင် လုပ်ကြရခြင်းမှာ ကျွန်တော်တို့ ကျောင်းသားများ၌ ရည်ရွယ်ချက်ရှိသည်။ ထိုရည်ရွယ်ချက်မှာ သူတို့ကို ကျွန်တော်တို့က စစ်လက်နက်ပစ္စည်းများ ရောင်းချကြရသဖြင့် ဖြစ်သည်။ ကျွန်တော်တို့ ဘုန်းကြီးကျောင်းသားများသည် အဖိတ်နေ့နှင့် ဥပုသ်နေ့တွင် စာအံစာကျက် မလုပ်ရ။ ကျောင်းပိတ်သည်။ ကျောင်းပိတ်လျှင် ကျောင်းသားကြီးများအားလုံး ထင်းခွေထွက်ကြရသည်။

ကျွန်တော်တို့ ထင်းခွေထွက်ကြသည်မှာ တောထဲတောင်ထဲမဟုတ်။ ပင်လယ်နားရှိ သဝင်ခြံ၊ စံပန်းချဲများထဲကိုသာ။ ထိုသဝင်ချဲ၊ စံပန်းပင် ချဲတောထဲတွင် ဒုတိယကမ္ဘာစစ်က အင်္ဂလိပ်၊ ကုလားစစ်သားများ ပစ်ထားခဲ့ကြသောကျည်ဆံ၊ လက်ပစ်ဗုံး စသည်ကို သံသေတ္တာအပြည့်ပင် ရသည့်အခါလည်းရှိလေသည်။ အချို့မှာ အသစ်ချွတ်ချပ် ဖြစ်သလို အချို့မှာ သံချေးတက်တွေလည်းပါသည်။ ဘာဘဲဖြစ်ဖြစ် ရသမျှ ကျည်ဆံ၊ လက်ပစ်ဗုံး စသည်များကို ကျွန်တော်တို့က ဘုန်းကြီးနှင့် လူကြီးတွေမသိအောင် ကျောင်းအောက်တွင်

မြေကျင်းတူးပြီး ဝှက်ထားကြသည်။

မျက်နှာသို ရဲဘော်ဖြူများ ရောက်လာပြီးဆိုလျှင် သူတို့ကို ဟင်းသွားပေးရင် ကျည်ဆံ၊ လက်ပစ်ဗုံး၊ စျေးစကား ပြောကြသည်။ ကျွန်တော်မှတ်မိသမျှ ရိုင်ဖယ်ကျည်ဆံတစ်တောင့်ကို နှစ်ကျပ်ရသည်။ လက်ပစ်ဗုံးတစ်လုံးဆိုလျှင် ငါးကျပ်ရသည်။ ဤသို့နှင့် ကျွန်တော်တို့ ဘုန်းကြီးကျောင်းသားများမှာ ငွေရွှင်နေကြသည်။ သို့သော် အမြဲတန်းတော့မဟုတ်။ ရဲဘော်ဖြူများမှာ မျက်နှာသိတွေချည်းမဟုတ်ဘဲ မျက်နှာစိမ်းတပ်တွေလာသောအခါ မရောင်းရဲကြ။ ကျွန်တော်တို့ ထင်းခွေသွားရင်း ကျည်ဆံ၊ လက်ပစ်ဗုံးတွေ ရှာကြသည်ကို ရွာလူကြီးတွေကသိသွားရာ ဦးဝဲထူဆိုသော အရပ်လူကြီးက ဘုန်းကြီးကို လာလျှောက်သည်။ ထိုအခါ ဘုန်းကြီးက ပင်လယ်နားဘက်ကို ထင်းခွေမလွတ်တော့။ သို့သော် ကျွန်တော်တို့က ခိုးသွားကြသည်။

သည်လိုနှင့် တစ်နေ့ညနေတွင် ရဲဘော်ဖြူ တပ်တစ်တပ် ကျောင်းရှေ့ ဇရပ်ကို ရောက်လာကြသည်။ ကျည်ဆံရောင်းရန် ကျွန်တော်တို့ ချောင်းကြည့်ကြသောအခါ မျက်နှာစိမ်းရဲဘော်ဖြူတွေ ဖြစ်နေသည်။ ပြီးတော့ ကြိုးနှင့်ချည် ခေါ်လာသော အသက်သုံးဆယ်ရွယ် အရပ်သား တစ်ယောက်ကိုလည်း မြင်ရသည်။ မည်သည့်အပြစ်နှင့် သူတို့ဖမ်းလာကြသည်ကို ကျွန်တော်တို့က မသိကြသေး။

နောက်မှ သိကြရသည်မှာ ဓါးပြမသက်ဘူ ဟုဆို၏။ ထိုသူအား ညကျလျှင် ရွာအနောက်ဘက် ချောက်ထဲသို့ခေါ်သွားကာ ရိုက်စစ်ကြသည်။ ထိုချောက်မှာ ရွာနှင့်အတော်ဝေးသဖြင့် ရိုက်နှက်ခံရသဖြင့် ထိုသူအော်ဟစ်တောင်းပန်းသံကို ရွာထဲက မကြားရ။ ရွာစွန်က တစ်ယောက်တလေသာ တစ်ချက်တစ်ချက် ကြားရသည်။ မနက်မိုးလင်းသောအခါ ထိုသူကို ကျွန်တော်တို့မြင်ရသည်။ မျက်နှာတစ်ခုလုံးမှာ ယောင်ကိုင်းနေသည်။ ရွာသူရွာသားတွေ လာပို့ထားသော ထမင်းကို သူ့ခမျာ ကောင်းကောင်းမစားနိုင်ရှာ။

နောက်မှ သိရသည်ကား ထုသူ၏နံမည်မှာ ဦးကြာချမ်းဖြစ်သည်။ ဓါးပြမသက်ဘူနှင့် သိုင်းချောင်းရွာဘက်က ဖမ်းလာကြခြင်းဖြစ်သည်။ သိုင်းချောင်းရွာဘက်တွင် သူ့ကို ရိုက်နှက်ပြီး မစစ်ဘဲ ကျွန်တော်တို့ရွာဘက် ခေါ်ဖမ်းလာပြီး စစ်ကြသည်မှာ သိုင်းချောင်းဘက်က လူများ မြင်တွေ့လျှင် သူတို့အပေါ် မကျေမနပ် ဖြစ်ကြမည်ကို စိုးရွံ့ဟုထင်သည်။ ထိုဦးကြာချမ်းအား သူတို့ဖမ်းလာကြခြင်းမှာ အတိအကျသိ၍ မဟုတ်ပေ၊ မသက်ရုံနှင့် ဖမ်းလာကြခြင်းသာ ဖြစ်၏။

သို့သော် ရဲဘော်ဖြူများသည် ထိုသူအား ကျွန်တော်တို့ရွာ၌ နှစ်ညရိုက်စစ်ပြီး တောင်ဘက်ကို ခေါ်သွားကြသည်။ တစ်ချို့က

သူတို့ဌာနချုပ်ရှိရာ လေးတောင်ကို ခေါ်သွားကြသည်ဟု ပြောကြသလို တစ်ချို့ကလည်း ပြားချိန်ရွာ အကျော်ဘက် တောထဲကို သတ်ရန် ခေါ်သွားခြင်းသာဟု ပြော ကြသည်။

ထိုအချိန်က ရဲဘော်ဖြူနှင့် အလံနီတို့မှာ နယ်ခံပြည်သူလူထုတွေ့ ယုံကြည်မှုရှိလာအောင်ဟု အသတ်ပြိုင်နေကြသည်။ အလံနီက ဓါးပြဘယ်နှစ် ယောက်ကို သတ်ပစ်လိုက်ပြီဟူသော သတင်းကို ကြားနေရသလို ရဲဘော်ဖြူ တွေက ဓါးပြဘယ်နှစ်ယောက်ကို သတ်ပစ်လိုက်ပြီဟူသော သတင်းကိုလည်း မကြာမကြာ ကြားနေ သိနေရသည်။

သူတို့မှာ ရာဇဝတ်သားများကို နှစ်ရှည်လများထားရန် ထောင်မရှိ။ အချုပ်မရှိ။ ထိတ်တုံးခြောက်ပေါက်၌ ဓါးပြများကို ကြာကြာမထားဘဲ ဓါးပြဆိုလျှင်သတ်။ ထို့နောက် ဘိမ်းစားသူခိုးများကိုလည်း ရပ်ရွာအေးချမ်း သာယာရေးကို အကြောင်းပြ၍ သတ်ပစ်ကြသည်။ ထိုအထဲတွင် ကျောက် ဆောက်က ဘိန်းစားသုံးယောက်လည်း ပါသွားသည်။ ဘိန်းစားနှစ် ယောက်ကို ရဲဘော်ဖြူများ သတ်ပစ်ပြီးသောအခါ တစ်ယောက်ကို ရွာသားတွေစုပြီး သတ်ပစ်လိုက်ကြသည်။

ဓါးပြတွေကို သတ်ပစ်ကြသော ရဲဘော်ဖြူများသည် နောက်ပိုင်းတွင် သူတို့တပ်က ဓါးပြထွက်တိုက်သော ချစ်သဉီးကိုလည်း နမူနာပြပြီး သည်းခံပြီန်ရွာ သချိုင်းကုန်းတွင် ဓါးပြတိုက်မှုနှင့် အဆုံးစီရင် လိုက်ကြသည်။ အခြေအနေ ထိုသို့ဖြစ်နေစဉ် လေးတောင်တိုက်နယ်မှ ဗိုလ်လူလှ တို့အဖွဲ့သည် ကျွန်တော်တို့ ချောင်းဝရွာကို ရောက်လာကြသည်။ သူတို့သည် မနက်မိုးမလင်း မီကပင် ရွာကို ဝိုင်းထားကြသည်။ ခွေးဟောင်းသံနှင့် တစ်ရွာလုံး ဆူညံနေသည်။

မိုးလင်းသည်နှင့် ရွာထဲဝင်ကာ ယာတောင်ရွာမှ ကျွန်တော့် ဦးကြီး ဦးစောလှဖြူကို ဖမ်းသည်။ ဦးစောလှဖြူအိမ်တွင် လယ်အင်္ဂါလာလုပ် နေသော ငလုံးစုရွာသား ပန်းပုချေ ဆိုသူကိုလည်း ဖမ်းသည်။ ပန်းပုချေမှာ လယ်စားရင်း ငှားဟု ဆိုသော်လည်း ဦးစောလှဖြူသား မောင်စံညွှန့်နှင့်တူသဖြင့် သားချင်းတစ် ယောက်လို ခေါ်ထားသူဖြစ်သည်။ ဦးစောလှဖြူနှင့် ပန်းပုချေကို မောင်လူလှ တို့အဖွဲ့က အိမ်နားရှိ တောင်ပေါ်ကို ခေါ်သွားပြီး ရိုက်နှက်စစ်ဆေး နေကြ သည်။

ဦးစောလှဖြူမှာ ချောင်းဝရွာ၌ ဘုရားဒကာ၊ ကျောင်းဒကာ ဖြစ် သည်။ ထို့ကြောင့် ဓါးပြ၊ သူခိုး၊ ဘိန်းစားများကိုသာ ဖမ်းသတ်နေကြသော ရဲဘော်ဖြူ ဗိုလ်လူလှတို့အဖွဲ့က ဦးစောလှဖြူနှင့် ပန်းပုချေတို့ကို အဘယ် ကြောင့် လာဖမ်းပြီး တောင်ပေါ်ခေါ်တင်ကာ ရိုက်နှက်စစ်ဆေးကြ သည်ကို ရွာသူရွာသားများကလည်း အစကမူ သဘောမပေါက်ကြပေ။

နောက်မှ သူတို့ဇာတ်ကြောင်းကို သိကြရသည်။ ဦးစောလှဖြူ၏သား မောင်စံညွန့်မှာ သူ့ဦးလေးတော်သူ ကျောက်ဖြူမြို့ရှိ ဦးမောင်ထွန်းသာ (ယခင် ချောင်းဝရွာသူကြီးဟောင်း) ဆီတွင် လက်သမားသွားလုပ်ရင်း ပညာသင်နေသည်။ သူကြီးဟောင်း ဦးမောင်ထွန်းသာမှာလည်း ရဲဘော်ဖြူများ၏ ရန်ကို ကြောက်သဖြင့် လွန်ခဲ့သော လေးငါးနှစ်ကပင် ကျောက်ဖြူမြို့သို့ ပြောင်းနေရသူဖြစ်သည်။

ဦးမောင်ထွန်းသာမှာ သူကြီးဟုဆိုသော်လည်း မိမိရွာ၌ရှိစဉ်ကလည်း လက်သမားပညာဖြင့်သာ အသက်မွေးသူဖြစ်သည်။ သူသည် ကျောက်ဖြူမြို့သို့ ရောက်သွားသောအခါ လက်သမားအလုပ်ကိုပင် ဆက်လုပ်သည်။ "ရမ္မာဝတီဆရာသာ" ဟူသော အမည်နှင့်ကျောက်ဖြူမြို့မှာ သူ့လုပ်ငန်းက အလွန်အောင်မြင်သည်။ စားပွဲ၊ ကုလားထိုင်၊ ဘီဒို၊ တရားဟောပလ္လင်ကအစ အကုန်လုပ်သည်။ သူ့ဆီတွင် တပည့်ဆယ်ယောက်ခန့်ရှိသည်။ ထို့ကြောင့် သူတူအရင်းဖြစ်သော သူ့အစ်မကြီးသား မောင်စံညွန့်ကိုလည်း ခေါ်ထားသည်။

သို့သော် မောင်စံညွန့်မှာ လက်သမားအလုပ်ကို များစွာစိတ်ဝင်စားသူမဟုတ်။ ငယ်စဉ်ကပင် လယ်ယာလုပ်လာသူဖြစ်ရာ ကျောက်ဖြူမြို့မှာ မပျော်။ သူ့ဦးလေးကို ကြောက်၍သာ လက်သမားလုပ်နေရသော်လည်း သူ့စိတ်က ချောင်းဝရှိ မိမိအိမ်သို့သာ ရောက်နေသည်။ ထို့ကြောင့်လည်း အကြောင်းအမျိုးမျိုးပြကာ မိမိရွာကို ပြန်လာလိုက် ကျောက်ဖြူမြို့ကို ပြန်သွားလိုက် လုပ်နေသည်။

ဆည်လိုနှင့် တစ်နေ့တွင် မောင်စံညွန့်သည် မိမိရွာချောင်းဝသို့ ကျောက်ဖြူမြို့က တက်လာသည်။ လမ်းတွင် ခရီးဖော်လူရွယ်တစ်ယောက်ကို တွေ့သည်။ ထိုသူမှာ မောင်စံညွန့်ထက် အသက်ငယ်သူဖြစ်သည်။ ထို့ကြောင့် မောင်စံညွန့်က "ငါ့ညီ ဘယ်ကတုန်း" ဟုမေးသည်။ ထိုလူရွယ်က "လေးတောင်က" ဟုပြော၏။ ကျောက်ဖြူမြို့ကို ဘယ်လိုကိစ္စကြောင့် သွားသည်ကို မေးရာ ကွမ်းသီးသွားရောင်းသည်ဟု ပြော၏။

လေးတောင်နယ်မှာ ကွမ်းသီးအလွန်ထွက်သောနယ်ဖြစ်ရာ ထိုလူရွယ်ပြောသည်ကို မောင်စံညွန့်က တကယ်ထင်သွားသည်။ အမှန်မှာ ထိုသူသည် ကျောက်ဖြူမြို့၊ ဇာတိပြင်ဖြူမေ်ိသား ဖြစ်သည်။ ပြည်သူ့ရဲဘော်များတောခိုလာစဉ်ကပင် ရဲဘော်ဖြူတစ်ယောက်အဖြစ် တောခိုလိုက်လာသူယခင်က အစိုးရစစ်သားဖြစ်သည်။ ယခု ကျောက်ဖြူမြို့ကိုသွားခြင်း ကိစ္စမှာ သူ့အဖေနေမကောင်းသဖြင့် ကွမ်းသီးသွားရောင်းသူအဖြစ် ဟန်ဆောင်၍ သွားပြီး ကျောက်ဖြူမြို့က ပြန်လာခြင်းသာ။

ဤသည်ကို မသိသော မောင်စံညွန့်သည် လေးတောင်နယ်ကဆိုလျှင်

လေးတောင်နယ်ကို အုပ်ချုပ်နေသော ရဲဘော်ဖြူများအကြောင်းကို မေးသည်။ သူတို့ ချောင်းဝရွာဘက်ကို ရောက်လာကြသော ရဲဘော်ဖြူများကို ထမင်းပို့ရကြောင်း၊ ဟင်းမကောင်းလျှင် ပန်းကန်ခွက်ယောက်များကို ခြေထောက်နှင့် ကန်ကြကြောင်း၊ ကျေးလူးကန်းကြောင်း သူသည် ရဲဘော်ဖြူများကို အင်မတန် ရွံမုန်းကြောင်း၊ တစ်နေ့နေ့တွင် ဒေါသကို မချုပ်တည်းနိုင်လျှင် သေနတ်နှင့် ပစ်မိလိမ့်မည်ဖြစ်ကြောင်း ပြောသည်။

ထိုအခါ ရဲဘော်ဖြူက "အစ်ကိုကြီးမှာ သေနတ်ရှိလို့လား" ဟု မေးသည်။ အမှန်တကယ်လည်း သူတို့အိမ်တွင် သေနတ်ရှိသဖြင့် မောင်စံညွန့်ကကြွားပြီး သေနတ်နှစ်လက်ရှိကြောင်း၊ ယခု သူလက်သမား သွားလုပ်နေသာ သူဦးလေး ဦးမောင်ထွန်းသာမှာ မိမိရွာ၌ရှိစဉ်က ဒုတိယ ကမ္ဘာစစ်ကျန် သေနတ် အပျက်အစီးများကို လုပ်ထားသဖြင့် လုပ်သေနတ်တွေလည်း ရှိကြောင်း ပြောသည်။

ထိုအခါ ကွမ်းသီးရောင်းသမား အယောင်ဆောင် ရဲဘော်ဖြူ လူငယ်က မသိမသာ စကားထိုး၍ အစ်ကိုကြီး နံမည် မည်သို့ခေါ်သနည်း၊ မည်သည့်ရွာကနည်း၊ မိမိမှာ လေးတောင်ဇရပ်ပြင်ကဖြစ်ကြောင်း၊ လေးတောင်ဇရပ်ပြင်ကို မည်သည့် ကိစ္စနှင့်လာလာ သူ့ဆီကို ဝင်လာပါရန်နှင့် ကျလောက်အောင် ပြောတော့ရာ မောင်စံညွန့်မှာ ကျောက်ဖြူပြို့ကို တကယ်ကွမ်းသီးသွားရောင်း သူထင်သဖြင့် နံမည်၊ အဖနံမည်ကိုပါ ထိုသူအား ပြောထားခဲ့ရာ ထိုသူမှာ လေးတောင်ကို ရောက်သည်နှင့် ဗိုလ်လူလှကို အကြောင်းစုံပြောပြပြီး ချောင်းဝရွာက မောင်စံညွန့်တို့ မိသားစုထဲက မောင်စံညွန့်ကို သတ်ရန်နှင့် လက်နက်သိမ်းရန် လာကြတော့သည်။

မောင်စံညွန့်အတွက် ကံကောင်းသွားသည်မှာ လေးတောင်တိုက်နယ်က ခြေကျင်လာကြရသော ဗိုလ်လူလှတို့ အဖွဲ့မှာ ရေနံတောင်ရွာကို ရောက်သောအခါ မှောင်စပင်ပြုနေပြီ။ ထို့ကြောင့် ညနေထမင်းကို ရွာဆော်၍ စားကြသည်။ ခရီးကလည်း တစ်နေ့လုံးလာကြရသဖြင့် ပင်ပန်းလာကြရာ ဤနေ့ညတွင် တစ်ရေးတစ်မော အိပ်စက်နားလိုက်ကြပြီး ချောင်းဝရွာကို မိုးလင်းပိုင်းမှ သွားဝိုင်းကြမည်။ မိုးလင်းသည်နှင့် ရွာထဲဝင်ကာ မောင်စံညွန့်တို့အိမ်က လက်နက်များကို သိမ်းယူပြီး မောင်စံညွန့်ကိုမူ ရွာပြင်ထုတ် အဆုံးစီရင်လိုက်ကြမည်။ ဤစီမံကိန်း စစ်ဆင်ရေးကြီးနှင့် ရေနံတောင်ရွာတွင် ဗိုလ်လူလှတို့အဖွဲ့ တစ်ထောင့်တစ်ည နားနေလိုက်ကြသည်။

မောင်စံညွန့်အတွက် ပို၍ ကံကောင်းသွားသည်မှာ ဗိုလ်လူလှတို့အဖွဲ့ ရေနံတောင်ရွာကို ရောက်သည်နှင့် ရဲဘော်ဖြူလေးတစ်ယောက်သည် သူ၏ ခါးခိုက်မားမြောင် ပဲ့နေသဖြင့် ခရီးရောက်မဆိုင်းပင် ရေနံတောင်ရွာတ

ပန်းပဲတွင် ဓားမြှောင်လာသုံခိုင်းသည်။ ယခင်ကပင် သိဟောင်းကျွမ်းဟောင်း ဖြစ်ကြသည့်အပြင် မိမိတို့ တစ်နယ်တည်းသားလည်း ဖြစ်သဖြင့် ပန်းပဲဆရာက "ဒီတစ်ခါ မင်းတို့လူတွေ များလှချေလား၊ ဟိုတစ်နှစ်ကလို ကျောက်ဖြူမြို့ကို တက်စီးရအောင် လာကြတာလား" ဟု မေးလိုက်သည်။

ထိုအခါ ရဲဘော်ဖြူလေးမှာ ပန်းပဲဆရာကို မောင်စံညွန့်တို့ အမျိုးမှန်မသိသဖြင့် ရင်းနှီးပြီးသားချင်းဖြစ်သဖြင့် မောင်စံညွန့်ကိုဖမ်းရန်ကိစ္စနှင့် လာကြကြောင်းအစုံအစေ့ ပြောပြသည်။ သူ့ဓားကိုလည်း ချောင်းဝရွာက ပြန်မှ ယူမည်ဟု ပြောကာ ရဲဘော်ဖြူများ စခန်းချနေကြရာသို့ ပြန်သွားသည်။

ထိုရဲဘော်လေးပြန်သွားပြီး မကြာမီမှာပင် ချောင်းဝရွာသား ဦးထွန်းညို ဦးသည် ညနေရေနံတွင်းကအပြန်၌ ပန်းပဲဖိုတွင် ဓားအပ်ထားသည်မှာ တစ်လ လောက်ကြာပြီဖြစ်သဖြင့် ဓားလွှေးရန် ပန်းပဲဖိုသို့ ဝင်လာသည်။ ထိုအခါ မောင်စံညွန့်နှင့် တူဝရီးတော်ကြသော ဦးထွန်းညိုဦးအား ပန်းပဲဆရာက မောင်စံညွန့်ကိစ္စကို တိုးတိုးတိတ်တိတ်ပြောလိုက်ပြီး မောင်စံညွန့်အား ယခုညတွင်းချင်း ကျောက်ဖြူမြို့သို့ ဆင်ရှောင်ပြေးရန် မှာလိုက်၏။

ထိုအခါ မောင်စံညွန့်နှင့် တူဝရီးတော်စပ်သူ ဦးထွန်းညိုဦးမှာလည်း ပန်းပဲဆရာဆီက သူ့ဓားကိစ္စကိုပင် သတိမရနိုင်တော့ပဲ ချောင်းဝရွာသို့ ချက်ချင်းပြန်ပြေးလာသည်။ မောင်စံညွန့်ကို ရွာ၌ရှာရာ မတွေ့သဖြင့် သူ့မိန်းမ မဝေခိုင်ကို မေးသည်။ မဝေခိုင်က သူ့ယောကျ်ားမောင်စံညွန့် ချောင်းကြီးဝကို ကွန်ပစ်သွားကြောင်း ပြော၏။ အချိန်မှာ မှောင်နေပြီ။

ဦးထွန်းညိုဦးမှာ မောင်စံညွန့် ကွန်ပစ်နေရာ ချောင်းကြီးဝသို့ ပြေးလိုက်ရ၏။ မောင်စံညွန့်ကို တွေ့သောအခါ အကျိုးအကြောင်း ပြောပြပြီး ရွာသို့ခေါ်လာသည်။ မောင်စံညွန့် ခုချက်ချင်း ကျောက်ဖြူမြို့သို့ ဆင်မပြေ လျှင် မိုးလင်းသည်နှင့် မောင်စံညွန့်ကို ဗိုလ်လူလှတို့အဖွဲ့က မုချလာဖမ်းကြ တော့မည်ကို မိသားစုအား ပြောပြ၍ ညတွင်းချင်း ကျောက်ဖြူမြို့သို့ လွှတ်လိုက်ရသည်။ ယာတောင်တစ်ရွာလုံးမှာ ဆွေမျိုးချည်းစုနေကြရာ မောင်စံညွန့်ကို ရဲဘော်ဖြူများ လာမေးပါက မြို့ကတက်လာပြီး မိမိအိမ်တွင် တစ်ညသာအိပ်ကာ မြို့တွင် လက်သမားအလုပ်များနေ၍ တစ်နေ့မနက်မှာပင် မောင်စံညွန့်မြို့ကို ပြန်ဆင်းသွားကြောင်း တစ်ညီတစ်ညွတ်ထဲ အစစ်ခံကြရန် လူကြီး၊ မိန်းမယောကျ်ား အားလုံးကို တိုးတိုးတိတ်တိတ် တိုင်ပင်ညှိနှိုင်းထား ကြသည်။ ထိုသို့ မပြောငံ့ကြလျှင်လည်း "ဒီကောင်ကို ကျွန်တော်တို့တော အမှတ်တမဲ့ပါဘဲ၊ ရွာမှာ ဒီရက်ပိုင်းအတွင်းတော့ မမြင်မိပါဘူး" ဟု ပြောကြရန် ညှိနှိုင်းထားကြသည်။

သည်လိုနှင့် မောင်စံညွန့်မှာ ကံဖယ်၍ လွတ်သွားသော်လည်း သူ

အဖေ ဦးစောလှဖြူ မောင်စံညွန့်နှင့် ရုပ်ချင်းတူသော လယ်စာရင်းဌား ငါးလုံးစုရွာသား မောင်ပန်းပုချေတို့မှာ ဗိုလ်လူလှတို့ဆီတွင် အရိုက်အနှက်ခံ၊ အစစ်ဆေး ခံနေကြရသည်။ မောင်စံညွန့်မှာ လွန်ခဲ့သော သုံးလေးရက်က မိမိအိမ်ကို ရောက်လာပြီး မိမိအိမ်တွင် တစ်ညသာအိပ်ခဲ့ပါသည်။ မိုးလင်းသည်နှင့် သူ့ဦးလေး လက်သမားဆရာကြီး (သူကြီးဟောင်း) ဦးမောင်ထွန်သာဆီ၌ အလုပ်များနေသဖြင့် တစ်ညသာအိပ်ပြီး မြို့ကို ပြန်ဆင်းလာပါသည်ဟု ဦးစောလှဖြူနှင့် မောင်ပန်းပုချေတို့ ပြောစကားကို ဗိုလ်လူလှက လုံးဝမယုံ။ လွန်ခဲ့သော နှစ်ရက်သုံးရက်ခန့်ကမှ မြို့ကတက်လာပြီး မိမိရွာရောက်နေသော မောင်စံညွန့်ကို ဝှက်ထားကြသည်။ ဘယ်အရပ်တွင် သွားပုန်းနေသနည်း ပြောဟု မပြော မချင်း ရိုက်နှက်စစ်ဆေးနေကြသည်။

သည်လိုနှင့် ဗိုလ်လူလှတို့အဖွဲ့အား အိမ်မှာရှိနေသည့် သေနတ်နှစ်လက်ကို ထုတ်ပေးထားပြီး ဖြစ်သော်လည်း အဓိက သူတို့လိုချင်နေသော မောင်စံညွန့်ကို မမိသေးသဖြင့် ထပ်တလဲလဲသာ ရိုက်နှက်စစ်ဆေးနေကြသည်။ မောင်စံညွန့်နှင့်တူသော ပန်းပုချေက ပိုပြီးစောစောပိုင်းက အရိုက်ခံရခြင်းမှာ မောင်စံညွန့်ကိုသိသူ၊ မောင်စံညွန့်နှင့် ကျောက်ဖြူမြို့က အတူတက်လာကြပြီး ရဲဘော်ဖြူများ မကောင်းကြောင်း ပြောလာကြသူ ရဲဘော်ဖြူမှာ အမှတ်တမဲ့ပန်းပုချေကို မောင်စံညွန့်ထင်၍ လက်ညှိုးထိုးပြခဲ့သဖြင့် မသတ်မီပို၍ ရိုက်နှက်နေကြခြင်းဖြစ်သည်။

ဤသည်ကို ပန်းပုချေက မိမိသည် မောင်စံညွန့်မဟုတ်ကြောင်း၊ ငါးလုံးစုရွာသား စာရင်းဌား တစ်ယောက်သာဖြစ်ကြောင်း၊ ငိုယိုပြီးအတန်တန် ပြောတော့မှ မောင်စံညွန့်ကို သိသူရဲဘော်ဖြူက မောင်ပန်းပုချေ ပြောသလိုဟုတ် မဟုတ် တစ်ခေါက်ပြန်လာကြည့်သည်။ သည်တော့မှ မောင်စံညွန့် အစစ်မဟုတ်ကြောင်း သိသွားသည်။ ထိုအခါမှ မောင်ပန်းပုချေ ခမျာမှာလည်း သက်သာရာ ရသွားသည်။ သို့သော် ရိုက်နှက်ထားကြ၍ သူ့တစ်ကိုယ် လုံးမှာ ညက်ညက်ကြေနေပြီ။ ထိုအခါ ဦးစောလှဖြူကို တစ်ခါ "နောင်ထပ် ဓှက်ထားတဲ့ သေနတ်တွေကို ထုတ်ပေး၊ မောင်စံညွန့် ဘယ်မှာသွား ပုန်းနေလဲပြော" ဆိုပြီး ရိုက်နှက်နေကြပြန်သည်။ မည်မျှ ရိုက်နှက်မေးမေး ဦးစောလှဖြူကလည်း "နောက်ထပ် ကျွန်တော်တို့အိမ်မှာ သေနတ်မရှိပါဘူး၊ မောင်စံညွန့်လည်း ကျောက်ဖြူမြို့ကို ဆင်းသွားပါပြီး" ဟု အမှန်အတိုင်း ပြောသည်။ သို့သော် ဗိုလ်လူလှတို့အဖွဲ့က မယုံကြသေး။ ရိုက်ကြနှက်ကြ စစ်ဆေးကြဆဲ။

ရွာတွင် ထိုသို့ဖြစ်နေစဉ် ဘုန်းတော်ကြီးကျောင်းနှင့် အနီးဆုံး အိမ်ဖြစ်သော အိမ်ရှင် ဦးချိုတောအောင်က ဘုန်းကြီးကို လာလျှောက်သည်။ ဘုရားဒကာ ကျောင်းဒကာကြီးမှာ ဤအတိုင်းဆိုလျှင် ဗိုလ်လူလှတို့သတ်၍

သေတော့မည်။ ဘုန်းကြီးကြွေ၍ မေတ္တာရပ်ခံပေးပါရန် လာလျှောက်၏။

ဦးချီးတောအောင်က ထိုသို့လာလျှောက်သောအခါ ဆရာတော် ဦးနာယိန္ဒမှာလည်း မနေအားတော့ပေ။ သူ့သားကိစ္စကြောင့် ဘုရားဒကာ ကျောင်းဒကာကြီး မတရားအရိုက်အနှက် အညှဉ်းအဆဲခံနေရသည်ကို ပြောကြားမေတ္တာရပ်ခံရန် ဆရာတော်ကြွရတော့သည်။

ဆရာတော်ဦးနာယိန္ဒမှာ တောင်ဘက်နယ် သံချောင်းရွာသား ဇာတိဖြစ်သည်။ ဤနယ်တဝိုက်၌လည်း ဩဇာရှိသောဆရာတော်ဖြစ်သည်။ သံဃာ့လောကဌာနလည်း ထက်မြက်သော ဘုန်းကြီးတစ်ပါးအဖြစ် ကျော်ကြားသည်။ ထို့ကြောင့် ဆရာတော် မေတ္တာရပ်ခံလျှင်တော့ ရနိုင်လိမ့်မည်ဟူသော ရည်ရွယ်ချက်နှင့် ဦးချီးတောအောင်ကလည်း လာလျှောက်ခြင်း ဖြစ်သည်။

ဆရာတော် ဦးစောလှဖြူအိမ်သို့ ကြွရာတွင် မိုးတွင်းဖြစ်သဖြင့် ဦးချီးတောအောင်ကိုယ်တိုင် ဆရာတော်ကို ထီးမိုး၍လိုက်သည်။ ကျွန်တော့်မှာလည်း ဦးစောလှဖြူကို ဦးကြီးအရင်းတော်သူဖြစ်ရာ မင်းလည်းလိုက်ခဲ့ဟု ဆရာတော်က အမိန့်ရှိသဖြင့် သာမဏေဘဝနှင့် လိုက်ပါရသည်။ ဦးစောလှဖြူအိမ်သို့ ရောက်သွားရာ ဦးစောလှဖြူဇနီး ကျွန်တော်၏ ကြီးကြီးကလည်း ဆရာတော်အား အရှင်ဘုရားတို့ တောင်ဘက်နယ်သားချင်း ဗိုလ်လူလှကို မေတ္တာရပ်ခံ ပေးပါရန် ခြေစုံဦးတိုက် ငိုပြီးလျှောက်သည်။

ဆရာတော် ဦးစောလှဖြူအိမ်ကို ရောက်နေစဉ်တွင် ဗိုလ်လူလှသည် အိမ်နားရှိ ဝါးတောထဲကတောင်တွင် ဦးစောလှဖြူနှင့် ပန်းပုချေတို့အား သူ့တပည့် ရဲဘော်ဖြူများနှင့် မေးမြန်းစစ်ဆေး ရိုက်နှက်နေကြတုန်းပင် ရှိသေးသည်။ ထို့ကြောင့် ရဲဘော်ဖြူတစ်ယောက်ကို ဆရာတော်က ဗိုလ်လူလှအား အခေါ် လွှတ်လိုက်သည်။

ဆရာတော်နှင့် ဗိုလ်လူလှမှာ ယခင်က စကားသာ မပြောဖူး ကြသော်လည်း လေးတောင်နယ်က ရှင်ပြုရဟန် ခံပွဲများတွင် မြင်ဖူးကြသည်။ တစ်ယောက်က "ရဲဘော်ဖြူ ဗိုလ်မောင်လူလှဆိုတာ သူပါဘဲ" ဟု ဆရာတော်ကို လျှောက်၍ သိထားသလို မောင်လူလှကိုလည်း "နံမည်ကြီး ချောင်းဝဆရာတော် ဦးနာယိန္ဒဆိုတာ အဲဒီဘုန်းကြီးဘဲ" ဟု ပြောထား ပြထားဖူးသည်ဆို၏။

သို့သော် ဗိုလ်လူလှမှာ ထိုအချိန်က အလွန်နံမည်ကြီးပြီး မာနထောင်လွှားနေသူဖြစ်ရာ ဘုန်းကြီးဆီလာရာ လမ်းတဝက်၌ "ဘုန်းကြီးနဲ့ နိုင်ငံရေးနဲ့ ဘာလဲမဆိုင်ဘူး" ဟု ပြောလာသည်ကို ကျွန်တော်ကြားလိုက်ရသည်။ ဆရာတော်လည်း ကြားမည်ဟုထင်သည်။ မောင်လူလှကလည်း ဆရာတော်ကြားအောင် တမင်ပြောသလား ဆိုသည်ကိုတော့ ကျွန်တော် မသိပေ။

ဗိုလ်လူလှသည် ဘုန်းကြီးကိုတော့ ရှိခိုး၏။ သို့သော် မျက်နှာအနေ အထားမှာ အလွန်ဒေါသထွက်နေပုံရသည်။ ဆရာတော်က "ဘုန်းကြီးဒီအိမ်ပေါ် ရောက်လာရတဲ့ကိစ္စ ဗိုလ်ကြီးလည်းသိနှင့်ပြီး ဖြစ်ပါလိမ့်မယ်" ဟု အစချီ၍ ဤဒကာကြီး ဦးစောလှဖြူမှာ လူကြီးလူကောင်း ဘုရားဒကာ ကျောင်းဒကာ တစ်ယောက်ဖြစ်ကြောင်း၊ ဝါတွင်းဆိုလျှင် ဥပုသ်နေ့တိုင်း သီလဆောက်တည် တတ်သူဖြစ်ကြောင်း၊ ဘုန်းကြီး၏ ဝေယျာဝစ္စ အရာခပ်သိမ်းကို စေတနာ အပြည့် နှင့်ဆောင်ရွက်နေသူ ဒကာရင်းတစ်ယောက်ဖြစ်ကြောင်း၊ ယခုသူ့သား ကိစ္စနှင့် ပတ်သက်၍ ဗိုလ်ကြီးတို့ အထင်မှားအမြင်မှား မဖြစ်သင့်ကြောင်း၊ လူငှားဖြစ်သူ ပန်းပုချေမှာလည်း ကြားထဲက အရိုက်အနှက်ခံနေရကြောင်း ကြား၍ ဘုန်းကြီးလာ၍ မေတ္တာရပ်ခံရကြောင်း ပြောသည်။

ဗိုလ်လူလှကလည်း ဦးစောလှဖြူတို့ မိသားစုသည် အစိုးရဘက်တော် သားများဖြစ်ကြောင်း၊ မောင်စံညွှန့်၊ ဦးလေးဦးထွန်းသာမှာလည်း အစိုးရ အလိုတော်ရှိ ဦးဘစောဇ၏ လက်ကိုင်တုတ်ဖြစ်ကြောင်း စသည်ဖြင့် ဘုန်းကြီးကို ပြန်လျှောက်သည်။ ဆရာတော်ကလည်း မည်သို့ဖြစ်စေ ယခုသူ့သားကိစ္စတွင် ဦးစောလှဖြူ ကို ဤသို့မနှိပ်စက်သင့်ကြောင်း ပြောကာ အသံမာလာသည်။

ပင်ကိုယ်အားဖြင့် ဆရာတော်ဦးနာယိန္ဒမှာ စိတ်ဆတ်သောဘုန်းကြီး၊ သံယာအချင်းချင်း၌ပင် မဟုတ်မခံဘုန်းကြီး၊ ဗိုလ်လူလှတို့ လေးတောင်နယ်၌ လည်း ဆရာတော်၏ တပည့်များ ကျောင်းထိုင်၍ ရှိနေကြရာ ဘုန်းကြီးက အသံမာမာနှင့် ပြောလာသောအခါ ဗိုလ်လူလှလည်း လေသံပျော့သွားသည်။ ထို့နောက် ဆရာတော်၏ မေတ္တာရပ်ခံချက်နှင့် ဦးစောလှဖြူ အသက်မသေဘဲ ကျန်ခဲ့သည်မှာ ဆရာတော် ဦးနာယိန္ဒ၏ ကျေးဇူးကြောင့်ပင်။

ထိုအဖြစ်အပျက် နောက်ပိုင်းမှာတော့ ဗိုလ်လူလှတို့ တပ်သည် ကျွန်တော်တို့ နယ်ဘက်ကို ရောက်မလာကြတော့။ ဒနာက်ထပ်ရောက်လာကြ သော တပ်တွေမှာ ဗိုလ်မောင်ခိန်ပု၊ ဗိုလ်သိမ်းမောင်း၊ ဗိုလ်ပန်းသာတို့ ရဲဘော်ဖြူ တပ်များသာဖြစ်သည်။ ထိုတပ်များ၏ ဗိုလ်များမှာ ကျောက်ဖြူသား နယ်ခံတွေ ဖြစ်ကြသဖြင့် ရွာလူကြီးတွေနှင့်လည်း အဆင်ပြေကြသည်။ ဘုန်းကြီးဆီကိုလည်း ဝင်ထွက်သွားလာမှု ရှိကြသည်။ ထုံစံအတိုင်း ရဲဘော်ဖြူ လူငယ်များကမူ ကျွန်တော်တို့ကို လာရောပြီး ဟင်းတောင်းစားကြသည်။

ယခင်က ကျွန်တော်တို့နယ်မှ ရဲဘော်ဖြူတပ်ထဲ ဝင်ကြသော လူငယ် သူရွယ်များ မရှိခဲ့ကြသော်လည်း နယ်ခံဒေသသားများဖြစ်ကြသော ဗိုလ်သိန်း မောင်၊ ဗိုလ်ပန်းသာတို့ ရောက်လာကြသောအခါ လိပ်ခမော် (လိပ်တမျှော်) ရွာက ထွန်းလှ၊ ရေနံတောင်ရွာက ဟန်သာထွန်း၊ ချောင်းဝရွာက ဖိုးမောင်ဦး ဘို့သည် ရဲဘော်ဖြူတပ်သို့ ဝင်သွားကြသည်။

သူတို့ရဲဘော်ဖြူတပ်ထဲ ဝင်ကြသည်ကို မိဘညီအစ်ကို မောင်နှမ ရွာသူ ရွာသားများလည်း ယခင်ကလို ကြောက်ရွံ့၍ ကန့်ကွက်စကား မဆိုကြတော့။ ရွာသူရွာသားများအနေမှာ ကိုယ့်ရွာကိုယ့်နယ်က ရဲဘော်ဖြူများ ရှိမှဖြစ်တော့မည်။ သို့မဟုတ်လျှင် လေးတောင်နယ်က ဗိုလ်လူလှတို့အဖွဲ့ ဦးစောလှဖြူတို့ အိမ်သားမွေးကို လာနှိပ်စက်သွားကြသလို နှိပ်စက်မခံနိုင် ဟူသောသဘောနှင့် ထွန်းလှ၊ ဟန်သာထွန်း၊ ဖိုးမောင်ဦးတို့ ရဲဘော်ဖြူတပ်သို့ ဝင်ကြသည်ကို အားပေးကြသည်။

နောင်တွင် ထွန်းလှမှာ စစ်ရဲဗိုလ်ဖြစ်လာပြီး ဟန်သာထွန်းမှာ စက်ကလေးပစ်ရသူ နံမည်ကြီး ရဲဘော်ဖြူ ဖြစ်လာသည်။ ကျွန်တော်တို့ရွာက ဖိုးမောင်ဦးမှာ ရွာတကာလှည့်ပြီး သတင်းပေး၊ သတင်းယူ၊ စစ်ထောက်လှမ်းရေးသဘောဖြစ်လာသည်။

ယခင်က ရှေ့တန်းစစ်မျက်နှာအဖြစ် သတ်မှတ်ထားသဖြင့် အစိုးရတပ်နှင့် ရဲဘော်ဖြူများ အသွားအလာကြနေသော ကျွန်တော်တို့နယ်သို့ ဗိုလ်သိန်းမောင်၊ ဗိုလ်ပန်းသာတို့ ရဲဘော်ဖြူတပ်က မကြာမကြာ ရောက်လာကြသောအခါ အစိုးရတပ်ကလည်း ရဲဘော်ဖြူများ ကျွန်တော်တို့နယ်ကို လာလှုပ်ရှားနေသလို သူတို့လည်း စတင်လှုပ်ရှားလာကြတော့သည်။ ရမ်းဗြဲကျွန်းတွင် ခရိုင် မြို့ကြီးဖြစ်သော ကျောက်ဖြူမြို့ကိုပင် ဝင်တိုက်လာသော ရဲဘော်ဖြူများကို အစိုးရကလည်း စိုးရိမ်လာပုံရသည်။

ထို့ကြောင့် ကျောက်ဖြူမြို့၏ လုံခြုံရေးအဖြစ် ကျောက်တစ်လုံးတွင် တပ်ချထားသော ဗိုလ်မောင်ထောင်တပ်သည် မင်းပြင်ထိ တစ်ခါတစ်ခါ တက်လာကြသည်။ သတင်းရလျှင် ဗားမားနေဗီကလည်း မြစ်ထဲက အမြောက်နှင့် လှမ်းပစ်တတ်သည်။ ခေါ်ဒူရွာအောက်သို့ ရောက်လာသော ဗားမားနေဗီကို ကုလားပါတောင်ပေါ်က ရဲဘော်ဖြူများ လှမ်းပစ်သဖြင့် အစိုးရတပ်က တောင်ကိုကျော်ပြီး ကုလားပါရွာထိ တက်လိုက်လာသည်။ ရွာသားတစ်ယောက် ကျည်ထိ၍ သေသွားသည်။

ဗားမားနေဗီလည်း ဂေါ်ဒူနှင့် ချောင်းဝရွာကြား သဲသောင်တွင် ပျက်ကျန်ခဲ့သည်။ ထိုအချိန်ကစ၍ အစိုးရတပ်သည် ပို၍ လှုပ်ရှားလာသည်။ ရဲဘော်ဖြူများကလည်း ထိုအချိန်တွင် ရမ်းဗြဲတစ်ကျွန်းလုံးကို သိမ်းထားနိုင်သည်။ ကျောက်ချောင်းနယ်ကို အုပ်စိုးထားသော အလံနီဗိုလ်ဝက်ချေ၊ ဗိုလ်နေအောင်၊ ထွန်းဖြူ၊ ပိုးဖြူတို့မှာလည်း ရဲဘော်ဖြူတို့၏ လက်အောက်သို့ ရောက်သွားပြီးဖြစ်ရာ ကျောက်ဖြူမြို့အစိုးရသည် မျက်ကလူးဆံပြာ ဖြစ်လာရသည်။ ထို့ကြောင့် ရဲဘော်ဖြူများ သိမ်းထားသော ရမ်းဗြဲမြို့၊ မာန်အောင်မြို့တို့ကို တက်သိမ်းပြီး ထိုးစစ်နှင့်ရိုက်ချိုးရန် အောင်မာယ စစ်ဆင်ရေးကြီးနှင့်

ကျောက်ဖြူမှ ရမ်းပြကို အူကြောင်းဖေါက်တော့သည်။

ထိုအခါ ရှေ့တန်းစစ်မျက်နှာဖြစ်သော ကျွန်တော်တို့နယ်မှာ သေနတ်သံ၊ အမြောက်သံများ ဆူညံလာသည်။ နယ်သူနယ်သားတွေမှာ နေ့တိုင်းထိတ်ထိတ် ညတိုင်းထိတ်ထိတ်ကြီးလန့်စာစား ဖြစ်နေကြရသည်။ ပျားတဲရွာ တိုက်ပွဲတွင် ဗိုလ်ပန်းသာမှာ ခြေထောက်ကို ကျည်ထိသဖြင့် မပြေးနိုင်ဖြစ်ကာ အစိုးရတပ်က လက်ရဖမ်းသွားသည်။ ဗိုလ်ပန်းသာမှာ ကျောက်ဖြူမြို့သားဇာတိ တောခိုလာစဉ်က ခြောက်တန်းကျောင်းသား၊ နောင်မှရဲဘော်ဖြူဗိုလ်ဖြစ်လာသူ။

မာန်အောင်မြို့၊ ရမ်းပြမြို့တို့ အစိုးရလက်ထဲ ကျသွားပြီးနောက်မှာ ရဲဘော်ဖြူတို့၏ မြို့တော်ကြီးသည် ရမ်းပြကျွန်း၌ စနဲ့ရွာဖြစ်လာသည်။ ထိုစနဲ့ရွာကိုလည်း အစိုးရတပ်၏ အားအထားဆုံး ရေကြောင်ခြီ ဗားမားနေဗီများဖြစ်ကြသည်။ ရဲဘော်ဖြူများကလည်း ဗားမားနေဗီ ပါလာပြီးဆိုလျှင် အလွန်ကြောက်ကြသည်။

ရဲဘော်ဖြူတို့၏ မြို့တော်ကြီး စနဲ့ရွာကို အစိုးရတပ် တက်တိုက်ရာတွင် သူတို့၏ အားအထားရဆုံး ဗားမားနေဗီမှာ စနဲ့ချောင်းထဲကို မဝင်နိုင်။ အဝတောင်လောက်သာ ရောက်နိုင်သဖြင့် အဝတောင်က အမြောက်ကြီးတွေနှင့် လှမ်းပစ်သည်။ စနဲ့ချောင်းကိုမူ မော်တော်တုတ်တွေနှင့် ဝင်လာသည်။ သို့သော် စနဲ့ကမ်းကို မကပ်နိုင်ခဲ့၊ တပ်လဲ့၍ ပြန်ဆုတ်သွားရသည်။

စနဲ့တိုက်ပွဲ၌ အဓိက ဇာတ်လိုက်ကျော်မှာ စက်ကလေးပစ်သူ ဖြူချိုင်းဦး ဖြစ်သည်။ သူများတွေ ဆုတ်ခွာသွားကြပြီဖြစ်သော်လည်း ဖြူချိုင်းဦးကား မဆုတ်။ စက်ကလေးတစ်လက်နှင့် ကျည်ကပ်တွေကို စုပုံကာ ကျောက်တန်းကြားမှနေ၍ အစိုးရတပ်ကို တစ်ယောက်တည်း ခံပစ်၍ ကျန်ရစ်သည်။ ပစ်အားကြီး၍ စက်ကလေးပြောင်း ရဲရဲနီလာလျှင် စပယ်ယာပြောင်းလဲ၍ ပစ်သည်။ ထို့ပြောင်းရဲရဲနီလာလျှင် ရေထဲနှစ်လိုက်ပြီး ပြန်ပစ်နေသည်ဟု ပြောကြသည်။ ဤသည်မှာလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။ ဖြူချိုင်းဦးမှာ လူကောင်ကြီးသလို စိတ်လည်းကြီးသည်။ တဇွတ်ထိုး တယူသန်သမား၊ မိုက်မိုက်ကန်းကန်း လုပ်တတ်သည်။

ဗိုလ်ပန်းသာ မကျမီက ဖြူချိုင်းဦးနှင့် ဗိုလ်ပန်းသာတို့ ကျောင်းရှေ့ရပ်၌ စကားများကြသည်ကို ကျွန်တော်တို့ ကျောင်းသားကိုရင်များ ကိုယ်တိုင် ကျောင်းပေါ်က မြင်နေရသည်။ မည်သည့်ကိစ္စကြောင့် ဗိုလ်ပန်းသာနှင့် ဖြူချိုင်းဦးတို့ စကားများကြသည်ကိုတော့ မသိ။ နောက်ဆုံးတွင် ဗိုလ်ပန်းသာက "မင်းလိုက်ချင်လိုက်၊ မလိုက်ချင်နေ" ဟု ပြောပြီး ဖြူချိုင်းဦး၏ စက်ကလေး (ဒွထောက်) ကို ဝုံးဖိုင်းခေါက်သိမ်းသည်။

"အစ်ကိုတို့ ကျွန်တော်က မလိုက်ဘူးပြောလို့လား" ဟု ဖြူချိုင်းဦး

က ပြန်ပြောသည်ကို ကြားလိုက်ရသည်။

သို့သော် ဗိုလ်ပန်းသာကမူ ဒေါက်ဦးမောကြီးနှင့် ဖြူချိုင်းဦး၏ စက်ကလေးကို သူကိုယ်တိုင် ပခုံးပေါ် တင်ထမ်းကာ ချောင်းဖျားရွာဘက် ထွက်သွားသည်။ ဗိုလ်ပန်းသာ နောက်ကို တပ်သားအားလုံး လိုက်သွားကြသည်။ ဖြူချိုင်းဦးမှာ ဇရပ်ထဲ၌ တစ်ယောက်တည်း ငို၍ ကျန်ရစ်နေခဲ့သည်။ မိနစ်နှစ်ဆယ်လောက်ကြာတော့မှ ဗိုလ်ပန်းသာတို့ ထွက်သွားရာဘက်ကို ခေါင်းငိုက်စိုက်နှင့် လိုက်သွားသည်။ ဗိုလ်ပန်းသာက သူ့စက်ကလေးကို ယူသွားခြင်းမှာ လက်နက်ကို သိမ်းသွားသော သဘောဖြစ်မည်ထင်သည်။

မည်သို့ဆိုစေ စနဲတိုက်ပွဲ၌ ဖြူချိုင်းဦးတစ်ယောက်ထဲ စက်ကလေးနှင့် ခံပစ်နေသဖြင့် အစိုးရတပ်က ပြန်ဆုတ်သွားရသည်မှာတော့ အမှန်ပင်။ ထို့ကြောင့်လည်း စနဲတိုက်ပွဲတွင် ဖြူချိုင်းဦးသူရဲခေါင်း ရွှေတံဆိပ်ဆုကို ရဲဘော်ဖြူဗဟိုက အခမ်းအနားနှင့် ချီးမြှင့်ထားသည်။

ရဲဘော်ဖြူများ တပ်စိပ်တစ်စိပ်တွင် စက်ကလေးကိုင်ရသူ၊ စက်ကလေးပစ်ရသူတွေများမှာ ဗိုလ်ပြီးလျှင် ရာထူးအမြင့်ဆုံးလူဖြစ်သည်။ တော်တော်တန်တန် ရဲဘော်များမှာ စက်ကလေးကို ပစ်ဖို့မဆိုထားနှင့် ထမ်းသွားပါခဲလျှင်ပင် ကြာကြာထမ်းသွားနိုင်ကြသည် မဟုတ်။ ဖိုးမ၊ ဖြူချိုင်းဦး၊ ဟန်သာထွန်းတို့ကမူ စက်ကလေးခြေထောက်ကို မြေမှာမထောက်ဘဲ ရိုင်ဖယ်သေနတ်ကဲ့သို့ ပစ်သလို မတ်တပ်တောင် ပစ်နိုင်ကြသူတွေဟု နံမည်ကြီးကြသည်။

သူတို့မှာ သုံးယောက်စလုံး ထောင်ထောင်မောင်းမောင်း ဗလကောင်းကောင်း ချည်းဖြစ်ကြသည်။ ဖိုးမနှင့် ဖြူချိုင်းဦးတို့မှာ အသားလည်းဖြူသည်ထက် လူချော တွေပင်။ ဟန်သာထွန်းကမူ သူတို့သုံးယောက်ထဲတွင် အရပ်အမြင့်ဆုံးဖြစ်သည်။ အသားမဖြူမည်းနှင့် ရဲဘော်ဖြူများထဲတွင် ခေါင်းတစ်လုံးသာဖြစ်သည်။ ဟန်သာထွန်းမှာ လက်လည်းဖြောင့်သည်။

အစိုးရတပ်က မော်တော်ကားလမ်းအတိုင်း တက်လာသည်ကို သစ်ပင်ပေါ် မှနေ၍ မော်တော်ကားဘီးကို ပစ်ဖေါက်သော ဂုဏ်ထူးကြောင့် စက်ကလေး လက်ဖြောင့်တပ်သား ဖြစ်သည်။ ဖိုးမမှာ မူလ တောခိုလာကတည်းကပင် ရဲတပ်ကြပ်ကြီးအဖြစ်နှင့် ပါလာသူဖြစ်ရာ အရေးအကြောင်းဆိုလျှင် စက်ကလေးတစ်ခုလုံး၏ အစိတ်အပိုင်းအားလုံးကို မိနစ်၊ နာရီပိုင်းအတွင်း ဖြုတ်တပ် ပြုပြင်နိုင်သူ ဖြစ်သည်။ ဤသို့သော ထူးခြားစွမ်းပကား တို့ကြောင့်လည်း ရဲဘော်ဖြူများတွင် စက်ကလေး ကိုင်ရသူတွေ ဖြစ်ကြသည်။

အစိုးရ၏ ထိုးစစ်တွေကို ယခင်က ထိပ်တိုက်ရင်ဆိုင်ရဲသော ရဲဘော်ဖြူများသည် နောက်ပိုင်း ရင်ဆိုင်မတိုက်ရဲတော့၊ တိုက်ကွက်ပြောင်း၍ အစိုးရ အရပ်သား ကာကွယ်ရေး ဖြူစောထီးဟူသော တပ်တွေလည်း ပေါ် ထွက်လာ

ရဲဘော်ဖြူတို့မှာ ပြောက်ကျားစစ်ဆင်ရေးကို ဆင်နွှဲကြပြန်သည်။ ရဲဘော်ဖြူတို့၏ ပြောက်ကြားစစ်ဆင်ရေးတွင် လိပ်ခမော်ရွာသား ဗိုလ်ထွန်းလှတို့ တစ်ခေတ်ထလာပြန်သည်။ ထို့အတူ အစိုးရဘက်မှ ဖြူစောထီး ကာကွယ်ရေးများကို ဦးဆောင်သူ ရဲအရာရှိ ကရင်အမျိုးသား စောဘခက်မှာလည်း နံမည်ကြီးလာသည်။

ဗိုလ်ထွန်းလှတို့တပ်သည် ကျောက်တလုံးရှိ ဗိုလ်မောင်ထောင်တို့တပ်ကို သုံးလေးခါထိ ဝင်တိုက်ကြသည်။ တစ်ခါသော် တပ်ထဲက မြင်းကိုပင် လုယူလာကြသည်ဟု ကြားလိုက်ရသည်။ ဗိုလ်ထွန်းလှမှာ လိပ်ခမော်သားဖြစ်သဖြင့် ကျောက်တစ်လုံး ဧရိယာကို ကျွမ်းသည်။ ဘယ်ကဝင်၊ ဘယ်ကထွက်ပြီး ဘယ်နေရာကို ရောက်လာလျှင် ဗိုလ်မောင်ထောင်တို့တပ် ဘယ်လိုမှ လိုက်မမှီနိုင်ဆိုသည်ကို သိ၍လည်း သွားတိုက်ရခြင်းဖြစ်သည်။

ကျောက်တစ်လုံးစခန်းကို ဗိုလ်ထွန်းလှတပ် လာတိုက်၍ ဗိုလ်မောင်ထောင်တို့တပ်က တက်လိုက်လာရာ တစ်ခါတစ်ခါ ဗိုလ်ထွန်းလှတို့ တပ်မှာ ကျွန်တော်တို့ ရွာဘက်သို့ပင် ပြေးရှောင်လာကြသည်။ ဗိုလ်မောင်ထောင်တို့တပ်မှာ သံချပ်ကာ မော်ကွော်ကားများဖြင့် ကားလမ်းအတိုင်းသာ လိုက်လာနိုင်ကြသဖြင့် ကားလမ်းမပေါက်သော ကျွန်တော်တို့ ရွာဘက်ကို မရောက်နိုင်ကြ။ ထိုအခါ ဗိုလ်ထွန်းလှက အေးအေး ဆေးအေးပင် ကျွန်တော်တို့ ရွာမှာ နားသည်။

ကျောက်တစ်လုံးရှိ ဗိုလ်မောင်ထောင်တို့တပ်ကို ပြောက်ကြား စစ်သွားတိုက်၍ ပြန်ပြေးလာကြသော ဗိုလ်ထွန်းလှတို့တပ် ကျွန်တော်တို့ရွာကို ရောက်သောအခါ ဆရာတော်ဆီကိုလည်း ဝင်ရောက်ဖူးမျှော်ကြသည်။ ကျွန်တော်တို့ ဆရာတော် ဦးနာယိန္ဒမှာ မလကျွန်းရွာတွင် ကျောင်းထိုင်ဘုန်းကြီးအဖြစ်နှင့် နေဖူးရာ ထွန်းလှမှာ ဆရာတော်ဆီ၌ ကျောင်းနေဖူးသည်။ ထို့ကြောင့် ထိုသို့ ဗိုလ်ထွန်းလှပြေးရောက်လာပြီးဆိုလျှင် ဆရာတော်က ဗိုလ်ထွန်းလှကို ဆူတော့သည်။

"ဟေ့ကောင်၊ မင်းပြောက်ကြားစစ်ဆင်ရေးက နိုင်မှာလဲ မဟုတ်ဘဲနဲ့ ချင်းမောင်ထောင်တပ်ကို ဘာလို့ သွားသွားစလဲ၊ တို့က သံချပ်ကာတွေ မော်တာအမြောက်တွေနဲ့၊ မင်းသွားသွားစလို့ ဗိုလ်မောင်ထောင်တပ်က အလျင်တစ်ခါလဲ မော်တာတွေ အမြောက်တွေနဲ့ ရွာဘက်လှမ်းထုလို့ ချောင်းဖျားက ကျော်မောင်ဘ အိမ်ရှေ့တောင် မော်တာသီးတစ်လုံးကျတာ၊ ကံကောင်းလို့ လူတွေမသေတာ၊ အလကား။ အလျင်လို့ ကျောက်ဖြူကိုလည်း မသိမ်းနိုင်ဘဲနဲ့ သွားသွားမစပါနဲ့ကွာ၊ ချင်းတပ်သားတွေတက်လာရင် နယ်သူနယ်သားတွေလဲ ကြောက်တစလန့်တစနဲ့ အလုပ်အကိုင်ပျက်ကြတယ်"

ဘုန်းကြီးကဆူတော့ ထွန်းလှက ရယ်ပြီး "ဘုန်းကြီးမသိပါဘူး၊ ပြောက်ကြားစစ်ဆင်ရေးဆိုတာ ဒီလိုဘဲ ဟိုကခြောက်၊ ဒီကလှန့် လုပ်ရပါတယ် ဘုရား" ဟု ပြောသည်။

ဘုန်းကြီးက သူ့ဒကာတွေ အလုပ်ပျက်၊ အကိုင်ပျက် ကြောက်တစ်၊ လန့်တစ နေကြရသည်ကို ပြောပြီး ဆဲလျှင်လည်း ထွန်းလှက ရယ်၍သာ နေသည်။ ရဲရင့်သူ၊ သတ္တိရှိသူအဖြစ် အလွန်နံမည်ကြီး ကျော်ကြားနေသူဖြစ်သော်လည်း လူကိုမြင်ရလျှင် မည်သူမျှ အထင်ကြီးကြမည်မဟုတ်။ လူကလည်း လူဖလံ၊ ကျောက်ပေါက်မာ သက်သက်နှင့် မျက်နှာလည်းချိသည်။ ထို့ကြောင့် ကျွန်တော်တို့ ရွာသားအချို့က ကျောက်တစ်လုံးဘက်မှ သေနတ်သံ၊ မော်တာသံ၊ အမြောက်သံများကို ကြားရပြီးဆိုလျှင် "ကျောက်ရူးတော့ ချင်းတွေကို သွားစပြန်ပြီနဲ့တူတယ်" ဟု ပြောတတ်ကြသည်။

ပြောက်ကြားစစ်ဆိုသည်မှာ သွားပြီးခြောင်းပစ်လိုက်၊ ပြန်ပြေးလာလိုက်ကလွဲပြီး မြို့သိမ်း၊ ရွာသိမ်း၊ အတည်တကျ တပ်စွဲနေနိုင်သော စစ်ဆင်ရေး၊ တိုက်ခိုက်ရေးမျိုးလည်း မဟုတ်ရာ ကျောက်တစ်လုံးစစ်တပ်ကို ဗိုလ်ထွန်းလှတို့တပ်က ပြောက်ကြားစစ်လာတိုက်သည်ကို ဗိုလ်မောင်ထောင်တို့ ဟာကာတပ်က အယားပြေ ပွေးကုတ်၍သာ နေနေကြတော့သည်။

သည်လိုနှင့် ရမ်းဗြကျွန်းတွင် ယခင်တပ်ရင်း ၂၀၊ တောခိုလာစဉ်က ဦးစီး ဦးဆောင်ပါလာကြသော ဦးသာထွန်း၊ ဗိုလ်မှူးစံသာကျော်၊ ဗိုလ်ကြီးကောင်းစံလှ၊ ဗိုလ်မောင်ခိန်ပု စသည့် လူဟောင်းများကလည်း ခရိုင်၊ တိုင်း၊ ဗဟိုတာဝန်အသီးသီးနှင့် တောင်စဉ်ဘက် အမ်းမြို့သို့ ရောက်သွားကြရာ ရမ်းဗြကျွန်းရှိ ရဲဘော်ဖြူများမှာ အထိမ်းအကွပ်မဲ့ ဖြစ်လာကြသည်။ တစ်တောတစ်ကြက်ဖ တွန်လာကြသည်။ တစ်နယ်တမင်း လုပ်လာကြသည်။ အချင်းချင်းလည်း စည်းလုံးညီညွတ်မှု မရှိကြတော့။ ထိုအခါ ဒေသခံ နယ်သူနယ်သားတွေကလည်း ရဲဘော်ဖြူတွေကို အကြည်ညို ပျက်လာကြသည်။

× × × × ×

အကွပ်မဲ့ကြမ်း ဗရမ်းဗတာဖြစ်လာသလို အချို့ရဲဘော်ဖြူများသည် တစ်လမှ သုံးကျပ်ရသော ဆေးလိပ်ဖိုးနှင့် မလုံလောက်ရာ လူကြီးတွေ မသိအောင် ဓားပြထွက်တိုက်လာကြသည်။ ယခင်ကပင် ရည်စားပျက်၍ ရဲဘော်ဖြူတပ်ထဲ ဝင်လာသူ၊ သူများအခင်းကို သူ့နွားဝင်စား၍ လျှောကြေး ပေးရမည်ကို ကြောက်သဖြင့် ရဲဘော်ဖြူဝင်လုပ်လာသူတို့မှာ ယုံကြည်ချက်၊ ခံယူချက်၊ သဘောတရား ဝါဒရေးရာလည်း ရှိကြသူများ မဟုတ်ရာ တပ်ပျက်တွင် ဗိုလ်လုပ်လာသူတွေက ပိုဆိုးလာသည်။

ထိုအခါ ခံယူချက်၊ ယုံကြည်ချက်နှင့် တောခိုလာသူ၊ ရဲဘော်ဖြူလုပ်လာသူ အကြွင်းအကျန် တစ်ယောက်တလေတို့မှာ နယ်သူနယ်သားများ ယုံကြည်အားထားမှုကို ပြန်လည်တည်ဆောက်နိုင်ရန် ကိုယ့်ကြွက်ကိုယ်သတ်ပါတီသန့်၊ စင်ရေးလုပ်ကြရတော့သည်။ မည်သည့်ဗိုလ်၊ မည်သည့်အကြပ် တပ်သားကိုမဆို ဓားပြမှုခိုင်လုံက သေဒဏ်ပေးကြရတော့သည်။

ထိုအထဲတွင် အလံနီမှ ဘက်ပြောင်းလာသူ ဗိုလ်စနေအောင်မှာ ထိပ်ဆုံးက ပါလာသည်။ တပ်စည်းကမ်းကို ဖေါက်ဖျက်၍ သူက အရက်သောက်၊ ဖဲဝိုင်းထောင်လုပ်နေသည့်အပြင် ရပ်သူရွာသားများ၏ ကြက်ဥက်များကိုလည်း ပိုင်ရှင်ကို ဂရုမစိုက်ဘဲ သတ်စားဖြတ်စား လုပ်နေသည်။ ပို၍ဆိုးသည်မှာ သူ့ကိုကြောက်သဖြင့် ရေနံလက်တွင်း သူ့ဌေးဦးရွှေအေးကိုလည်း ခါးစာခံ ခေါ်လာပြီး ပင်လယ်ထဲ အရပ်မမှီတမှီ ရေထဲမှာ ဆဲဆို၍ ထားပစ်ခဲ့သည်။ တိုက်၍ရလာသော ရွှေငွေများနှင့် သောက်စားမူးရစ်ကာ ဖဲဝိုင်းထိုင်သည်။ ထိုဖဲဝိုင်းမှာပင် ရဲဘော်ဖြူများက ဗိုလ်စနေအောင်ကို သွားဖမ်းကြသည်။ အဖမ်းမခံဘဲ ပြန်ပစ်ရာ ရဲဘော်ဖြူများ ပစ်ခတ်၍ သူသားသေသွားသည်။ ဗိုလ်စနေအောင်ကိုလည်း အဆုံးစီရင် ပစ်လိုက်ကြသည်။

ဗိုလ်စနေအောင် တစ်တောရှင်းသွားသောအခါ ဗိုလ်လူလှဆီသို့ သေဒဏ်ရောက်လာသည်။ ဦးလူလှမှာ ဓားပြတိုက်ရာ၌ ကိုယ်တိုင်ကိုယ်ကျပါဝင်သူတော့မဟုတ်။ ဗိုလ်လူလှသည် ယခင်က ရုပ်ကျိုးရွာကျိုးဆောင်ရွက်ခဲ့သော ကာကွယ်ရေးဖြစ်သလို လေးတောင်ဇရပ်ပြင် အုပ်စု၏ လူရိုသေ ခင်ရိုသေ ကျောင်းဆရာ တစ်ယောက်လည်း ဖြစ်ခဲ့သည်။ ဇာတိမှာလည်း

ရွာဟောင်းရွာ သားဖြစ်သည်။ သို့သော် အရပ်သားကာကွယ်ရေးတွေကို ရဲဘော်ဖြူများက ဖျက်သိမ်းစဉ် အမှန်တကယ် ကျောင်းဆရာစိတ်ရှိသော၊ ကလေးသူငယ်များ၏ ပညာရေးကို တကယ်လိုလားသော ခေတ်တ ခဏာ ရပ်ရွာအေးချမ်းရေးအတွက် မလွှဲမရှောင်သာ၍ ကာကွယ်ရေးလုပ်ခဲ့ကြရသော ဆရာဦးသာကျော်တို့ ကျောင်းဆရာအဖွဲ့မှာ မိမိတို့ ကျောင်းဆရာဘဝသို့ပင် ပြန်သွားခဲ့ကြသော် လည်း ဗိုလ်လူလှကမူ ဗိုလ်လုပ်ရသည်ကို အရသာတွေ့ကာ ကျောင်းဆရာ ဘဝသို့ ပြန်မသွားဘဲ ဗိုလ်ဆက်လုပ်လာသူ ဖြစ်သည်။

ယခုအခါ ဓားပြမှုနှင့် ဗိုလ်လူလှကို ရဲဘော်ဖြူတို့က စွဲချက်တင် လေပြီး။ အမှန်က ဓားပြတိုက်ရာတွင် ကျောင်းဆရာဟောင်းဖြစ်သူ ဗိုလ်လူလှ ကိုယ်တိုင်ပါကောင်းမှ ပါပေသည်။ သို့သော် သူ့ထုပ်က ရဲဘော်ဖြူများ ဓါးပြ တိုက်သည်မှာတော့ အမှန်ပင်။ နောက်တစ်ကြောင်းမှာ ရဲဘော်ဖြူများ ဖရိုဖရဲ ဖြစ်လာရာတွင် အလံနီဟောင်းအချို့ကလည်း ခံယူချက်၊ ယုံကြည်ချက် မဲ့လာကြသော ရဲဘော်ဖြူများထဲက မူလအလံနီများဆီ ပြန်ထွက်ပြေးသွားကြ သည်လည်း ရှိလေရာ ဗိုလ်လူလှ၏သား ကျော်ဇောမှာ သံတွဲခရိုင်ကော်မတီဝင် အလံဖြူ ကွန်မြူနစ်ပါတီ၌ ဗိုလ်ကျော်ဇော ဖြစ်နေတာလည်း တစ်ကြောင်း ပါသည်။

သူ့သား ဗိုလ်ကျော်ဇောနှင့် အဆက်အသွယ်လုပ်ပြီး သူ့တပ်ထဲက ရဲဘော်ဖြူများကို အလံဖြူကွန်မြူနစ်အဖြစ် ဘက်ပြောင်းခံယူသွားမှာကိုလည်း ရဲဘော်ဖြူများက စိုးရိမ်မကင်း ဖြစ်နေသည်။ အလံနီ ဗိုလ်ဝက်ချေတို့လူများ ဤသို့ပင် ပြန်ပြီးဘက်ပြောင်းသွားကြသည်မှာ သာဓကရှိသည်။ ဗိုလ်လူလှမှာ လေးတောင်တိုက်နယ်၌ သြဇာတိက္ကမ ကြီးမားသူဖြစ်သည်။ ကျောင်းဆရာ ဟောင်းဖြစ်သဖြင့် သြဇာခံ တပည့်တပန်းများသည်။ ထို့ကြောင့် ဗိုလ်လူလှ ကိုယ်တိုင် ဓါးပြတိုက်ရာ၌ ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ၊ တပည့်မကောင်း ဆရာကောင်းဟူသော စွဲချက်နှင့် ရဲဘော်ဖြူများက ဗိုလ်လူလှကိုလည်း သေဒဏ် စီရင် လိုက်ကြလေသည်။

ဤသို့ဖြင့် ဓါးပြတိုက် ရဲဘော်ဖြူ ဗိုလ်၊ အကြပ်၊ တပ်သားအားလုံးကို နယ်သူနယ်သား ယုံကြည်မှုရှိလာအောင် အပြတ်ရှင်းကြတော့သည်။ ပြန်လည် တည်ဆောက်ရေးကာလကို ရဲဘော်ဖြူများ ရမ္မာဝတီတွင် ပြန်လည် တည်ဆောက် နေကြသည်။

× × × × ×

ဆောင်းဦးပေါက် တစ်နေ့တွင် ရေနံတောင်ရွာသား၊ ရဲဘော်ဖြူနံမည်ကြီး(စက်ကလေး)သည် မိမိရွာသို့ ရောက်လာသည်။ ယခင်ကလို တပ်နှင့် လာသူမဟုတ်၊ တစ်ကိုယ်တော် ရောက်လာသည်။ သူ၏ပခုံးတွင် ယခင်ကလို စက်ကလေး သေနတ်လည်းမပါ။ ရိုင်ဖယ်သေနတ် တစ်လက်ကိုသာ လွယ်လာသည်။ အစကမူ ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခုကြောင့်လာသည်။ စက်ကလေးမပါလာခြင်းမှာ လေးသဖြင့် ပေါ့ပေါ့ပါးပါး ရိုင်ဖယ်တစ်လက်ကိုသာ ယူလာသည်ဟု ထင်ကြသည်။

ဟန်သာထွန်းသည် ရောက်ရောက်ချင်း ရဲဘော်ဖြူများအား အခွန်ဆက်သရန် ရေနံတွင်း လက်တွင်းသမားများ စုဆောင်းထားကြသော ငွေကို ယူသည်။ ဤသည်ထိလည်း လူတွေမှာ မရိပ်မိကြသေး။ အစိုးရစစ်တပ် ကလည်း မကြာမကြာ ရေနံတောင်မင်းပြင်ဘက်ကို ရှေ့ကင်းလှည့်တတ်ရာ နယ်မြေကျွမ်းသောသူ့အား ရဲဘော်ဖြူများက ရေနံရောင်းရငွေ အခွန်ကောက်ခိုင်းလိုက်၍ လာယူသည်ဟု ထင်ကြသည်။ ရေနံတစ်မောင်း (၁၂)ပုလင်းကို ရဲဘော်ဖြူများအား ငွေငါးကျပ် အခွန်ပေးရသည်။ ဤသည်မှာ ရဲဘော်ဖြူများ တောခိုလာ ကြကတည်းကပင် ဖြစ်သည်။

သို့သော် နောက်တစ်နေ့မှာပင် ဟန်သာထွန်း၏ ဇာတိရွာပေါ်လာသည်။ ကျွန်တော်တို့နယ်တွင် ကုလားပါရွာသည် လူချမ်းသာအများဆုံး ရှိသောရွာဖြစ်သည်။ ထိုရွာတွင် မည်သူသည် မည်မျှချမ်းသာသည်ကိုလည်း နယ်ခံဖြစ်သူ ဟန်သာထွန်းက သိသည်။ ထို့ကြောင့် နံမည်ကြီး စက်ကလေးပိုင်ရှင် ဟန်သာထွန်းအား အလွန်အထင်ကြီးသော လူငယ်တစ်ယောက်တို့ စည်းရုံးကာ ဟန်သာထွန်းက "မင်းကုလားပါရွာကိုသွား၊ ဒီစာရင်းစာရွက်တို့ ရွာလူကြီးကို သွားပေလိုက်" ဟု ပြောပြီး စာပေးခိုင်းလိုက်သည်။

ဟန်သာထွန်း၏ ပေးစာတွင် ကုလားပါရွာ မည်သူ၊ မည်ဝါသည်၊ မည်သည့် နေ့၊ မည်သည့်အချိန်တွင် မည်သည့်နေရာသို့ လာ၍ စာရင်းပါငွေကို မိမိအား မပျက်မကွက် လာရောက်ပေးရမည်ဟူသော ရာဇသံနှင့် အေးဝါးမြတိုက်လာသည်။ တောင်ဘက်နယ်နှင့် ကျောက်ပြောက်၊ ဝက်မျှောင်၊ ငါးအုပ်၊ ကျောက်ကလေ မည်သည့်ရွာက မည်သူတစ်ဦးတစ်ယောက်မဆို မြို့ကို စေး

ဝယ်ဆင်းဆင်း ထိုဈေးဝယ်မည့်ငွေသည် ဟန်သာထွန်းအိတ်ထဲ ရောက်ရတော့သည်။

ကုလားပါရွာမှ စာရင်းပါသူများက မိမိတို့အား ဟန်သာထွန်း တောင်းဆိုထားသောငွေမှာ များလွန်းပါသည်။ ကျွန်တော်ကျွန်မတို့မှာ ဤမျှငွေ မရှိပါ။ ဤမျှသာယူပါဟု တောင်းပန်ကာ တတ်နိုင်သမလောက် ငွေကို ဟန်သာထွန်းအား တောင်းတောင်းပန်ပန် သွားပေးကြရသည်။ ကိုယ့်နယ် ကိုယ့်ပြည်သား၊ ရွာနီးချင်းသားတွေမို့ တောင်ပန်းကာ တတ်နိုင်သလောက်ငွေကို ဟန်သာထွန်းအား တောင်းတောင်းပန်ပန် သွားပေးကြရသည်။ ကိုယ့်နယ်ကိုယ့် ပြည်သား၊ ရွာနီးချင်းသားတွေမို့ ဟန်သာထွန်းကလည်း ပေးလာသလောက် ငွေကို သာယူသည်။ ဤသည်ကို မောင်မင်းကြီးသားအား ကိုယ့်ရပ်ကိုယ်ရွာ မှန်းသိသူဟု ကျေးလူးပင် တင်ကြရပြန်သည်။

ကုလားပါရွာကို စာဆင့်၍ ငွေတောင်းပြီးသောအခါ ဟန်သာထွန်းသည် ဂေါ်တူရွာမှ ကြေးရတတ်များ၏ နံမည်နှင့် ငွေမည်ရွေမည်မျှ စာရင်းကို ရေးကာ သူ့တပည့်ကျော်အား စာပေးခိုင်းလိုက်ပြန်သည်။

ကျောက်ဖြူမြို့ကို ဈေးသွားဝယ်ဝယ်၊ သာရေးနာရေး မည်သည့်ကိစ္စနှင့်သွားသွား လမ်းကြောင်းက နှစ်ကြောင်းရှိသည်။ တစ်ကြောင်းမှာ ဟန်သာထွန်းတို့ ရေနံတောင်ရွာမှ ကားလမ်းအတိုင်း တစ်လမ်းဖြစ်ပြီး နောက်တစ်လမ်းမှာ ဘင်္ဂလားကမ်းခြေ ပင်လယ်နားအတိုင်း ဂေါ်တူရွာဘက်က ဖြစ်သည်။

တောင်ဘက်နယ်မှ ကျောက်ဖြူမြို့သို့ ဈေးဝယ်သွားသူ မှန်သမျှကို သူသည် သူ့ရွာ ရေနံတောင်ကစောင့်ပြီး ဓါးပြတိုက်နေသော ဟန်သာထွန်းသတင်းကို ကြားသူများသည် ကျောက်ဖြူကို ရေနံတောင်ရွာ ကားလမ်း(ဒေသအခေါ်မင်းလမ်း) အတိုင်းမသွားဝံ့ကြတော့ဘဲ ပင်လယ်နားဘက်က ပုန်းလျှိုးကွယ်လျှိုး သွားနေကြရသည်။

ကျွန်တော်တို့ ချောင်းဝရွာကိုမူ ဟန်သာထွန်း ငွေတောင်စာရင်းမရောက်လာသေး၊ သို့သော် လူတွေမှာ ဒီနေ့ရောက်လာမလား၊ မနက်ဖြန်ရောက်လေမလားနှင့် ရင်တထိတ်ထိတ်ဖြစ် နေကြသည်။ အမှန်က ကျွန်တော်တို့ ချောင်းဝ ရွာသူရွာသားများ သာမဟုတ်။ မင်းပြင်၊ ကျောက်ပြောက်၊ သိုင်းချောင်း၊ ဇိုင်ချောင်းရွာသူ ရွာသားများမှာလည်း နေ့တထိတ်ထိတ်၊ ညတထိတ်ထိတ် ဖြစ်နေကြသည်။ ထိုရွာသားများသာမဟုတ်၊ ဟန်သာထွန်း၏ ဇာတိရွာ ရေနံတောင်မှာလည်း နောက်ဆုံး ဒသကကို ချိုင်လာမှာ ကြောက်နေကြရသည်။ လောလောဆယ်မှာမူ ချမ်းသာသူများလည်း နံမည်ကြီး မရှိသေးသဖြင့် ချောင်းဝ၊ မင်းပြင်၊ ကျောက်ပြောက်၊ သိုင်းချောင်း၊ ဇိုင်ချောင်းရွာများ

ကိုတော့ ဟန်သာထွန်း၏ ငွေတောင်းစာ ရာဇသံ မရောက်လာသေး။

ဟန်သာထွန်း၏ ရည်ရွယ်ချက်မှာ သူ့လိုသလောက်ငွေကို ရလျှင် သံဇိုင်မြစ်ကိုဖြတ်ပြီး တောင်ကုတ်လမ်းက ဗမာပြည်ကို ပြေးရန်ဖြစ်သည်။ သူမှာ မပြေး၍ မဖြစ်တော့။ ရေချမ်းကြီး၊ ဘောရဘာရွာဘက်တွင် ဓားပြသွားတိုက်မှုနှင့် ရဲဘော်ဖြူများက သူ့ကို သေဒဏ်ပေးအရေးယူတော့မည်။ သို့သော် လောလောဆယ်၌ စက်ကလေးပစ်ခဲ့သူ၊ လက်ဖြောင့်တပ်သား ဟန်သာထွန်းအား အကျယ်ချုပ်သဘော ထားသည်။ သူ၏ စက်ကလေးကိုမူ သိမ်းလိုက်ပြီဖြစ်သည်။ သူနှင့်အတူပါသည်ဟု သတင်းရသူများကို သေချာအောင် ဖမ်းစစ်နေကြသည်။

ထိုအခါ ကြံရာမရဖြစ်သော ဟန်သာထွန်းမှာ ဝိုလ်ထွန်းလှဆီသို့ လာသည်။ ဝိုလ်ထွန်းလှရှိနေသော ရွာနီချုပ်စပ်တွင် သူတို့တပ်လည်း ရောက်နေစဉ် ကိုယ့်နယ်ကိုယ့်ပြည်သား သူငယ်ချင်းဆီကို လာလည်သည့် သဘော ဟန်ဆောင်သည်။ အလွှာပသလာပ ခဏစကားပြောပြီး "ညနေ ငါမင်းနဲ့ ထမင်း အတူစားပြီးမှ ပြန်မယ်ကွာ၊ ခု ရေဘဲ(တန်းဆိတ်) သွားပစ်ဦးမယ်၊ ညနေ တို့ကောင်းကောင်းချက်စားရအောင်" ဟု ပြောပြီး ဝိုလ်ထွန်းလှဆီက သေနတ်ကိုယူလာသည်။

ယခင် တစ်တပ်ထည်း နေခဲ့ကြစဉ်ကလည်း ဟန်သာထွန်းမှာ လက်ဖြောင့်သူဖြစ်သဖြင့် ဤသို့ ရေဘဲသွားပစ်နေကြ။ သူ့စက်ကလေးမှာ ကြက်ဋ္ဌက်ပစ်ရသော သေနတ်အမျိုးအစား မဟုတ်။ ထို့ကြောင့် ဝိုလ်ထွန်းလှ သေနတ်နှင့် သူက ကြက်ဋ္ဌက်ပစ်နေကြ။ တစ်တပ်ထဲ မဟုတ်တော့ဘဲ တစ်ယောက်တစ်တပ်စီ တာဝန်ကျစဉ်ကလည်း ရပ်နီးရွာနီးဆိုလျှင် ဟန်သာထွန်းက သူပစ်၍ ရသောကြက်ဋ္ဌက်ကို တစ်နယ်ထဲသား ကိုယ့်သူငယ်ချင်း အထက်လူကြီး ဝိုလ်ထွန်းလှအား သိတတ်စွာ သတိရကာ ကြက်ဋ္ဌက်လာပေး တတ်သည်။ သူပစ်လာပေးသော ကြက်ဋ္ဌက်နှင့် ထမင်းစားပြီးမှ သူ့တပ်ကို ပြန်သွားသည်လည်း ရှိသည်။ ထို့ကြောင့် ယခုသူ့ဆီလာလည်ရင်း ဋ္ဌက်သွားပစ်ရန် သေနတ်ခဏပေးဟု ရုတ်တရက် ပြောလိုက်သောအခါ ဝိုလ်ထွန်းလှတ လည်း ယုံယုံကြည်ကြည်ပင် သူ့သေနတ်ကို ဟန်သာထွန်းအား ပေးလိုက်ဌား လိုက်သည်။

စက်ကလေးသိမ်းထားပြီး အကျယ်ချုပ်ထားသော ဟန်သာထွန်းအား အသွားအလာကို အမြဲစောင့်ကြည့် လိုက်ချောင်းကြည့်နေရသော ရဲဘော်က "ဟန်သာထွန်း ဝိုလ်ကြီးဆီ လာသွားသေးတယ်၊ ဘာလာလုပ်လဲ" ဟု မေးတော့ ဟန်သာထွန်းကိစ္စကို မသိသေးသော ဝိုလ်ထွန်းလှက "ရေဘဲပစ်မလို့ ပြောတာဘဲကွ၊ ခုလေးတင်ဘဲ ငါ့သေနတ်ကိုယူပြီး ထွက်သွားလေရဲ့" ဟု ပြောသည်။

ထိုအခါ ဟန်သာထွန်းအား စောင့်ကြည့်တာဝန်ကျသူ ရဲဘော်မှာ

သူ့နဖူးသူရိုက်ပြီး "ဗိုလ်ကြီး ဟန်သာထွန်းတို့ ကိစ္စ မသိသေးဘူးနဲ့တူတယ်" ဟု အစခံကာ ပြောပြသည်။ ထိုအခါမှ ဗိုလ်ထွန်းလှမှာလည်း မျက်စိပျက်၊ မျက်နှာပျက်ဖြစ်ကာ ထိုရဲဘော်နှင့်ပင် ဟန်သာထွန်းကို လိုက်ရှာကြသည်။ ရေဘဲရေငှက်တွေ ကျက်စားတတ်သော ဘယ်အင်းဘယ်အိုင်မှာမှ ဟန်သာထွန်း ကို မတွေ့တော့၊ ဟန်သာထွန်းကား ဗိုလ်ထွန်းလှဆီက သေနတ်ကိုယူပြီး ပြေးလေပြီ။ ဘယ်ကို ပြေးမှန်းလည်းမသိ။ ထိုအခါမှ ဗိုလ်ထွန်းလှမှာ ဆောက်တည်ရာမရ ဖြစ်တော့သည်။

ထိုစဉ်က တပ်စည်းကမ်းနှင့် ရမ်းပြကျွန်းတွင် ရှိသမျှ ရဲဘော်ဖြူများ အားလုံးကို အုပ်ချုပ်သော ဗိုလ်ဗလမှာ စည်းကမ်းနှင့် ပတ်သက်လာလျှင် နည်းနည်းမှ သည်းခံတတ်သူမဟုတ်။ မိမိ၏ လက်နက်ကို လုံခြုံစွာ သိမ်းဆည်းနိုင်ခြင်းမရှိမှု၊ ပေါ်လျော့မှုအပြင် ဟန်သာထွန်းတို့၏ ဓားပြမှုပင် သံသယဖြစ်လာပါက သူပါအဆစ်ပါတော့မည်။ ထိုအခါ ဗိုလ်ထွန်းလှမှာ ခေါင်းမီးတောက်တော့၏။ လိုက်ပြီး ချောမောပြန်တောင်းရအောင်လည်း ဟန်သာထွန်းသည် အလံနီများရှိရာ ကျောက်ခေါင်ဇီးခါးဘက်ကိုဘဲ ပြေးလေးသလား၊ သို့မဟုတ် အစိုးရတပ်ရှိရာ ကျောက်ဖြူဘက်ကိုဘဲ ပြေးလေသလားဆိုသည်ကို မသိရ။

သို့သော် နှစ်ရက်ပင်မကြာ ဟန်သာထွန်းသူ့ရွာ ရေနံတောင်တွင် စခန်းချပြီး မိုက်ကြေးခွဲ၊ ခါးပြတိုက် လုပ်နေသည်ဟူသော သတင်းကိုကြားရသည်။ သေချာအောင် ထပ်စုံစမ်းသောအခါ ဗိုလ်ထွန်းလှနှင့် ဟန်သာထွန်းတို့ ပြဿနာမဖြစ်မီ တစ်ရက်နှစ်ရက်ကမှ စွေးဝယ်ပြီး ပြန်လာရာ ပုဆိုးသုံးလေးထည်ကို ရေနံတောင်ရွာအရောက်တွင် ဟန်သာထွန်း လုယူထားလိုက်ကြောင်း၊ ငွေကိုလည်း လုယူကြောင်း၊ ရပ်ရွာတစ်ဝိုက်ကိုလည်း မိုက်ကြေးခွဲ သောင်းကျန်းနေကြောင်း အတတ်ပြောသည်။

ထိုအခါ ဗိုလ်ထွန်းလှသည် ယခင်က ဟန်သာထွန်းအား စောင့်ကြည့်တာဝန်ကျ ရဲဘော်ကို သက်သေထူကာ ဗိုလ်ယက်သဲ့တို့တပ်မှ ရိုင်ဖယ်သေနတ်တစ်လက်ကို ထုတ်သည်။ ဟန်သာထွန်းကို ပြန် ဖမ်းနိုင်ရန်မှာ တစ်ယောက်တည်းသွား၍ မဖြစ်။ ဟန်သာထွန်းမှာ သူ့လိုပင် လက်ဖြောင့်တပ်သား ဖြစ်သည်။ သူ့ထက်လည်း ခွန်အားဗလ ကောင်းသည်။ ပြီးတော့ သူနေနေသည်က သူ့ရွာ။ မိဘလည်း ရှိသေးသည်။ ဆွေမျိုးအသိုက် အဝန်းလည်း ကောင်းသည်။

သည်တော့ ဟန်သာထွန်းကို ပြန်ဖမ်းနိုင်ရေးကိစ္စမှာ အဖော်ကောင်းလိုသည်။ ရပ်သတင်းရွာသတင်း စုံစမ်းတတ်သူလိုသည်။ ထိုအခါ ကိုယ့်နယ်ကိုယ့်ပြည်သား ချောင်းဝရွာသား ဖိုးမောင်ဦး မျက်နှာက ပေါ်လာသည်။ ထို့ကြောင့် ဗိုလ်ထွန်းလှသည် သူ့သေနတ်ပြန်ရရေးနှင့် ဟန်သာထွန်းကို ပြန်ဖမ်းနိုင်ရေးအတွက် ဖိုးမောင်ဦးနှင့် နှစ်ယောက်သား တိုင်ပင်၍ လိုက်လာ

ကြသည်။

ရေနံတောင်ရွာကို တိုက်ရိုက်မဝင်ဝံ့သေး၊ ညအခါကျမှ ချောင်းဝဲ ဂေါ်တူရွာများသို့ဝင်၍ ဟန်သာထွန်းသတင်းကို ဖိုးမောင်ဦးနှင့် စုံစမ်းကြသည်။ မိုက်ကြေးခွဲနေသော ဟန်သာထွန်းသတင်းကို ပြောချင်သူတွေကား ဒုနှင့်ဒေး။ ဟန်သာထွန်းသည် မိဘဆွေမျိုးရှိသော်လည်း ရွာထဲက မည်သူ့အိမ်မှာမှ မအိပ်။ သူ့တပည့်ကျော် တစ်ယောက်နှင့် ညဆိုလျှင် တောထဲတောင်ထဲက လယ်တဲ၊ နွားတင်းကုတ်များတွင် သွားအိပ်သည်။ မနက်လင်းတော့ တောထဲတောင်ထဲက မြို့ဆင်းမြို့ပြန် လူများကို ဓားပြတိုက်ရန် ရွာနားကားလမ်းသို့ ဆင်းလာတတ်သည်။ တစ်နေ့လုံး စောင့်၍ လာသမျှလူတွေကို ဓါးပြတိုက်သည်။ ညကျလျှင် တောထဲတောင်ထဲ ပြန်တက်သွားပြီး တောထဲ၌ အိမ်သည်ဟူသော သတင်းကို ဗိုလ်လှထွန်းနှင့် ဖိုးမောင်ဦးတို့က အတိအကျရပြီ။

သို့သော် ဘယ်နေ့က ဘယ်တောတွင်အိပ်ပြီး ဘယ်လမ်းက ရွာသို့ ဆင်းလာတတ်သည်ကို နွားကျောင်းသား၊ ထင်းခွေသမားတို့ကို မေးရသည်။ သူတို့နှစ်ယောက် ရောက်သည်ကို ဟန်သာထွန်းမသိအောင်လည်း နေ့ခင်း နေ့လည် အပြင်မထွက်ဘဲ တစ်အိမ်အိမ်တွင် ပုန်းနေကြသည်။

သေချာအောင် တစ်နေ့မနက် စောစောတွင် မိုင်းလင်းကြက်တွန်သံ ကြားသည်နှင့် ဗိုလ်ထွန်းလှနှင့် ဖိုးမောင်ဦးတို့သည် ဟန်သာထွန်း ကိန်းသေ ဆင်းလာမည့် တာရိုးလယ်ကန်းသင်းကို မျှောင်ကာ ချုပ်တိုက်ကွယ်က စောင့်နေကြသည်။ မိုးပင်စင်စင်မလင်းတတ်သေး။ ဟန်သာထွန်းနှင့် သူ့တပည့် ကျော်တို့သည် လယ်ကံသင်း တာရိုးအတိုင်း တောင်ပေါ်က ဆင်းလာကြသည်။ ဟန်သာထွန်းမှာလည်း မိမိရွာတွင် ကြာရှည်စွာ ဓါးပြ စောင့်တိုက်နေ၍ မဖြစ်။ သူ့သတင်းကို ကြားသည်နှင့် ထွန်းလှတပ်နှင့် လိုက်လာလိမ့်မည်ဆိုသည်ကို သူသိထားသည်။ ထို့ကြောင့် သူ့ကလည်း ဘိန်းစားအချို့ကို ငွေပေး၍ ထွန်းလှတပ် တောင်ဘက်က ဆင်းလာမလာကို သတင်းစုံစမ်း ခိုင်းထားသည်။

သို့သော် ထွန်းလှနှင့်ပတ်သက်၍ ဘာသတင်းမှ မရသော်လည်း တစ်နေ့ ဤနေ့သာ ဓားပြတိုက်ပြီးလျှင် သူလည်းလွတ်ရာကျွတ်ရာကို ပြေးတော့မည်ဟု ဆုံးဖြတ်ထားပြီးသားဖြစ်သဖြင့် လေချွန်ပြီး ဆရာတပည့်နှစ်ယောက် တောင်ပေါ်မှ တာရိုးအတိုင်း ရေနံတောင်ရွာကို ဆင်းလာကြသည်။ တာရိုးဘေးကို မျှောင်ပြီးစောင့်နေသော ဗိုလ်ထွန်းလှသည် ဟန်သာထွန်းအား အနားကို ရောက်မှ ပေါင်ကိုချိုးပစ်သည်။ တစ်ခါတည်း အသေမပစ်သည်မှာ ဟန်သာထွန်းတို့ ရွာဖြစ်နေသဖြင့် သူ့မိဘဆွေမျိုးများ၏ အငြိုအငြင်ကို မခံလိုသလို နှစ်ပေါင်းများစွာ လက်တွဲလာကြသော သေဖော်သေဖက် ကိုယ့်နယ်သား သူငယ်ချင်းဟူသော စာနာစိတ်လည်းရှိသည်။ ဟန်သာထွန်းမှာလည်း သေဘေး

ကြောင့်သာ မလွဲမသွေ၍ သူ့သေနတ်ကို ယူပြေးလာရသော်လည်း ဟန်သာထွန်း လက်ထဲက သူ့သေနတ်ကိုရလျှင် ပြီးရော့ဟုသာ သဘောထားသဖြင့် ဖြစ်သည်။

ဗိုလ်ထွန်းလှက အနီးကပ် ပေါင်ကိုချိုးပစ်လိုက်သောအခါ ဟန်သာထွန်း လက်ထဲက သေနတ်လွတ်ကျသွားပြီး လူကကံသင်းအောက် လဲကျသွားသည်။ ထွက်ပြေးသွားသော သူ့တပည့်ကို ဗိုလ်ထွန်းလှက တစ်ချက်လှမ်းပစ်သေးသည်။ သို့သော် မထိပေ။ ဟန်သာထွန်းသည် လက်မှလွတ်ကျသွားသော သေနတ်ကို ပြန်ကောက်ရန် ပေါင်တစ်ဘက်ကျိုးနှင့် တွားတက်စဉ် ဗိုလ်ထွန်းလှက "ဟေ့ကောင် ဟန်သာထွန်း၊ မင်းငါလက်ကို သိတယ်နော်၊ မင်းကို ငါအသေမပစ်ချင်လို့ ပေါင်ကိုဘဲ တမင်ချိုးပစ်တာ၊ မင်းကို ငါအနီးတပ်ပစ်တာဘဲ၊ အေး . . . မင်းသေချင်ရင်တော့ ငါ့သေနတ်ကို သွားကောက်စမ်းကွာ. . . " ဟု အော်ပြောလိုက်တော့မှ သူ့ကို ထွန်းလှပစ်ပြီးဆိုသည်ကို ဟန်သာထွန်း သိသွားလေသည်။ ထိုအခါမှ ငိုပြီး ဟန်သာထွန်းက ဗိုလ်ထွန်းလှကို တောင်းပန်သည်။ ထိုအချိန်တွင် ဟန်သာထွန်း ယူပြေးလာသော ဗိုလ်ထွန်းလှသေနတ်မှာ ဖိုးမောင်ဦးလက်ထဲသို့ ရောက်နေပြီ။

ဟန်သာထွန်းမှာ လူမိုက်ခါးမြပင် ဖြစ်သော်လည်း သေမှာကိုတော့ အလွန်ကြောက်သူ ဖြစ်သည်။ သူငယ်ချင်း ဗိုလ်ထွန်းလှသည် သူ့အား တစ်ခါတည်း အသေမပစ်သတ်ဘဲ ပေါင်တစ်ဘက်ကိုသာ ချိုးပစ်လိုက်သည်ကို ငိုပြီး ကျေးဇူးတင်စကား ပြောသည်။

ထို့ကြောင့် ဗိုလ်ထွန်းလှအား ဟန်သာထွန်းက ရဲဘော်ဖြူများ ရှိရာ တောင်ဘက်သို့ တစ်ညအိပ်ခရီးကို ခေါ်မသွားကြပါရန် ငိုပြီးတောင်းပန်သည်။ ဟန်သာထွန်းမှာ ပေါင်တစ်ဘက်သာ ကျိုးသွားသဖြင့် ကျောက်ဖြူမြို့ ဆေးရုံးသို့ ပို့ခွင့်ပြုရန် ရှိုးရှိုး၍ ငို၍ တောင်းပန်နေပြန်သည်။ ဟန်သာထွန်းကဲ့သို့ပင် သူ့အဖေနှင့် ဆွေမျိုးများကလည်း ဝိုင်းတောင်းပန်ကြရာ ထွန်းလှမှာ သနားပြီး သူ့သေနတ် သူ့ယူကာ သူ့တပ်ရှိရာသို့ ပြန်လာလေသည်။

ဟန်သာထွန်းကို သူ့အဖေနှင့် ဆွေမျိုးများက ကျောက်ဖြူဆေးရုံသို့ ထမ်းချကြသည်။ သို့သော် ကျောက်ဖြူမြို့ ဆေးရုံရောက်ပြီး နောက်တစ်နေ့မှာပင် ဟန်သာထွန်းကား မိုက်စတုံးသွားလေသည်။

× × × × ×

ဟန်သာထွန်း မိုက်စတုံးသွားပြီး တစ်နှစ်ပင်မကြာ ဟန်သာထွန်းကဲ့သို့ ရဲဘော်ဖြူတပ်၌ စတ်ကလေးပစ်ရသူ ဖြူချိုင်းဦး(ဖြူချမ်းဦး)သည် ကျွန်တော်တို့ရွာသို့ ရောက်လာပြန်သည်။ သူ့မှာ ဟန်သာထွန်းလို တစ်ယောက်တည်း မဟုတ်။ သူနှင့်အတူ ဗိုလ်စိန်အောင်လည်း ပါသည်။ သူတို့နှစ်ယောက်သည် ရောက်ရောက်ချင်း နေ့ခင်းကြောင်တောင် ကြေးရတတ်အိမ်လေးငါးဆယ်ကို သေနတ်ပြ၍ ခြိမ်းခြောက်ကာ မားပြတိုက်လိုက်တော့သည်။

ခါးပြတိုက်ခံရသော တစ်အိမ်၌မူ မိန်းမပျိုတစ်ယောက်က "လာတိုင်း လာတိုင်း မောင်ကြီးတို့ ထမင်းစားနေကျအိမ်က ကိုယ့်နှမလေး ဆွဲကြီးတိုလဲ မောင်ကြီးတို့က ယူသွားမဏိုလား" ဟု မျက်ရေစမ်းစမ်းနှင့် ပြောလိုက်ရာ ဖြူချိုင်းဦးက " ငါ့ စိတ်ညစ်လိုက်တာဟာ"ဟု ပြောပြီး ထိုသူငယ်မ ဆွဲကြီးတစ်ကုန်းကိုတော့ ပြန်ပေးထားခဲ့သည်။ သူတို့နှစ်ယောက်သည် ကမန်းကတန်း မားပြပြီးတိုက်သည်နှင့် ရွာကထွက်သွားကြသည်။

နောက်သိရသည်မှာ သူတို့နှစ်ယောက်သည် ကျွန်တော်တို့ရွာကို တိုက်သလို သူတို့ပြေးလာကြသော ရွာစဉ်တစ်လျှောက်လုံးကို မားပြတိုက်လာကြသည်ဆို၏။ ကျွန်တော်တို့နယ်မှာ ဖြူချိုင်းဦးသွားလာနေကျ နယ်ဖြစ်သဖြင့် မည်သည့်ရွာတွင် မည်သူမည်မျှ ချမ်းသာသည်ကိုလည်း သူက အတတ်သိသူဖြစ်သည်။

သူတို့နှစ်ယောက်သည်လည်း ဟန်သာထွန်းကဲ့သို့ပင် ခါးပြထွက်တိုက်မှုနှင့် အသတ်ခံရမည်ကို ကြောက်၍ ပြေးလာကြသူနှစ်ယောက် ဖြစ်သည်။ သူတို့၏ ရည်ရွယ်ချက်မှာလည်း ဟန်သာထွန်းနှင့် အတူတူပင်။ တိုက်ခိုက်၍ ရသမျှပစ္စည်းနှင့် တောင်ကုတ်လမ်းက ဗမာပြည်ကို ထွက်ပြေး သွားကြသည်။

သည်လိုနှင့် ဝါးအစည်း ပြေသလို ဖရိုဖရဲဖြစ်လာသော ရဲဘော်ဖြူများသည် ၁၉၅၈ ခုနှစ်သို့ ရောက်လာသောအခါ -

"လက်နက်နဲ့ ဒီမိုကရေစီကို ညီအစ်ကိုတွေ အမြန်လဲရန်ဖို့ တောထဲက သူပုန်တွေရယ်၊ ရဂုံဗွေ စုံခြေက ထွက်ခဲ့ကြ" ဟူသော အစိုးရ၏ ငြိမ်းချမ်းရေး ဖိတ်ခေါ်သံနှင့်အတူ ရန်ပြုမြို့၌ အလင်းဝင် လိုက်ကြသည်။

သို့သော် . . . .

" စုံနှံ့သာမြိုင် ရဂုံတွင်း၊ တုန်ရင်းငယ်မှိုင် ခရိုင်ဒေသ မနေရ ပြည်မ နှင့်ကွာ ရွာစဉ်လျှောက်ပါလို့ သပြာပေါက်ရှာခဲ့ကြ မသမာသူ ဝနေတွင်း သေမင်းကထူသနဲ့ ဖမ်းယူလိမ့်မည် ပြေးနိုင်ဘဲဟာမို့ လဲလှုပြီ" ဖြစ်နေကြသော အလံနီ၊ ကွန်မြူနစ် များကမူ အရိုးကြေကြေ အရေခမ်းခမ်း ရှေ့သို့ သာ ချီလျှက် . . . . လှမ်းလျှက် . . . . ဆက်လျှက်သာ . . . . . .

ဖိုးကျော်

ကျွန်ုပ်တို့သည်
ဝေးလံသီခေါင်သော မှုန်ရီဝေဝါး သမိုင်းစာမျက်နှာများမှ
ရုပ်ကြွင်းကျောက်ဖြစ်များကို တူးဆွလှစ်ဟနေကြသလို၊
ကျွန်ုပ်တို့ လက်တစ်ကမ်းတွင် ရှိနေသော
သမိုင်းမတင်ရသေးသည့် စာမျက်နှာများကိုလည်း
ဖွင့်ဆိုရန် လိုအပ်လိမ့်မည်ဟူသော ရည်ရွယ်ချက်နှင့်
ဤစာမျက်နှာများကို ဖွင့်လှစ်ရခြင်း ဖြစ်ပါသည်။

